# ဦးစပ်စု၏ထူးတဲ့စပ်စု (ဒုတိယတွဲ)



# ဤစာအုပ်

၁၉၅၉-ခုနှစ်တွင် ဦးစပ်စု၏ "ထူးတဲ့စပ်စု"အမည်ရှိစာအုပ် ပထမတွဲကို ထုတ်ဝေခဲ့ဖူးသည်။

ထိုစာအုပ်ထုတ်ဝေရန်အတွက် ဦးစပ်စုက သူ့ကိုယ်တွေ့ဖြစ်စဉ်ဖြစ်ရပ်များကို လုံးစေ့ပတ်စေ့ စိတ်ရှည်လက်ရှည်ပြောပြသည်။ ယင်းသို့ ဦးစပ်စုပြောသည်ကို မောင်လေးကရေးသားရာ ကျွန်တော်က ပြင်ဆင်တည်းဖြတ်ပေးခဲ့သည်။

ဦးစပ်စုမှာ တရုပ်နိုင်ငံ(ပြေကြီး)တွင်မွေးဖွားခဲ့ပြီးနောက် ၁၃-နှစ်သားအရွယ်တွင် ဗမာပြည်သို့ ရောက်လာကာ တောကြိုအုံကြား လယ်သမားအလုပ်သမားတို့နှင့်အတူ အလုပ်ကြမ်းအမျိုးမျိုးကို လုပ်ကိုင်ခဲ့ ဖူးသည်။ ထို့နောက်ရန်ကုန်သို့ရောက်လာကာ အထက်လွှာအောက်လွှာ အလွှာပေါင်းစုံမှ လူအမျိုးမျိုးတို့နှင့် တရင်းတနီးပေါင်းသင်းဆက်ဆံခဲ့ဖူးသည်။ ထို့ကြောင့် ဦးစပ်စုမှာ ဘဝလည်းစုံ၊ ဗဟုသုတလည်းလုံလောက်လျက် သူ့ဘဝနှင့်အတွေ့အကြုံများကို "ထူးတဲ့စပ်စု"ဟူသော အမည်ဖြင့်စာအုပ်ထုတ်ဝေရာ၊ ထိုစာအုပ်မှာ ပုဂ္ဂိုလ်အသီးသီး သတင်းစာအစောင်စောင်တို့၏ ချီးကျူးခြင်းခံရသည်။

ထူးထွေဆန်းကြယ် အံ့ဩဖွယ်သောဖြစ်စဉ်ဖြစ်ရပ်များကို မပြောပဲမနေနိုင်သလို၊ မရေးပဲမနေနိုင်သော ဦးစပ်စုသည် ၁၉၆၃-ခုနှစ်တွင် "၇၅-နှစ်အကြား၊ ၄၉-နှစ်အမြင် (ဗမာပြည်)" ဟူသော စာအုပ်ထူးကို ထုတ်ဝေပြန်သည်။

ထိုစာအုပ်ပါ အကြောင်းအရာအချက်အလက် ကိုယ်တွေ့ဖြစ်စဉ်ဖြစ်ရပ်များကို ဦးစပ်စုကပြောပြ၍၊ ကျွန်တော်၏တပည့်မြင့်ထွန်းကရေးသားပြီးလျှင် ကျွန်တော်ကပြင်ဆင်တည်းဖြတ်ကာ ရိုက်နှိပ်ပေးရသည်။ ထုတ်ဝေဖြန့်ချိမှုတာဝန်ကိုကား ဦးစပ်စုကိုယ်တိုင်ဆောင်ရွက်သည်။

ထိုစာအုပ်မှာ နာမည်နှင့်လိုက်လျောစွာပင် ဗမာပြည်အကြောင်းကို ၇၅-နှစ်တိုင်တိုင်ဦးစပ်စု ကြားရခြင်းများနှင့် သူကိုယ်တိုင် ၄၉-နှစ်တိုင်တိုင်မြင်တွေ့ရပုံများကို ရေးသားထားသည်။

ပို၍ထူးခြားပုံမှာကား တရုပ်ပြည်နှင့်အိန္ဒိယပြည်တို့၏ နယ်နိမိတ်အရေး ရှုပ်ထွေးအငြင်းပွားလျက် နေသည့်ကာလတွင် တရုပ်နှင့်အိန္ဒိယချစ်ကြည်ရန် မေတ္တာပေါင်းကူးတံတားတည်ဆောက်ပေးခြင်း ဖြစ်သည်။

ထိုစာအုပ်မှာ ရောင်းမလောက်အောင်တွင်ကျယ်လှသည်ဟု ကြားရ၏။ ယခုတဖန် လာပြန်ချေပြီ။ ဦးစပ်စု၏ "ထူးတဲ့စပ်စု" ဒုတိယတွဲဖြစ်သည်။ ပထမတွဲတွင်မပါ ကြွင်းကျန် အင်မတန်အရေးကြီးသည့် ဖြစ်စဉ်ဖြစ်ရပ်များကို ဒုတိယတွဲအဖြစ် ရိုက်နှိပ်ခြင်းဖြစ်၏။

ဦးစပ်စုသည် သူ၏ဘာဂတစ်သက်တာ စိတ်ဂင်စားစရာတွေကို စိတ်ရှည်လက်ရှည်ပြောပြရာ မြင့်ထွန်းက ဂရုတစိုက်သေချာကျနစွာ နားထောင်မှတ်သားသည်။ ထို့နောက်စာပေဖြစ်အောင် ရေးသားသည်။

ဦးစပ်စုမှာ ဗမာတိုင်းရင်းသားဖြစ်သော်လည်း ပြေကြီးပေါက်ဖြစ်သဖြင့် ဗမာစကားပြောရာတွင် တရုပ်သံဂဲလှသည်။ ထို့ကြောင့် သူ့စကားကိုအဓိပ္ပါယ်ပေါက်အောင်နားထောင်ရခြင်းမှာ ကျောက်စာဖတ်ရခြင်းနှင့် ဆင်ဆင်တူသည်။ မြင့်ထွန်းသည် ဦးစပ်စု၏ပြောပြချက် နှုတ်ထွက်ကျောက်စာကို စကားပြေဖြစ်အောင် ရေးသားသူဖြစ်ရာ ဗဟုသုတပေးသူဦးစပ်စုနှင့် ပြန်လည်ရေးသားသူမြင့်ထွန်းတို့ကို ကျေးဇူးတင်ထိုက်လှပေသတည်း။

ရန်အောင်

၂၉-၅-၆၃

# တရုပ်ပုံပြင်မှဟန်စင်

ရှေးခေတ်တရုပ်ရာဇဝင်ကို နောက်ကြောင်းလှန်၍ကြည့်ပါလျှင် စစ်ပွဲပေါင်းမြောက်မြားစွာရှိသည်ကို တွေ့ရ၏။ ထိုစစ်ပွဲကြီးများရှိသည့်အနက် နံမည်ကျော်လူသိများသောစစ်ပွဲသုံးခုမှာ လူပေါင်းလေးသိန်းငါးသောင်း လည်ပြတ်ပြီးသေခဲ့ရသော ""ဂျင်းတိုတိုက်ပွဲကြီး""၊ လူပေါင်းသုံးသိန်းကျော်သေခဲ့ရသော ""ဆော်ဟန်တိုက်ပွဲ""၊ လူပေါင်းရှစ်သိန်းနှင့်သုံးသောင်းကျော် သေရွာသို့မြန်းခဲ့ရသော ""ချစ်ဖိတ်တိုက်ပွဲ""(သုံးပြည်ထောင်စစ်ပွဲကြီး) တို့ဖြစ်လေသည်။

ဤအထဲမှ ကျွန်ုပ်သည် ""ဆော်ဟန်တိုက်ပွဲ""အကြောင်းကို ထုတ်နှုတ်ရေးသားလိုပေသည်။ ယင်းရာဇဝင်သည် မူကွဲအမျိုးမျိုးရှိလေသည်။ ထို့ထက်ဆိုးသည်ကား ရာဇဝင်မှ တကယ့်ဖြစ်ရပ် အမှန်ဇာတ်ကွက် တစ်ခုကိုယူ၍ ပုံကြီးချဲ့ထားသော ဂမ္ဘီရပုံပြင်များလည်း ရှိသေးသည်။ ယင်းအတွက်ကြောင့် တကယ့်ဖြစ်ရပ် ရာဇဝင်နှင့်ပုံပြင်များသည် ရောနှော၍နေသည်ကို တွေ့မြင်ရလေ၏။ တကယ့် အစစ်အမှန်ရာဇဝင်ကို ရလေအောင် အချိန်အတော်ယူ၍လေ့လာရသည်။ ကျွန်ုပ်လေ့လာမှတ်သားမိသမျှ ဟန်စင်၏အကြောင်းကို ရေးရပါလေသော် ...



Peking Opera "THE RULER BIDS FAREWELL TO HIS FAVORITE"

၁၉၅၅-ခုနှစ် ရွှေတိဂုံဘုရားအနောက်မုခ်၌
ပီကင်းအော်ပရာပြဇာတ်၌ ချောဘာအုံးနှင့်
သူ့မိဖုရားခွဲခါနီးအခန်း

လွန်လေခဲ့သော နှစ်ပေါင်းနှစ်ထောင့်လေးရာကဖြစ်သည်။ ထိုစဉ်က တရုပ်ပြည်ပိုက်ဆေးနယ်တွင် ဟန်စင်ဆိုသောလူတစ်ယောက်ရှိလေသည်။ သူသည် အခြေအနေမဲ့နေ၍ မှူးမတ်များပျော်ပါးလေ့ရှိသော ပြည့်တန်ဆာမတစ်ဦးထံတွင်

ကပ်ရပ်နေထိုင်ရလေသည်။ သူသည် ငယ်စဉ်သမယထဲက နစ်ဖက်သွားဓါးကို နှစ်သက်သည်။ ဤဓါးကိုပင် သူသည်ကိုင်ဆောင်လေ့ရှိသည်။

တစ်နေ့သ၌ ဟန်စင်သည်လူပုံအလယ်၌ အုတ်ရှုတ်လျှံဆိုသောလူမိုက်တစ်ဦးနှင့်တွေ့လေသည်။ ဤလူမိုက်က ဟန်စင်ကိုတွေ့လျှင်တွေ့ချင်း ""မင်း ဒီနစ်ဖက်သွားဓါးကိုင်နေတာ.. သတ္တိရှိလျှင် ငါနဲ့ယှဉ်ပြိုင်ပါလား""ဟူ၍ပြောဆိုလေသည်။ လူအများကလည်း ဟန်စင်နှင့်လူမိုက်တို့ဖြစ်ပျက်နေပုံကို ဝိုင်းအုံ၍ ကြည့်နေကြလေသည်။

""ခင်ဗျားတစ်ချက်ထိုးရင် ကျွန်တော်လဲပြီးသေသွားမယ့်သူပါပဲ.. ခင်ဗျားကိုရှုံးပြီးသားပါ"" ယင်းသို့ ဟန်စင်တောင်းပန်၏။ သို့သော်လူမိုက်က ဟန်စင်ကိုမလွှတ်သေးပေ။ သည့်အတွက်ကြောင့် ဟန်စင်သည် လူမိုက်ကို ရှိခိုးတောင်းပန်ပြန်သည်။ ဤအခါတွင် လူမိုက်က သူ့ခြေထောက်နစ်ချောင်းကို ကားထားလိုက်ပြီးလျှင်.. ""အေး.. မင်းပြန်ချင်ရင် ငါ့ရဲ့ခြေထောက်နစ်ချောင်းအောက်က ငုံပြီးပြန်ပေတော့""ဟူ၍ ပြောလေသည်။

ဝိုင်းအုံနေသောလူအများရှေ့၌ ဟန်စင်သည် ဤသို့လူမိုက်၏စော်ကားစွာပြုမူခြင်းကို ခံရသော်လည်း သည်းခံပြီးနေ၏။ ဟန်စင်သည် သူ့စိတ်ထဲ၌ ""လူမိုက်ဟာ လူအများရှေ့မှာ ငါ့ကိုအရှက်ခွဲတယ်။ ဒီအခါတုန်းက ငါဟာ လူတွေကြားထဲမှာ ငါ့ကိုအရှက်ခွဲရမလားဆိုပြီး လူမိုက်ကို ယှဉ်ပြိုင်သတ်လိုက်လျှင် ငါဟာ သေဖို့ပဲရှိမှာပဲ။ ငါဟာ သည်းခံပြီးနေခဲ့လို့သာ အသက်မသေတာ""ဟူ၍ ယုံကြည်ထားလေသည်။

သည့်နောက်ပိုင်းတွင်မူ ဟန်စင်သည် ""ငါ့ကိုလူမိုက်က ထောင်ပေါင်းများစွာလူတွေအထဲမှာ အရှက်ခွဲတယ်၊ ရွာသူရွာသားများကလည်း ငါ့ကို ကြက်တစ်ကောင်တောင်မှ မဖမ်းနိုင်ဘူးလို့ အမြဲတမ်း နောက်ပြောင်ပြောဆိုနေကြတယ်""ဟူ၍ သူ့ကိုယ်သူစဉ်းစားမိလေသည်။

အမှန်အားဖြင့် ဟန်စင်သည် ပိန်ပိန်ပါးပါး၊ လူကလည်းခပ်ပြော့ပြော့ဖြစ်သည်။ သူလမ်းလျှောက်သော အခါတွင်ယိုင်နေတတ်သည်။ ယင်းကြောင့်လည်း သူ့ကိုရွာသူရွာသားအများအပြားက ကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်းကို ခံရလေသည်။ ဟန်စင်သည် သူ့ဘဝကိုသူ ပြန်လည်စဉ်းစားမိသည့်အချိန်မှစ၍ ရှေးခေတ်တရုပ်ရာဇဝင်တွင် အလွန်နာမည်ထင်ရှားသော စွန်ဘူကြူရေးသားထားသည့် စစ်သေနင်္ဂဗြူဟာဆယ့်သုံးချက်ကို နေ့စဉ်နေ့တိုင်း အမြဲမပြတ် လေ့ကျင့်မှတ်သားနေလေသည်။

ထိုစဉ်အခါက တရုပ်ပြည်တွင် ချောဘအုံးနှင့် ဟန့်ကော်ကျို့မည်သောဘုရင်နစ်ပါးသည် စစ်ပြိုင်ဘက် ဖြစ်နေပြီး ခေတ်ထနေချိန်ဖြစ်သည်။ ချောဘအုံးဘုရင်သည် စစ်တိုက်မှုဘက်၌ အင်အားအလွန်ကောင်းပြီး ကျော်ကြားနေသူဖြစ်လေသည်။ အနီစစ်ဘုရင်ကြီးချောဘအုံးထံပါး၌ ဟန်စင်သည်

စစ်မှုထမ်းနေလေသည်။ ဟန်စင်စစ်မှုထမ်းနေသည်ဆိုသော်လည်း ကြီးကြီးကျယ်ကျယ်ကားမဟုတ်၊ ချောဘအုံးထွက်သောအခါ၌ ခပ်ဝေးဝေးမှ လုံကိုင်လုံထမ်းပြီးစောင့်နေရသည့် စစ်သားငယ်တစ်ဦးသာဖြစ်လေသည်။

မည်မျှပင်အောက်တန်းကျသောအလုပ်ကို ဝင်လုပ်နေသော်လည်း၊ ဘုရင်ချောဘအုံး၏အတိုင်ပင်ခံ မင်းဆရာ ပုမ်းကျုန်းက ဟန်စင်၏စစ်ပညာစွမ်းရည်ကိုသိထား၏။ ထို့ကြောင့်လည်း ပုမ်းကျုန်းသည် သူ့နယ်သို့ထွက်၍ ရန်သူကိုနှိမ်နင်းစဉ်က ရှင်ဘုရင်ချောဘအုံးအား ""ဟန်စင်ကို အသုံးပြုရင်လည်း ရာထူးကြီးကြီးပေးပါ၊ တကယ်လို့အသုံးမပြုရင်လည်း သတ်ပစ်လိုက်၊ သူများလက်ထဲကိုတော့ မရောက်ပါစေနဲ့ ဟူ၍ အတန်တန်မှာကြားခဲ့လေသည်။ ဟန်စင်ကို အထင်အမြင်သေးလေ၏။ ချောဘအုံး၏စိတ်အတွင်းဝယ် ""လမ်းသွားရင်ယိုင်တီယိုင်တိုင်နဲ့ သူများခြေထောက်အောက်က ဦးခေါင်းငုံ့ပြီးထွက်လာတဲ့သူများ ဘာအသုံးပြုရမလဲ""ဟူ၍သာ ထင်မှတ်ထားလေသည်။

တစ်နေ့သောအခါတွင် ဟန်စင်၏နေအိမ်သို့ ခါးရောင်းသောကုန်သည်တစ်ဦးရောက်လာသည်။ ထိုသူ၌ ဟန်စင်လွန်စွာနှစ်သက်သော နစ်ဖက်သွားခါးများ ပါလာလေသည်။ အမှန်အားဖြင့် ဤသူသည် ခါးကုန်သည်အစစ်မဟုတ်၊ ရန်သူဟန့်ကော်ကျို့၏ အတိုင်ပင်ခံမင်းဆရာ ကယော်လျောင်းဆိုသူသည် ရုပ်ဖျက်၍ ခါးကုန်သည်ယောင်ဟန်ဆောင်၍ ဟန်စင်ထံသို့လာခြင်းဖြစ်ပေသည်။ ဟန်စင်က မြင်လျှင်မြင်ချင်း ကယော်လျောင်းမှန်းသိလေသည်။ ကယော်လျောင်းက ဟန်စင်ကို ဟန့်ကော်ကျို့ဘက်၌စစ်မှုထမ်းလျှင် စစ်သေနာပတိချုပ်ရာထူးကို ပေးအပ်မည့်အကြောင်းများပြောကြားပြီး သွေးဆောင်ခေါ်ယူလေတော့သည်။ ဟန်စင်ကိုယ်တိုင်ကလည်း အခွင့်သာလျှင် ဟန့်ကော်ကျို့ဘက်သို့ထွက်ပြေးတိမ်းရှောင်ရန် ကြံရွယ်နေသူ တစ်ယောက်ဖြစ်သည်။ သူ့အဖို့ ယင်းသို့ထွက်၍မပြေးပါကလည်း ချောဘအုံး၏ရန်ကလည်း တစ်ဖက်ရှိနေ သေးသည်။ ယင်းသို့သော အခွင့်အခါကောင်းမျိုးကိုစောင့်နေသော ဟန်စင်အဖို့ ရေငတ်တုန်း ရေတွင်းထဲကျ သကဲ့သို့ဖြစ်နေလေ၏။ ဟန်စင်ကို ကယော်လျောင်းက သူ့လက်မှတ်နှင့် စာတစ်စောင်ရေးပေးလေသည်။ ဟန့်ကော်ကျို့ထံပါးသို့ရောက်လေလျှင် ဤစာလွှာကိုပြသပါရန်လည်းမှာကြားလေသည်။ ပြီးနောက်တွင်ကား ချောဘအုံး၏နယ်အတွင်းရှိ မြို့သုံးမြို့မှထွက်နိုင်ရန်လည်း ဟန်စင်အတွက်အသင့်ပြုလုပ်ထားသော မှတ်ပုံတင် အတုလည်းပေးလိုက်လေသည်။ သယော်လျောင်းသည်လည်း သူသွားရမည့်ခရီးစဉ်ကို ဆက်လက်ထွက်ခွာ သွားလေတော့သည်။

ဟန်စင်သည် သယော်လျောင်းစီမံပေးချက်အတိုင်း ချောဘအုံးတိုင်းပြည်မှ ထွက်ခွာပြီး၊ ဟန့်ကော်ကျို့ အုပ်ချုပ်သောတိုင်းပြည်သို့ အေးဆေးစွာရောက်လေသည်။

ရောက်လေသောအခါ ဟန်စင်သည် ဘုရင်ဟန့်ကော်ကျို့ကို သွားတွေ့လေသည်။ ဟန့်ကော်ကျို့နှင့်တွေ့သည့်တိုင်အောင် ဟန်စင်သည် အတိုင်ပင်ခံ မင်းဆရာ သယော်လျောင်းရေးပေးလိုက်သော စာလွှာကို ထုတ်၍မပြပေ။

ဘုရင်ဟန့်ကော်ကျို့သည် ဟန်စင်ကိုတွေ့လေသော် ဟန်စင်၏ရှက်ဖွယ်ကောင်းသော နောက်ကြောင်း ရာဇဝင်များကိုသိနှင့်ထား၍ အထင်အမြင်သေးလေ၏။ ထို့ကြောင့် ဟန်စင်ကို စပါးအခွန်ကြီးကြပ်သည့် ဌာနတွင် လယ်ကူလီအလုပ်ကိုပေးထားလေသည်။ ထိုကမှတဆင့် ဟန်စင်သည် စပါးချိန်တွယ်ရသော စာရေးလေးဖြစ်လာသည်။ ဟန်စင်သည် လယ်အခွန်ကြီးကြပ်ရေးဌာနတွင် စပါးချိန်တွယ်ရသောစာရေးဘဝ၌ ရှိစဉ်၊ ယခုတရုပ်ကုန်တိုက်နှင့် အလုပ်တိုက်များတွင် တွက်ချက်သော "ပေသီး"အတွက်ကိရိယာကို သူ့ဉာဏ်စွမ်းဖြင့် တီထွင်ခဲ့လေသည်။

ထိုကမှတဆင့် ဟန်စင်၏ကြိုးစားမှုအဖုံဖုံတို့ကြောင့် မြို့အုပ်နှင့်အဆင့်အတန်းညီသော ရာထူးကိုသာလျှင်ရရှိလေသည်။ ဟန်စင်၏အဖို့ကား မှန်းချက်နှင့်နမ်းထွက်မကိုက်ညီပဲဖြစ်နေသော်လည်း သူသည် မညည်းညူပေ။ သူပြုလုပ်ရမည့်အလုပ်ကိစ္စမှန်သမျှကို တာဝန်ကျေပွန်အောင် ပြုနေပေ၏။

ဟန့်ကော်ကျို့၏အတိုင်ပင်ခံ မင်းဆရာတစ်ဦးဖြစ်သူ ရှောင်ဟိုကလည်း ဟန့်ကော်ကျို့အား ဟန်စင်ကို စစ်သေနာပတိချုပ်ခန့်အပ်ပြီး ချောဘအုံးအားတိုက်လျှင် ပို၍ကောင်းမည်ဖြစ်ကြောင်းကို အကြံပေးလေ၏။ ရှောင်ဟို၏အကြံပေးချက်ကို ဟန့်ကော်ကျို့က လက်မခံပေ။ သို့ဖြစ်နေစဉ် တစ်ညသ၌ ဟန်စင်သည် အဝေးသို့မြင်းတစ်စီးနှင့်ပြေးလေတော့သည်။ ဟန်စင်ကို အစဉ်စောင့်နေသောစစ်သားသည် ရှောင်ဟိုထံသို့ အချိန်မှီလာ၍ပြောကြားသည်။ ရှောင်ဟိုလည်း ကြားလျှင်ကြားချင်း ဟန်စင်နောက်သို့ မြင်းတစ်စီးနှင့် အမြန်လိုက်လေတော့သည်။

ထိုနေ့ညကား လသည်ထိန်ထိန်သာနေသည်။ လ၏အလင်းရောင်အောက်တွင် ဟန်စင်သည် မြင်းကို ဒုန်းစိုင်း၍စီးနေသည်။ ရှောင်ဟိုကလည်း နောက်မှမြင်းတစ်စီးနှင့်လိုက်နေသည်။ ဟန်စင်ကိုမှီလေသောအခါ ရှောင်ဟိုက ရပ်ခိုင်း၏။ ထိုအခါကျလေမှ သူတို့နှစ်ဦးသည် အေးဆေးစွာစကားပြောနိုင်တော့သည်။

ရှောင်ဟိုက သူသည်ဟန်စင်အားစစ်သေနာပတိချုပ် အလွန်ခန့်အပ်လိုကြောင်း၊ ဘုရင်ဟန့်ကော်ကျို့က အထင်သေးနေ၍ အခက်တွေ့နေကြောင်းကိုပြောသည်။ ဤတွင် ဟန်စင်က ရှောင်ဟိုအား ပြုံးရွှင်သော ဟန်အမူအရာဖြင့်ကြည့်ပြီးလျှင် ""ခင်ဗျားကိုဝမ်းသာစရာတစ်ခုပြမယ်""ဟူ၍ပြော၏။ ပြီးလျှင် သယော်လျောင်းထံမှ သူ့ကို စစ်သေနာပတိချုပ်ခန့်အပ်ရန်ထောက်ခံလွှာကိုပေးသော် ရှောင်ဟိုသည် အံ့သြဝမ်းသာသွားဟန်ဖြင့် ""ဒီစာပါလာမှ စောစောကပြောရောပေါ့၊ ဒီစာသာပါရင် ဟန့်ကော်ကျို့လည်း ကျုပ်ရဲ့စကားကို မပယ်ရှားပဲ့ ပါဘူး""ဟူ၍ပြောဆိုလေသည်။

ပြီးနောက်မှ တဆက်တည်း ""ကျုပ်တို့တိုင်းပြည်ဟာ ခင်ဗျားကိုအားကိုးပါတယ်"" ချောဘအုံးကို စစ်ပြိုင်တိုက်နိုင်မယ့်သူဟာ ခင်ဗျားတစ်ယောက်ထဲသာရှိပါတယ်၊ ဒါကြောင့် စိတ်ကူးမလွဲပါနဲ့၊ ကျုပ်တို့တိုင်းပြည်ကိုပြန်လိုက်ခဲ့ပါ""ဟူ၍ အမျိုးမျိုးအကြောင်းပြကာ ဟန်စင်ကိုခေါ်တော့၏။ ဤသို့လ၏အလင်းရောင် အောက်ဂယ် ဟန်စင်ကိုရှောင်ဟိုလိုက်၍တွေ့လေသောနေရာတွင် ကျောက်စာကမ္ဗည်းထိုးထားခဲ့သည်မှာ ယနေ့တိုင်မြင်တွေ့နိုင်သေး၏။

သည့်နောက်ပိုင်းတွင်မူ အဂေးအရပ်သို့ရောက်နေသော ဟန့်ကော်ကျို့၏အတိုင်ပင်ခံမင်းဆရာ သယော်လျောင်းသည် ပြန်ရောက်လာသည်။ ရောက်လာလျှင်ရောက်လာခြင်း သယော်လျောင်းသည် ဟန့်ကော်ကျို့ကို ""ဟန်စင်ဘယ်မှာလဲ""ဟူ၍မေး၏။ ဟန့်ကော်ကျို့က ဟန်စင်ကို မြို့အုပ်လောက်အဆင့်အတန်း ရှိသောရာထူးခန့်အပ်ထားကြောင်းပြောလေသည်။ ဤတွင် အတိုင်ပင်ခံမင်းဆရာနစ်ယောက်စလုံးက တစ်ဦးနှင့်တစ်ဦးတိုင်ပင်၍ ဟန့်ကော်ကျို့အား ""ဒီလိုဆိုရင်ဘယ်ဖြစ်မလဲ.. ဟန်စင်ကိုစစ်သေနာပတိချုပ် ရာထူးကိုခန့်အပ်ပါ၊ ဒါမှ စစ်ဘုရင်ချောဘအုံးနဲ့ယှဉ်ပြိုင်နိုင်မယ်""ဟူ၍ နားသွင်းပြောကြားလေသည်။ ဟန့်ကော်ကျို့ကလည်း သူ၏အတိုင်ပင်ခံမင်းဆရာနစ်ယောက်၏စကားကို မပယ်ရှားဂုံသောကြောင့် လက်ခံ လိုက်ရလေသည်။

များအကြာမီအချိန်ပိုင်း၌ အခြေအနေသည် ဆိုးလာလေသည်။ အလွန်အင်အားကြီးမားသော ချောဘအုံး၏စစ်တပ်ကြီးသည် ဟန့်ကော်ကျို့၏တိုင်းပြည်အတွင်းသို့ တစတစနှင့်စီးနင်းဂင်ရောက်လာ၏။ ဟန့်ကော်ကျို့ဘက်၌ရှိသော ပထမ၊ ဒုတိယ၊ တတိယအတန်းစား သုံးတန်းစားရှိသည့် စစ်ဗိုလ်စစ်သားများ ရှိသည့်အနက် တတိယတန်းစားစစ်ဗိုလ်စစ်သားများကရန်သူကိုကာကွယ်ပါလျှင် တစ်ရက်သာခံ၏။ ဒုတိယတန်းစားစစ်ဗိုလ်များနှင့်ကာကွယ်ပါလျှင် နစ်ရက်သုံးရက်သာခံ၏။ ပထမတန်းအကောင်းဆုံးစစ်ဗိုလ်နှင့် စစ်သားများကာကွယ်လေမှ ပြန်၍မတိုက်ထုတ်နိုင်သည့်တိုင်အောင် ချောဘအုံး၏စစ်ကြောင်းချီလာမှုကို တန့်၍ထားနိုင်လေသည်။ ဤသည်လည်းမကောင်းလှပေ။ နောက်များမကြာတော့မည့် ရက်ပိုင်းအတွင်းဂယ် ဟန့်ကော်ကျို့ထီးနန်းစိုက်ရာမြို့တော်သို့ ရန်သူချောဘအုံး၏စစ်တပ်များ ရောက်လာတော့မည့်သဘောပင် ဖြစ်သည်။

ထို့ကြောင့်လည်း ဟန့်ကော်ကျို့အဖို့ ဟန်စင်ကို အရေးတကြီး စစ်သေနာပတိချုပ်နှင့် သူ့အမိန့်အာဏာ လွှဲအပ်ရန် အရေးတကြီးလိုအပ်လာပြီဖြစ်၏။ ဟန့်ကော်ကျို့ကလည်း သူ့မြို့သူမြို့သားများကိုခေါ်ယူ၍ အလွန်ကြီးသော ဂါးမျှော်စင်ကြီးတစ်ခုကိုဆောက်လုပ်စေပြီး ဟန်စင်ကို လူအများရှေ့မှောက်၌ စစ်သေနာပတိချုပ် ခန့်အပ်လေသည်။ ပြီးနောက် ဘုရင်ဟန့်ကော်ကျို့က

သူ့နှစ်ဖက်သွားဓါးကိုလည်း ဟန်စင်အားအပ်နှင်းစဉ် မိန့်ခွန်းပြောသည်မှာ ""အမိန့်အာဏာကိုမလိုက်နာပဲ ဆန့်ကျင်သူများရှိနေရင် ခုဝါအပ်နှင်းတဲ့ဓါးနဲ့ ခေါင်းဖြတ်ပြီးသတ်၊ ဟန်စင့်အမိန့်ဟာ ငါ့အမိန့်နဲ့အတူတူပဲ""ဟူ၍ ပြောကြားလေသည်။

မြို့သူမြို့သားများကလည်း ဟန်စင်၏နောက်ကြောင်းရာဇဝင်ကို သိနှင့်ထားကြ၍ အထင်အမြင် သေးနေကြသည်။ တချို့ကလည်း ""ဒို့ဘုရင်ဟန့်ကော်ကျို့တော့ ကြက်တစ်ကောင်တောင်မဖမ်းနိုင်တဲ့ ဟန်စင်လို လူမျိုးကိုမှရွေးပြီးအားကိုးမိတာ အမှားကြီးမှားပြီ""ဟူ၍ပြောကြလေသည်။

အမှန်အားဖြင့် ဟန်စင်သည် မြို့သူမြို့သားလူအများ အထင်အမြင်သေးသကဲ့သို့မဟုတ်ပေ။ သူသည် ဉာဏ်ကစားသည့်ဘက်၌ အလွန်စစ်ပညာကြွယ်ဝနေသော စစ်သားကောင်းကြီးတစ်ဦးဖြစ်နေလေသည်။ လူအများအထင်အမြင်သေးမှုခံနေရသော ဟန်စင်သည် ဘုရင်ဟန့်ကော်ကျို့အပ်နှင်းသည့်ဓါးကို ဓါးတွင်းချိတ်ဆွဲကာ လူပုံအလယ်၌ထပြီး....

""ကျွန်တော့်ရဲ့ဦးခေါင်းအတွင်းမှာရှိတဲ့ဦးနှောက်နဲ့ ရင်ထဲမှာရှိတဲ့နှလုံးသားတွေ မြေကြီးနဲ့ထိပြီး သေပွဲဝင်တဲ့အထိ တိုင်းပြည်နဲ့ရန်သူမှန်သမျှကို ချေမှုန်းဖျက်ဆီးပါ့မယ်လို့ သန္နိဋ္ဌာန်ချမှတ်ထားပြီးပါပြီ။ ဘုရင့်တပ်မတော်မှန်သမျှဟာ အမိန့်ကိုနာခံပြီး ကိုယ့်နိုင်ငံတော်အတွက် ရန်သူတွေကိုနှိမ်နင်းကြပါ။ စစ်ကြီးပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော်ဟာ ချီးမြှင့်ရမယ့်သူကိုပစ်မထားပါဘူး။ ချီးမြှင့်ပါမယ်။ အပြစ်ရှိတဲ့သူ ဆိုရင်လည်း အပြစ်အလိုက်အရေးယူပါ့မယ်။ ဘယ်သူ့မျက်နှာကိုမှမထောက်ညှာပါဘူး။ အားလုံးဟာ တရားသဖြင့်ဖြစ်စေရမယ်""ဟူ၍ သူ့တပ်မတော်သားအပေါင်းကို ရဲရဲတောက်မိန့်ခွန်းမြွက်ကြားပြီးသည်နှင့် တပြိုင်နက် စစ်ကြောင်းကိုးကြောင်းကိုဖွင့်လိုက်လေသည်။

စစ်မျက်နှာကိုးခုခွဲပြီး စစ်ကြောင်းများဖွင့်လိုက်သောအခါ တပ်ရင်းရှိစစ်ဗိုလ်ချုပ်ကြီးများကို တစ်ခါတည်းနှင့်ခန့်အပ်၍ အလံအစိမ်း၊ အပြာ၊ အဝါများ ခွဲဝေကာ ချောဘအုံးနှင့်ရင်ဆိုင်ရန် ချီတက်သွားခိုင်း၏။ ဤအခါကျလေမှ ဟန်စင်ကို အထင်အမြင်သေးခဲ့သော မြို့သူမြို့သားများသည် မြေပုံမကြည့် စာရွက်မကိုင်ပဲနှင့် စစ်မျက်နှာကိုးခုကို နိုင်နင်းစွာစီစဉ်နိုင်သော ဟန်စင်၏စွမ်းရည်ကို အံ့သြချီးကျူး၍မကုန်နိုင်အောင် ဖြစ်ရတော့၏။

ထိုသို့ ဟန့်ကော်ကျို့က ဟန်စင်အား စစ်သေနာပတိချုပ်ခန့်အပ်သောအရေးကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်ခုပေါ်ပေါက်လာလေသည်။ ဟန့်ကော်ကျို့၏သစ္စာတော်ကိုခံယူပြီး စစ်မှုထမ်းနေသော လက်ဟောင်း စစ်ဗိုလ်ကြီးကွမ်းချိုင်ဆိုသောသူရှိလေသည်။ ကွမ်းချိုင်သည် စစ်တိုက်ခိုက်သည့်ဘက်၌မညံ့ပေ။ ခွန်အားဗလလည်းပြည့်စုံသူတစ်ယောက်ဖြစ်လေသည်။ သို့သော် သူ့၌ဉာဏ်ပညာမပြည့်စုံပေ။ သူအလုပ်လုပ် သောနေရာ၌စေ့စပ်သေချာသလောက်

စေခိုင်းသူရှိလေမှလုပ်တတ်သူဖြစ်လေသည်။ ပြီးနောက်သူသည် ဘုရင်ဟန့်ကော်ကျို့နှင့် မယားညီအစ်ကိုတော်စပ်သူလည်းဖြစ်၏။ သူ့စိတ်ထဲ၌ သူသည်သာလျှင် ဟန့်ကော်ကျို့၏ လက်ရုံးတစ်ဆူတမျှ အားကိုးရမည့်စစ်သေနာပတိချုပ်ဖြစ်ရမည်ဟု မျှော်လင့်ထား၏။ တပ်မတော်သားများကလည်း ဤအတိုင်းပင်ထင်နေကြသည်။ သို့သော်အခြေအနေကား သူမျှော်လင့်ထားသကဲ့သို့ဖြစ်၍မလာ။ ထို့ကြောင့် သူ့ကိုယ်သူရှက်လည်းရှက်မိသည်။ ဟန်စင်အပေါ် သို့လည်း အခဲမကြေဖြစ်နေမိသည်။ ထို့ကြောင့်လည်း သူသည် ဒေါသအလျောက် ဘုရင်ဟန့်ကော်ကျို့စီးလာသော မြင်းဇက်ကြိုးကို သွားဆွဲပြီးပြောဆိုသည်မှာ ""ကျုပ်လိုလူတစ်ယောက်လုံးရှိလျက်သားနဲ့ သူများခြေထောက်အောက်က ငုံ့လျိုးလာရပြီး၊ ပြည့်တန်ဆာမဆီမှာမှီခိုကပ်ရပ်စားနေရတဲ့ ဟန်စင်လိုလူမျိုးကိုမှရွေးပြီး စစ်သေနာပတိချုပ်ခန့်အပ်တာဟာ အမှားကြီးမှားတာပဲ""ဟု၍ သူ့ရင်တွင်းရှိသမျှကို မထိန်မပုက်ပဲပြောလိုက် လေသည်။

ဤစကား တစ်ခွန်းကြောင့် ဟန့်ကော်ကျို့သည်ဒေါသအမြတ်ထားလာ၏။ သည့်အတွက်ကြောင့် ဟန့်ကော်ကျို့က "ငါ့အမိန့်စကားကိုပယ်ရှားတာဟာ ငါ့ကိုတော်လှန်တာနဲ့ အတူတူဘဲ၊ ဒါ့ကြောင့်" ဟု၍ ပြောပြီး သူ့နဘေးရှိစစ်ဗိုလ်များဘက်သို့လှည့်ကာ ""ကွမ်းချိုင်ကို အမြန်ဖမ်းပြီးချုပ်ထားလိုက်၊ ပြီးမှ ငါသတ်မယ်""ဟု၍အမိန့်ပေးပြီး ဟန့်ကော်ကျို့သည် မြင်းစီး၍ထွက်သွားလေတော့သည်။

စစ်ဗိုလ်ကြီးကွမ်းချိုင်အဖို့အချုပ်ခန်းသို့မြန်းရလေတော့၏။ သူ၏ပြောစကားတစ်ခွန်း မှားယွင်းသည့် အတွက် အသက်သေရတော့မည့်ကိန်းမျိုးဆိုက်နေရှာ၏။ သူသည် အသက်တစ်ချောင်းချမ်းသာရာရမှုအတွက် ဟန့်ကော်ကျို့ကို အမျိုးမျိုးအဖုံဖုံတောင်းပန်သမှုပြုသော်လည်း မည်သို့မျှအကြောင်းမထူးပါပေ။ ဤကိစ္စအတွက် သူ့အားရင်းနှီးသောစစ်ဗိုလ်များက အကြံဉာဏ်ပေးသည်မှာ စစ်သေနာပတိချုပ်ဟန်စင်ကို အကျိုးအကြောင်း ပြောပြပြီးတောင်းပန်ပါ၊ ဟန့်ကော်ကျို့သည် ယခုအချိန်၌ ဟန်စင်၏ပြောလေသမျှသောစကားကို မပယ်ရှားပွဲ့သောကြောင့် အသက်ချမ်းသာရာရလိမ့်မည်ဟု ဆိုကြသည်။

ဤအကြံပေးချက်အတိုင်း စစ်ဗိုလ်ကြီးကွမ်းချိုင်သည် ဟန်စင်အားတောင်းပန်သည်။ ဟန်စင်မှ တဆင့် ဟန့်ကော်ကျို့အားတောင်းပန်လျှောက်ထားလေရာ ကွမ်းချိုင်သည် အသက်ချမ်းသာမှုရလေတော့သည်။ ထိုအချိန်အခါမှစ၍ ကွမ်းချိုင်သည် သူ့အသက်သခင်ကျေးဇူးရှင်ဖြစ်သော စစ်သေနာပတိချုပ်ဟန်စင်အပေါ်၌ သစ္စာရှိစွာဖြင့် အမှုတော်ကို ထမ်းဆောင်သွားလေတော့သည်။

ဟန့်ကော်ကျို့က သူ့ဘုရင်အမိန့်အာဏာကိုလွှဲအပ်ထားသော စစ်သေနာပတိချုပ်ဟန်စင်နှင့် စစ်ဘုရင်ကြီးချောဘအုံးတို့သည်

ယှဉ်ပြိုင်၍စစ်တိုက်ကြလေသည်။ ဟန်စင်သည်ကား စစ်တိုက်ခိုက်မှုအရာ၌ ဉာဏ်သမား။ စစ်ဘုရင်ချောဘအုံးသည် လက်ရုံးရည်သမား။ ဤသူနှစ်ဦးကား စစ်မြေပြင်ဂယ်ဆုံကြခြင်းပင်ဖြစ်၏။

စစ်ဘုရင်ကြီးချောဘအုံး၏အကြောင်းလည်း အနည်းငယ်ဖေါ်ပြပါဦးမည်။ ချောဘအုံး ငယ်စဉ်က သူ့ဆရာသည် စာပေပညာသင်ပေးသည်။ သို့သော်သူကမသင်ကြားပေ။ စာပေပညာမသင်၍ ဓါးခုတ်လှံထိုး အတတ်ပညာကိုသင်သော်လည်း သူကမသင်လိုပေ။ ဤတွင်ဆရာဖြစ်သူက ချောဘအုံးအား ""နို့မင်းက ဘာပညာသင်မှာလဲ"" ဟူ၍မေးသည်။ ချောဘအုံးကပြန်၍ပြောသည်မှာ ""ကျုပ်တစ်ခါတည်းနဲ့ လူထောင်သောင်း နဲ့ချီပြီးသတ်နိုင်တဲ့ပညာမျိုးသင်ချင်တယ်"" ဟူ၍ပြန်ပြောဖူးလေသည်။

သူသည် အလွန်ကာယဗလတောင့်တင်းခိုင်မာပြီး သန်စွမ်းသူတစ်ယောက်ဖြစ်လေသည်။ သူ့အဖို့ စစ်တိုက်ခြင်းသည်ပင်လျှင် ဂါသနာဖြစ်နေ၏။ တစ်ချိန်သောအခါက တရုပ်ပြည်၌ခုနှစ်ပြည်ထောင်ကွဲပြီး ခြောက်ပြည်ထောင်ကစုစည်း၍ အင်အားအလွန်ကြီးမားပြီး တန်ခိုးအာဏာကြီးသော ကျင်းစိဟုန်း၏ ဒုတိယ ကျင်းမင်းဆက်ကို ချောဘအုံးတိုက်ခိုက်စဉ်က ကိုးရက်တိတိအစာမစားပဲ တောက်ရှောက်စစ်တိုက်သွားဖူးလေသည်။ ထိုမျှသာမကသေး ရှေးခေတ်တရုပ်ပြည်တွင် တရုပ်ဘုရားကျောင်းများ၌ သုံးချောင်းထောက် သံဒယ်အိုးတစ်လုံးစီရှိတတ်သည်။ ဤသံဒယ်အိုးနှင့်ထောက်ထားသောသံချောင်းသည် တရုပ်ပိဿာအလေးချိန် တစ်ထောင်ရှိ၏။ ဤသံဒယ်အိုးနှင့်အောက်ခံသုံးချောင်းကို ချောဘအုံးသည် ဘယ်လက်တစ်ဖက်တည်းဖြင့်ကိုင်ကာ တရုပ်ဘုရားကျောင်းကို သုံးပတ်တိတိပတ်ပြသော်လည်း မျက်နှာတစ်ချက်မပျက်ပေဟု အဆိုရှိသည်။

ချောဘအုံးအလွန်ချစ်မြတ်နိုးခြင်းခံရသော တစ်ဦးတည်းသောမိဖုရား "ဂူးရေ"သည် အလွန်ချောလှသော သူဖြစ်လေသည်။ ရုပ်ရည်သာချောလှသည်မဟုတ်၊ ဉာဏ်ပညာအစွမ်းလည်း အလွန်ထက်မြက်သူလေးဖြစ်သည်။ ချောဘအုံးစစ်မြေပြင်သို့ဆင်းလေတိုင်း ဤ"ဂူးရေ"အမည်ရှိသောမိဖုရားသည်လည်း သူ့အနားကပါလာစမြဲ ဖြစ်လေသည်။ ချောဘအုံးသည် စစ်တိုက်လေတိုင်း အောင်မြင်မှုရသူတစ်ဦးဖြစ်သည်။ သူ့ပတ်ဂန်းကျင်နှင့် အခြေအနေကလည်း သူ့အားမာနတံခွန်လွှင့်ထူနိုင်လောက်အောင်ဖန်တီးနေ၍ ချောဘအုံးသည် မာနအလွန်ကြီးသူတစ်ဦးအဖြစ်နှင့်ကျော်ကြားခဲ့၏။

ဟန်စင်နှင့်ချောဘအုံးတွေ့ဆုံ၍တိုက်ခိုက်ကြသည်မှာ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမက၊ အကြိမ်ပေါင်း ခုနှစ်ဆယ်ခန့် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ခဲ့ကြပြီဖြစ်၏။ စစ်တိုက်ခိုက်ရည်ဂနေသော ချောဘအုံးအဖို့ ဉာဏ်အလွန်များသောဟန်စင်နှင့်လာတွေ့ခြင်းသည် ကံဆိုးရှာသည်ဟုဆိုရပေမည်။

သည့်အရင်ကဆိုပါလျှင် ချောဘအုံးသည် မည်သည့်ရန်သူနှင့်ယှဉ်ပြိုင်ပြိုင် သူသာလျှင်အသာကလေးနှင့် အနိုင်ရရှိခဲ့၏။ ဟန်စင်နှင့်တွေ့လေသောအခါ သူပြုလေတိုင်းမရ၊ သူထင်လေတိုင်းမဖြစ်သောအခြေအနေသို့ ဆိုက်လေတော့ပြီ။ ချောဘအုံး၏ သိန်းချီနေသော သူ့စစ်အင်အားထုကြီးပင်လျှင် ဟန်စင်နှင့်တွေ့လေသော် မရှုံးနိမ့်အောင်ပင် မနည်းကာကွယ်ပြီးတိုက်နေရသည်။ အမှန်စင်စစ် ဟန်စင်၏စစ်ဆင်မှုသည် လွန်စွာပင် ထက်မြက်သည်။ သို့ကလို ဟန်စင်ကချောဘအုံးအား စစ်တိုက်ရင်း၊ အိမ်နီးနားချင်းဖြစ်သော ကျေးတိုင်းပြည် ကိုလည်းဖြတ်၍တိုက်ခိုက်သွားပြီးအနိုင်ယူလိုက်သေးသည်။ ကျေးတိုင်းပြည်က ဟန့်ကော်ကျို့ထံပါး၌ လက်နက်ချအညံ့ခံပြီး၊ တိုင်းပြည်ကိုပါထိုးအပ်လိုက်လေသည်။ ဟန်စင်အဖို့ကား ချောဘအုံးနှင့်စစ်တိုက်ရာ စစ်ကြောင်းလမ်းပေါ်၌ရှိသော ကျေးတိုင်းပြည်ကို အသာလေးနှင့်တိုက်ယူလိုက်ခြင်းဖြစ်ပေသည်။

ကျေးတိုင်းပြည် လက်ဂယ်ရောက်ရှိလာသောအခါ စစ်သေနာပတိချုပ်ဟန်စင်သည် သူ၏အရှင်သခင် ဖြစ်သော ဟန့်ကော်ကျို့ကို သူ့အားကျေးတိုင်းပြည်၏ဘုရင်ခံအဖြစ်ခန့်အပ်ရန်တောင်းဆိုလေသည်။ ဟန်စင်က ဤသို့တောင်းဆိုလေသောအခါ ဟန့်ကော်ကျို့သည် သူ၏အတိုင်ပင်ခံမင်းဆရာသယောလျောင်း၊ ချောင်ဟိုတို့နှင့် တိုင်ပင်လေသည်။ ဤအတိုင်ပင်ခံမင်းဆရာနှစ်ယောက်က ""ဟန်စင်ကလိုချင်လို့ကျေးတိုင်းပြည်ကိုတောင်းတာ ပေးလိုက်၊ ခု ကျုပ်တို့အားလုံးနဲ့တိုင်းပြည်ဟာ ဟန်စင်ကိုပဲအားကိုးနေရတာ၊ တကယ်လို့သူသာ ချောဘအုံးရန်ကို မကာကွယ်ဘူးဆိုရင် အလွန်ကြီးတဲ့ဒုက္ခပဲ""ဟူ၍ အကြံပေးလေသည်။

ထို့ကြောင့် ဟန့်ကော်ကျို့က ဟန်စင်အား ကျေးတိုင်းပြည်၏ဘုရင်ခံမဟုတ်၊ ဘုရင်အစစ်ဖြစ်ကြောင်း ကြေညာလိုက်ပြီး၊ ကျေးတိုင်းပြည်ကို ဟန်စင်လက်ဂယ်အပ်လိုက်လေသည်။ ဟန်စင့်အဖို့တွင်ကား ဟန့်ကော်ကျို့၏စစ်သေနာတိချုပ်လုပ်နေရသူဖြစ်သော်လည်း ကျေးတိုင်းပြည်၏အချုပ်အချာအာဏာပိုင်သော ဘုရင်တစ်ပါးလည်းဖြစ်နေလေပြီ။

ကျေးတိုင်းပြည်၏ဘုရင်အဖြစ်နှင့်ဟန်စင်အုပ်ချုပ်နေစဉ်၊ ကျေးနိုင်ငံသားတစ်ဦးဖြစ်သူ ""ဂိုက်ထုံး"" ဆိုသောသူတစ်ယောက်ကို တပည့်အဖြစ်မွေးထားလေသည်။ ဂိုက်ထုံးသည် ရှေ့နောက်ရေးကိုကြည့်ပြီး အကြံဉာဏ်ပေးအလွန်ကောင်းသူတစ်ဦးဖြစ်သည်။ သူသည် ဟန်စင်၏ဘဂအကျိုးအကြောင်းဖန်လာပုံကို သတ္တုချပြီးကြည့်သည်။ ပြီးနောက် အခြေအနေကမည်သို့မည်ပုံဖြစ်ပျက်လာမည့်အကြောင်းကို သူ့ဆရာ ဟန်စင်အား ""ဆရာချောဘအုံးကို ဆုံးခန်းတိုင်အောင်အပြုတ်မတိုက်နဲ့၊ တကယ်လို့ချောဘအုံးပြုတ်သွားရင် နောက်တစ်ကြိမ်ပြုတ်မှာက ဆရာ့အလှည့်ပဲ။

ဟန့်ကော်ကျို့ဟာ ချောဘအုံးရန်ကိုအလွန်ကြောက်တာကြောင့် ဆရာ့ကိုအားကိုးနေတာမှန်တယ်။ ချောဘအုံးသာမရှိတော့ဘူးဆိုရင် ဟန့်ကော်ကျို့အတွက်ကြောက်စရာ အကောင်းဆုံးရန်သူဟာ အလွန်စစ်အင်အားကြီးတဲ့ဆရာသာလျှင်ဖြစ်တော့မယ်။ ဒီအခါမှာ ဟန့်ကော်ကျို့က ဆရာ့ကိုပျက်စီးဖို့ကြံတော့မှာပဲ။ ခုအချိန်မှာသာ တစ်ဦးနဲ့တစ်ဦးအလွန်ရင်းနှီးကြပေမယ့် နောက်အခါမှာ ကြောက်စရာရန်သူကြီးသဖွယ်ဖြစ်လာတော့မယ်။ ဆရာဟာ ချောဘအုံးကိုတိုက်တော့တိုက်၊ ချောဘအုံးကို တိုက်နေတာကြောင့် ဟန့်ကော်ကျို့လည်းဆရာ့ကိုအပြစ်မပြောနိုင်ဘူး။ ချောဘအုံးဟာ လုံးလုံးမပြုတ်သေးတော့ ဟန့်ကော်ကျို့လည်းဆရာ့ကိုဘာမှမလုပ်နိုင်ဘူး။ တကယ်လို့ ဟန့်ကော်ကျို့ကဆရာ့ကိုရန်ရှာချင်တယ်ပဲထား သူ့အဖို့ရန်သူနှစ်ယောက်ဖြစ်နေတယ်။ ခုဆရာ့မှာလဲကိုယ့်တိုင်းကိုယ့်ပြည်နဲ့ဘုရင်တစ်ဆူဖြစ်နေလေတော့ ဆရာကစပြီးနန်းဆက်ထူထောင်သွားပါ""ဟူ၍ တပည့်ဖြစ်သူပိုက်ထုံးကအကြိမ်ကြိမ်အကြံပေး၏။ ဟန်စင်အဖို့တွင်ကား ""ဟန့်ကော်ကျို့ကငါ့ကို ချောဘအုံးကိုစစ်ပြိုင်တိုက်ဖို့ စစ်သေနာပတိချုပ်ခန့်အပ်ထားတယ်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ချောဘအုံးမပြုတ်ပြုတ်အောင် ငါတိုက်ရမယ်""ဟုဆိုပြီး တရားသေယူဆထားသောကြောင့် ပိုက်ထုံး၏အကြံပေးချက်ကို ဟန်စင်လက်မခံပေ။

ဟန်စင်နှင့်ချောဘအုံးတို့သည် အပွဲပွဲနွှဲလာခဲ့သည်မှာ များပြီဖြစ်၏။ ယခုတစ်ကြိမ်တွင်ကား ချောဘအုံးကို အသေအလဲ အရှုံးအနိုင်တိုက်ရပေတော့မည်။ ချောဘအုံးကလည်း အနိုင်မခံအရှုံးမပေးချေ။ သူ့အဖို့ သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီးဟူသောလူစားမျိုးဖြစ်သည်။ ဟန်စင်သည် သူ၏စစ်အင်အားကို စစ်ကြောင်းဆယ်ကြောင်းခွဲပြီး စစ်မျက်နှာဆယ်ခုဖွင့်ကာ ချောဘအုံးကို ဆယ်ဘက်ကဝိုင်းရံ၍တိုက်ရန် သူသည်စစ်ချီပြီးတက်သွားလေသည်။

ဟန်စင်၏စစ်တပ်သည် ခေတ္တအနားယူပြီး သယ်ယူလာသောစားနပ်ရိက္ခာများကို ချက်ပြုတ်စားသောက် ကြသည်။ ပြီးလေသော်မှ ဟန်စင်ကမိန့်ကြားပြောဆိုသည်မှာ ...

""ဒီနေ့ဟာ ဒို့တိုင်းပြည်ရဲ့ကြမ္မာကို နောက်ဆုံးဖန်တီးမယ့်နေ့ပဲ။ တိုင်းပြည်၏ကြမ္မာဟာ ဒို့လက်တွင်းမှာ ရှိတယ်။ ဒီမှာရှိနေကြတဲ့ စစ်ဗိုလ်စစ်သားတွေဟာ အမိန့်ပေးလိုက်ရင် ရှေ့မှာဘာကြီးရှိနေနေတိုက်ခိုက်ရမယ်။ ကိုယ့်မျက်စေ့ဟာ နောက်ကိုဘယ်တော့မှမကြည့်ရဘူး။ သူသေသေကိုယ်သေသေ စွန့်စွန့်စားစားတိုက်ရမယ်။ ဒီစစ်ပွဲကြီးကို မနိုင်နိုင်အောင်တိုက်ခိုက်မှ ကိုယ့်တိုင်းပြည်ကိုပြန်ရောက်နိုင်မယ်။ ကိုယ့်သားကိုယ့်မယား ဆွေမျိုးညာတိများကိုစွဲလန်းတဲ့သံယောဇဉ်တွေကို စိတ်ထဲမှာမထားရဘူး။ ကိုယ့်တိုင်းနိုင်ငံကိုချစ်တဲ့ စိတ်တစ်ခုတည်းသာ စွဲစွဲမြဲမြဲမှတ်ထားရမယ်""ဟူ၍ ပြောလေသည်။

ဟန်စင်သည် သူကိုယ်တိုင်လည်းမြင်းကိုစီးထားသည်။ သူ့နဘေးဂယ် အလွန်ကျော်ကြားပြီး စစ်ရည်ဂနေသော စစ်သားကောင်းကြီး တစ်ဖက်လျှင်နှစ်သောင်းစီခြံရံနေ၏။ ဤတစ်ကြိမ်စစ်ပွဲကို ဦးစီးခေါင်းဆောင်ပြီးတိုက်လေသူမှာ ဘုရင်ဟန့်ကော်ကျို့ကိုယ်တော်တိုင်ဖြစ်၏။

ရှေးတရုပ်ရာဇဂင်တွင် စစ်ပွဲကြီးများ၌ဥပဒေတစ်ရပ်ရှိသည်။ ထိုသည်ကား တစ်ဘက်နှင့်တစ်ဘက် မြင်လျှင်မြင်ခြင်း စစ်မတိုက်ခိုက်ရသေးပေ။ ဟန့်ကော်ကျို့နှင့် ချောဘအုံးတို့သည် တောင်တစ်တောင်ပေါ်စီမှ မျက်နှာချင်းဆိုင်နေကြသည်။ ပြီးလေသောအခါ ဟန့်ကော်ကျို့ဘုရင်ဘက်မှ တေးဂီတတူရိယာများကိုတီးပြီး.. ""ငါတို့လိုအပြစ်မရှိတဲ့တိုင်းပြည်ကို ဘာဖြစ်လို့စစ်လာတိုက်ရသလဲ။ အေးအေးဆေးဆေးနေကြတဲ့ တိုင်းသူပြည်သားတွေလည်း ဒုက္ခရောက်ကုန်ကြပြီဆိုသော ဂရုဏာသဘောသက်ဂင်သည့်တေးသီချင်းကို ကြိုးနှစ်ချောင်းတပ်ထားသည့်တယောနှင့်ဆိုပြလေသည်။ ထို့အတူချောဘအုံးတို့ဘက်မှလည်း တေးသီချင်းဆို၍ တူရိယာနှင့်တီးကြပြန်လေသည်။ ဤသို့အပြန်ပြန်အလှန်လှန်တေးသီချင်းဆိုနေခိုက်တွင် တစ်ဘက်တစ်ဘက်လျှင် သိန်းနှင့်ချီပြီးရှိနေသောစစ်သားထုကြီးသည် ငြိမ်သက်စွာနားထောင်နေကြသည်။ ပြီးလေတော့မှ စစ်တိုက်သည့် အခါတွင်အသုံးပြုသော စစ်ပုံးကြီးများကို လက်ထဲမှ ဒုတ်နှစ်ချောင်းနှင့်ရိုက်ခတ်တီး၍ အချက်ပေးလိုက် သောအခါ အုပ်စုနှစ်စုရှိစစ်သားထုကြီးသည် ညာသံပေးကာ မျက်နှာချင်းဆိုင်ကာတိုက်လေတော့ပြီ။

စစ်ဗိုလ်ချင်း၊ စစ်သားချင်း၊ ဘုရင်ချင်းယှဉ်၍တိုက်လေရာ အုပ်စုနှစ်ဖက်မှစစ်အလံများသည် ရှုပ်ထွေး ရောနှောထားပြီး လူသတ်စစ်ပွဲကြီးကားစလေတော့ပြီ။ တခဏအတွင်းဂယ် တစ်ဘက်သိန်းနှင့်ချီရှိနေသော စစ်သားများ တစ်ယောက်နှစ်ယောက်ထိုးခတ်သော ဓါးလက်နက်၏အသံများ၊ စစ်သားများဒဏ်ရာရရှိ၍ အော်သောအသံဆိုးကြီးများ၊ မြင်းချင်းစီးတိုက်၍ထိမှန်သောအသံများမှာ တသိမ့်သိမ့်ညံနေလေတော့သည်။ အကယ်၍သာ ဤအချိန်၌မိုးကောင်းကင်ပေါ်မှပျံလွှားသွားသောငှက်တစ်ကောင်သည် ဤစစ်ပွဲမှကြောက်စရာ ကောင်းသောအသံများကိုကြားလေသော် အနားသို့မသီပံ့ပဲ အဝေးသို့ရှောင်ပြေးမည်မှာအမှန်ပင်။

မိုးကောင်းကင်ပေါ်မှ တောက်ပြောင်နေသောနေမင်းကြီးပင်လျှင် တစ်ဦးနှင့်တစ်ဦးတိုက်ခိုက်သော စီးမြင်းများပြေး၍ ထသည့်ဖုံများကြောင့် အလင်းရောင်ပင်လျှင် မှေးမှိန်သွားသည်ဟုထင်ရ၏။ အစဉ်မပြတ် တိုက်ခိုက်နေသောလေ၏အသံပင်လျှင် ကြေကွဲဂမ်းနည်းဖွယ်သံသဖွယ် ဖြစ်၍နေပေတော့သည်တကား။

သူနိုင်ငါနိုင် အပြိုင်အဆိုင်တိုက်ခိုက်မှုကြောင့် နှစ်ဦးနှစ်ဘက်သောစစ်သားဦးရေ လေးသောင်းကျော်ခန့် သေကြေကုန်ပြီ။ သေဆုံးသွားလေသော စစ်သားများ၏အလောင်းကား ရာထောင်ပုံနေပြီ။ ဂသုန်မြေပေါ်ဂယ် လူအများ၏သွေးကွက်များက ပြန့်ကြဲ၍နေပေတော့ပြီ။ နဘေးအနီးအနားဂယ်ရှိသော ချောင်း၊ အိုင်ရေများပင်လျှင် ခြင်းခြင်းနီလေပြီဖြစ်သည်။

နောက်ဆုံးတွင်ကား ချောဘအုံးနှင့်သူ့စစ်သားများသည် ၉-မိုင်တောင်ဟု အမည်တွင်နေသော တောင်တွင်ပိုင်းမိနေလေသည်။ သူ့နဘေးပတ်လည်တွင် ဟန်စင်၏စစ်သည်တော်များက လုံရှည်ကြီးများ တပ်ဆင်ထားသော မြင်းလှည်းတပ်ကြီးနှင့် ပတ်ပတ်လည်ပိုင်းရံထားလျက်ရှိသည်။ ဤသို့ချောဘအုံးကို စစ်မြင်းလှည်းများပိုင်းရံပြီး မလွတ်နိုင်အောင်ကာထားရုံမျှနှင့်မပြီးသေး၊ သည့်အထက်ကလူများကလည်း တစ်တပ်ပိုင်းထားသေးသည်။
သို့ကလိုချောဘအုံးအားလွတ်မြောက်ပြီးမသွားနိုင်စေရန်ဟန်စင်က အရပ်ရှစ်မျက်နှာမှ အထပ်ထပ်ကာရံထားလေသည်။

ဤသို့ ဟန်စင်၏စစ်သည်တော်များ ပိုင်းရံကာထားသောချောဘအုံးသည် သူ၏နောက်လိုက် သူ့အတွက်အသက်စွန့်မည်ဆိုသော သစ္စာတော်ခံတပည့်ရှစ်ထောင်နှင့်အတူ ကိုယ်လွတ်ရုန်းရတော့သည်။ ထို၍ထိုမျှ စစ်တပ်များပိုင်းရံနေသည့်အကြားမှ ချောဘအုံးသည် သူ့စစ်သည်တော်အများအပြားကို အသေခံပြီး လွတ်မြောက်အောင်ရုန်းကန်တော့၏။

စစ်သည်တော်များ သိန်းနှင့်ချီ၍အသေခံခဲ့သည့်ချောဘအုံးနှင့် သူ့သစ္စာတော်ခံတပည့်ရှစ်ထောင် လွတ်မြောက်လာခဲ့သည်။ ပြီးနောက် ချောဘအုံးတို့လူစုသည် ချောက်ကမ်းတစ်ခုသို့ထွက်ပြေးလေ၏။ ဟန်စင်၏တပ်ကနောက်ကလိုက်လေသည်။ စစ်ရှုံးနိမ့်နေသောချောဘအုံးကို တဖန်ထပ်၍ပိုင်းထားပြန်၏။ သို့သော် စစ်ကိုကားမတိုက်ရဲသေးပေ။ ချောဘအုံး၏အနားတွင် အလွန်အစွမ်းထက်သောတပည့်ရှစ်ထောင်၏ အားကိုလန့်နေလေသည်။ ဆက်တိုက်လာရသောစစ်ပွဲဖြစ်နေ၍ စစ်သားများလည်း အတော်ပင်ပန်းနေတော့ပြီ။

ချောဘအုံးရောက်နေသောနေရာသည်ကား "အော်ကန်"ဟုခေါ်သည်။ "အော်ကန်"ဟူသော အဓိပ္ပါယ်မှာ ""အော်""ဟူသည်မှာ ""မဲ၏""ဟုအဖြေရသည်။ ""ကန်""ဟူသည်မှာ ချောင်းဖြစ်လေသည်။ ဤချောင်းထဲမှရေသည် အစဉ်မဲနေသောကြောင့် ချောင်းမဲဟုခေါ်ဟန်တူ၏။

ဤနေရာဂယ် ချောဘအုံးသည် အပန်းဖြေနေသည်။ အချိန်ကလည်း မိုးချုပ်လုနီးလေပြီ။ ချောဘအုံး၏ နံဘေးဂယ် သစ္စာတော်ခံတပည့်ရှစ်ထောင်ကျော်ရှိနေလေသည်။ ချောဘအုံး၏အသက်တစ်မျှ ချစ်ခင်စုံမက်သော "ဩချူး"အမည်ရှိသော စီးတော်မြင်းသည် တစ်နေ့လုံးစစ်တိုက်၊

အစာလည်းမစားရ၊ ရေလည်းမသောက်ရ လေသောကြောင့် အော်ကန်ချောင်းနဘေးဂယ် ဘုံးဘုံးလဲပြီးသေရှာလေသည်။ ထို့ကြောင့် ချောဘအုံး၏ စိတ်ထဲ၌အလွန်စိတ်ထိခိုက်နေရချိန်ဖြစ်သည်။

ညဦးအချိန်သို့ရောက်လေသော် ဟန်စင်တို့ဘက်မှ အလွန်ငြိမ့်ညောင်းသာယာပြီး လွမ်းဆွတ်ဖွယ် ကောင်းသော တေးဂီတသံများနှင့် ချောဘအုံးနဘေးရှိသစ္စာတော်ခံများကြားရလေအောင် တီးမှုတ်ပြီးပြသည်မှာ.. ""မင်းတို့ဘုရင်ချောဘအုံးဟာ မကြာခင်တိုက်ပွဲမှာ အသက်ဆုံးရှုံးရတော့မယ်။ မင်းတို့ဟာ သူ့အတွက် အလွန်အဖိုးတန်တဲ့အသက်ကိုစွန့်မည့်အစား အိမ်ကဇနီးနဲ့ ကိုယ့်ရင်သွေးလေးများကို သတိရလိုက်စမ်း။ သူတို့ဟာမင်းအိမ်သို့ပြန်အလာကို ကြိုဆိုနေကြတယ်။ ဒို့ဘုရင်ဟန့်ကော်ကျို့ဟာလည်း လူသားတွေအပေါ်မှာ အလွန်ပဲကိုယ်ချင်းစာနာတတ်ပါတယ်။ ဟန့်ကော်ကျို့ဟာ စစ်ပွဲမှာ လက်နက်ချတဲ့သူမှန်သမျှ ဘယ်သူ့ကိုမှ သတ်ပစ်ရိုးထုံးစံမရှိခဲ့ပါဘူး..။ ကိုယ့်သားရှိတဲ့တိုင်းပြည်ကို ပြန်ပို့ပေးပါမယ်""ဟူသော အဓိပ္ပါယ်မျိုးသက်ဂင်သော တေးသီချင်းဖြင့် စိတ်ဓါတ်စစ်ဆင်လေသည်။

ဟန်စင်တို့ဘက်မှ ထိုသို့ပြု၍ နံနက်မိုးသောက်လေသောအခါ ချောဘအုံးဘက်မှ သစ္စာတော်ခံ တပည့်ရှစ်ထောင်သည် တစ်ဦးတစ်ယောက်မှမရှိတော့ပေ။ တချို့ကလည်း ကိုယ်လွတ်ရုန်း၍ထွက်ပြေးကြသည်။ တချို့ကလည်း ဟန့်ကော်ကျို့ဘက်သို့ လက်နက်ချအညံ့ခံလေသည်။

ချောဘအုံး၏စစ်ရာဇဂင်တွင် တစ်ခါဖူးမျှစစ်မရှုံးခဲ့ဖူးပေ။ ဟန်စင်နှင့်တွေ့သောအခါ ချောဘအုံးအဖို့ စစ်ရှုံးနိမ့်ခဲ့ရပေသည်။ ချောဘအုံး၏အနားတွင်ကား သူအလွန်ချစ်မြတ်နိုးသော မိဖုရား"ဂူးရေ"သာလျှင် ကျန်ရစ်ခဲ့လေတော့သည်။ ယင်းအချိန်ဂယ် တစ်ချိန်ကတန်ခိုးအလွန်ကြီးမားခဲ့သော စစ်ဘုရင်ကြီးချောဘအုံးက သူ့မိဖုရားကိုပြောကြားသည်မှာ...

""ငါ့ရဲ့စစ်အင်အားဟာ တောင်ကြီးတစ်တောင်လုံးကိုပင် ရွှေ့ပြောင်းပစ်နိုင်တယ်။ ဒီတစ်ခေတ်မှာ တော့ဖြင့် ငါ့ကိုနိုင်မယ့်သူမရှိတော့ဘူးလို့ ငါထင်ခဲ့မိတယ်။ ငါ့မှာအခါအခွင့်ကောင်းနဲ့သွားမကြုံလို့.. ငါဟာ မတည်မြဲပါပေါ့လား..။ ငါ့ရဲ့စစ်အင်အား အလွန်ခိုင်မာခဲ့ပေမယ့် အခါအခွင့်ကောင်းမရရင် ဘာမှမလုပ်နိုင်ဘူးဆိုတာငါသိရပြီ။ လောကကြီးမှာ လင်သေတော့မယ့်ဆိုရင်ကိုယ့်မယားကိုသတ်ပစ်တတ်ပေမယ့် မင်းကိုတော့ ငါချစ်လွန်းလို့မသတ်ရက်ပါဘူး။ ပြီးတော့ လှတာကိုအလွန်မက်တယ်လို့ကမ္ဘာကသိနေတဲ့ ဟန့်ကော်ကျို့ဘုရင်ဟာလည်း မင်းလိုလှတဲ့သူတစ်ယောက်ကိုတော့ ပစ်မထားပါဘူး။ ငါ့လိုပဲ ချစ်ခင်စုံမက်မှာပဲ။ ဒီတော့မင်းစိတ်ကူးမလွဲပါနဲ့၊ ငါမရှိတဲ့နောက်ပိုင်းမှာ သူ့ဆီကိုသွားပါ""ဟူ၍ သူ့ခံစားမှုဂေဒနာကို ကဗျာလင်္ကာဖွဲ့ကာ ဆိုပြလေသည်။ မိဖုရား"ဂူးရေ"က ချောဘအုံးအား

""ထုံးစံအတိုင်း အဆိုရှိရင် အကပါရ စမြဲမို့ စောစောကရှင်တေးသီချင်းဆိုသွားတယ်။ ကျမက ဓါးက ကမယ်ဟူ၍ပြောပြီး ချောဘအုံးထံမှ နစ်ဖက်သွား ဓါးကိုတောင်းလေတော့သည်။

မိဖုရား၏မျက်နှာကပြုံးရွှင်နေ၏။ ထို့ကြောင့်လည်းချောဘအုံးသည် သူ့ခါးကြားထဲမှနစ်ဖက်သွား ဓါးကိုထုတ်ပေးလိုက်လေသည်။ မိဖုရားသည် ချောဘအုံးလက်ထဲမှဓါးကိုရသည်နှင့်တစ်ပြိုင်နက် လေထဲ၌ပေ့ယမ်းကာ ဓါးက ကနေ၏။ ပြီးနောက်မိဖုရားသည် တဖြေးဖြေးနှင့်ခြေလှမ်းများဆုတ်သွားသည်။ ချောဘအုံးလှမ်းဆွဲသော်လည်း မမှီသောနေရာသို့ရောက်လေမှ သူ့လည်ပင်းကို လွန်စွာထက်သောဓါးဖြင့် လှီးဖြတ်လိုက်လေတော့သည်။

အမှတ်မထင်ဖြစ်ပျက်လိုက်လေသောကိစ္စတစ်ရပ်ပေမို့ ချောဘအုံးသည် သူချစ်မြတ်နိုးသည့် မိဖုရား အလောင်းကို တွေတွေကြီးစိုက်ကြည့်နေမိသည်။ သူ၏လက်ရုံးသဖွယ်အားကိုးရသော စီးတော်မြင်း ""ဩချုံး""လည်းဆုံးပါးသွားလေပြီ။ သူ၏သစ္စာတော်ခံတပည့်ရှစ်ထောင်လည်း တစ်ဦးတစ်ယောက်မှ မရှိရာတော့ပြီ။

ဤအချိန်တွင် "အော်ကန်"ချောင်းကိုဖြတ်ကူးရန် လှေသမားကချောဘအုံးကိုလာခေါ်လေသည်။ ဤတွင် ချောဘအုံးကလှေသမားအား ""ငါလာတုန်းက သစ္စာတော်ခံတပည့်ရှစ်ထောင်လည်းမရှိတော့ဘူး၊ ငါအလွန်ချစ်တဲ့ မိဖုရားနဲ့စီးတော်မြင်းလည်းသေပြီ။ သူတို့ပါမလာပဲနဲ့ ငါ့တိုင်းပြည်ကပြည်သူပြည်သားတွေကို မျက်နှာမပြ လိုတော့ဘူး။ ဒီတော့ ငါ့ဦးခေါင်းကိုသာ ဘုရင်ဟန့်ကော်ကျို့ကိုသွားဆက်ပြီး မင်းဆုတော်ငွေထုတ်ယူပေတော့"" ဟူ၍မှာကြားခဲ့ပြီးလျှင် ချောဘအုံးသည် သူ့လည်ပင်းကိုဓါးဖြင့်ဖြတ်လိုက်ကာ ဘဝအဆုံးစီရင်သွားလေသည်။

လူသားအပေါင်း တုန်လှုပ်ချောက်ချားစေခဲ့သောချောဘအုံး၏စစ်အင်အားသည် ပြုတ်ပြုတ်ပြုန်းပြုန်းပြီး နိဂုံးချုပ်သွားလေပြီဖြစ်၏။ တစ်ကြိမ်တည်းတိုက်လိုက်သောစစ်ပွဲကြီးသည်ကား စစ်သားပေါင်းသုံးသိန်းကျော် သေပွဲဝင်ခဲ့ရသည်တကား။

ဟန်စင်အဖို့ ချောဘအုံးသေဆုံးသွားပြီဖြစ်၍ ရန်မီးအေးငြိမ်းလေပြီ။ သို့သော် ဟန့်ကော်ကျို့အဖို့ ၌ကား ရန်မီးသည်မအေးသေးပေ။ ရန်သူချောဘအုံးမရှိသော်လည်း သူခန့်အပ်ထားသောစစ်သေနာပတိချုပ် ဟန်စင်၏စစ်အင်အားသည် အလွန်တန်ခိုးထွားနေ၍ တစ်နေ့သောအခါ၌သူ့အားတော်လှန်ပုန်ကန်မည်ကို စိုးကြောက်ရွံ့နေမိသည်။ ထို့ကြောင့်လည်းဟန်စင်၏ရန်ကို မည်သို့မည်ပုံကာကွယ်ရမည်ကို အမြဲမပြတ် စဉ်းစားနေလေသည်။

ဟန့်ကော်ကျို့သည် သူ၏အတိုင်ပင်ခံမင်းဆရာနှစ်ဦးနှင့်တိုင်ပင်ပြီး၊ ဟန်စင်ကိုဖမ်းရန်အကွက်ဆင် လေသည်။ တစ်နေ့သ၌ရှင်ဘုရင်ဟန့်ကော်ကျို့သည် ကျေးတိုင်းပြည်၏ဘုရင်တစ်ဆူဖြစ်သော ဟန်စင်ထံသို့ လာမည့်အကြောင်းကိုကြိုတင်၍ပြောထား၏။ ဟန်စင်သည် သူ့ကိုမင်းအဖြစ်သို့ရောက်အောင်

ပြုလုပ်ပေးသော ရှင်ဘုရင်ဟန့်ကော်ကျို့ကို နယ်စပ်သို့သွားပြီး၊ အဆောင်အယောင်နှင့်သွား၍ကြိုဆိုလေသည်။ ဟန့်ကော်ကျို့က ဟန်စင်အား ကြက်ငှက်ကလေးများဖမ်းသည့်သဖွယ် အသာလေးဖမ်းဆီးပြီး၊ သူ့တိုင်းပြည်သို့ခေါ်သွားသည်။

ဟန့်ကော်ကျို့သည် သူ့တိုင်းပြည်သို့ရောက်သောအခါ ဟန်စင်အား ""ချောဘအုံးဘက်မှ စစ်သုံ့ပန်း စစ်ဗိုလ်၊ စစ်သားများကိုမသတ်ပဲထားခြင်းသည် သူ့ကိုတစ်နေ့တိုက်ခိုက်ရန်ဖြစ်သည်""ဟူသော လီဆယ်ထားသော စွပ်စွဲချက်ဖြင့်ဟန်စင်ကို ချုပ်နှောင်ထားလေ၏။

အမှန်တကယ်ကား ဟန့်ကော်ကျို့သည် ဟန်စင်ကိုသူကိုယ်တိုင်သတ်ပစ်လိုသည်။ ထိုသို့သတ်လိုက် မှလည်းသူ့အတွက်ရန်အေးပေတော့မည်။ သို့သော် သူကိုယ်တိုင်သတ်ရန်ကလည်းမရဲပေ။ ဟန်စင်၏ကျေးဇူး တရားသည်သူနှင့်တကွ သူ့တိုင်းပြည်အပေါ်ဂယ် ဆပ်၍ပင်မကုန်နိုင်လောက်အောင်ရှိနေသည်။ ဤအတွက်ကြောင့် ဟန့်ကော်ကျို့သည် သူ့မိဖုရားအား ခါးအပ်၍ ဟန်စင်ကိုသတ်စေတော့သည်။ မိဖုရားကလည်း ဟန့်ကော်ကျို့စေခိုင်းချက်အတိုင်းပြုလုပ်လိုက်သည်။

ဟန့်ကော်ကျို့သည် သူ့မိဖုရားနှင့်တွေ့လေသော် ""မင်း ဟန်စင်ကိုသတ်ပြီးပြီလား""၊ ""ပြီးပါပြီ"" ""ဟန်စင်မသေခင် ဘာများပြောသွားသေးလဲ""

""ငါဟာ ပိုက်ထုံးအကြံပေးချက်ကို မလိုက်နာမိတာမှားတာပဲ""လို့ပြောသွားတယ်။

ဟန့်ကော်ကျို့သည် မျက်လုံးပြူးသွား၏။ ဟန်စင်ကိုအကြံဉာဏ်ပေးခဲ့သော ပိုက်ထုံးကိုလည်း အရှင်မိရလေအောင်လိုက်ဖမ်း၏။ ပိုက်ထုံးကလည်း အနယ်နယ်အရပ်ရပ်သို့ရှောင်ပြေးနေလေသည်။ ပြီးနောက် ငါးနှစ်ခန့်ကြာသောအခါမှ ပိုက်ထုံးကို ဟန့်ကော်ကျို့က အရှင်ဖမ်းမိလေသည်။ ဤတွင် ဟန့်ကော်ကျို့က ပိုက်ထုံးအားဟန်စင်ကို အကြံပေးခဲ့ပုံကိုမေး၏။ ပိုက်ထုံးကလည်း ရဲပုံ့စွာဖြင့် သူဟန်စင်အားအကြံပေးခဲ့ပုံကို တဖန်ပြန်၍ပြောပြလေသည်။ ဤတွင် ဟန့်ကော်ကျို့ကိုယ်တိုင်က ပိုက်ထုံး၏အကြံပေးချက်သည် မှန်ပါလေ၏။ ဟန်စင်သာလက်ခံခဲ့ပါလျှင် သူဘာမှတတ်နိုင်တော့မည်မဟုတ်ကြောင်းကို ဂန်ခံရပေသည်။ ပြီးနောက်တွင် ဟန့်ကော်ကျို့က ပိုက်ထုံးအား.. ""ငါတို့ဘက်မှာလည်း အကြံပေးဆရာအဖြစ်အမှုထမ်းပါ""ဟူ၍ တောင်းပန်လေ၏။ သို့သော် ပိုက်ထုံးက ""ကျုပ်မှာဆရာဆိုလို့ ဟန်စင်တစ်ယောက်တည်းသာရှိတယ်၊ သူ့အကျိုးကလွဲလို့ တခြားဘယ်သူ့ကိုမှအကြံမပေးဘူး။ ကျုပ်ကိုသတ်ရင်လည်းသတ်ပစ်လိုက်""ဟူ၍ ဆိုလေသည်။ ဤသို့ ကိုယ့်အရှင်သခင်ပေါ်၌ ကျေးဇူးတရားသိတတ်သောလူမျိုးကို ဟန့်ကော်ကျို့က မသတ်ပေ။

ထို့နောက်ပိုင်းတွင်မူ ဟန့်ကော်ကျိုဒုံဘုရင်မှစပြီး သူ့သားစဉ်မြေးဆက်အထိ နှစ်ပေါင်းလေးရာအထိ ""ဟန်မင်းဆက်""အဖြစ် အုပ်စိုးသွားသည်ဟု တရုပ်ရှေးဟောင်းရာဇဝင်၌ဖေါ်ပြထားလေသည်။

သည်ကဲ့သို့ လူစွမ်းကောင်းတို့မည်သည် သည်းခံရမည့်နေရာတွင် သည်းခံလိုက်သည့်အတွက် ကိုယ့်ရည်မှန်းချက်ပန်းတိုင်ကို တက်လှမ်းနိုင်ခဲ့သည်။ ထို့အတူ ကျွန်ုပ်၏လန်ထောင်ဟော်တယ်၌ ဖြစ်ပျက်ခဲ့သည့် ကိစ္စတွင်လည်း သခင်စံဂေသည်လည်းသည်းခံနိုင်ခဲ့၍ အောက်မြင်မှုရရှိခဲ့ပေသည်ဟုဆိုချင်ပေ၏။

+++++++++++++++++

# ဦးဗဆွေဂျပန်လက်မှလွတ်မြောက်လာပုံ

၁၉၄၅-ခုနှစ် ဖေဖော်ဝါရီလတွင်ဖြစ်သည်၊ တိုင်းပြည်ကာသိသောဂျပန်တော်လှန်ရေးကမပြုလုပ်ရသေး။ ထိုစဉ်က ဦးဗဆွေ(ယခု ဖ-ဆ-ပ-လ ဥက္ကဋ္ဌကြီး)သည် ကေဗိုတိုင်ချုပ်ဖြစ်လေသည်။ ကျွန်ုပ်က ဦးဗဆွေ၏ လက်ထောက်ဖြစ်ခဲ့ရသည်။ ဦးဗဆွေကိုဂျပန်များကမသင်္ကာ၍ ဖမ်းဆီးချုပ်နှောင်ထားလေသည်။

ဦးဗဆွေဂျပန်လက်ကလွတ်မြောက်ရန် အရေးကြီးနေသည်။ အဓိပတိဒေါက်တာဘမော်၊ ဗိုလ်ရန်နိုင်၊ သခင်မြ(ဒုတိယဝန်ကြီးချုပ်)၊ သခင်နု(နိုင်ငံခြားရေးဝန်ကြီး)နှင့်ပီကေချောင်း (ပြန်ဟတ်ဘွေအသင်းကြီး၏ ဥက္ကဋ္ဌနှင့်ဒုတိယကေဘိုတိုင်ချုပ်) ဤသူများက ဦးဗဆွေလွတ်မြောက်ရန်အတွက် အမျိုးမျိုးကြိုးပမ်းနေချိန် ဖြစ်လေ၏။



ထိုစဉ်ကကျွန်ုပ်သည် လန်ထောင်ဟော်တယ်ဖွင့်ထားချိန်ဖြစ်သည်။ ကျွန်ုပ်ပိုင် လန်ထောင် ဟော်တယ်သည် အစားအသောက်အလွန်ကောင်းသည်ဟု နာမည်ကျော်ကြားနေလေ၏။ ဟော်တယ်၏ အောက်ထပ်တွင် အရက်ဆိုင်၊ အလယ်ထပ်တွင်ကား စားသောက်ခန်း၊ အပေါ်ဆုံးထပ်တွင်ကား အိပ်ခန်း(လောဂျင့်)ဖြစ်လေသည်။ ကျွန်ုပ်၏ဟော်တယ်ဂယ် ဂျပန်စကားတတ်သောဟော်တယ်မယ် ချောချော လှလှများကို အထူးရွေးချယ်၍ခန့်ထားသည်။

သို့ကြောင့်လည်း အစိုးရအဖွဲ့ဝင်လူကြီးများ၊ ဂျပန်တပ်မတော်မှကြီးကြီးမားစတာများ အပြင်လောကမှ လူကုန်တန်များလာကြသည်။ လူမျိုးစုံဆုံးဆည်းသောနေရာဖြစ်နေ၍ သတင်းအထွေထွေရရှိနိုင်သော နေရာဌာနမျိုးဖြစ်လေသည်။

ကျွန်ုပ်၏ဟော်တယ်သို့ ဂျပန်ကာနယ် ဟီယာအိုက၏တပည့် တိုင်ဂမ်းတရုပ်စကားပြန်သည် နေ့စဉ်နေ့တိုင်း ရောက်ရှိလာတတ်သည်။ ကြာ၍လာလေသော်

အနီထိုင်ဂမ်းကျွန်းမှစကားပြန်နှင့်ကျွန်ုပ်သည် အလွန်ခင်မင်ရင်းနီးသောဘဂသို့ ရောက်လာလေတော့သည်။

ဤဂျပန်ခေတ်ဂယ် ဂျပန်ကာနယ်ဟီယာအိုကသည့် အလွန်တန်ခိုးကြီးထွားနေလေ၏။ သူနေသော အိမ်မှာ အလံပြဘုရားလမ်း အမေရိကန်ဆေးရုံနှင့်ကပ်လျက်ရှိသော တရုပ်သူဌေး စင်ဘိန်ဂိုးပိုင်သော နေအိမ်ဖြစ်လေသည်။ ယခုအခါတွင် ဒဂုန်ရိပ်သာဖြစ်နေသောနေရာဖြစ်သည်။ ကာနယ်ဟီယာအိုကသည် ကာယဗလကောင်းကောင်း အရပ်ထောင်ထောင်မောင်းမောင်း၊ စစ်ဂတ်စစ်စားနှင့်ဆိုလေလျှင် အလွန်ကြည့်ကောင်းသောသူတစ်ယောက်ဖြစ်လေသည်။ သူ့အသက်မှာ လေးဆယ်ခန့်ရှိပြီဟု ခန့်မှန်းရလေသည်။ သူသည် မိန်းမနှင့်ပျော်ပါးခြင်းကို အလွန်ဂါသနာထုံသူတစ်ဦးဖြစ်သည်။

တစ်နေ့သောအခါတွင် သူ၏တပည့် တိုင်ဂမ်တရုပ်စကားပြန်က ကျွန်ုပ်အားပြောသည်မှာ ... ""ယခု ဦးဗဆွေလွတ်မြောက်ဖို့အရေးဟာ ကာနယ်ဟီယာအိုက လက်ထဲမှာတည်နေတယ်။ ပြီးတော့ သူက မိန်းမသိပ်လိုက်စားတယ်။ တရုပ်၊ ဗမာမတွေကို မကြိုက်နှစ်သက်ဘူး။ အင်္ဂလိပ်ကပြားမဆိုရင် အသေအလဲ စွဲတယ်။ သူ့စိတ်ကဒီမှာပဲရှိတယ်""ဟူ၍ ပြောပြလေသည်။ ဤစကားကိုကြားမိသည့်အချိန်မှစ၍ ကျွန်ုပ်သည် ဟော်တယ်သို့ကြွရောက်လာသူများကို သေသေချာချာလေ့လာအကဲခတ်နေလေသည်။

မကြာလှပါပေ။ တွေ့လေတော့ပြီ။ ကျွန်ုပ်၏ဟော်တယ်သို့ မကြာခဏလာသူတစ်ဦးသည် ပျက်စီးနေသော အင်္ဂလိပ်ကပြားမတစ်ဦးနှင့်တွဲလာတတ်သည်။ သူသည်ကား ဂျပန်ခေတ်ဂယ် အလွန် နာမည်ထင်ရှားသော ဗမာဂန်ကြီးတစ်ဦးဖြစ်လေသည်။ ကျွန်ုပ်၏လွန်စွာမှရင်းနီးခင်မင်သူဖြစ်နေ၍ သူ့အမည်ကို ထုတ်ဖေါ်၍မရေးသားလိုပေ။ သူသည်ဖြတ်ထိုးဉာဏ်အလွန်ကောင်းသည်။ နိုင်ငံရေးစိတ်ဓါတ်လည်းရှိသည်။ မိန်းမလည်းအလွန်လိုက်စားသည်။

တစ်ညသောအခါတွင် ကျွန်ုပ်၏ဟော်တယ်အခန်း အမှတ်(၁)သို့ ဤဂန်ကြီးသည် သူနှင့်အချစ်နလံ ထလေ့ရှိသော အင်္ဂလိပ်ကပြားမနှင့် လာရောက်ပြီးစားသောက်နေကြသည်။ သူ့နဘေးဂယ်ပါလာသော အင်္ဂလိပ်ကပြားမလေးသည် ဖိုသတ္တဂါတို့စွဲမက်စရာကောင်းလောက်အောင် လှမျိုးကြွယ်သူလေးဖြစ်သည်။ အနီအင်္ဂလိပ်ကပြားမလေးသည် ဗမာစကားတတ်သော်လည်း မပြော၊ အင်္ဂလိပ်စကားကိုသာပြောလေ့ရှိသည်။ ကျွန်ုပ်သည်လည်း သူတို့အနားသို့သွားရောက်ပြီး ထွေရာလေးပါးစကားများပြောနေရာမှ...

""အော်..ဒါနဲ့ ဂန်ကြီးကို တရုပ်ရာဇဂင်တစ်ခုပြောရဦးမယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၂ဂ က တရုပ်ပြည် မန်ချူးမင်းတစ်ပါးဟာကွယ်လွန်သွားတော့၊ သူ့မိဖုရားကျန်ရစ်ခဲ့တယ်။ အဲဒီမိဖုရားမှာ "စွန်တီ"လို့ခေါ်တဲ့ သားတော်တစ်ပါးကျန်ရစ်ခဲ့တယ်။ ဒီစွန်တီဟာ

ဘုရင်ဖြစ်နေပေမယ့်၊ ငယ်လွန်းတဲ့ကလေးဖြစ်တာကြောင့် တိုင်းပြည်ကို မအုပ်ချုပ်တတ်သေးဘူး။ သူ့မိခင်ကပဲ ထီးနန်းကိုဆက်လက်ထိန်းသိမ်းပြီး အုပ်စိုးနေရတယ်။ ဒီမုဆိုးမဖြစ်တဲ့မိဖုရားဟာ ရုပ်ရည်အလွန်ချောလှပြီး၊ အကြံဉာဏ်လည်း အလွန်ကောင်းသူတစ်ဦးဖြစ်တယ်။ တစ်နေ့တော့မိဖုရားဟာ သူ့ရဲ့စစ်သေနာပတိချုပ် တိုနီကွန့်ကိုခေါ်ပြီး၊ တရုပ်ပြည်ရဲ့မြို့တော်ဖြစ်တဲ့ ပီကင်းကို တိုက်ခိုက်ဖို့အကြံပေးတယ်။ ဒီအချိန်တုန်းက ပီကင်းမြို့ကလည်း တရုပ်အမျိုးသားအချင်းချင်းကလည်း မညီညွတ်ဘူး။ သူတလူ ငါတမင်းဖြစ်နေပြီ။ အသင်းအဖွဲ့တွေကလည်းကွဲနေ၊ ပေါင်းစည်းလို့မရတဲ့ အချိန်အခါဖြစ်နေတယ်။ စစ်သေနာပတိချုပ်တိုနီကွန့်ဟာလည်း မိဖုရားစီမံပေးချက်အတိုင်း မနက်ဖြန်ပီကင်းမြို့ကို ဂင်ရောက်တိုက်ခိုက်ဖို့ စစ်ကြောင်းအသေအချာဖွင့်ပြီးပါမှ ညအခါမှာ ချက်ချင်းပဲကောက်ရသလို ဖျားနေတယ်လို့ သတင်းထွက်ပေါ်လာပါလေရော။ ဒီအခါမှာ မိဖုရားက သူ့စစ်သေနာပတိချုပ်ကြီးတိုနီကွန့်ကို သိပ်ပြီး သက်ာမကင်းတော့ဘူး။ တိုနီကွန့်ဟာ တစ်ခုခုအကြံအစည်ရှိနေလို့ ပရိယာယ်ဆင်တာဖြစ်မှာပဲလို့ တွေးတယ်။ ဒါကြောင့် ညမှာ မိဖုရားကိုယ်တိုင်တိုနီကွန့်ကို သွားပြီးပြုစုလိုက်တယ်။ ဘယ်လိုလုပ်ပြီးပြုစုလိုက်သလဲတော့ မပြောတတ်ဘူး။ မနက်ဖြန်လည်းကျရော စစ်သေနာပတိချုပ်တိုနီကွန့်ဟာ ချက်ချင်းပဲနေကောင်းလာပြီး ပီကင်းမြို့ကိုသွားသိမ်းလိုက်တာ ရခဲ့တယ်။ တရုပ်မှာ စကားတစ်ခွန်းရှိပါတယ်။ ဘယ်လောက်ပဲ ခွန်အား ဗလနဲ့ပြည့်စုံတဲ့သူပဲဖြစ်ဖြစ်၊ လှတဲ့ဟာကိုတော့ မကျော်လွန်နိုင်ဘူးတဲ့။ ဒါနဲ့တစ်ဆက်တည်း အခုဦးဗဆွေကို ဖမ်းထားတဲ့ ကာနယ်ဟီယာအိုက ဟာလည်း မိန်းမအလွန်လိုက်စားတယ်လို့ဆိုပါတယ်။ သူက အင်္ဂလိပ် ကပြားမကိုမှ ရွေးပြီးလိုက်စားလေ့ရှိပါတယ်။ ဦးဗဆွေရဲ့အသက်ဟာလည်း သူ့လက်ထဲမှာရှိတယ်။ သူသဘောတူလို့လွှတ်ရင်လည်းရတယ်။ သတ်ရင်လည်းသေမှာပဲ။ ဦးဗဆွေကိုကယ်ဆယ်ဖို့ ဂန်ကြီးနဲ့ ပါလာတဲ့ အင်္ဂလိပ်ကပြားမကလေးကိုပဲ ဟဲ..ဟဲ""

ကျွန်ုပ်ထံမှ မျှော်လင့်မထားသောစကားတစ်ခွန်းကြောင့် ဂန်ကြီးသည် အင်္ဂလိပ်ကပြားမကလေးနှင့် စားသောက်နေရာမှ မျက်လုံးပြူးသွားလေသည်။ ပြီးနောက်မှ မျက်နှာထားကိုပြုံးပြုံးရွှင်ရွှင်ထား၍ ""မင်းဆိုချင်တာက အခုငါနဲ့ပါလာတဲ့အင်္ဂလိပ်ကပြားမကို ကာနယ် ဟီယာအိုကကို တစ်ညနှစ်ညပေးဖို့ ပြောတာပေါ့..""

ကျွန်တော့အနေနဲ့ ဦးဗဆွေလွတ်မြောက်လာဖို့အတွက် အကူအညီတောင်းတာပါ။ ဂန်ကြီးလည်း ကူညီနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်""

ကျွန်ုပ်၏ဆွယ်တရားအပြောကောင်းမှုကြောင့် ဂန်ကြီးသည်ငိုင်သွားပြီးစဉ်းစားနေသည်။ သူ့အဖို့ ပေးသင့်မပေးသင့် စဉ်းစားနေဟန်တူလေ၏။ ပြီးတော့မှသူသည်...

""အေး.. ကောင်းပြီ၊ မင်းကြည့်ပြီးတော့သာစီစဉ်၊ ဒီအင်္ဂလိပ်ကပြားမကလေးကို ကာနယ်ဟီယာအိုက ဆီကိုထည့်လိုက်မယ်""ဟူ၍ပြောသည်။ ပြီးလျှင်ကား သူသည် အင်္ဂလိပ်ကပြားမကလေးကို အတော်ကြာအောင် ပြောနေသည်။

ကျွန်ုပ်ကား အင်္ဂလိပ်စကားတတ်သူတစ်ယောက်မဟုတ်၍ သူတို့ဘာတွေပြောနေကြသည်ကို မသိရပေ။ သည့်နောက်ပိုင်းဂယ် လှမျိုးကြွယ်နေသောအင်္ဂလိပ်ကပြားမကလေးကို ကျွန်ုပ်၏လက်ဂယ် အပ်နှံသွားလေသည်။ ကျွန်ုပ်အဖို့ကား လွန်စွာမှဂမ်းမြောက်နေမိသည်။

နောက်တစ်နေ့တွင် ထိုင်ဂမ်ကျွန်းမှစကားပြန် ကျွန်ုပ်၏ဟော်တယ်သို့လာလေသည်။ သူ့လက်သို့ အင်္ဂလိပ်ကပြားမကလေးကိုအပ်လိုက်၊ မှာကြားစရာရှိသည်များကို တိုးတိုးတိတ်တိတ်မှာကြားရပြီး ထည့်လိုက်လေသည်။ ထိုနေ့ည ကာနယ်ဟီယာအိုက၏လက်ဂယ် အင်္ဂလိပ်ကပြားမကလေးရောက်သွားသည်။ နောက်တစ်နေ့တွင်ကား ဦးဗဆွေကြီး ဂျပန်ဖမ်းဆီးထားသောဘဂမှ လွတ်မြောက်လာသည်ကို တွေ့ရ၏။

ဦးဗဆွေကြီးဂျပန်လက်မှ လွတ်မြောက်လာမှုသည် ကျွန်ုပ်တစ်ဦးတည်း၏စွမ်းဆောင်ချက်ကြောင့်ဟု မဆိုလိုပါ။ အနီအင်္ဂလိပ်ကပြားမကလေးကို အကူပေးသော အမည်မဖော်လိုသည့်ဂန်ကြီး၏ ကျေးဇူးသည် အများကြီးပါဂင်လေသည်။

တစ်ဖက်မှလည်း ဗမာ့နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့် ဦးဗဆွေအပေါ်သို့သံယောဇဉ်ရှိသော တရုပ်အမျိုးသားများကလည်း ဦးဗဆွေဂျပန်လက်မှလွတ်မြောက်ရန်အတွက် ငွေအား၊ လုပ်အား၊ အကြံအားနှင့် ပြုလုပ်နေကြသည်မှာလည်း ကျွန်ုပ်အသိပင်ဖြစ်သည်။ သူတို့၏ကြိုးပမ်းမှုက မည်သို့မည်ပုံဖြစ်နေကြမည်ကို ကားမသိ၊ ကျွန်ုပ်၏ကြိုးပမ်းမှုကိုသာ ထုတ်ဖော်၍ရေးသားဖော်ပြခြင်းဖြစ်ပေသည်။

မည်သူ၏စွမ်းဆောင်မှုကြောင့်ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေကြီးဦးဗဆွေ ဖက်ဆစ်ဂျပန်လက်မှ လွတ်မြောက်လာသည့်အတွက် များစွာဂမ်းသာနေသူကား ကျွန်ုပ်ပင်ဖြစ်လေတော့သည်တကား။

+++++++++++++++++

# ရန်ကုန်မြို့ကြီးပြာဖြစ်တော့မည့်အရေး

၁၉၄၅-ခုနှစ်၊ ဧပြီလ ၂၁-ရက်နေ့၊ ညနေပိုင်းတွင် ယခုလက်ရှိတိုက်အမှတ် (၁၂၅)လသာလမ်း၊ (လသာရဲဌာနနှင့်မျက်စောင်းထိုး) တရုပ်အမျိုးသားသူဌေးကြီး ဦးကေဘာကြီး၏လေးထပ်တိုက်ကို ဂျပန် ရေတပ်မတော်မှ ရုံးလာဆိုက်လေသည်။ ကျွန်ုပ်တို့သည် အခြေအနေကို လေ့လာစုံစမ်းကြည့်လေသောအခါ ဂျပန်ကုန်းတပ်သည် အကုန်လုံးထွက်ပြေးကာနီးလေပြီ။ ထို့ကြောင့် ဂျပန်ရေတပ်မတော်အား ရန်ကုန်မြို့ တစ်မြို့လုံးဖျက်ဆီးပစ်ရန် တာဝန်ပေးပြီးဖြစ်လေ၏။

ထိုအချိန်တွင်
ကျွန်ုပ်တို့တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းကြီး၏ဥက္ကဋ္ဌပီကေချောင်းသည် ကော်မီတီလူကြီးကို ချက်ချင်းဖိတ်ကြားခေါ်ယူပြီး စည်းဝေးတိုင်ပင်လေသည်။ ပြီးနောက် ကျွန်ုပ်တို့ ကော်မီတီ လူကြီးများအား ""ယခုရန်ကုန်မြို့ကို ဂျပန်ကုန်းတပ်က ရေတပ်မတော်ကိုအပ်လိုက်တာ၊ တော်တော်အရေးကြီး နေတယ်။ အင်မတန်မှ သတိထားနေကြပါ""ဟူ၍ ဥက္ကကြီးက မိန့်ဆိုလေ၏။

**၁၉၄၅-ခုနှစ်၊ ဧပြီလ ၂၃-နေ့**

ဂျပန်ကုန်းတပ်များတဖွဲဖွဲနှင့် ရန်ကုန်မြို့မှစတင်၍ထွက်ပြေးနေကြပြီဖြစ်၏။ ထိုအခါက ယခုလက်ရှိ ပြည်သူ့ဆေးရုံကြီးသည် ဂျပန်တပ်မတော်၏ ပစ္စည်းသိုလှောင်ထားသော ဌာနကြီးတစ်ခုဖြစ်လေသည်။ ဂျပန်များ ဤဆေးရုံကြီးဂယ် သိုလှောင်ထားသောပစ္စည်းများမှာ ခြင်ကိုက်ဆေး၊ သကြားအိတ်၊ ပတ်တီးလိပ်၊ ဂျပန်အဂတ်အထည်၊ ဂျပန်ဂွမ်းစောင်၊ ဂျပန်ဂွမ်းလိပ်နှင့် ဂျပန်များစားသောက်နေကြ ဟင်းသီးဟင်းရွက် အခြောက်များအပြင် အထွေထွေလူသုံးပစ္စည်းလည်း အများအပြားရှိလေသည်။

ထိုအခါက ဂျပန်၊ တရုပ်၊ အိန္ဒိယအမျိုးသား၊ အမျိုးသမီးများနှင့် အောက်ဆုံးလွှာ ဂျပိုး၊ သူခိုး၊ ဘိန်းစားများသည် ဆေးရုံကြီးထဲမှပစ္စည်းများကို သွားရောက်လုယက်ယူငင်ကြသည်။ ဂျပန်စစ်သား အချို့က ထွက်၍မပြေးသေး။ အနည်းအကျဉ်းကျန်နေသေးသည်။ ဤကျန်ရှိနေသောဂျပန်များက လာရောက်လုယက်သော သူများကို သေနတ်လက်တည့်စမ်းသည့်သဘောဖြင့် ပစ်သတ်၍သေဆုံးရသူတွေလည်း မနည်းလှပေ။

ဤငတ်၍နေသောလူတန်းစားသည်၊ သေရမည်ကိုမကြောက်ရွံ့ပေ။ နေ့စဉ်နေ့တိုင်းသား ပစ္စည်းများ ယူရန်ကိုသာ သွားချောင်းနေလေသည်။ ဂျပန်များ

ရန်ကုန်မြို့မှထွက်ခွာသွားချိန်တွင် ပစ္စည်းမျေးလာယူ သူများသည် အလွန်ကြည့်၍ကောင်းပေသည်။

ဆေးရုံကြီးအတွင်းဂယ်ရှိသောပစ္စည်းများကို သူ့ထက်ငါ တိုးဝှေ့ပြီးယူကြလေသည်။ ဤအထဲ အားနည်းသူက တန်ဖိုးရှိသောပစ္စည်းကိုကိုင်ဆောင်ထားပါလျှင် အားကြီးသူက တဖန်လုယက်ယူငင်လိုက်သေးသည်။ ငါးလေးကို ငါးကြီးမျိုသောတိရိစ္ဆာန်လောကဘုံကဲ့သို့ဖြစ်လေသည်။ ထိုစဉ်ဂယ် တရားဥပဒေ အုပ်စိုးရေးနှင့် တရားမျှတမှုဟူသည် လုံးဂမရှိတော့ပေ။ ကြီးနိုင်ငယ်ညှင်း နိုင်ရာလုစားကြစတမ်းပင် ဖြစ်နေတော့၏။ အကယ်၍ အားချင်းညီမျှသူအချင်းချင်းဖြစ်လေက တစ်ဦးနှင့်တစ်ဦး ထိုးသတ် ဆဲဆို ပုတ်ခတ်ပြီး ရန်ဖြစ်နေကြသည်။ နဘေးကပိုင်း၍ကြည့်သူ ဖြေဖျဉ်သူလည်းမရှိ၊ ယူနိုင်လျှင်ကိုယ့်ဖို့ဆိုသကဲ့သို့ ကိုယ့်အတွက်သာလျှင် တွင်တွင်ကြီးယူနေကြလေသည်။

သို့ကလို ပင်ပန်းကြီးစွာဖြင့် ဆေးရုံကြီးမှယူငင်လာသောပစ္စည်းကို လမ်းတစ်ဂက်က လက်နက်ပြ၍ လုကြသူကလည်းရှိသေးသည်။ သူခိုးလက်ကတစ်ဂက်လုကြသူများကလည်း မနည်းလှပေ။ ယင်းသို့ဖြစ်သည့် တိုင်အောင် ယူကြသူများက တစ်ခါထပ်ပြီးသွားယူကြသည်ကိုလည်း တွေ့မြင်ရသေးသည်။

ပြီးနောက် သကြားတစ်အိတ်ကို လူတစ်ယောက်ထမ်း၊ နှစ်ယောက်ထမ်း၊ သုံးယောက်ထမ်း၊ လေးယောက်ထမ်းသည်များလည်း ဤခေတ်၊ ဤအခါ၊ ဤသမယက ကျွန်ုပ်မျက်စိနှင့်တပ်အပ် တွေ့မြင်ခဲ့ရသည်။ လမ်းတစ်လျှောက်လုံးတွင်လည်း မကြားပွံ့မနာသာအောင် ဆဲဆိုသွားကြသည်။ အိမ်ရှိ ယောက်ျား၊ မိန်းမ၊ ကလေးများပါမကျန် ကိုယ့်အားနှင့်နိုင်လေသမျှဂန်ကို သယ်ယူနေကြသော လူအတန်းကြီးကလည်း မသေးငယ်လှပါ။ ကိုယ်သယ်ယူလာသောပစ္စည်း လမ်းပေါ်သို့ကျလေသော် ပြန်၍ ကောက်မယူ ဆက်၍သာထမ်းသွားသည်။ ထို့ကြောင့် ကိုယ်ကိုယ်တိုင်ပစ္စည်းများသွားရောက်၍ မယူပဲနှင့် လမ်းပေါ်ကျကျန်ရစ်ခဲ့သောပစ္စည်းများကောက်၍ယူလျှင်ပင် တစ်ထမ်းတစ်ပိုးမနိုင် နိုင်အောင်ပင်အထိ များပြား နေလေသည်။

ကျွန်ုပ်၏နေအိမ်သည် လမ်းမတော်နှင့်မဟာဗန္ဓုလလမ်းထောင့်တွင်ရှိနေ၍ လမ်းလေးခွအဆုံတွင် အရပ်ရပ်ကလူများ ပစ္စည်းထမ်းလာသည်ကို တွေ့မြင်ရလေသည်။ ကျွန်ုပ်သည် ပြူတင်းပေါက်မှ ပစ္စည်းများ သယ်ယူလာကြသောသူများကိုသာကြည့်နေမိသည်။

ပစ္စည်းများသယ်ယူကြသောသူများသည် လောဘဇောအဟုန်ကြောင့်သာ သယ်ယူနေကြသည်။ သူတို့သည် လိုအပ်သမျှနှင့်မရောင့်ရဲမတင်းတိမ်နိုင်ကြပေ။ လိုချင်မှုနောက်သို့လိုက်လေသောကြောင့်သာ တစ်အိမ်လုံးပြည့်လျှံ၍နေကြသည်။ အဂိဇ္ဈာပိတ်ကာဖုံးနေသော ဤလောဘသားများသည် နောက်များမကြာမီ အချိန်ပိုင်း၌ ရန်ကုန်မြို့ကြီးပြာဖြစ်တော့မည့်အရေးကို နည်းနည်းလေးမှမတွေးမိကြပေ။

၁၉၄၅-ခုနှစ်၊ ဧပြီလ ၂၄-ရက်နေ့သို့ရောက်လေပြီ။

လမ်းမကြီးများ၌ပစ္စည်းသယ်ယူသူများခြေချင်းလိမ်လျက်ရှိသည်။ ရန်ကုန်ဆေးရုံကြီးတွင်ကား အဖိုးတန်ပစ္စည်းများ မရှိသလောက်အောင်ပင်နည်းပါးသွား၏။ သည့်အတွက်ကြောင့် အခြားကုန်တိုက်နှင့် ပစ္စည်းရှိရာဌာနများကို ဖေါက်ထွင်းပြီးသယ်ယူနေကြတုန်းပင်။

မှတ်မှတ်ရရ ထိုနေ့ညခြောက်နာရီခွဲ ခုနစ်နာရီခန့်တွင် သည့်အရင်ကမလင်းသော ဓါတ်မီးများသည် ထိန်ထိန်လင်းလာတော့သည်။ ဓါတ်မီးတိုင်အလင်းရောင်အောက်ဂယ် ပစ္စည်းယူနေကြသောသူများသည် ပျော်တပြုံးပြုံးနှင့် မော်မဆုံးနိုင်အောင်ဖြစ်နေကြသည်။ ကိုယ်သယ်ယူသောပစ္စည်းများကိုပင်လျှင် ဓါတ်မီးရောင်အောက်ဂယ် မြင်တွေ့နေရသည်မှာ ဂမ်းသာပီတိဆိုက်နေပုံရသည်။ ယင်းသို့ ဓါတ်မီးတိုင်များ ထိန်ထိန် လင်းမှုကြောင့် ထွက်ပြေးတော့မည့်ဆဲဆဲဂျပန်များကိုပင်လျှင် အထူးကျေးဇူးတင်နေကြဟန်တူသည်။

ညဘက် တစ်နာရီအချိန်တွင် ဓါတ်မီးအားလုံးပြန်ငြိမ်းသွားပြီး ရန်ကုန်မြို့ကြီးသည် မှောင်အတိကျသွား လေသည်။ ဂျပန်များသည် ရန်ကုန်မြို့တစ်မြို့လုံးကို လျှပ်စစ်ဓါတ်အားပေးသော(အာ-အီး-တီ) လျှပ်စစ်စက်ကြီးကိုဖွင့်၍ ဖျက်ဆီးပစ်ခဲ့သည့်အကြောင်းကို နောက်တစ်နေ့ကျလေမှ သိရှိရလေတော့သည်။

၁၉၄၅-ခုနှစ်၊ ဧပြီလ ၂၅-ရက်နေ့တွင် ကျွန်ုပ်သည် တစ်ခုသွားစဉ်းစားမိသည်။ လွန်လေခဲ့သော သုံးလေးလအတွင်းက အဂတ်အထည်များလွန်စွာရှားပါးနေခဲ့၏။ ဈေးလည်း အလွန်ပင်ကြီးမြင့်နေခဲ့သည်။ ဗမာ၊ တရုပ်ဆိုင်များမှ အဂတ်အထည်များကို နိုင်ငံတော်အမိပတိအရှင်မင်းကြီးအမိန့်ဟုပြောဆိုကာ ဖမ်းဆီးထိန်းသိမ်းပြီး အုပ်ချုပ်ရန်ဌာနတစ်ခုဖွင့်လှစ်ထားလေသည်။ ထိုဌာနကိုဖွင့်ထားသောနေရာသည်ကား နတ်မောက်လမ်း၊ ကင်းဘဲလ်လမ်းကြားထဲ(ဒုတိယဂန်ကြီးချုပ်ဟောင်း ဗိုလ်မှူးဟောင်းနေသည့်နေရာ) တွင်ဖြစ်လေ၏။ ဤဌာနကို ကွပ်ကဲအုပ်ချုပ်သည့်လူကြီးသည် ၁၉၃၉-ခုနှစ်၊ အင်္ဂလိပ်ခေတ်တွင် အရေးပိုင် ဖြစ်ဖူးသူ ဦးစိုးညွှန့် (I.C.S) ဖြစ်လေသည်။ ဦးစိုးညွှန့်နှင့်သိကျွမ်းသောကျွန်ုပ်က သူ့ထံပါးသို့သွား၍ ....

""လွန်ခဲ့တဲ့ သုံးလေးလလောက်တုန်းက သိမ်းဆည်းထားတဲ့အထည်တွေကို ဥစ္စာရှင်တွေထံ ပြန်ပေးဖို့ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျပန်လည်းထွက်ပြေးနေပြီ။ ဒီနှစ်ရက်သုံးရက်အတွင်းမှာ ဟိုတုန်းကသိမ်းဆည်းခြင်းခံထားရတဲ့ သူတွေရဲ့အမည်စာရင်းကိုကြည့်ပြီး ပြန်ပေးဖို့မသင့်ဘူးလား""ဟု ကျွန်ုပ်က တိုက်တွန်းပြောလိုက်သည်။ ဤအထည်များသိမ်းယူစဉ်က ဘယ်သူ့ထံမှအထည်ဘယ်နှစ်ကိုက်၊ မည်သူ့ထံမှ အထည်ဘယ်နှစ်အုပ်စသည့် ဖြတ်ပိုင်းလေးများ ပေးထားခဲ့ဖူး၏။ သိမ်းဆည်းခြင်းခံထားရသော ပစ္စည်းများသည် ဘုရင်ခံအိမ်တော်ဂင်းအတွင်းရှိ တိုက်ပုလေး၌ထားရှိလေ၏။

""ဒီပစ္စည်းတွေကို ဥစ္စာရှင်တွေထံ ပြန်မပေးရင် ဂျပိုး၊ သူခိုးတွေလက်ထဲရောက်ကုန်ပါလိမ့်မယ်""ဟူ၍ ကျွန်ုပ်ကထပ်ပြီး သတိပေးပြောလိုက်သည်။ ထိုအခါဦးစိုးညွှန့်သည် ဦးတင်မောင်မောင်နှင့်တိုင်ပင်သည်။ သူတို့နှစ်ဦးတိုင်ပင်ပြီးလေမှ ဦးတင်မောင်မောင်က ""အသိမ်းခံထားရတဲ့အထည်တွေ လာယူနိုင်ပါတယ်""ဟူ၍ ကျွန်ုပ်အားပြောပြလိုက်လေသည်။

ကျွန်ုပ်လည်း တရုပ်ပိုင်းဂယ်ရှိသော ဗမာ၊ တရုပ်အထည်ဆိုင်ရှင်များအား ""ခင်ဗျားတို့အထည်တွေကို သွားယူကြပါ၊ သူတို့သိမ်းစဉ်က ပေးအပ်ခဲ့တဲ့ဖြတ်ပိုင်းကိုလည်း ယူသွားကြဖို့မမေ့ကြပါနဲ့၊ သွားတဲ့အခါမှာ လှည်းဖြစ်စေ၊ လော်လီကားတစ်စီးဖြစ်စေ ခင်ဗျားတို့တတွေစုပြီးငှားသွားကြပါ။ ခင်ဗျားတို့အထည်ကို အိမ်တော်ဝင်းအတွင်းထဲက တိုက်ပုကလေးမှာထားကြပါတယ်။ မနက်ဖြန်နံနက် ကျွန်တော် ဟော်တယ်မှာ လူစုပြီးသွားကြရအောင်""ဟူ၍ စေတနာကောင်းနှင့် လိုက်လံနိုးဆော်ခဲ့လေသည်။

ထိုစဉ်က ကျွန်ုပ်သည် အထည်သည်တစ်ဦးမဟုတ်ပါ။ ဟော်တယ်ဖွင့်ထားသူ တစ်ယောက်သာ ဖြစ်လေသည်။ အစိုးရကသိမ်းဆည်းထားသော အထည်များ၌ ကျွန်ုပ်၏ပစ္စည်းသည် တစ်ကိုက်၊ တစ်ထွာမျှ မပါပေ။ သို့သော် လူအများနှင့်စု၍လုပ်ရသောအလုပ်မျိုးကို ဝါသနာထုံ၍ ကူညီခြင်းသာလျှင် ဖြစ်ပေသည်။

နောက်တစ်နေ့နံနက်ပိုင်းတွင် လူများစုဝေး၍ရောက်ရှိနေကြသည်။ ဤအထဲတွင် စဉ်းအိုးတန်းတိုက် အမှတ် (၁၂)တွင်နေသော မျိုးချစ်စိတ်ဓါတ်လွန်စွာထက်သန်သည့် ဒေါ်ကျင်မြိုင်လည်းပါဝင်လေသည်။ သူကလည်း သူ၏အထည်လိပ်များပါ၍မဟုတ်၊ စေတနာရှေ့ထားပြီး သူပိုင်လော်လီကားကို ကူညီခြင်းသာ ဖြစ်လေသည်။

ဤနေ့တွင်ကား အခြေအနေသည်အလွန်ဆိုးနေသည်။ နေရာတကာတွင် သေနတ်သံများ တဒိုင်းဒိုင်း ကြားနေရသည်။ ကျွန်ုပ်တို့လူစုသည်လည်း အိမ်တော်ဝင်းအတွင်းသို့ မရောက်ရောက်အောင် သွားကြရသည်။ ဦးတင်မောင်မောင်ကလည်း ဖြတ်ပိုင်းထဲမှပါသည့်အတိုင်းကိုက်ကြည့်ပြီး အထည်များကို အတိုးအလျော့မရှိ၊ ဥစ္စာရှင်များထံသို့ပြန်၍ပေးလေသည်။ ဤသို့ ကျွန်ုပ်တို့လူစုသည် ကိုယ့်ဖြတ်ပိုင်းနှင့်တိုက်ကြည့်ပြီး အထည်များကိုထုတ်ယူနေချိန်ဂယ်၊ ဒုတ်ဓါးကိုယ်စီကိုင်ထားကြသောလူတစ်စုသည် ကျွန်ုပ်တို့ထံသို့ လာနေသည်ကို တွေ့မြင်ရ၏။ ထိုစဉ် အထည်သည်လွန်စွာအဖိုးတန်နေ၍ ဤလူစုသည် လုများ လုလေမည်လောဟုစိုးရိမ်ရလေသည်။

ကျွန်ုပ်တို့ထံတွင် မြင်းလှည်းများအပြင် အထည်များတင်ဆောင်ရန် လောလီကားနှစ်စီး အသင့် ပါလာ၏။ ပြန်၍ရသောအထည်များကို မြင်းလှည်းပေါ်သို့မတင်တော့ပေ။ လော်လီကားပေါ်သို့သာ စုပေါင်းပြီး တင်ကြလေသည်။ ဦးတင်မောင်မောင်ကလည်း သူ့အစောင့် ပုလိပ်နှစ်ယောက်ကို သေနတ်ကိုင်ပြီး၊ ကျွန်ုပ်တို့

နေထိုင်ရာ တရုပ်ပိုင်းရပ်ကွက်သို့ နှစ်ခေါက်တိတိလိုက်ပို့လေသည်။ အရေးအရာ၌ ဤသို့အကူအညီရရှိ၍ ကျွန်ုပ်တို့တတွေသည် ဦးတင်မောင်မောင်ကို ကျေးဇူးတင်မဆုံးဖြစ်မိပါတော့သည်။

အသိမ်းခံထားရသောအထည်သည်များကလည်း သူတို့၏အထည်များပြန်ရရှိ၍ ဝမ်းသာနေကြသည်။ သူတို့၏အထည်ဆိုင်များလည်း ပြန်၍ဖွင့်နိုင်တော့ပြီဖြစ်၏။ ကျွန်ုပ်ကိုလည်း အထည်သည်များစုဝေးပြီး၊ ကျေးဇူးဆပ်မည်ဟူသော သတင်းစကားကြားရသည်။ ဤသတင်းစကားကြောင့် ကျွန်ုပ်ဦးခေါင်းကြီးသွားသည်။ အထည်သည်များကို ခေါင်းဆောင်လုပ်သူထံသို့သွားရောက်၍ ""ခင်ဗျားတို့ရဲ့စိတ်စေတနာကို လေးစားပါတယ်။ ခင်ဗျားတို့ကိုကူညီတာဟာ ခင်ဗျားတို့ဆီကအထည်တွေကိုလိုချင်လို့မဟုတ်ပါဘူး။ ကျွန်ုပ်ရဲ့စေတနာကို ပျက်အောင်မလုပ်ကြပါနဲ့ဗျာ""ဟူ၍မနည်းတောင်းပန်လေတော့မှ သူတို့လည်းသဘောပေါက်သွားလေ၏။

ဤအထဲ ဒေါ်ကျင်မြိုင်ထံမှ မှတ်မှတ်ရရ ကျွန်ုပ်ကိုလုံချည်တစ်ထည်ပေးဖူးသည်ကို ယနေ့တိုင် မမေ့နိုင်သေးပေ။ ထို့နောက်တွင်မူ မဟာဗန္ဓုလပန်းခြံလမ်းရှိ ဟုတ်ပိကုမ္ပဏီသဌေး ရှာဟုတ်ကြောင်၊ ကမ်းနားလမ်းရှိ ဟုတ်လမ်းထိုင် သူဌေး ခေါ် နိုင်ချီ၊ အောင်ကျင်ကျင်တို့လူစုသည် ကျွန်ုပ်အတွက် စားသောက်ပွဲ တစ်ခုဖြင့် ဟော်တယ်တွင် ဂုဏ်ပြုဧည့်ခံလေသည်။

ဂျပန်ကုန်းတပ်သည် ရန်ကုန်မြို့မှဆုတ်ခွာထွက်ပြေးပြီး ဂျပန်ရေတပ်မတော်ကိုအပ်လိုက်သောအခါ အုပ်ချုပ်ရေးတာဝန်ခံသည် လသာလမ်း ဦးကေဘာကြီး၏တိုက်တွင် ရုံးထိုင်နေလေသည်။ တရုပ်ပြန်ဟတ်ဘွေ အသင်းကြီး၏ဥက္ကဋ္ဌပီကေချောင်းနှင့် ကျွန်ုပ်တို့တတွေသည် အခြေအနေအရ ဤအုပ်ချုပ်ရေးဂျပန်စစ်ဗိုလ်ကြီးနှင့် သူ့စကားပြန်များကိုအလွန်းသင့်အောင် ပေါင်းသင်းဆက်ဆံထားရသည်။ သူ့ထံသို့ နေ့စဉ်နေ့တိုင်း တရုပ်ဟော်တယ်မှ ပထမတန်းစားစားသောက်ဖွယ်ဟင်းလျာများ သွားပို့ပေးရသည်။ တစ်ခါတစ်ခါတွင် ဤဂျပန်ဗိုလ်ကြီးကြိုက်တတ်သော မိန်းမရွှင်ပြည့်တန်ဆာများလည်းပို့ပေးခဲ့၏။ သည့်နောက်ပိုင်းတွင် ဤဂျပန်စစ်ဗိုလ်ကြီးနှင့် ကျွန်ုပ်တို့သည် အလွန်ရင်းနှီးသောမိတ်ဆွေကြီးများဖြစ်သွားကြတော့သည်။ ဤအခါ ကျလေမှကျွန်ုပ်တို့က ....

""အခု တရုပ်ရပ်ကွက်မှာ လူကြီး၊ လူငယ်၊ လူရွယ်တွေအများကြီးနေထိုင်ကြပါတယ်။ သူတို့တတွေဟာ ဒီကနေပြီး ဘယ်ကိုမှမပြောင်းနိုင်တော့ဘူး။ အင်္ဂလိပ်စစ်လေယာဉ်ပျံဗုံးလာကြဲရင်လည်း အကုန်လုံးဗုံးစာဖြစ်ကုန်မဲ့ သူတွေပါ။ သူတို့တတွေပြောင်းရွှေ့ဖို့ မော်တော်ကား၊ လှေတွေလည်း ငှားလို့မရရှာပါဘူး။ သူတို့ စစ်ပြေးဒုက္ခ သည်ဘဝဟာ

အလွန်ကြေကွဲဖွယ်ကောင်းပါတယ်။ ဒါ့ကြောင့် စစ်ဗိုလ်ကြီးကအစစအရာရာ ကူညီစောင့်ရှောက်ပါ။ သူတို့ကလည်း ဗိုလ်ကြီးကိုအားကိုးပါတယ်""ဟူ၍ အသနားခံပြီးပြောကြားထား ရလေသည်။

၁၉၄၅-ခုနှစ်၊ ဧပြီလ ၂၇-ရက်နေ့ နံနက်ရှစ်နာရီ မိနစ်နှစ်ဆယ်အချိန်တွင် ယခုလက်ရှိသင်္ဘော ဆိပ်ကမ်းအမှတ် လေး-ငါး-ခြောက်နေရာများကို ဒိုင်းနမိုင်းသုံးလုံးမြှုပ်၍ ဂျပန်ရေတပ်မတော်က ဖျက်ဆီး ပစ်လိုက်လေသည်။ ဤဒိုင်းနမိုင်းများ၏ပေါက်ကွဲသံသည် တစ်လုံးနှင့်တစ်လုံး ငါးမိနစ်ခန့်သာကွာခြား၏။ ဒိုင်းနမိုင်းသည် မည်၍မည်မျှပြင်းထန်လေသည်မသိ၊ ပေါက်ကွဲသောအသံဆိုးမှာ တုန်ဟီး၍ထွက်ပေါ်လာလေသည်။

ရန်ကုန်မြို့တစ်မြို့လုံး ငလျင်ကြမ်းကြမ်းလှုပ်လိုက်ဘိအလား သိမ့်သိမ့်တုန်သွားလေသည်။ ကျွန်ုပ်၏ စိတ်အထင် ဆယ်မိုင်ပတ်လည်က ဒိုင်းနမိုင်းပေါက်ကွဲသံကြီးကို ကောင်းစွာကြားရမည်ဟုထင်၏။ ကလန့် ထိုး၍ပိတ်ထားသော ပြူတင်းပေါက်များပင်လျှင် ဒိုင်းနမိုင်း၏အသံကြောင့် ပွင့်ထွက်ပြီး တံခါးများပျက်စီး ကုန်သည်အထိဖြစ်ရ၏။ ကမ်းနားလမ်း ဆိပ်ကမ်းနှင့်နီးသောတိုက်ခေါင်မိုးများသည် ဒိုင်းနမိုင်းမထိမှန်ပေမယ့် ကျွတ်၍ထွက်သွားသည်အထိ ပြင်းထန်လှပေသည်။ ဆိပ်ကမ်းတံတား အမှတ် လေး-ငါး-ခြောက် ဒိုင်းနမိုင်း ခွဲလိုက်သောဒဏ်ကြောင့် မိုးပေါ်သို့လွင့်စင်လာသော သံတိုသံစများသည် ကျွန်ုပ်နေထိုင်ရာ လမ်းမတော် အနောက်ပိုင်း ဆယ့်သုံးလမ်းထိပ်သို့လာကျသည်အထိ ဖြစ်ရလေသည်။ ကမ်းနားမှမီးခိုးလုံးကြီးသည်လည်း ပေ ၅၀၀-၆၀၀အထိ တလိပ်လိပ်တက်နေသည်။ ဂမ်းနည်းဖွယ်ရာတွေ့မြင်ရလေ၏။

ကျွန်ုပ်ငယ်စဉ်က စကားတစ်ခွန်းကြားဖူးသည်။ တရုပ်ပြည်ကြီးသားတစ်ဦးကပြောသည်။ သူတို့ တရုပ်ပြည်ကြီး၌ရှိသော အမြောက်ကြီးသည် ပစ်၍ထိမှန်သည်ကိုအပထား၊ အမြောက်သံကိုကြားသည့်သူပင်လျှင် လန့်၍သေသည်ဟုပြော၏။ ဤတွင်နားထောင်နေသောသူကမယုံကြည်၍ ""ဒီလိုဆိုရင်ပစ်တဲ့သူကော ဘယ့်နှဲ့ လုပ်မလဲ""ဟူ၍မေးလိုက်သည်။

ဤစကားကို တခေတ်တခါက ကျွန်ုပ်သည်ရယ်စရာ ယုံတမ်းစကားတစ်ခုအနေဖြင့်သာ မှတ်ထားခဲ့ လေသည်။ သို့သော် ဧပြီလ ၂၇-ရက်နေ့အတွေ့အကြုံအရ ဤတရုပ်ပြည်ကြီးသားပြောသောစကားသည် ရယ်စရာ ယုံတမ်းစကားမဟုတ်ပေ။ တကယ့်စကားဖြစ်နေကြောင်းကို သိရှိရတော့သည်။ ဒိုင်းနမိုင်း ဖေါက်ခွဲသောနေရာနှင့်အလွန်ဝေးကွာသောနေအိမ်များမှ တံခါးများသည် အလိုအလျောက်ပွင့်၍ထွက်ပါလျှင် ဒိုင်းနမိုင်းဖေါက်ခွဲသောနေရာ၌နေသောသူသည် နားထဲ၌ဂွမ်းဆို့မထားပါက နားကွဲမည်မှာအမှန်ပင်ဖြစ်၏။ အသည်းငယ်သူဖြစ်ပါလေက ကေန်ကေဒိုင်းနမိုင်း၏အသံကြောင့် လန့်၍ပင်သေသွားနိုင်ပေသည်။

ထိုခဏအတွင်း၌ ဦးကုဋ္ဌကြီးပီကေချောင်းသည် ကျွန်ုပ်ထံသို့ရောက်လာလေသည်။ သူက ရောက်လျှင် ရောက်ခြင်းကျွန်ုပ်အား ...

""အခုဒို့နေတဲ့တရုပ်ရပ်ကွက် လသာလမ်းအောက်လမ်းရှိ သင်္ဘောကြီးဆိပ်ကမ်းက ဘောတံတားအမှတ် တစ်-နှစ်-သုံးအောက်မှာ ဒိုင်းနမိုင်းတွေဖေါက်ခွဲမလို့မြှုပ်ထားတယ်။ အဲဒါ ဂျပန်စစ်ဗိုလ်ကြီးဆီသွားပြီး မဖေါက်ခွဲဖို့အကြောင်းတောင်းပန်ရအောင်""ဟူ၍ပြောလေတော့သည်။

အရေးကြီးလေပြီ။ တစ်ချိန်သောကာလက ဂျပန်ရေတပ်မတော်စစ်ဗိုလ်ကြီးနှင့် ရင်းနှီးအောင် မပေါင်းသင်းထားလေက ဤနေရာ၌တစ်ခက်။ ဘောတံတားအမှတ် တစ်-နှစ်-သုံးကိုသာဖျက်ဆီးပါလေလျှင်၊ တရုပ်တန်းရပ်ကွက်ရှိ လသာလမ်း၊ လမ်း၂၀၊ ၁၉လမ်း၊ စဉ်းအိုးတန်း၊ ၁၈-လမ်း၊ ၁၇-လမ်းနှင့် လမ်းမတော် ရှိတိုက်တွေ ပျက်စီးပေလိမ့်မည်။ ပျက်စီးမည်မှာအပထား လူတွေကလည်း အလောင်းများထပ်လှအောင်ပင် အများအပြား သေအုံးတော့မည်။

ထို့ကြောင့် ကျွန်ုပ်တို့လူသိုက်သည် ဂျပန်ရေတပ်မတော်စစ်ဗိုလ်ကြီးထံသို့သွားကြသည်။ သည့်ရင်ကလည်းကြိုတင်ပြီးတောင်းပန်ထားဖူး၏။ ယခုလည်းတစ်ကြိမ်ထပ်၍အသနားခံရပြန်သည်။ ကျွန်ုပ်တို့ လူသိုက်က ဂျပန်စစ်ဗိုလ်ကြီးနားဝင်အောင် အမျိုးမျိုးအကြောင်းပြ၍ပြောလေတော့မှ နောက်ဆုံးတွင် ဘောတံတားအောက်မှ ဒိုင်းနမိုင်းများကိုပြန်လည်ဖြုတ်သိမ်းသွားပါတော့သည်။

ဤတွင်တော့မှ ကျွန်ုပ်တို့လူသိုက်အဖို့ အသက်ဂဂရှူရဲတော့၏။ အမှန်ကား ဒိုင်းနမိုင်းသုံးလုံးမှ စလိုက်လေသောစနက်မီးသည် ရန်ကုန်မြို့ကြီးတစ်မြို့လုံးကို မီးဟုန်းဟုန်းတောက်စေပြီး ပြာဖြစ်သွားနိုင်ပေသည်။ ကံကောင်းထောက်မ၍သာ ရန်ကုန်မြို့ကြီးပြာဖြစ်တော့မည့်အရေးမှ သီသီလေးလွတ်မြောက်ခဲ့ရပေတော့သည်။

+++++++++++++++++

# သူလျှိုတစ်ဦး

၁၉၄၅-ခုနှစ်၊ ဧပြီလ ၂၈-ရက်။

ဤနေ့တွင် ကျွန်ုပ်အဖို့ အရေးကြီးသောကိစ္စတစ်ခုကြုံရပြန်သည်။ ဧပြီလ ၂၃-ရက်နေ့မှ ၂၈-ရက်နေ့အထိ ဤခြောက်ရက်အတောအတွင်း ဂျပန်စစ်သားများရန်ကုန်မြို့မှထွက်ခွာသည်မှာ ကုန်သလောက် ရှိနေချိန်ဖြစ်လေသည်။ နေ့စဉ်နေ့တိုင်း မဟာမိတ်လေယာဉ်ပျံများကပျံသန်းဝဲနေ၏။ သို့သော် ဗုံးကိုကား တစ်လုံးမျှမချပါပေ။

ဧပြီလ ၂၈-ရက်နေ့ ညနေသုံးနာရီနှင့် လေးနာရီအချိန်တွင် အင်္ဂလိပ်ဖက်မှ တရုပ်သူလျှိုတစ်ဦး ကျွန်ုပ်တို့တရုပ်အမျိုးသားပြန်ဟတ်ဘွေအသင်းကြီးသို့ ရောက်ရှိလာလေသည်။ သူသည် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်နှင့် လုပ်ငန်းစဉ်ကိုသိနှင့်ထား၍လောမသိ ...

""ကျွန်တော်ဟာ အင်္ဂလိပ်သူလျှိုတစ်ဦးဖြစ်တယ်။ အခု ရန်ကုန်မြို့ထဲကိုလာပြီး ဂျပန်တွေရှိသေးတယ်၊ မရှိဘူးဆိုတာကို အရပ်သားများနဲ့ရောနှောပြီး လာရောက်စုံစမ်းတာဖြစ်ပါတယ်။ နက်ဖြန် ဧပြီလ ၂၉-ရက်နေ့ နေ့လယ်ဆယ့်နှစ်နာရီအချိန်တွင် မြစ်ဂမှာဆိုက်ကပ်ထားတဲ့စစ်သင်္ဘောကို အကြောင်းပြန်ဖို့ဖြစ်ပါတယ်။ အဲဒီလို မနက်ဖြန်ဧပြီလ ၂၉-ရက်နေ့ ဆယ့်နှစ်နာရီအချိန် ချောင်းဂဆိုက်ကပ်ထားတဲ့စစ်သင်္ဘောကို ကျွန်တော် သွားပြီးအကြောင်းမပြန်နိုင်ရင် စစ်သင်္ဘောမှာရှိတဲ့လူတွေဟာ ကျွန်တော့်ကို ဂျပန်သတ်လို့သေပြီ၊ ဂျပန်တွေ ရန်ကုန်မြို့မှာရှိဦးမယ်လို့ဆိုပြီး လေတပ်ကဗုံးတွေချ၊ စစ်သင်္ဘောကလည်းအမြောက်တွေပစ်ပြီး ဂျပန်များ တစ်ယောက်မှမရှိတော့ဘူးလို့ သူတို့စိတ်ထဲထင်တဲ့အခါမှာ အင်္ဂလိပ်တွေရန်ကုန်မြို့ကိုဝင်လာလိမ့်မယ်""ဟူ၍ အင်္ဂလိပ်ဘက်ကတရုပ်သူလျှိုသည် ကျွန်ုပ်အားပြောပြလေသည်။

တရုပ်သူလျှိုကဆက်၍ပြောသေးသည်။

""အင်္ဂလိပ်တွေဟာ ဂျပန်နဲ့မြို့တွင်းတိုက်ပွဲတိုက်ခိုက်ရမှာ အလွန်ပဲကြောက်ရွံ့နေပါတယ်။ ဒီနေ့ ဧပြီလ ၂၈-ရက်နေ့ရှိပြီ၊ မနက်ဖြန် ၂၉-နေ့ နေ့လယ်ဆယ်နာရီမှာ ကျွန်တော်ဟာ အကြောင်းမပြန်နိုင်ခဲ့ရင် ရန်ကုန်မြို့ကြီးကို ပြာဖြစ်သွားတဲ့အထိဗုံးတွေချ၊ အမြောက်တွေပစ်ပါလိမ့်မယ်။ ကျွန်တော့်မှာပါတဲ့ ဝါယာလက် စကားပြောစက်ကလည်းပျက်နေလို့ အကြောင်းမပြန်နိုင်တော့ဘူး""ဟူ၍ ကျွန်ုပ်တို့အားနောက်ဆုံးပြောဆို လိုက်လေသည်။

ကျွန်ုပ်နှင့်ဉက္ကဋ္ဌကြီးပီကေချောင်းတိုင်ပင်၍ ဤသူလျှိုကို မြစ်ဂဆိုက်ကပ်ထားသည့်သင်္ဘောကြီးထံသို့ အချိန်မီရောက်ရှိရန်စီစဉ်ကြရပြန်သည်။ ထိုစဉ်က ရေလမ်းခရီးသွားရန် လှေ၊ သမ္ဗန်တို့ရှားပါးခက်ခဲနေချိန် ဖြစ်လေသည်။

ရန်ကုန်ကမ်းနားတစ်လျှောက်လုံးဂယ် ခြောက်သွေ့၍နေကြလေသည်။ လှေ၊ သမ္ဗန်မဆိုထားဘိ၊ ဘောက်တူကိုပင်မတွေ့ရပေ။ အင်္ဂလိပ်ဘက်က ဤတရုပ်သူလျှိုကို ချောင်းဂမှ စစ်သင်္ဘောကြီးများထံသို့ အရောက်ပို့ရန် ချက်ချင်းလှေ၊ သမ္ဗန်တို့ကို ကျွန်ုပ်တို့တတွေသည် ရှာရလေသည်။

ကံကောင်းထောက်မသည်ဟု ဆိုရပေမည်။ မမျှော်လင့်ပဲ ရွှေတောင်တန်း သင်္ဘောဘောတံတားသို့ ကန်စွန်းဉများတင်ဆောင်ထားသည့် သမ္ဗန်တစ်စင်းသည် ကမ်းသို့ကပ်ရန် မြစ်လယ်မှလှော်ခတ်လာသည်ကို တွေ့မြင်ရ၏။ ဤကန်စွန်းဉသမ္ဗန်သည် ရွှေတောင်တန်းဆိပ်သို့ဆိုက်ကပ်လိုက်သည့်အခါတွင် ကန်စွန်းဉ ဂယ်မည့်သူ တစ်ယောက်မှမတွေ့ရပေ။ ထို့ကြောင့် ကန်စွန်းဉသယ်ယူလာသော သမ္ဗန်သမားသည် မျောက်ထိုင် ထိုင်၍ လဒမိုင်မှိုင်နေတော့ပေသည်။

ဤတွင် ကျွန်ုပ်က ...

""ကန်စွန်းဉတစ်ပိဿာကို ဘယ်လိုရောင်းပါသလဲ၊ ဘယ်ဈေးလဲ"" ဟူ၍မေးပြီး ""ကျွန်တော်တို့က အကုန်ယူမယ်၊ ဒါပေမယ့် ကျွန်တော်တို့လူတစ်ယောက်ကို မြစ်ဂအထိလိုက်ပို့ပေးရမယ်"" ဟူပြီးပြောလေသည်။ ကဇွန်းဉသည်ကလည်း သူကဇွန်းများကိုရောင်းချင်ရာလွန်း၍ လိုက်ပို့ပါမည်ဟု ဂတိခံပြီး စိတ်ကျေနပ်စွာဖြင့် သဘောတူလိုက်လေသည်။

ကန်စွန်းဉသည်နှင့် ဤကဲ့သို့ပြောဆိုကြပြီးလျှင် ပီကေချောင်းနှင့်ကျွန်ုပ်တို့သည် အသင်းမှလူများကို ခေါ်၍ ကဇွန်းဉများကို သမ္ဗန်ထဲမှချလိုက်လေသည်။ သို့ကလို ကဇွန်းဉများကို အကုန်လုံးဂယ်လိုက်ပြီး၊ တရုပ်သူလျှိုကို ကဇွန်းဉသမ္ဗန်နှင့် မြစ်ဂသို့ရောက်အောင် ပို့လိုက်ပြီးလေမှ ကျွန်ုပ်တို့တတွေသည် ဂမ်းထဲရှိ အပူလုံးကြီးသည် ကျသွားလေတော့သည်။ အမှတ်မထင်ကြည့်ပါလျှင်မူ ယင်းကိစ္စသည် အသေးအဖွဲ့ဟုသော မြင်မည်ဖြစ်၏။ အမှတ်တကယ်တွင်မူကား ရန်ကုန်မြို့ကြီးပြာဖြစ်တော့မည့်အရေးကို ကြိုတင်၍ကာကွယ် လိုက်ခြင်းပင်ဖြစ်လေသည်။ ဤကဇွန်းဉများကို ကျွန်ုပ်တို့တတွေသည် တရုပ်တန်းဂယ်ရှိသော ကင်းသမားများ နှင့် တပျော်တပါး တဂစားကြလေသည်။

ကျွန်ုပ်တို့တရုပ်စာပေတွင် စကားပုံတစ်ခုရှိသည်။ ဤစကားပုံမှာ ""ကောင်းအားကြီးလျှင် ဆိုးတာတစ်ခု ပေါ်လိမ့်မယ်၊ ဆိုးအားကြီးလျှင် ကောင်းတာတစ်ခုပေါ်လိမ့်မယ်"" ဟူ၍ဖြစ်သည်။ ဤတရုပ်စကားပုံသည် ယခုအခါ၌မှန်၍နေပေသည်။ ခေတ်ဆိုးကြီးတွင် ကောင်းသောသတင်းတစ်ခုကို နားစွန်နားဖျားကြားနေရသည်။ များမကြာမီ နှစ်ရက်သုံးရက်အတွင်း ဗမာ့တပ်မတော်သည်

ရန်ကုန်မြို့သို့ရောက်လာပြီး အခြေအနေသည် အေးအေးဆေးဆေးဖြစ်တော့မည်ဟူ၍ဖြစ်ပေသည်။ ဤစကားကြောင့် ကျွန်ုပ်တို့တတွေသည် လွန်စွာမှ စိတ်ပျော်ရွှင်နေကြသည်။

၁၉၄၅-ခုနှစ်၊ မေလ ၁-ရက်နေ့ နံနက် ၁၀-နာရီအချိန်တွင် ကျွန်ုပ်တို့တရုပ်အမျိုးသားပြန်ဟတ်ဘွေ အသင်းကြီးသို့ ဗမာ့တပ်မတော်သားရဲဘော်နှစ်ဦးရောက်ရှိလာသည်။ ဤရဲဘော်နှစ်ယောက်သည် အနီရောင်ပေါ်၌ ဒေါင့်ကကြယ်ဖြူတစ်ပွင့်ပါသော တော်လှန်ရေးအလံတစ်ခုကို လာပေးသည်။ တော်လှန်ရေးအလံကို ပေးအပ်စဉ်ရဲဘော်နှစ်ယောက်က ""အခု ရန်ကုန်မြို့ကို ဗမာ့တပ်မတော်ကထိန်းသိမ်းလိုက်ပြီ၊ ကျွန်တော်တို့ရဲ့ ဗိုလ်မှူးကတော့ ဗိုလ်နေဝင်းဖြစ်ပါတယ်။ ဒီအလံဟာ ဗမာ့တပ်မတော်ရဲ့ တော်လှန်ရေးအလံဖြစ်တယ်။ ဒါကြောင့်မို့ ဒီအလံကို ခင်ဗျားတို့အသင်းကြီးရဲ့အလံတိုင်မှာ လွှင့်ထူထားပါဟူ၍ပြောပြီးပေးအပ်၏။ ကျွန်ုပ်တို့လည်း ယုံကြည်စိတ်ချစွာဖြင့် တော်လှန်ရေးအလံကို လေးလေးစားစားနှင့်လက်ခံလိုက်လေသည်။ ပြီးနောက်တွင်ကား တရုပ်အမျိုးသားများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာအတိုင်း ဗျောက်အိုးများဖေါက်၍ ထိုအလံကို အလံတိုင်ပေါ်သို့လွှင့်ထူလိုက်လေသည်။ ကျွန်ုပ်တို့စိတ်ထဲတွင်လည်း တမြုံးမြုံးတစွင့်စွင့် ဖြစ်နေရလေသည်။

၁၉၄၂-ခုနှစ်၊ မတ်လ ၇-ရက်နေ့၌ ရန်ကုန်မြို့ကြီးသည် အင်္ဂလိပ်လက်မှ ဂျပန်လက်သို့ ရောက်ခဲ့ရသည်။

၁၉၄၅-ခုနှစ် မေလ ၁-ရက်နေ့တွင် ရန်ကုန်မြို့ကို ဖက်ဆစ်ဂျပန်များလက်တွင်းက ဗမာ့တပ်မတော်က ပြန်လည်သိမ်းယူနိုင်ခဲ့ပေသည်။

၁၉၄၅-ခုနှစ် မေလ ၃-ရက်နေ့ ညနေပိုင်း ငါးနာရီအချိန်အထိ အင်္ဂလိပ်စစ်တပ်နှင့်စစ်သင်္ဘောများ သည် ပင်လယ်ဝ၌သာရှိနေသေးသည်။ ဗမာ့တပ်မတော်က ရန်ကုန်မြို့ကြီးကို သိမ်းပိုက်လိုက်ပြီးနှစ်ရက်ခွဲ အကြာတွင် စိတ်ချလက်ချနှင့်မော်တော်များတစ်စီးပြီးတစ်စီး ရန်ကုန်မြစ်ဝမှဝင်ရောက်လာပါတော့သည်။ မြစ်ဝမှဝင်လာသော စစ်သင်္ဘောငယ်များနှင့် လက်နက်တပ်ဆင်ထားသော မော်တော်ကလေးများကို ရွှေတောင်တန်းဆိပ်ကမ်းတွင်ကပ်ကာ ကုန်းပေါ်သို့တက်ရောက်လာပေသည်။ မော်တော်ပေါ်မှတက်လာသော လူမျိုးစုံပါဝင်သည့် မဟာမိတ်စစ်သားထံသို့လိုက်၍တောင်းလျှင် စီးကရက်၊ ချောကလက်၊ အင်္ဂလိပ် မုးစေ့ မတ်စေ့များ ပေးကြလေသည်။ ထို့နောက်ပိုင်းတွင်မူ သူတို့လိုချင်သောပစ္စည်းများတွေ့လေလျှင် အင်္ဂလိပ် တစ်ဆယ်တန်စက္ကူများနှင့်ဈေးဝယ်သည်ကိုလည်း တွေ့ရ၏။ ရန်ကုန်မြို့ကြီး၌ အခြေအနေသည်လည်း တစ်မျိုးတစ်ဖုံပြောင်းသွားလေပြီ။

ဗမာ့တော်လှန်ရေးတပ်မတော်ကို ဂျပန်ခေတ်တလျှောက်လုံးအကူအညီပေးခဲ့သော တရုပ်အမျိုးသား ပြန်ဟတ်ဘွေအသင်းကြီးကို တိုင်းပြည်၏အခြေအနေအရ ဖျက်သိမ်းလိုက်ရလေသည်။ ကျွန်ုပ်၏ လုပ်ငန်း ကိုင်ငန်းဟူသမျှကိုလည်း ခေတ်နှင့်လျော်ညီစွာ တစ်မျိုးတစ်ဖုံ ပြောင်းရွှေ့လုပ်ရလေသည်။

ဖက်ဆစ်ဂျပန်များ ဗမာပြည်မြေပေါ်ဂယ် လာရောက်အုပ်ချုပ်နေထိုင်ခြင်းသည် အိပ်ပျော်သွားသော အခါ အလွန်ထိတ်လန့်စရာကောင်းသော အိပ်မက်ရှည်ကြီးကိုမြင်မက်ရသည်နှင့်သာ တူပါတော့သည်။

++++++++++++++++++

# လမ်းမတော်ဦးစပ်စု

ကျွန်ုပ်တို့နေထိုင်သော လမ်းမတော်ရပ်ကွက်တွင် နှစ်စဉ်နှစ်တိုင်း ရှင်ဥပဂုတ်ပူဇော်ပသပွဲကို ပြုလုပ်လေ့ရှိသည်။ ဖက်ဆစ်ဂျပန်ခေတ်ဆိုးကြီးဂယ် အခြေအနေအရမပြုလုပ်နိုင်ခဲ့ပေ။

၁၉၄၅-ခု ဒီဇင်ဘာလ ၂၅-ရက်နေ့တွင် လမ်းမတော်ရပ်ကွက်ရှိ လူကြီးလူကောင်းများဖြစ်ကြသော ဦးပွား၊ ဦးမောင်ကြီး၊ ဦးသောင်း၊ ဦးချစ်ထွန်း၊ ဦးညွှန့်တင်၊ ဦးသာမောင်၊ ဦးဘိုးဆွေ၊ ဦးကျော်ခင်၊ ဦးဘချစ်တင် (ရုပ်ရှင်မင်းသားဗဂျီအောင်စိုး၏ဖခင်)၊ ဦးကျစ်ဘိန်တို့လာရောက်ကြသည်။ သူတို့က အကူအညီ တောင်း၍ ငွေငါးရာပါဂင်ကူညီလိုက်ရလေသည်။ သူတို့သည် ရှင်ဥပဂုတ်ပူဇော်ပွဲ၌ ရာမဇာတ်ပွဲကို စပြီးကပြ လေပြီ။

ထိုစဉ်က ပုလိပ်မင်းကြီးဖြစ်သူမှာ ကာနယ်အောဆိုသူဖြစ်သည်။ ရာမပွဲကရန် ပါမစ်ကားရလေ၏။ သို့သော် ပွဲကသောအခါ လမ်းပိတ်ထားရန်ပါမစ်ကိုကား ထုတ်မပေးချေ။ လမ်းမကြီးပေါ်၌ ဆယ်ပေခန့် ယာဉ်မျိုးစုံသွားလာနိုင်ရန်ချန်လှပ်ထားရမည်။ ဤဆယ်ပေကားသွားရန်နေရာကား ဖျာလည်းမခင်းရ၊ လူကိုယ် တိုင်လည်း ရပ်၍မကြည့်ရဟု အမိန့်ထုတ်ထားလေသည်။

ထို့ကြောင့် ကျွန်ုပ်ကတွေးသည်။ ညကိုးနာရီခန့်တွင် ရာမဇာတ်ပွဲစ က လေတော့မည်။ ဤတွင် ဖျာပေါ်၌အိပ်ချင်သောသူများကလည်း အိပ်ကြပေတော့မည်။ ထိုစဉ်က ဆယ်တန်စစ်ကားကြီးများကလည်း အရှိန်ပြင်းစွာနှင့်မောင်းနှင်လာတတ်သည်။ မောင်းနှင့်လာသောစစ်သားကိုယ်တိုင်ကလည်း အရက်များမူးနေ တတ်သည်။ ဤအတွက်ကြောင့် ဖျာပေါ်ဂယ်အိပ်နေသောသူများအတွက်ကား ဘေးရန်မကင်းလှပေ။ သူတို့အတွက်စိုးရိမ်မိသည်။

ပုလိပ်မင်းကြီးသည် အင်္ဂလိပ်လူမျိုး ကာနယ်အောဖြစ်နေ၍အလွန်အပြောရခက်လှသည်။ ထို့ကြောင့် ကျွန်ုပ်သည် တစ်မျိုးတဖုံစဉ်းစားပြီး၊ အလွန်ရင်းနှီးသောမိတ်ဆွေများဖြစ်ကြသော ဦးစောလှဖြူ၊ ဖျာပုံဦးအုံးခင်၊ အင်္ဂလိပ်အစိုးရနှင့်အတူပါသွားသူ ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်၊ ဦးသာယာဂတီမောင်မောင်၊ နေဗီလိုင် (capt,Lyle ဟုလည်းခေါ်သည်)။ သူတို့တတွေကိုခေါ်၍ ကျွန်ုပ်၏လန်ထောင်ဟော်တယ်၌ ညနေဘက် ထမင်းစားဧည့်ခံကျွေးမွေးပွဲတစ်ခုကျင်းပသည်။ ကျွန်ုပ်၏ဖိတ်ကြားချက်အရမဟုတ်၊ မိတ်ဆွေကြီးဦးစောလှဖြူ အခေါ်ဖြင့် အင်္ဂလိပ်လူမျိုးပုလိပ်မင်းကြီးကာနယ်အောနှင့် နေဗီလိုင်တို့လည်း ကျွန်ုပ်၏ထမင်းစားဧည့်ခံ ဂုဏ်ပြုပွဲသို့ ကြွရောက်လာကြလေသည်။

ကျွန်ုပ်သည်လည်း ကြွရောက်လာကြသော လူကြီးလူကောင်းများကို ဖွယ်ဖွယ်ရာရာဟင်းမျိုးစုံဖြင့် လိုလေသေးမရှိရလေအောင်ပြုစုကျွေးမွေးလေသည်။ သူတို့တတွေသည် ပျော်ပျော်ရွှင်ရွှင်နှင့်စားသောက်ကြသည်။ အဆင်သင့်နေ၍ကျွန်ုပ်သည် ဤလူစုကို ရှင်ဥပဂုတ်ပွဲရှိရာ ရာမဇာတ်သို့ခေါ် ဆောင်သွားလေတော့သည်။

သူတို့တတွေသည် ပွဲခင်းထဲရှိကုလားထိုင်ပေါ် တွင်ထိုင်၍ ရာမပွဲကိုအာရုံဂင်စားစွာကြည့်နေခိုက် ဆယ်တန်စစ်ကားကြီးများသည် ဆယ်ပေခန့်လစ်လပ်နေသောကားလမ်းပေါ် တအားတအားမောင်းနှင်သွားသည်ကိုမြင်ရလေသည်။ ထိုစဉ်ဂယ်ကျွန်ုပ်သည် မိတ်ဆွေကြီးဦးစောလှဖြူကိုကြည့်၍...

""ဒီစစ်ကားကြီးတွေကိုမောင်းလာတဲ့သူကလည်း အရက်မူးမူးနဲ့မောင်းလာတယ်။ မတော်တဆများ ဒီဘက်တိမ်းလိုက်မယ်ဆိုရင် အိပ်ပျော်နေကြတဲ့ လူကြီး၊ ကလေးတွေတော့ဒုက္ခပဲ။ ဒါကြောင့် ပုလိပ်မင်းကြီး ကာနယ်အောကို လမ်းပိတ်ပေးဖို့ပြောဆိုပေးပါ""ဟူ၍ပြောလိုက်သည်။ ဦးစောလှဖြူကလည်း ချက်ချင်းပင် ကာနယ်အောကိုပြောလိုက်လေသည်။ အင်္ဂလိပ်လူမျိုး အလွန်အပြောရခက်သော ပုလိပ်မင်းကြီးကာနယ် အောသည် ချက်ချင်းပင်လမ်းပိတ်ရန်အမိန့်ပေးလေသည်။ ကျွန်ုပ်တို့သည်လည်း လမ်းပိတ်ရန်အမိန့်ရရှိသည် နှင့်တပြိုင်နက် ချက်ချင်းပင်လမ်းပိတ်ဆို့လိုက်သည်။ ဤအခါကျလေတော့မှ လမ်းမတော်ရပ်ကွက်ရှိ ရွှေပွဲလာပရိတ်သတ်သည် စိတ်ချလက်ချနှင့်ပျော်ရွှင်စွာကြည့်နိုင်လေတော့သည်။

လမ်းမတော်ရပ်ကွက်၌ပြုလုပ်သော ရှင်ဥပဂုတ်ပွဲတော်နှင့် ပွဲလမ်းမှန်သမျှ ကျွန်ုပ်သည် ကူညီအားပေး ခဲ့သည်မှာများသည်။ ဤရပ်ကွက်ရှိလူကြီးလူငယ်မှန်သမျှကလည်း ကျွန်ုပ်နှင့်သိကျွမ်းခင်မင်သည်သာ များသည်။ တစ်ခါကကလည်း ကျွန်ုပ်တို့လင်မယားသည် ဗွီစီးကရက်မဏ္ဍပ်သို့သွားနေခိုက်အိမ်သို့သူခိုးဂင်လေသည်။ ဤသူခိုးကို ရပ်ကွက်ရှိလူငယ်များက ဂိုင်းဖမ်းပေးလေသည်။ ထိုမျှအထိ လူကြီးလူငယ်များ ညီညွတ်လျက်ရှိသော လမ်းမတော်ပင်ဖြစ်လေသည်။

လွန်ခဲ့သောခေတ်အခါသမယက ကျွန်ုပ်တို့နေထိုင်ရာ လမ်းမတော်ရပ်ကွက်သည် ရာဇဂတ်မှု၌ လွန်စွာမှများပြားခဲ့လေသည်။ လမ်းမတော်သည် တစ်ခေတ်တစ်ခါက လမ်းမတော်ဖိုးတုတ်တို့ ခေတ်ထခဲ့ ဖူးသည်။ မကြာခဏ ရမ်းကားမှု၊ ဓါးထိုးမှု၊ လူမိုက်မှု လွန်စွာများခဲ့သော လူမိုက်လမ်းမတော်ဖြစ်ခဲ့ဖူး၏။ သို့သော် ယနေ့လမ်းမတော်ပိုင်းသည် အသွင်တစ်မျိုးပြောင်းလေပြီ။ သည့်အရင်ကဆိုးသွမ်းခဲ့သော်လည်း ယခုအချိန်သည်ကား လူကြီး၊ လူရွယ်၊ လူငယ်ညီညွတ်နေသည့် အံ့ဩစရာကောင်းသောလမ်းမတော်ပင် ဖြစ်၍နေလေတော့သည်။

++++++++++++++++++

# ရှာမှရှားသောဆာဦးသွင်

၁၉၄၅-ခုနှစ်၊ မေလ ၁-ရက်နေ့တွင် ရန်ကုန်မြို့ကိုသိမ်းပြီးကြောင်း ဗိုလ်နေဝင်းက အသံလွှင့်ရုံမှ ကြေညာသည်။ ဤမေလ၌ပင် ဖဆပလအဖွဲ့ကြီးကို လူသိနတ်ကြား ထင်ရှားစွာဖွဲ့စည်းလိုက်လေသည်။ ပြီးနောက်တဖန် ဗိုလ်ချုပ်အောင်ဆန်းဦးစီးခေါင်းဆောင်သော ကော်မီတီတစ်ရပ်ကိုဖွဲ့စည်းလိုက်လေသည်။ ပထမအကြိမ် နေသူရိန်လူထုစည်းအဝေးပွဲကြီးခေါ်လိုက်သည်။ ဤစည်းဝေးပွဲကြီးမှာ အမျိုးသားအစိုးရဖွဲ့စည်းရေး လုံးဝလွတ်လပ်ရေးစသည့်အဆိုများ တင်သွင်းဆုံးဖြတ်ကြသည်။ ကန်တော်ကြီးစောင်း နေသူရိန်ဇာတ်ရုံကြီးတွင် ဆုံးဖြတ်ကြသည်။ ယင်းဆုံးဖြတ်ချက်များသည် မြန်မာနိုင်ငံရေးရာဇဝင်၌ နေသူရိန်ဆုံးဖြတ်ချက်များအဖြစ်နှင့် ထင်ရှားနေလေ၏။

၁၉၄၅-ခုနှစ် စက်တင်ဘာလ ၇-ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းတို့သည် အိန္ဒိယပြည်ရှိ အင်္ဂလိပ်ဗိုလ်ချုပ်မောင့်ဘန်တန် (Mount Batten) နေထိုင်သည့် ကန္ဒီမြို့တွင် စာချုပ်ချုပ်ဆိုရန်ဖြစ်လေသည်။ အကြောင်းအရာကား ဗမာ့တပ်မတော်ကို အတည်တကျဖွဲ့စည်း၍ အင်္ဂလိပ်က အသိအမှတ်ပြုရေးပင်ဖြစ်သည်။ ထိုစာချုပ်ကို လူအများက ကန္ဒီစာချုပ်အဖြစ်နှင့် သိရှိနားလည်ထားကြသည်။

အင်္ဂလိပ်စစ်ဗိုလ်ချုပ် မောင့်ဘက်တန်ထံသို့မသွားမီ ဗိုလ်ချုပ်အောင်ဆန်းသည် စီးပွားရေးကြပ်တည်း နေချိန်ဖြစ်သည်။ ကျွန်ုပ်သည်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်ရင်းနှီးစွာသိထားသောမိတ်ဆွေဖြစ်နေ၍ ကူညီရန် လိုအပ်လာပြန်သည်။

ထိုစဉ်က ကျွန်ုပ်နှင့်ဗိုလ်ချုပ်အောင်ဆန်းသည် မကြာခဏဆိုသကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် တွေ့နေရချိန်ဖြစ်သည်။ အကြောင်းကြီးငယ်များရှိလေတိုင်း တစ်ဦးနှင့်တစ်ဦးအသိပေးကာ ပြဿနာများကို ပြေလည်အောင်ဖြေရှင်းနေချိန်ဖြစ်သည်။

တစ်နေ့သ၌ ကျွန်ုပ်သည် တာဂါလိန်နေအိမ်သို့ရောက်ရှိသွားချိန်ဖြစ်သည်။ ကန္ဒီမြို့သို့သွားလာရန် ခရီးစရိတ်ကိစ္စကိုအကြံပေးရသည်။ ကျွန်ုပ်၏အကြံပေးချက်မှာ ဤသို့ဖြစ်သည် .....။

""ခရီးစရိတ်ကိစ္စကို ဆာဦးသွင်ဆီမှာအကူအညီတောင်းရင်ကောင်းပါလိမ့်မယ်။ ဆာဦးသွင်ဟာ မြန်မာ့အလင်းဦးတင်နဲ့ သိပ်ရင်းတာကြောင့် သူကတဆင့်ပြောရင် အဆင်ပြေပါလိမ့်မယ်။ ပြီးတော့ ဆာဦးသွင် အနေနဲ့လည်း ဂျပန်ခေတ်တစ်ခေတ်လုံး ဦးဂိစာရလမ်း စစ်ဂန်ကြီးရုံးမှာလည်း ဗမာ့တပ်မတော်ရန်ပုံငွေကို ငွေအားလူအား၊ အကြံအားနဲ့ အကူအညီပေးခဲ့တာကြောင့် အဆင်ပြေလိမ့်မယ်လို့ကျွန်တော်ထင်ပါတယ်"" ဟုပြောလိုက်လေသည်။

ထို့နောက်များမကြာမီ ဆာဦးသွင်သည်ဗိုလ်ချုပ်အောင်ဆန်းကန္ဒီမြို့သွားလာရေးအတွက် ခရီးစရိတ်ငွေကို မြန်မာ့အလင်း၏တောင်းခံပေးချက်ကြောင့် ငွေတစ်သောင်းတိတိ ခရီးစရိတ်အကူအညီ ပေးလိုက်လေသည်။ ဤသို့ မြန်မာ့အလင်းဦးတင်က ဆာဦးသွင်ထံသို့သွားပြီးအကူအညီတောင်းရန်မှာ ဗိုလ်ချုပ်အောင်ဆန်းအား ကျွန်ုပ်ကအကြံပေးချက်ပင်ဖြစ်သည်။

ကျွန်ုပ်နှင့်တကွ ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ကြည်ညိုလေးစားသော တရုပ်သူဌေးများကလည်း စု၍ ငွေငါးထောင်ခန့်ခရီးစရိတ်ထည့်ဝင်ပြီးအကူအညီပေးခဲ့လေသည်။

ကျွန်ုပ်သည် တိုင်းသိပြည်သိ မြန်မာအမျိုးသားလူကြီးလူကောင်းတော်တော်များများကို ပေါင်းသင်း ဆက်ဆံခဲ့ဖူးသည်။ ဤအထဲမှ ကျွန်ုပ်သိသောဆာဦးသွင်၏အကြောင်းကို အနည်းငယ်ရေးသားတင်ပြ လိုပေသည်။

ကျွန်ုပ်သိသောဆာဦးသွင်သည် ဓနကြေးငွေချမ်းသာ၏။ စိတ်စေတနာပြည့်ဝသည်။ ကိုယ်ချင်းစာနာ တတ်သည်။ ငွေကြေးဘက်၌လည်း လက်မခက် လွယ်ကူပါပေ၏။ တစ်ကြိမ်တစ်ခါက ယခုတရုပ်တန်းဂယ် အသက်ရှင်နေသူတရုပ်သူဌေးတစ်ယောက်က သူသိသောဆာဦးသွင်အကြောင်းကို ကျွန်ုပ်အားပြောပြဖူးသည်။ သူပြောသည်မှာ ....

""စစ်ကြီးပြီးဆုံးလို့ ကျွန်တော်ဗမာပြည်ကိုပြန်ရောက်လာချိန်မှာ ရှိတဲ့ဆန်စက်၊ ဆီစက်တွေဟာ မီးလောင်လို့ပြာဖြစ်ကုန်ပြီ။ စစ်မဖြစ်ခင်က ကျွန်တော့်ရဲ့တိုက်ကို ဆာဦးသွင်ဆီမှာ ပေါင်ထားဖူးပါတယ်။ ဒီတိုက်ကိုပြန်ရွေးဖို့နေနေသာသာ ကျွန်တော့်ကိုယ်ပိုင်ဆိုလို့ အဂတ်တစ်ထည်ကိုယ်တစ်ခုပဲရှိတယ်။ အဲဒီလို ကျွန်တော့်မှာအခြေအနေယိုင်နေချိန် ဆာဦးသွင်ကခေါ်ပြောတယ် ...

သူက ကျွန်တော့်တိုက်ဂရန်ကိုလည်းပြန်ပေးတယ်။ ပြီးတော့ သူနဲ့ကျွန်တော်ချုပ်ဆိုထားတဲ့ စာချုပ်ကိုလည်း မီးရှို့လိုက်တယ်။ ပြီးတော့သူကပြောတယ်။ ငါလည်းအသက်ကြီးပြီ၊ မတော်တဆများ ကွယ်လွန်အနိစ္စရောက်ခဲ့လို့ရှိရင် ငါ့သားသမီးတွေက မင်းတိုက်ကိုသိမ်းလိမ့်မယ်။ ဒီတော့မင့်မှာ အမှုပတ်ပြီး ဒုက္ခရောက်လိမ့်မယ်။ ဒါကြောင့် ခုဒီစာချုပ်ကို မီးရှို့လိုက်ရတာဟာ မင်းမှာလည်း စက်တွေမီးရှို့ခံရ၊ ရှိတဲ့စီးပွားရေးကလည်းပျက်နေတာငါသိတယ်။ ဘာမှစိတ်မပူနဲ့၊ ရှေ့ဆက်ပြီးတော့သာစီးပွားရေးလုပ်။ မင်းမှာ ငွေအကြပ်အတည်းတွေ့နေရင် ငါငွေကြေးအကူအညီပေးမယ်။ ဒါကြောင့် ကျွန်တော်လည်း စီးပွားရေး ပြန်လည်ထူထောင်နိုင်ဖို့ အခြေအနေပြန်ပြီးတော့ကောင်းလာတာ""ဟူ၍ပြောပြ၏။

ဤအတိုင်းသာဆိုရပါမူ မြန်မာသူဌေးကြီးဆာဦးသွင်သည် ကိုယ်ချင်းစာနာမှုအပြည့်အဝရှိသူ တစ်ယောက်ဖြစ်သည်ကို တွေ့မြင်ရပေသည်။ ဆာဦးသွင်ကဲ့သို့ ပေးကမ်းစွန့်ကြဲခြင်းဘက်၌ရက်ရောသူ၊ ကိုယ်ချင်းစာနာမှုအပြည့်အဝရှိသူ၊ နိုင်ငံပေါ် ချစ်ခင်လေးစားသည့်စိတ်ဓါတ်ရှိသူ၊ ဘာသာတရားကို ကြည်ညိုလေးစားသူဖြစ်သည်။ ရှာမှရှားလေသည်။ ဤသည်တို့ကား ဆာဦးသွင်အားကျွန်ုပ်အမြင်၊ ကျွန်ုပ်အသိ၊ ကျွန်ုပ်ဆန္ဒပင်ဖြစ်သည်။ ကျွန်ုပ်ကဤသို့မြင်သော်လည်း အခြားသူများက သူတို့ရှုထောင့်မှ တစ်မျိုးတစ်ဖုံ မြင်ကြပေလိမ့်မည်။ ထိုအချက်ကိုကား ကျွန်ုပ်အငြင်းမပွားလိုပေ။

မြန်မာပြည်၌ဆာဦးသွင်ကဲ့သို့ ငွေကြေးပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသူများရှိကြသည်။ သို့သော် ဆာဦးသွင်ကဲ့သို့ စိတ်စေတနာမျိုးထားရှိသူသည် အတော်နည်းပါးမည်ဟု ကျွန်ုပ်ဆိုချင်ပါသည်။ ယင်းကြောင့်လည်း ဆာဦးသွင်ကဲ့သို့သောပုဂ္ဂိုလ်မျိုးကို ကျွန်ုပ်သည် လေးစားသောအားဖြင့် ဧည့်ခံပွဲပြုလုပ်လေတိုင်း သူ၏အမည်ကိုရှေ့ဆုံးမှထားရှိပြီး ဖိတ်ကြားလေ့ရှိခဲ့သည်။

++++++++++++++++++

# လမ်းမတော်အမတ်ဗိုလ်ချုပ်အောင်ဆန်း

၁၉၄၅-ခုနှစ်၊ အောက်တိုဘာလ၌ဖြစ်သည်။

တရုပ်ကောင်စစ်ဝန်ချုပ် အယ်ကေယင်း (L.K Ying, Chinese Consul General) ကောင်စစ်ဝန်ချုပ်မစ္စတာမာဝိုက်၊ (Mr. Ma Vice) တရုပ်ပြည်ဘဏ်အထွေထွေမန်နေဂျာ ရီချာဝူ၊ (Richar Wu, Bank of China) ဟန်နရီချင်း (Henary Chen)၊ အယ်ကေချီ (L.K, Chi)၊ ဗွီပီတိုင် (V.P,Tai) ဤပုဂ္ဂိုလ်ကြီး ၆-ဦးကို ရန်ကုန်မြို့ရှိ တရုပ်လူကြီးလူကောင်းများက ဂုဏ်ပြုညှော်ခံပွဲတစ်ခုကို မြို့တော်ခန်းမ၌ ပြုလုပ်ကျင်းပလေသည်။

ကျွန်ုပ်နှင့်ဦးစံလွင် (ပီရွှေလျောင်း၊ တောင်ဟင်းအမှတ် ၇၁၇-မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့၌ နေထိုင်သူသည် တာဂါလိန်းဗိုလ်ချုပ်အောင်ဆန်းနေအိမ်သို့ကိုယ်တိုင်သွားပြီး၊ ဂုဏ်ပြုညှော်ခံပွဲသို့ တက်ရောက် ပါမည့်အကြောင်းကို ဘိတ်ကြားခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း လက်ခံလိုက်လေသည်။

အနီဂုဏ်ပြုပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ရှိလာခြင်းသည် တရုပ်မြန်မာချစ်ကြည်ရေး အဓွန့်ရှည်ရေးအတွက် များစွာခရီးရောက်လေသည်။ ဤပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းသည် တရုပ်မြန်မာချစ်ကြည်ရေး မိန့်ခွန်းများကို မြွက်ကြားခဲ့ဖူးလေသည်။

နောက်တစ်ပတ်ခန့်ကြာလေသော် ကျွန်ုပ်ကလည်း ဂုဏ်ပြုထမင်းစားပွဲတစ်ခုကို ညှော်ခံကျွေးမွေး လေ၏။

ဤနှစ်အတွင်း၌ပင် ဒီဇင်ဘာလတွင် အမတ်ရွေးကောက်ပွဲပြုလုပ်တော့မည်။ ကျွန်ုပ်တို့နေထိုင်ရာ လမ်းမတော်ပိုင်း၌ ဗိုလ်ချုပ်အောင်ဆန်း ဝင်၍အရွေးခံမည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ယှဉ်ပြိုင်အရွေးခံရန် စာရင်းတင်ထားသူသည် တရုပ်ကပြား အော်မျိုးရှူးဖြစ်လေသည်။ အော်မျိုးရှူးသည် ကျွန်ုပ်တို့နေထိုင်ရာ လမ်းမတော်တရုပ်ပိုင်း၌ မသိသူမရှိလောက်အောင် လူသိထင်ရှားသူဖြစ်လေသည်။

ဤအရေး၌ ကျွန်ုပ်အဖို့ စဉ်းစားရခက်နေသည်။ အနီလမ်းမတော်အမတ်ရွေးကောက်ပွဲ၌ မြန်မာတစ် မျိုးသားလုံး၏အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ အခြားတစ်ဘက်ကလည်း ကျွန်ုပ်နှင့် သိကျွမ်းသောမိတ်ဆွေ အော်မျိုးရှူးဖြစ်နေသည်။ အကယ်တန္တု ရွေးကောက်ပွဲဖြစ်ပါလေလျှင် ဧကန်ဧက တရုပ်မြန်မာချစ်ကြည်ရေး စိတ်ဝမ်းကွဲပေတော့မည်။ ယင်းကြောင့်လည်း ကျွန်ုပ်တို့အဖို့ အကြံရအိုက်နေလေသည်။

တရုပ်ပိုင်းဝယ်ရှိသော တရုပ်အမျိုးသားခေါင်းဆောင်များနှင့် လူကြီးလူကောင်းများကို ကျွန်ုပ်ဖိတ်ကြားကာ၊ အနီဗိုလ်ချုပ်အောင်ဆန်းနှင့် အော်မျိုးရှူးတို့ ယှဉ်ပြိုင်၍ရွေးကောက်ပွဲဝင်သည့်ကိစ္စကို စည်းဝေးတိုင်ပင်လေသည်။

ကျွန်ုပ်၏သဘောထားအမှန်ကား အဘယ်နည်းနှင့်ဖြစ်စေ မြန်မာတစ်မျိုးသားလုံး၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ ဂင်၍မယှဉ်ပြိုင်စေလိုပါ။ အကယ်၍ ယှဉ်ပြိုင်ပါလေလျှင်လည်း ရှုံးမည်သာများသည်။

ဤသဘောထားကို တရုပ်အမျိုးသားခေါင်းဆောင်များဖြင့် လူကြီးလူကောင်းများအား ကျွန်ုပ်က တင်ပြလေသောအခါ အများသဘောတူလက်ခံကြလေသည်။ ထို့ကြောင့် တရုပ်လူကြီးလူကောင်း အများဆန္ဒက အော်မိုးရှုးနှင့်ဗိုလ်ချုပ်အောင်ဆန်းကို မယှဉ်ပြိုင်ပါရန် မေတ္တာရပ်ခံခဲ့ဖူး၏။ သို့သော် အော်မိုးရှုးသည် လက်မခံခဲ့ပေ။

ယင်းကြောင့် ကျွန်ုပ်အဖို့ တမျိုးတဖုံအကြံထုတ်ရပြန်သည်။ ကျွန်ုပ်၏အိမ်နံဘေး အမှတ် ၇၄၈၊ မဟာဗန္ဓုလလမ်းတွင် လူချစ်လူခင်လွန်စွာများသော ပေါင်းတည်ဦးဘအုံးနှင့် လူ၏သားဦးထွန်းကြွယ် (ယခုအရောင်းအဂယ်ခွန်ဌာနလက်ထောက်မင်းကြီး)တို့ နေထိုင်ကြသည်။ ဤသူများနှင့်ကျွန်ုပ်သည်လည်း ရင်းနှီးသည်။ ပြီးနောက် ငါးခြောက်လုပ်ငန်းကိုလည်း စပ်တူလုပ်ကိုင်ခဲ့ဖူးလေသည်။ ပေါင်းတည်ဦးဘအုံး နေအိမ်သို့ ကွယ်လွန်သူဦးစိန်တိုင်(အရှေ့ပိုင်းတရားသူကြီး)သည် နေ့စဉ်နေ့တိုင်းဂင်ထွက်သွားလာနေသည်။

ထိုတရားသူကြီးဦးစိန်တိုင်နှင့် အော်မိုးရှုးသည် အလွန့်အလွန်ရင်းနှီးကြောင်းကို ကျွန်ုပ်သည် သိနှင့်ထားသည်။ အလွန့်အလွန်အပြောရခက်သော အော်မိုးရှုးကဲ့သို့သောပုဂ္ဂိုလ်မျိုးကို ဦးစိန်တိုင်ကဲ့သို့သော ပုဂ္ဂိုလ်မှနိုင်မည်ကိုလည်း သိနှင့်ထားပြီးဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်သည် ပေါင်းတည်ဦးဘအုံးနှင့်ဦးစိန်တိုင်တို့ကို အော်မိုးရှုးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ယှဉ်ပြိုင်ရွေးလျှင် တရုပ်မြန်မာချစ်ကြည်ရေးထိခိုက်လာနိုင်မည့်အကြောင်းအရာကို နားဂင်အောင်ပြောပြရလေ၏။

ဤဦးစိန်တိုင်၏ပြောပြမှုကြောင့် နောက်ဆုံးအော်မိုးရှုးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ယှဉ်ပြိုင် အရွေးခံခြင်းမှ နုတ်ထွက်လိုက်လေသည်။ ယင်းကြောင့် ယှဉ်ပြိုင်ဘက်မရှိ လမ်းမတော်အမတ်အဖြစ်နှင့် ဗိုလ်ချုပ်အောင်ဆန်းသည် အရွေးခံရလေသည်။ သို့ကလိုဖြစ်သည်ကို လူအများသိရှိကြသည်။

ဤသို့သောအခြေအနေမျိုးဖြစ်လာရလေအောင် ဖန်တီးသူကား မည်သူဖြစ်လေသနည်း။

++++++++++++++++++

# အောင်သွယ်ဦးစပ်စု

၁၉၄၆-ခုနှစ်တွင် ရန်ကုန်အရေးပိုင် ဦးဘသွယ်၊ ဇနီးဒေါ်ခင်မကြီးနှင့် သားတစ်ယောက်၊ သမီးသုံးယောက်သည် ကျွန်ုပ်၏ဟော်တယ်အခန်းအမှတ်(တစ်)တွင် လာရောက်စားသောက်ကြသည်။ သမီးအကြီးဆုံးမှာ ခင်ခင်အေးဖြစ်သည်။

ကျွန်ုပ်နှင့်ဦးဘသွယ်တို့သည် မိတ်ဆွေဟောင်းများဖြစ်နေ၍ စကားလက်ဆုံကျနေသည်။ သူနှင့်ကျွန်ုပ်သည် ထွေရာလေးပါးစကားပြောဆိုနေရာ ဦးဘသွယ်က ...

""ဦးစပ်စုဟာ အောင်သွယ်သိပ်တော်တယ်လို့ ကျွန်တော်တို့ကြားထားပါတယ်။ ကျွန်တော့်သားတော်မောင် အတွက်တစ်ယောက်လောက် ရှာပေးစမ်းပါအုံး""ဟု၍ သူ့သားပုခုံးကိုကိုင်ကာပြောကြားလေသည်။ ကျွန်ုပ်က သူတို့မိသားစုကိုကြည့်၍ ...

""ဦးဘသွယ်လိုမိတ်ဆွေကြီးကို ကျွန်တော်ကူညီပါ့မယ်။ သားသမီးတွေကိစ္စအတွက် ကျွန်တော့် တာဝန်ထားလိုက်ပါ""ဟူ၍ပြောလိုက်လေသည်။

ဤသို့ဖြင့် နောက်တစ်လလောက်အချိန်သည် ကုန်လွန်လာခဲ့သည်။ ခွန်လောက်ဟော်တယ်တွင် ထမင်းစားသောက်ပွဲတစ်ခုရှိ၍ ကျွန်ုပ်လည်းတက်ရောက်လေသည်။ ထိုပွဲတွင် ကျွန်ုပ်၏မိတ်ဆွေများနှင့် ဆုံရလေသည်။ စားပွဲတစ်ခုတည်းလာကျသူကား ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အတွင်းဝန် ဦးဘတင့်ဆိုသောမိတ်ဆွေကြီးလည်း တွေ့မြင်ရလေသည်။ ဦးဘတင့်သည် မုဆိုးဖိုဖြစ်သည်။ သူ၏ သေဆုံးသွားသောပထမဇနီးမှာ ဦးတင်ထွဋ်နှမဖြစ်လေသည်။

တစ်ခုံတည်းတွင်လာဆုံကြလေသောမိတ်ဆွေများကလည်း ကိုယ့်စိတ်ထဲရှိသည်များကို ဖုံးကွယ်၍ မထားကြ။ ပွင့်ပွင့်လင်းလင်းပင်ပြောကြလေသည်။ အထူးသဖြင့် အရှိန်ကလေးလည်းရနေကြပြီဖြစ်၍ အာသွက် လျှာသွက်နေကြပေသည်။ ကျွန်ုပ်၏အကြောင်းကိုသိနှင့်ထားကြသော မိတ်ဆွေတစ်စုက ....

""ဦးစပ်စုဟာ သိပ်အောင်သွယ်ကောင်းတာပဲ။ ကျုပ်တို့ရဲ့ဦးဘတင့်လည်း လူပျိုကြီး၊ သူ့ကိုလည်း မိန်းမတစ်ယောက်လောက်ရှာပေးစမ်းပါဦး""ဟူ၍ ဆိုလာကြသည်။

ကျွန်ုပ်ကလည်း အကြင်အမျိုးသားနှင့် အကြင်အမျိုးသမီးကို အောင်သွယ်ပေးသည့်နေရာတွင် ရာဇဝင်နှင့်ဖြစ်သည်။ ကျွန်ုပ်၏အောင်သွယ် (ချစ်ဆက်သွယ်ရေး)ကောင်းမှုတော်အဖုံဖုံကြောင့် အကြင် လင်မယားစုံတွဲများကလည်း မနည်းတော့ပေ။ ဤအောင်သွယ်အလုပ်မျိုးကို ဂါသနာလည်းပါပေသည်။ ကျွန်ုပ်တို့တရုပ်တွင် အောင်သွယ်ပေးခြင်းသည် ကုသိုလ်အလွန်ကြီးပါပေသည်ဟုအဆိုရှိသည်။ သဘောကား အခက်အခဲအမျိုးမျိုးအထွေထွေကြောင့် တောင်တစ်ဘက်မှတစ်ဘက်သို့ ရောက်နိုင်ရန်ခက်ခဲသောသူများကို တံတားခင်း၍ပေးလိုက်သောသဘောပင်ဖြစ်သည်။

ပြီးတဖန် သူတပါးကိုအောင်သွယ်ပေးသောသူသည် ကိုယ့်အလှည့်ရောက်လျှင်လည်း အောင်သွယ်ပေးသူပေါ်တတ်သည်ဟု အယူရှိလေသည်။

ယင်းသို့သောမိတ်ဆွေများက ကျွန်ုပ်အားပြောလေရာ၊ ကျွန်ုပ်ကလည်း တတ်သည့်ပညာမနေသာ ဆိုသကဲ့သို့ဖြစ်ရလေ၏။

ကျွန်ုပ်က လက်ခံထားသောမောင်မယ်စာရင်းကို ဦးနောက်ထဲမှမှတ်သားထားမိသမျှ နှုတ်မှရွတ်ဆိုပြ လိုက်သည်။ ကျွန်ုပ်သည် အမျိုးသမီးအမည်နှင့် သူ့မိဘအမည်ကို တစ်ဦးချင်းနှုတ်မှရွတ်ဆိုပြလိုက်လေသည်။ သို့နှင့် ""ဦးဘသွယ်-သမီးခင်ခင်အေး""ဟူသောအမည်ကို ကျွန်ုပ်နှုတ်မှဖွင့်ဟလိုက်သောအခါ ဦးဘတင့်၏ မျက်နှာသည် ရှက်သွေးများဖြာသွားပြီး နီမြန်းသွားသည်ကို သတိပြုမိလိုက်သည်။ ဤသို့မျက်နှာနီမြန်းသွား ခြင်းသည် ချစ်ကြိုက်သောစိတ်ကြောင့်ဖြစ်သည်ကို အောင်သွယ်တော်ကျွန်ုပ်က ကြိုတင်၍သိမှတ်ထားလိုက် လေသည်။

ဦးဘတင့်ကို အလိုက်သိသောကျွန်ုပ်က ""ကျွန်တော့်တာဝန်ထားလိုက်ပါ""ဟူ၍ပြောလိုက်သည်။ ဦးဘတင့်သည်ရှက်၍နေပေသည်။ ကျွန်ုပ်၏ကမ်းလှမ်းသောစကားကို သူကမငြင်းပေ။ သို့ကလိုမငြင်းခြင်းက သဘောတူ၍ဖြစ်ပေသည်။

နောက်တစ်နေ့၌ကား ကျွန်ုပ်ကသည် ဦးဘသွယ်နေထိုင်ရာ၊ အမှတ် (၄၆)၊ ကိုယ့်မင်းကိုယ့်ချင်း လမ်းရှိ သူ့နေအိမ်သို့သွားပြီး ယင်းအကြောင်းကိုနားဖေါက်ရလေသည်။ ကျွန်ုပ်ကိုယ်တိုင်ကလည်း ဦးဘသွယ် သဘောကျလေအောင် အောင်သွယ်ကောင်းတို့၏တတ်ထားသောပညာဖြင့် အတော်ပင်ပြောယူရလေသည်။ ဦးဘသွယ်က ဦးဘတင့်၏ဇာတာကို စစ်ဆေးကြည့်လိုသည်ဟူ၍ ပြောဆိုလေသောကြောင့်၊ ဦးဘတင့်၏ ဇာတာကိုယူသွားရပြန်သည်။

ဦးဘသွယ် ကျွန်ုပ်အားပြောဆိုစဉ်က သူ့သားအတွက်အိမ်ထောင်ထိန်းမည့် အမျိုးသမီးကောင်း တစ်ယောက်ရှာပေးရန်ဖြစ်သည်။ ရလေသောအခါ သူ့သမီးအတွက်အိမ်ထောင်ဦးစီးမည့် အမျိုးသားတစ်ယောက် ဖြစ်နေခဲ့လေ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အနေဖြင့်ကား အောင်သွယ်ဂတ္တရားမပျက်ကွက်ခဲ့ပေ။

များမကြာမီအချိန်တွင် ဦးဘသွယ်နေအိမ်၌ ဦးဘတင့်နှင့်သူ့သမီးအကြီး ခင်ခင်အေးတို့မင်္ဂလာပွဲ တခမ်းတနားကျင်းပလေသည်။ ဤမင်္ဂလာပွဲကို ကွယ်လွန်သူအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် တက်ရောက်လက်ထပ်ပေးခဲ့လေသည်။

ဤသည်တို့ကား ကျွန်ုပ်အောင်သွယ်ဘဝဖြင့် လုပ်ခဲ့လေသော အလုပ်စခန်းမှ တစ်ခန်းသောဇာတ် ကွက်သာတည်း။ သည့်နောက်ပိုင်းတွင်မူ အများကြီးရှိနေသေးသည်။

++++++++++++++++++

# အပြန်ပြန်အလှန်လှန်

၁၉၄၇-ခုနှစ် မတ်လ ၁-ရက်နေ့ ။

မော်လမြိုင်မြို့အနီးရှိ ကိုလိုတွက်ရွာတွင် တရုပ်အမျိုးသား တန်ကျွဲယင်နေအိမ်သို့ ဓါးပြများ ဂင်တိုက်သည်။ ဓါးပြများသည် ပစ္စည်းများသာ ယူသည်မဟုတ်၊ အိမ်ရှိကလေးလူကြီးများကို တစ်ယောက်မကျန် သတ်ဖြတ်သွားလေသည်။ ထို့ကြောင့် မော်လမြိုင်ရှိတရုပ်လူကြီးလူကောင်းများက ကျွန်ုပ်အား လာ၍ပြောကြား လေသည်။

ကျွန်ုပ်သည် တရုပ်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ ကျန်စွန်ရှုတ်ကို တိုင်ပင်ပြောဆိုပြီး၊ သူနှင့်အတူ မော်လမြိုင်မှရောက်ရှိလာသော တရုပ်အမျိုးသား လူကြီးလူကောင်းများအပါအဂင် ပြည်လမ်းရှိ MR.T.W, Ma(တရုပ်ကောင်စစ်ဂန်)နှင့်သွားတွေ့ကာ၊ ယင်းကိစ္စအကျိုးအကြောင်းကို လိမ့်ပတ်လည်အောင် သေသေချာချာရှင်းလင်းပြောဆိုပြရလေသည်။ ပြီးတဖန် ကျွန်ုပ်တို့လူသိုက်နှင့်အတူ MR.T.W, Ma (တရုပ်ကောင်စစ်ဂန်) အပါအဂင် မော်လမြိုင်မြို့သို့သွာရောက်၍ အခြေအနေကြည့်ရန် စီစဉ်ကြလေ၏။

မော်လမြိုင်မြို့တွင်ရှိသော မိတ်ဆွေဟောင်းကြီးတစ်ဦးဖြစ်သူ တိုင်းမင်းကြီးဦးခင်မောင်ရင် (I.C.S) ထံသို့ ကျွန်ုပ်တို့တတွေလာမည့်အကြောင်းကို သံကြိုးရိုက်ပြီးအကြောင်းကြားရလေ၏။

မတ်လ ၃-ရက်နေ့နံနက် ခုနစ်နာရီလေးဆယ့်ငါးမိနစ်အချိန်တွင် နှစ်ဘက် ခုနစ်ယောက်စီးသော ဒက်ကိုတာလေယာဉ်ပျံဖြင့် ကျွန်ုပ်တို့တတွေသည် မော်လမြိုင်မြို့အနီး(တောင်ပိုင်း)လေဆိပ်တွင် ဆိုက်ရောက် ကြလေသည်။ တိုင်းမင်းကြီးဦးခင်မောင်ရင်၊ ပုလိပ်မင်းကြီး၊ အစိုးရအရာရှိအရာခံများ၊ မြို့ပေါ်ရှိ တရုပ် လူကြီးလူကောင်းများ အစိုးရအမှုထမ်းများကကြိုဆိုကြသည်။ ကျွန်ုပ်တို့လူသိုက်အတွက် နံနက်စာကို မုဒုံမြို့ပေါ်ရှိ တရုပ်လူကြီးလူကောင်းများက ဧည့်ခံကျွေးမွေးလေသည်။

ပြီးနောက်မှ တရုပ်အမျိုးသား တန်ကျွဲယင်တို့မိသားစုတစ်ပြုံလုံးအသတ်ခံရသော အခင်းဖြစ်ပွားသည့် နေရာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ယင်းသို့ကြည့်ပြီးနောက် တာဂန်ရှိသောရဲမင်းကြီးအား တရားခံများကို အမြန်ဆုံးဖမ်းပြီး အရေးယူပေးပါရန်လည်း တိုင်ကြားပြောဆိုခဲ့ရသည်။ နောက်နောင်ကိုလည်း ဤကဲ့သို့မကောင်းသည့်အမှုအခင်းမျိုးမဖြစ်ရလေအောင်လည်း ကာကွယ်စောင့်ရှောက်ပါရန် သတိပေးပြောကြား ခဲ့ရသေးသည်။

ကျွန်ုပ်တို့တတွေကို မော်လမြိုင်တိုင်းမင်းကြီးဦးခင်မောင်ရင်က ထမင်းစားပွဲဖြင့်ဂုဏ်ပြုလေသည်။

မြို့ပေါ်ရှိလူကြီးလူကောင်းအတော်ပင်တက်ရောက်ကြသည်။ ထို့နောက် မော်လမြိုင်မြို့ တရုပ်ပွေစစ်ကျောင်းကွင်း တွင်လည်း လူပေါင်း ၂၀၀-ကျော်၊ ၃၀၀-ခန့်တက်ရောက်သော ထမင်းစားပွဲကြီးဖြင့် ဂုဏ်ပြုကျွေးမွေးပြန် လေသည်။ ဤထမင်းစားပွဲကြီး၌ ကျွန်ုပ်တို့မိဘလက်ထက်က သိကျွမ်းခင်မင်လာခဲ့သော ဒေါ်မမကြီးနှင့်လည်း တဖန်ပြန်၍တွေ့ကြပြန်သည်။

နောက်တစ်နေ့တွင်ကား ဒေါ်မမကြီးသည် သူ့အိမ်၌ ရန်ကုန်မြို့မှရောက်ရှိလာသောကျွန်ုပ်တို့ကို ထမင်းတစ်နပ်ကျွေးပြန်၏။

ဒေါ်မမကြီးဆိုလေလျှင် မော်လမြိုင်မြို့ပေါ်ရှိ မသိသူအတော်ရှားလောက်အောင် နာမည်ကြီးနေသူ တစ်ဦးဖြစ်လေသည်။ သူသည် ကျွန်ုပ်ထက် အသက် ၂-နှစ်ကြီးသူဖြစ်သည်။ သူနှင့် ဒိုင်းဂန်ကွင်းမှ (ကွယ်လွန်သွားသော)သူဌေးကြီးဦးတိုးလုံသည် ကျွန်ုပ်နှင့်တရုပ်အမျိုးသားသူဌေးကြီးဦးကေဘာကြီး၏ အောင်သွယ်ပေးမှုကြောင့် အကြောင်းပါလာခဲ့သော အိမ်ထောင်စုတစ်ခုဖြစ်လေသည်။ ဒေါ်မမကြီး၏ဖခင်သည် ကုန်စျေးတန်းသင်္ကန်းတိုက်ဦးဘိုးအောင်ဖြစ်သည်။ သူ၏မောင်များမှာ မောင်မောင်ကြီး၊ မောင်မောင်လတ်နှင့် မောင်မောင်တင်တို့ဖြစ်ကြသည်။

ဤထမင်းစားပွဲ၌ ဒေါ်မမကြီးသည် သူ၏ကျောက်စိမ်းကြယ်သီးတစ်စုံကို ထုတ်၍ပြရင်း ""လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀-ကျော်က ဦးစပ်စုနိုင်ငံခြားကဂယ်လာပြီး လက်ဆောင်ပေးခဲ့တဲ့ပစ္စည်း""ဟူ၍ ပြောပြီးအမှတ်တရ ထုတ်ကာပြသည်။


20. 3. 48.

緬文新光報
讚揚王啟宗

王啓宗
推行國民外交

王啓宗促進
國民外交

20. 3. 48.

တရုတ်သတင်းစာများ၌ တရုတ်မြန်မာ ချစ်ကြည်ရေးထမင်းစားပွဲကြီး အကြောင်းကို တရုတ်ဘာသာဖြင့် ဖော်ပြထားသည်။

ကျွန်ုပ်နှင့်အတူတကွပါလာသော တရုပ်အမျိုးသားမိတ်ဆွေများက ""ဒေါ်မမကြီးဟာ သိပ်မှတ်ဉာဏ် ကောင်းတာပဲ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀-ကျော်က လက်ဆောင်ပေးခဲ့တဲ့ပစ္စည်းကို ကောင်းကောင်းကြီး မှတ်မိနေတယ်""ဟူ၍သာ အပေါ်ယံအသိဖြင့် ထင်မြင်ချက်ပေးကြလိမ့်မည်။ ကျွန်ုပ်အဖို့တွင်ကား ဤသို့ မဟုတ်ပါပေ။

ဒေါ်မမကြီးသည် ဤသို့ကျောက်စိမ်းကြယ်သီးကိုထုတ်ပြသည့်အတွက် နှောင်းအတိတ်က ဟောင်းခဲ့သော ဖြစ်ရပ်လေးများသည် နေ့မှလကူး၊ လမှ နှစ်သို့ကျူးလာသည့်တိုင်အောင် အသည်းဆိုင်ဂယ် မေ့မရနိုင်အောင် တဖန်ထပ်၍အသစ်ရတော့သည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့၏ဖြစ်စဉ်လေးများသည် ကျွန်ုပ်မမေ့သေးသကဲ့သို့ ဒေါ်မမကြီးသည်လည်း မမေ့နိုင်သေးဟု ထင်သည်။ ယခုအချိန်တွင်ကား ဒေါ်မမကြီး သည်လည်း ဇရာပိုင်းသို့ရောက်ရှိ၍နေလေပြီ။ သူ့ယောက်ျားဦးတိုးလုံးမှ ပါလာလေသော သမီးနှစ်ဦးပင်လျှင် အိမ်ထောင်သည်များဖြစ်နေကြပြီဖြစ်၏။

သမီးဖြစ်သူဒေါ်အေးကြွယ်မှာ ယခုတော်လှန်ရေးအစိုးရလက်ထက် အထွေထွေစာရင်းစစ်မင်းကြီး စံလွင်နှင့် အကြောင်းပါနေလေ၏။ ကျန်တစ်ယောက် ဒေါ်အေးကြည်မှာမူ စစ်ထောင်စော်ဘွား စင်ခွန်ကြည်နှင့် အကြောင်းပါလေသည်။

သည့်နောက်ပိုင်းတွင်မူ မော်လမြိုင်မြို့အနီးတစ်ဝိုက်၌ ဤသို့တရုပ်အမျိုးသားတစ်အိမ်ထောင်လုံး အသတ်ခံရသောကိစ္စမျိုး မဖြစ်ပွားတော့ပေ။ တန်ကျိုယင်အိမ်ထောင်စုကိုသတ်သော လူသတ်ဓါးပြများလည်း မကြာခင်မိ၍ အပြစ်ပေးခြင်းခံရလေတော့သည်။

ကျွန်ုပ်၌ ထူးခြားချက်တစ်ခုရှိသည်။ ကိုယ့်အပေါင်းအသင်းမိတ်ဆွေမှန်သမျှ တခြားမကူညီနိုင်၍ မကူညီခြင်းကိုအပထား မိတ်ဆွေမှန်သမျှကို အနည်းဆုံးကျွေးမွေးခြင်းအမှုကို ပြုခဲ့လေသည်။ ကျွန်ုပ်သည် ရက်ရက်ရောရောပင် ကျွေးမွေးလေသည်။ ကျွန်ုပ်နှင့်သိကျွမ်းခင်မင်သူတိုင်းသည် ကျွန်ုပ်၏ကျွေးမွေးခြင်း စိတ်စေတနာကို သိကြပေသည်။

ထို့ကြောင့်ပေလောမသိ။ ကျွန်ုပ်သွားလေရာအရပ် တွေ့လေသူတိုင်းက ကျွန်ုပ်ကိုစေတနာ ထက်သန်စွာဖြင့် ကျွေးမွေးကြသည်။ ကျွန်ုပ်သည်ပင်လျှင် စိတ်စေတနာရောင်ပြန်ဟတ်မှုဟု ဆိုရချေမည်ထင့်...။

၁၉၄၈-ခုနှစ်၊ မတ်လ ၂၁-ရက်နေ့တွင် မြန်မာပြည်အနယ်နယ်အရပ်ရပ်ရှိ တိုင်းခရိုင်အစိုးရအမှုထမ်း ကြီးများသည် စည်းဝေးရန် ရန်ကုန်မြို့၌ လာရောက်စုံစည်းကြသည်။ တန်ကျိုယင်တစ်အိမ်ထောင်လုံး အသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့တတွေ မော်လမြိုင်သို့ရောက်စဉ်ဂယ်၊ တိုင်းမင်းကြီး ဦးခင်မောင်ရင် (I.C.S) က စေတနာထက်သန်စွာ ထမင်းစားပွဲနှင့် ဂုဏ်ပြုဧည့်ခံကျွေးမွေးခဲ့လေသည်။

ယခုတဖန် တိုင်းမင်းကြီးဦးခင်မောင်ရင် ရန်ကုန်မြို့သို့ခေတ္တရောက်စဉ်ဂယ်၊ အမှတ် ၂၄၊ အင်းယားလမ်းရှိ တရုပ်သံအမတ် (Dr.Tu Yuen Tan) က ဂုဏ်ပြုညှော့ခံကျွေးမွေးလေသည်။ ပြီးတဖန် ပွဲတိုင်းကျော်ကျွန်ုပ်ကလည်း ဦးခင်မောင်ရင်ကို ဂုဏ်ပြုထမင်းစားပွဲဖြင့် ညှော့ခံပြန်လေ၏။

ဤဂုဏ်ပြုပွဲသို့ မြို့မကျောင်းဆရာကြီး ဦးလွင်၊ မော်လမြိုင်တိုင်းမင်းကြီး ဦးခင်မောင်ရင်၊ တရုပ်ကောင် စစ်ဂန်ချုပ် ရှောင်ဆောင် T.W,Ma မြိတ်အရေးပိုင် ဦးသီ၊ ရောဂတီတိုင်းမင်းကြီး ဦးဖေတို့သည် တစ်ယောက်နှင့်တစ်ယောက် အပြန်ပြန်အလှန်လှန် တရုပ်ဗမာချစ်ကြည်ရေးမိန့်ခွန်းများ မြွက်ကြား ပြောဆိုကြလေသည်။

++++++++++++++++++

# ကျင်လည်ခဲ့ရသော စီးပွားရေးလောက

ဗမာပြည်လွတ်လပ်ရေးရပြီးချိန်ဖြစ်သည်။

၁၉၄၉-ခုနှစ်တွင် ကျွန်ုပ်ပိုင်လန်ထောင်ဟော်တယ် အခြေအနေကလည်းမကောင်း၊ ယိုင်၍ပင် နေလေသည်။ နစ်တော်တော်ကြာအောင်ပင် ဟော်တယ်ဖွင့်ခဲ့သော်လည်း ကျွန်ုပ်အဖို့ကား အမြတ်မရှိ အရှုံးပင်ပေါ်နေလေသည်။ ကျွန်ုပ်၏ပေါင်းသင်းဆက်ဆံရေးလောက တစ်ခုတည်းသာလျှင် ကျယ်ပြန့်လာ၍ အမြတ်ဟုပင်ဆိုရချေမည်။

ကျွန်ုပ်၏ဟော်တယ်သည် ဖွင့်ထားသော်လည်း လာ၍စားသောက်သူဦးရေ လွန်စွာမှနည်းပါးလေ၏။ ဟော်တယ်တစ်ခု၏ တစ်နေ့တစ်နေ့ကုန်ကျစရိတ်က မသေးငယ်လှ၊ ပစ္စည်းများ အသင့်ဂယ်ယူထားပါလျက်နှင့် လာရောက်စားသောက်သူမရှိချေက အရှုံးပင်ဖြစ်၏။ ဤအထဲ အလုပ်စရိတ်နှင့်ဟော်တယ်မယ်များ လုပ်ခကလည်း ရှိသေးသည်။ ကျွန်ုပ်တွင်ကား မိတ်ကောင်းဆွေကောင်းများ အတော်အတန်ရှိလေသည်။ ဤမိတ်ဆွေများ ကျွန်ုပ်၏ဟော်တယ်၌ လာရောက်စားသောက်လျှင် ကျွန်ုပ်သည် စားသောက်ခကုန်ကျငွေကို တစ်ပြားတစ်ချပ်မှမယူပေ။ ကျွန်ုပ်သည် စေတနာဖြင့်သာ ကျွေးမွေးလိုက်ခြင်းဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် ဤမိတ်ဆွေများက ကျွန်ုပ်ကိုခင်မင်ပါလျက်နှင့် ဟော်တယ်တွင်လာရောက်စားသောက်ရမည်ကို အားတုံ့အားနာ ဖြစ်နေကြဟန်တူ၏။ သည့်နောက်ပိုင်းတွင်မူ သူတို့သည် ကျွန်ုပ်ထံသို့လာရောက်ပြီး မစားတော့ပေ။ ပြီးနောက်တဖန် ဤအချိန်က ရန်ကုန်မြို့ပေါ်နှင့် အနီးတစ်ပိုက်တွင် ဟော်တယ်များ အများအပြားဖြစ်နေ ကြသည်။

ထိုအချိန်တွင် အင်ပို့လိုင်စင်ခေတ်ထနေသည်။ အင်ပို့လိုင်စင်ရရှိ၍ သူဌေးသူကြွယ်များ ဒုနှင့်ဒေး ရှိနေချိန်ဖြစ်သည်။ ကျွန်ုပ်တစ်ယောက်တည်းသာလျှင် အပေါင်းအသင်းရှိပါလျက်နှင့် အင်ပို့လိုင်စင် မလျှောက်ပဲ နေခဲ့လေသည်။

ယင်းသို့နေလာခဲ့သည်မှာလည်း အကြောင်းရှိ၏။

ဂျပန်ခေတ်ကာလဆိုးကြီးဂယ် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အလုပ်တွဲလုပ်ခဲ့ဖူးသောကျွန်ုပ်သည် ဗမာ့တပ်မတော်ရန်ပုံငွေထည့်ဂင်ရန် ဗိုလ်ချုပ်အောင်ဆန်းက လာခေါ်လေသောအခါတိုင်း ""ရှေ့တွင် တောင်ကြီးပြိုပြီး နောက်၌ ကျားကြီးလိုက်သည့်တိုင်အောင် မရောက်မနေ""ဟူသော ဖွဲလုံ့လဂီရိယဖြင့် ဗုံးအလုံးပေါင်းမြောက်များစွာချနေသည့်ကြားမှ ရောက်အောင်သွားပြီး အကူအညီပေးခဲ့ဖူးသည်။ မိတ်ဆွေကြီး ဗိုလ်ချုပ်အောင်ဆန်းက ကျွန်ုပ်အား ""ကိုယ့်တိုင်းပြည်ကြမ္မာဆိုးနေတဲ့အခါမှာ ရှေ့တန်းကပါဂင်ပြီး၊ ကူညီရမယ်။ တိုင်းပြည်ကောင်းစားဖို့ အခွင့်ကောင်းရရှိစရာရှိရင် နောက်တန်းကနေရမယ်""ဟူ၍

ပြောဖူးသည်။ ယင်းစကား တစ်ခွန်းသည် ယနေ့တိုင်အောင် ကျွန်ုပ်၏နားထဲမှမထွက်နိုင်သေး။ အစဉ်ထာဝရမှတ်မိနေသေးသည်။ ထို့ကြောင့်သာလျှင် ကျွန်ုပ်သည် အင်ပို့လိုင်စင်မလျှောက်ပဲ ဖွတ်ပေနေခဲ့မိသည်။

ကျွန်ုပ်ဟော်တယ်၏နေ့စဉ်ကုန်ကျစရိတ် ထွက်ငွေကလည်းမသေးငယ်လှ၊ ကြာလျှင် လုံးပါးပါးမည် ကိုလည်းစိုးရိမ်ရသေးသည်။ ဤအတွက်စရိတ်ကာမိရန်အရေးကိုလည်း တစ်ဖက်မှ စဉ်းစားရပြန်သေးသည်။ ရှာရဖွေရပြန်သေးသည်။ ထို့ကြောင့်လည်း ဟော်တယ်၏အောက်ထပ်ခန်းတွင် ""ဦးစပ်စု၏လန်ထောင်စတိုး""ဟု ဆိုင်းဘုတ်ချိတ်ဆွဲ၍ ရောင်းရသော်လည်း ထင်သလောက်အကျိုးမရှိခဲ့ပေ။ နောက်ဆုံးတွင် ကိုယ့်အိတ်ထဲမှ စိုက်ထုတ်ပြီး မရှုံးလေသော်တော်သေးသည်ဟုတွက်ထားကာ ကိုယ့်အလုပ်ကိုလုပ်မြဲတိုင်း လုပ်နေရလေသည်။

အကြောင်းတစ်ခုကပေါ်လေတော့ပြီ။

တစ်နေ့သ၌မိတ်ဟောင်းဆွေဟောင်းကြီးတစ်ဦးဖြစ်သူ ဦးသံဒိုင်(ဆူးလေဘုရားလမ်းရှိဦးဘိုးငြိမ်း ကုမ္ပဏီပိုင်ရှင်)သည် ကျွန်ုပ်ထံသို့လာလေသည်။ သူလာရရင်းကိစ္စကို ကျွန်ုပ်အားပြောပြသည်။ သူသည် နိုင်ငံခြားအရက် အင်ပို့လိုင်စင်တစ်ခုရရှိထား၏။ ထို့ကြောင့်အရက်များမှာယူပြီး ဂိုဒေါင်တွင်း၌သိုလှောင်ထားရာမှ အရက်သေတ္တာများခြစားပြီး လွှတ်ပစ်ရတော့မည့်အခြေအနေဆိုးသို့ ဆိုက်နေလေသည်။ ဤခြစားထားသော အရက်များကို ဦးစပ်စုကတာဝန်ယူ၍ ရသည့်ဈေးဖြင့်ရောင်းပေးပါရန် အကူအညီတောင်းလေတော့ပြီ။ ကျွန်ုပ်သည်လည်း အလုပ်ဟူသမျှ မငြင်းတမ်းလုပ်ပြီး စီးပွားရေးလောကထဲဝင်စဖြစ်နေချိန်ဂယ် ဦးသံဒိုင်၏ ခြတက်နေသောနိုင်ငံခြားအရက်များကို ကျွန်ုပ်ကတာဝန်ယူလိုက်တော့သည်။

ကျွန်ုပ်တို့သည် ခြကိုက်ထားသော အရက်သေတ္တာများကို ဖျက်ဆီးပြီး အရက်ပုလင်းများကို ယူ၍ကြည့်ကြသည်။ အချို့အရက်ပုလင်းများက သုံးပုံတစ်ပုံ သုံးပုံနှစ်ပုံ၊ တချို့အရက်ပုလင်းများကား ပုလင်းဘူးဆို့သော ဖော့ဘူးနှင့် ပုလင်းတံဆိပ်သာလျှင်ခြစားပြီး အရက်မှာလည်း ဒီအတိုင်းကျန်နေသည်လည်း ရှိ၏။ ကျွန်ုပ်သည်ကား တာဝန်ယူထားသည့်အတိုင်း ဤခြကိုက်ထားသော အရက်ပုလင်းများကို ရသည့်ဈေးဖြင့် မကုန်ကုန်အောင် ရောင်းထုတ်ရလေသည်။

ထိုစဉ်က ကျွန်ုပ်ဟော်တယ်ကလည်း မပိတ်သေး။ ရှိနေသေး၍ အချို့အရက်ပုလင်းများကို ဟော်တယ်၌ပင် အသုံးပြုပြီး ရောင်းချနေရလေသည်။ ထို့ကြောင့်လည်း ဦးသံဒိုင်သည် ကျွန်ုပ်အား ကျေးဇူးအထူးပင် တင်ရှိသည်။ သူရရှိထားသော နိုင်ငံခြားအရက်လိုင်စင်ကိုလည်း ကျွန်ုပ်အား လွှဲပြောင်း ပေးပါရန် ယစ်မျိုးမင်းကြီးထံသို့ စာတင်လေသည်။ ပြီးနောက် သတင်းစာအသီးသီးမှ သူရရှိထားသော

နိုင်ငံခြားအရက်လိုင်စင်ကိုလည်း ကျွန်ုပ်အားပေးကြောင်း ကြော်ငြာသည်။ ထိုမျှသာမက ကျွန်ုပ်အား အရက်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန်လည်း ငွေအရင်းအနှီးထုတ်၍ ကူညီလေသည်။ ဤသို့သော ဦးသံဒိုင်၏ ကောင်းမှုတော်အစလုပ်မှုကြောင့် ကျွန်ုပ်သည် အရက်ကုန်သည် ဖြစ်မှန်းမသိ၊ ဖြစ်လာရတော့သည်။

ပတ်ဂန်းကျင်အခြေအနေက ဤသို့ဖန်တီးမှုကြောင့် ကျွန်ုပ်သည် အရက်လုပ်ငန်းကို လုပ်ရတော့သည်။ နောက်များမကြာမီ ကုန်သွယ်မှုဂန်ကြီးဌာနက အရက်လိုင်စင်ထုတ်ပေးတော့မည်။ ယင်းကြောင့် အရက်လိုင်စင် ရရှိထားသူများကို ယစ်မျိုးမင်းကြီးက စာရင်းတင်ပါရန် မိန့်ဆိုလိုက်လေသည်။

ထိုအခါက တစ်နစ်လျှင် ယစ်မျိုးခွန် ခြောက်ထောင်အခွန်ဆောင်နေသော ကျွန်ုပ်ကို ယစ်မျိုးမင်းကြီးက ကုန်သွယ်မှုဂန်ကြီးဌာနသို့ စာတစ်စောင်တင်လိုက်လေသည်။ နောက်များမကြာမီ ရက်ပိုင်းအတောအတွင်း၌ ကျွန်ုပ်အမည်ဖြင့် အရက်လိုင်စင်ကျလာလေတော့မည်။ အမှန်ကား ကျွန်ုပ်အဖို့ အရက်လိုင်စင်သည် မလျှောက်ပဲနှင့် ရခြင်းပင်တည်း။

၁၉၅၇-ခုနစ်၊ ဤအချိန်က ဗမာပြည်ဂယ် ဂီစကီအရက်များ လွန်စွာပေါများသလောက် ဟက်နက်စတီ "ပေါက်ဆိတ်တံဆိပ်"ပြင်သစ်ပြည်လုပ် ဘရန်ဒီအရက် လွန်စွာမှရှားပါးနေချိန်ဖြစ်သည်။ ယင်းကြောင့် ကျွန်ုပ်ကိုယ်တိုင် ဟောင်ကောင်သို့သွားကာ ငွေလေးသောင်းဘိုး "ပေါက်ဆိန်တံဆိပ်"ဘရန်ဒီများ သွားဂယ်ရလေသည်။

ကျွန်ုပ်သည် ဟောင်ကောင်မြို့သို့ရောက်၍ တရုပ်မိတ်ဆွေတစ်ယောက်နှင့်တွေ့လေသောအခါ အရက်ဂယ်မည့်အကြောင်းကို ပြောပြလိုက်သည်။ ထိုအခါ တရုပ်မိတ်ဆွေက ""အရက်ဂယ်ရင် ဟောင်ကောင် မြို့ပေါ်မှာမဂယ်နဲ့၊ ဈေးကြီးတယ်၊ အခွန်မကောက်ရသေးတဲ့ အစိုးရဂိုထောင်ထဲကဟာကိုဂယ်""ဟူ၍ ပြောကြားပြီး သူကိုယ်တိုင် အရက်ရောင်းသူများနှင့် လိုက်ဆက်သွယ်ပေးသည်။

ဤတရုပ်မိတ်ဆွေ၏ကျေးဇူးကြောင့်ပင် အရက်တစ်ပုလင်းလျှင် ငွေငါးကျပ်ခန့် သက်သာလေသည်။ ကျွန်ုပ် ဟက်နက်စတီဘရန်ဒီအရက်များဂယ်၍ ဗမာပြည်သို့ပြန်လာချိန်တွင်မူ နိုင်ငံခြားအရက်လိုင်စင်ရထားသော တရုပ်တစ်ယောက်ကလည်း ဟက်နက်စတီကို စက်ာပူမြို့ရှိ သူ့ကိုယ်စားလှယ်ထံသို့ အမြန်မှာကြားလိုက် လေသည်။

ရန်ကုန်မြို့ ဆိပ်ကမ်းသို့ရောက်လေသောအခါ ဤတရုပ်အရက်ကုန်သည် မှာကြားထားသောအရက်နှင့် ကျွန်ုပ်ဂယ်ယူလာသောအရက်သည် တစ်ပြိုင်တည်းရောက်လေတော့သည်။ တစ်ခုသာ ကွာခြားနေလေသည်။ အရက်အမျိုးအစားချင်းက တူညီသော်လည်း ဂယ်ယူလာခဲ့သောဈေးချင်း

ကွာခြားနေလေသည်။ ကျွန်ုပ်ဝယ် ယူလာခဲ့သော အရက်တစ်သေတ္တာလျှင် မြန်မာငွေ ငါးဆယ်၊ ခြောက်ဆယ်ခန့် ကွာခြားနေသည်ကို တွေ့ရ၏။

ဤသို့ ပစ္စည်းများဈေးနည်းပါးနေ၍ အကောက်တော်ဌာနက ကျွန်ုပ်အပေါ် သိပ်ပြီး သင်္ကာမကင်း ဖြစ်နေလေသည်။ ကျွန်ုပ်ကိုခေါ်၍မေးသည်။ အမှန်အတိုင်းဖွင့်ဆို၍ ကျွန်ုပ်ကပြောလေသည်။ သို့သော် သူတို့ကမယုံကြည်ကြပေ။ ထို့ကြောင့် ဟောင်ကောင်မြို့သို့တဖန် သံကြိုးရိုက်ပြီး အရက်ဈေးမေးရလေသည်။

ယင်းကြောင့် အကောက်တော်ဌာနက ကျွန်ုပ်အပေါ် မည်သို့မျှအပြစ်ရှာ၍မရတော့ပေ။ သူတို့သည် ကျွန်ုပ်ကို စုံစမ်းစစ်ဆေး၍ သဘောကျသွားလေသည်။ ပြီးနောက်တဖန် ကျွန်ုပ်နှင့်ယှဉ်ပြိုင်ဘက် တရုပ် အရက်ကုန်သည်ကိုလည်း အကောက်တော်ဌာနက စစ်ဆေးပြန်သည်။ သူသည်လည်း အကောက်တော်ဌာန ကျေနပ်လောက်အောင်ပြောတတ်သောကြောင့် တော်ပေသေးသည်။ သို့မဟုတ်ပါက ဤတရုပ်အမျိုးသား အတွက်လည်း တစ်ခက်ဖြစ်နေလိမ့်မည်။

နောက်ဆုံးတွင် အရက်သေတ္တာများကိုဖွင့်၍ကြည့်လေသောအခါ သူက စင်္ကာပူမြို့မှ ဝယ်ယူလာခဲ့သော အရက်များဖြစ်နေသည်။ ပြီးတဖန် ""ယစ်မျိုးခွန်""တံဆိပ်ကပ်ထားသည်ကိုလည်း တွေ့ရသည်။ ကျွန်ုပ် ဟောင်ကောင်မြို့မှဝယ်ယူလာသော အရက်များကား ""ယစ်မျိုးခွန်""မပါရှိသေးပေ။ ထို့ကြောင့်သာပင် ကျွန်ုပ်ဝယ်ယူလာခဲ့သောအရက်များသည် ဈေးသက်သာနေခဲ့လေသည်။

ဤကား ကျွန်ုပ်ကုန်သည်ဘဝသို့ရောက်လေသော ပထမတွေ့ရသည့် အတွေ့အကြုံပင် ဖြစ်လေသည်။ ကုန်သည်လုပ်လိုသောသူသည် တစ်ဘက်တည်း၌ထူးချွန်၍မရ။ ပါးနပ်မှု၊ ဗဟုသုတရှိမှု၊ ကြိုတင်တွေးဆမှုများ ရှိရပေမည်။ ဤအချိန်အခါက ကျွန်ုပ်သည် လိမ္မာပါးနပ်၍ ဗဟုသုတရှိမှုကြောင့် လူပေါ်လူဇော်လုပ်နိုင်ခဲ့ပြီး "တော်"ခဲ့သော်လည်း ကျွန်ုပ်မသိနားမလည်မှုကြောင့် "ရှော်"ခဲ့ရသည်အဖြစ်ကလည်း ရေးပြပါဦးမည်။

၁၉၅၂-ခုနှစ်တွင် နိုင်ငံတော်အစိုးရက ကြေညာသည်။ ဆိုင်တိုင်းတွင် ဘောက်ချာပေါ်၌ ငွေတစ်ဆယ်ကို တစ်ကျပ်နှစ်ဆယ့်ငါးပြား ရောင်းခွန်တော် ကောက်ရန်မလိုပေ။ နိုင်ငံခြားမှ ကုန်သွင်းသည့် အခါ၌ အကောက်တော်ဌာနမှ အခွန်တော်နှင့် အရောင်းအဝယ်ခွန်ကို တစ်ပါတည်းတွဲပြီး ကောက်ခံမည်ဟူ၍ ဖြစ်သည်။

ထို့ကြောင့်လည်း ကျွန်ုပ်၏လက်တွင်းဝယ်ရှိနေသော လက်ကျန်အရက်များကို (ငွေတစ်ဆယ်ဖိုး ရောင်းရလေတိုင်း တစ်ကျပ်နှစ်ဆယ့်ငါးပြား အခွန်တော်ငွေကိုထည့်၍မရေးသားပဲ) ဘောက်ချာဖွင့်၍ ရောင်းလေတော့သည်။ ကျွန်ုပ်သည် ဈေးကိုလည်းတင်၍မရောင်း၊ သူများရောင်းသည့်ဈေးဖြင့်သာ ရောင်းလေ၏။ တခြားဆိုင်များတွင်လည်း ကျွန်ုပ်ကဲ့သို့ပင် ရောင်းဝယ်နေကြသည်ကိုလည်း တွေ့မြင်ရလေသည်။

၁၉၅၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈-ရက်နေ့စွဲဖြင့် အရောင်းအဝယ်ခွန်ဌာနမှ ချလန်တစ်စောင်ရောက် ရှိလာလေသည်။ ဤချလန်ထဲတွင် ၁၉၅၁-၅၂ခုနှစ်က ကျွန်ုပ်ရောင်းမိသောအရက်များအတွက် ကုန်သွယ် လုပ်ငန်းအရောင်းအဝယ်ခွန် သုံးသောင်းတစ်ထောင်ခုနစ်ကျပ်နှင့် ကိုးဆယ့်လေးပြား (၃၁၀၀၇-ကျပ်၊ ၉၄-ပြား)ကို တစ်လအတွင်း ပေးသွင်းရမည်ဟုပါရှိလေသည်။

ကျွန်ုပ်အဖို့တွင်ကား ရင်ဘတ်ကွဲလေတော့ပြီ။

ထိုအချိန်ကလည်း ကျွန်ုပ်သည် ငွေအလွန်ကြပ်တည်းနေချိန်ဖြစ်သည်။ ကျွန်ုပ်၏ လုပ်ငန်းဆောင်တာ များကလည်း သိပ်မကောင်းလှပေ။ အစစအရာရာအခြေအနေသည် ယုတ်လျော့ကျဆင်းနေချိန်ဖြစ်သည်။ ဤအတွက်ကြောင့်လည်း ကျွန်ုပ်အဖို့ ဦးခေါင်းမီးတောက်လုမတတ် စဉ်းစားရကျပ်နေမိသည်။

အမှန်အတိုင်း မရှက်မကြောက်ပဲဝန်ခံရလျှင် ကုန်သွယ်လုပ်ငန်းဌာနသို့ပေးဆောင်စရာရှိသော ငွေများကို ကျွန်ုပ်သည် တစ်လုံးတစ်ခဲတစ်ပါတည်းပေးအပ်စရာမရှိပေ။ ယင်းကြောင့်လည်း ကျွန်ုပ်တတ်နိုင်သလောက် ငွေများသွား၍ ပေးသွင်းရတော့သည်။ ကျန်နေသေးသောငွေများကိုလည်း ခေတ္တခဏဆိုင်းငံ့ပါရန်လည်း မေတ္တာရပ်ခံကာ အသနားခံထားရလေသည်။

၁၉၅၇-ခုနှစ်တွင်မူကား ကုန်သွယ်ရောင်းဝယ်ရေးဌာနက မဆိုင်းတော့ပေ။ ပေးအပ်စရာရှိသော ငွေများကို အခွန်တော်ငွေများကိုလည်း ပေးအပ်ရမည်။ သို့တည်းမဟုတ်ပါလေက တရားဥပဒေအရအရေးယူ တော့မည်ဟု စာရောက်ရှိလာ၏။ ထိုအချိန်တွင် ကျွန်ုပ်ဆိုင်၏အခြေအနေသာ ပြုတ်ပြုတ်ပြုန်းတော့မည့် အခြေအနေသို့ဆိုက်နေတော့သည်။

သည်တွင် ကျွန်ုပ်၏မိတ်ဆွေကောင်းတစ်ဦးဖြစ်သူ ဗွီစီးကရက်သူဌေး မစ္စတာကျန်ကီအင်ထံမှ ငွေလေးသောင်းကိုယူ၍ အခွန်တော်ပေးဆောင်စရာရှိသည်များကိုပေး၊ ကျန်ရှိသောငွေကြေးအနည်းငယ်ဖြင့် ယိုင်၍နေသော ကျွန်ုပ်ဆိုင်လုပ်ငန်းကို တဖန်ပြန်၍ထူထောင်ရန်ကြိုးစားရပါတော့သည်။

၁၉၄၇-ခုနှစ်မှ၊ ၁၉၅၇-ခုနှစ် ဤဆယ်နှစ်ဆယ်မိုးတည်းဟူသောအချိန်ကာလသည် ရွှေမိုးငွေမိုး ရွာသောနှစ်ဖြစ်သည်ဟု စီးပွားရေးလောကတွင် ပြောစမတ်ပြုနေကြသည်။ ထိုသမယပိုင်းသည် မည်သို့သော အကြောင်းကံဖန်လာ၍လောမသိ။ ကျွန်ုပ်အဖို့စီးပွားရေးပျက်ကပ်ဆိုက်နေချိန်ဖြစ်လေသည်။

၁၉၅၀-ခုနှစ်၊ စက်တင်ဘာလ ၂၅-ရက်နေ့တွင် သုံးသောင်းရှစ်ထောင် (၃၈၀၀၀-ကျပ်)ဖိုး နိုင်ငံခြား အရက်လိုင်စင်တစ်ခု ရရှိသည်။

၁၉၅၉-ခုနှစ်၊ ဇူလိုင်လ ၂၄-ရက်နေ့၌ သုံးသောင်း(၃၀၀၀၀-ကျပ်)ဖိုး လိုင်စင်တစ်ခုရရှိသည်။

၁၉၆၀-ခုနှစ်၊ နိုင်ဂင်ဘာလ ၂၆-ရက်နေ့တွင် နှစ်သောင်းငါးထောင်(၂၅၀၀၀-ကျပ်)ဖိုး လိုင်စင်တစ်ခု ထပ်ရပြန်သည်။

ထိုစဉ်အခါက တန်ဖိုးငွေတစ်ရာရှိသော ဂီစကီအရက်ကို အစိုးရက ငွေငါးရာအကောက်ယူနေ လေသည်။ အရောင်းအဂယ်ခွန်က ဆယ့်ငါးကျပ်၊ ထို့အပြင် လိုင်စင်ခဆိုပြီး ငါးကျပ်ပေးရသေးသည်။

ဂီစကီထက် ဘရန်ဒီကပို၍ဆိုးလေသည်။ ငွေတစ်ရာတန်ဖိုးရှိသော ဘရန်ဒီကို ခန့်မှန်းခြေ ခြောက်ရာနီးပါးအခွန်ပေးဆောင်ရသည်။ ဤသို့သာ အစိုးရက အကောက်တော်ကိုနင့်နေအောင်ယူသော်လည်း အရောင်းအဂယ်ကားမကောင်း၊ အရောင်းရကလည်း ထိုင်းနေလေသည်။

ထိုအချိန်က နိုင်ငံခြားအရက်လိုင်စစ်ရရှိထားသူများကလည်း အတော်များပြားနေလေ၏။ တစ်ပြည်လုံးတွင်ရှိသောနိုင်ငံခြားအရက်များသည် လိုအပ်သည်ထက်ပို၍နေလေ၏။ အခွန်တော်ကလည်း လွန်စွာမှကြီးမြင့်နေသည်။ နိုင်ငံခြားအရက်များသည် အခွန်ကြီး၍ ဈေးကလည်းခေါင်ခိုက်နေ၏။ ထိုအထဲ အရက်သောက်သုံးသူလူဦးရေကလည်း နည်းပါးနေသည်။

ဤအထဲ အရက်များကို ဗိုလ်တစ်ထောင်အစိုးရဂိုဒေါင်ထဲတွင်ထားကြရသည်။ သို့ကလိုမထားပြန် လျှင်လည်းမဖြစ်ပေ။ ဂိုဒေါင်ခကုန်ကျသည်။ သို့သော် မည်သို့မှမတတ်နိုင်ပေ။ ကိုယ့်ပစ္စည်းနိုင်ငံခြားမှ မှာယူ၍ ရောက်ရှိနေသော်လည်း အားလုံးထုတ်ယူလောက်အောင် အခွန်တော်ပေးဆောင်စရာက အဆင့်သင့် မရှိသေးပေ။ ထို့ကြောင့် အရက်ဆယ်သေတ္တာကိုအခွန်ဆောင်ပြီးထုတ်၍ယူ၊ ပြီးနောက်ဖေါက်ရောင်း၊ ကုန်ပြန်လေလျှင် နောက်ထပ်တစ်ဖန်သွားထုတ်ကာ အလုပ်လုပ်ဆောင်နေရလေသည်။

ထိုသို့ အစိုးရဂိုထောင်ထဲမှ အရက်ကိုထုတ်ယူပြီးရောင်း။ နောက်ထပ်နိုင်ငံခြားမှရောက်ရှိလာသော အရက်များကို အစိုးရဂိုထောင်ထဲတစ်ဖန်ပြန်သွင်းလိုက်နှင့် သံသရာလည်နေလေသည်။

ကျွန်ုပ်သည် အစိုးရဂိုထောင်ထဲ၌ထားရှိသောအရက်များကို သိပ်စိတ်မချလှပေ။ စိတ်မချသည်မှာလည်း အကြောင်းရှိသည်။ ၁၉၅၀-ခုနှစ်တွင် ဦးသံဒိုင်၏နိုင်ငံခြားအရက်သေတ္တာများ အထားအသိုမတတ်မှုကြောင့် သေတ္တာများခြကိုက်ကာ နစ်နာဆုံးရှုံးခဲ့ဖူးသည်မှာ ကိုယ်တွေ့ဖြစ်သည်။ ထို့ကြောင့် သတိကြီးစွာထားနေရသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ဤသို့ဖြစ်မည်ကိုလွန်စွာမှစိုးရိမ်မိသည်။ ထို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် အစိုးရဂိုထောင်သို့ မကြာခဏသွားရောက်ကာ ကြည့်ရှုစစ်ရလေသည်။

၁၉၆၁-ခုနှစ်၊ ဇူလိုင်လဆန်းတွင် ကျွန်ုပ်ကိုယ်တိုင် ဗိုလ်တထောင်ရှိ အစိုးရဂိုဒေါင်တွင်းသို့ သွားရောက်ကြည့်ရှုလေသည်။ ကျွန်ုပ်၏အရက်သေတ္တာများကို သည့်အရင်က ထားနေကျနေရာတွင် မတွေ့မြင်ရပေ။ ဂိုဒေါင်းတွင်း၌ပင် အခြားတစ်နေရာစီသို့ပြောင်းရွှေ့ထားသည်ကို တွေ့မြင်ရပေသည်။ ထားရှိသောနေရာက

စိုထိုင်းနေ၍ အရက်သေတ္တာကသစ်သားသည်လည်း အကောင်းစားမဟုတ်ပေ။ ခြအလွန်ကြိုက်သော သစ်သားပွမျိုးဖြစ်လေသည်။ ပြီးနောက်ထားရှိရမည့်နေရကလည်း ကြာမည်ဖြစ်၍ ကျွန်ုပ်သည် ခြကိုက်မည်ကိုစိုးရိမ်ကြောင်းကို ဂိုဒေါင်စောင့်သောအလုပ်သမားတို့အားပြောပြသောအခါ ""သူကခြစားမှာကြောက်ရင် ခြသတ်တဲ့ ဒီ-ဒီ-တီ (D.D.T) ဆေးမှုန့်ဖြူးထားပေ့ါ""ဟူ၍ပြောသည်။ ထိုအခါ ကျွန်ုပ်က ခြသတ်သော ဒီ-ဒီ-တီ (D.D.T) ဆေးမှုန့်များကို အရက်သေတ္တာပေါ်သို့ ဖြူးထားပါရန်မှာကြားပြီး စိတ်ချလက်ချနှင့် နေထိုင်လာခဲ့လေသည်။

နောက်များမကြာမီ ဩဂုတ်လ ၂၀-ရက်နေ့တွင် အရက်သေတ္တာဆယ်လုံးကို အခွန်ငွေထမ်းဆောင်ပြီး ထုတ်ယူလာခဲ့သည်။ အရက်သေတ္တာများကိုဖွင့်၍ကြည့်လေသောအခါ ဘီဟိုက်(ဗ်)ဘရန်ဒီပုလင်းပေါ်၌ပတ်ထားသောခဲပတ်တွင် ဆားများပေါက်နေပြီးစားထားသည်ကိုတွေ့ရလေသည်။ တချို့အဖုံးဖြစ်သောဖေ့ါများ ပင်လျှင်ပျက်စီးပြီး၊ လေပေါက်ဝင်ကာ အရက်တစ်ပုလင်းလျှင် ၄-ပုံတစ်ပုံ၊ ၅-ပုံတစ်ပုံလျော့နေသည်ကို တွေ့မြင်ရသည်။

## ထိုအခါကျွန်ုပ်အဖို့ရင်ကျိုးရပြန်ပြီ

အစိုးရဂိုဒေါင်ထဲတွင်ရှိသော ကျွန်ုပ်၏အရက်များသည် တန်ဖိုးငွေ ၅၀၀၀၀၊ ၆၀၀၀၀-ဖိုး ရှိလေသည်။ ဤအရက်များအတွက် ပေးဆောင်ရမည့်အခွန်ငွေများကလည်း မနည်းလှ၊ အောက်ဖေါ်ပြပါအတိုင်းဖြစ်လေသည်။

အကောက်တော်ခွန်။ ။ ငွေ ၂, ၀၃၅၃၂ ကျပ်၊ ပြား ၂၀။

(နှစ်သိန်း သုံးထောင့် ငါးရာ သုံးဆယ့်နှစ်ကျပ် ပြားနှစ်ဆယ်)

အရောင်းအဝယ်ခွန်။ ။ ငွေ ၃၆၁၃၄၆ကျပ်

(သုံးသောင်း ခြောက်ထောင့် တစ်ရာ လေးဆယ့်ခြောက်ကျပ်)

ဤနှစ်ရပ်ပေါင်းကား။ ။ ၂,၃၉၆၇၈ ကျပ်၊ ပြား ၂၀-ဖြစ်၏။

ယင်းဒုက္ခကမသေးငယ်လှပေ။ အစိုးရဂိုထောင်ထဲတွင် ထိုအတိုင်းသာ အရက်များထားရှိပါလျှင်မူ၊ ကျွန်ုပ်ငွေအရင်း ၅၀၀၀၀၊ ၆၀၀၀၀-သည်လည်း ဆုံးရှုံးနစ်နာပေမည်။ သိန်းနှင့်ချီ၍နေသော အခွန်တော် ငွေများကလည်း အကြွေးတင်နေမည်။ ကျွန်ုပ်ပိုင်သောဆိုင် ရောင်းပြီးပေး။ လူထောင်ကျခံသည့်တိုင်အောင် ပြဿနာကပြီးဆုံးသွားမည်မဟုတ်ပါပေ။ ဤဒုက္ခပြဿနာအဖြာဖြာကို ဖြေရှင်းရန်နည်းလမ်းကို ရှာဖွေရပြန်သည်။

တရုပ်ပြည်ဘဏ် (ယခုပြည်သူ့ဘဏ်အမှတ် ၁၂)မှ မန်နေဂျာ(Y.F,Wu) နှင့် သိကျွမ်းခဲ့သည်မှာ နှစ်အတော် ကြာခဲ့ပြီဖြစ်၏။ သူ၏လက်ထောက် ကိုအင်နားနှင့်လည်း သိကျွမ်းထားလေသည်။ ကျွန်ုပ်သည် ကြုံတွေ့နေရသော ဒုက္ခအဖုံဖုံကို သူတို့အားပြောပြကာ အကူအညီတောင်းသည်။ ပြီးနောက်တွင်ကား ကျွန်ုပ်ပိုင်အရက်များကို အပေါင်ထား၍ (တစ်နှစ်လျှင် ငွေတစ်သိန်းကို ငွေ ၇၀၀၀-ကျပ် အတိုးပေးပါမည်)ဟု ကတိစာချုပ်ချုပ်ဆိုထားသည်။ ဘဏ်မှယူထားသောငွေများကိုလည်း အရက်ရောင်းချ၍ လစဉ်ပေးသွင်းပါမည်။ ယင်းသို့ပေးသွင်း၍ ပေးရမည့်အတိုးငွေများ လျော့နည်းသွားမည်ကိုလည်း ဘဏ်ကလက်ခံလိုက်လေသည်။ အခွန်ပေးစရာရှိသောငွေမှာ ၂,၃၉၆၇၈-ကျပ်၊ ပြား ၂၀၊ (နှစ်သိန်း သုံးသောင်း ကိုးထောင့် ခြောက်ရာ ခုနစ်ဆယ့်ရှစ်ကျပ်နှင့် ပြားနှစ်ဆယ်)ကို ဘဏ်အုပ်ချုပ်သူများက အော်ဒါချက်တစ်စောင်ရေးပေးလိုက်ပြီး အကောက်တော်ဌာနမှ သက်ဆိုင်ရာလူကြီးမင်းကို ၁၉၆၁-ခုနှစ်၊ ဩဂုတ်လ ၃၁-ရက်နေ့တွင်သွားပေး လိုက်သည်။ ဤသို့ ဘဏ်တိုက်မှငွေများကို ကျွန်ုပ်ကိုယ်တိုင် အပေါင်နှင့်ချေးသည်မှန်သော်လည်း တစ်ပြား တစ်ချပ်မှ မကိုင်လိုက်ရပေ။

သည့်နောက်ပိုင်းတွင်မူ အစိုးရဂိုထောင်ထဲမှ ကျွန်ုပ်၏အရက်သေတ္တာများထုတ်ယူကာ တရုပ်ပြည် ဘဏ်ပိုင် အမှတ် ၁၅၉၊ ၃၉-လမ်းရှိ ဂိုဒေါင်တစ်ခုမှတစ်ခုပြောင်းရွှေ့သောအခါ အချို့အရက်သေတ္တာများသည် အရက်များယိုထွက်နေပြီး ပျက်စီးနေသည်ကို တွေ့မြင်ရသည်။ ဤပျက်စီးသောအရက်သေတ္တာများကို နဘေး၌ ဖယ်ထားရသည်။ ကောင်းသောအရက်သေတ္တာများကိုသာ ဂိုထောင်ထဲ၌ထားရလေသည်။

အရက်များအပြင်သို့ယိုထွက်နေသော သေတ္တာများကိုဖွင့်၍ကြည့်လိုက်သောအခါ ကျွန်ုပ်အတော်ပင် စိတ်ပျက်သွားမိသည်။ အရက်ပုလင်းများသည် ၄ပုံ၁ပုံ လျော့နည်းနေသည်။ တချို့ ၃ပုံ ၁ပုံလျော့နည်းနေသည် လည်းရှိသည်။ ယခင် ၁၉၅၁-ခုနှစ်က ဦးသံဒိုင်၏အရက်များကဲ့သို့ ဖြစ်ပျက်နေသည်ကိုတွေ့ရ၏။ သည်အရက်များကို လျှော့ဈေးဖြင့်ရောင်းရလေသည်။ တချို့ သိကျွမ်းသော ဟော်တယ်ဆိုင်များကိုလည်း အကြွေးပေးကာ တဖြေးဖြေးခြင်းရောင်းရလေတော့သည်။

၁၉၆၃-ခုနှစ်၊ ဖေဖော်ဂါရီလ ၂၃-ရက်နေ့တွင်ကား ဗမာပြည်ရှိ ဘဏ်တိုက်များ၏အခြေအနေသည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားပေတော့သည်။ ရှိရှိသမျှသောဘဏ်များကို ပြည်သူပိုင်သိမ်းလိုက်တော့သည်။ တရုပ်ပြည်ဘဏ်သည်လည်း ပြည်သူ့ဘဏ်အမှတ် ၁၂-ဖြစ်သွားတော့သည်။ ဤသို့ ပြည်သူ့ဘဏ်တိုက်များ ဖြစ်သွားလေရာ ဖေဖော်ဂါရီလ ၂၆-ရက်နေ့၌ ကျွန်ုပ်သည် ပြည်သူ့ဘဏ် ၁၂-သို့သွားသည်။ ဘဏ်တိုက်၌ ကိုအင်နားနှင့်တွေ့၍ ကျွန်ုပ်က ..

""ကျွန်တော် အပေါင်နဲ့ ငွေချေးယူထားတဲ့ကိစ္စ ဘယ်လိုလုပ်ရမလဲ""ဟူ၍မေးသည်။ ဤအခါတွင် သူကပြောသည်မှာ..

""ခင်ဗျားဆီမှာ များများစားစားကျန်တော့တာမှမဟုတ်ပဲ။ ငွေ ၅၀၀၀-ကျန်တာကို အမြန်လာပြီးဆပ်ပါ။ ဒါမှ ကျုပ်ခေါင်းပေါ်သယ်ပိုးထားရတဲ့ ဝန်ပစ္စည်းတစ်ခုလျော့သွားမှာပဲ""ဟူ၍ဆိုလေသည်။

ထိုအခါ ကျွန်ုပ်သည် ငွေ ၅၀၀၀၊ (ငါးထောင်)ကို အမြန်ရှာဖွေကာ၊ ၁၉၆၃-ခုနှစ်၊ ဖေဖော်ဝါရီ ၂၇-ရက်တွင် ပေးဆပ်လိုက်လေသည်။ ယခုအခါတွင် ကိုယ်အင်နားအဖို့ တာဝန်တစ်ခုအေးငြိမ်းသွားပြီ ဖြစ်၏။ ကျွန်ုပ်အဖို့လည်း တရုပ်ပြည်ဘဏ်(ယခုပြည်သူ့ဘဏ်အမှတ် ၁၂)သို့ ပေးအပ်စရာငွေကြေးများ တစ်ပြားတစ်ချပ်မှမရှိတော့ပေ။

ဖြတ်သန်းကျော်လွန်လာခဲ့ရသော ကျွန်ုပ်ဒုက္ခခရီးစဉ်ကို သတ္တုချ၍ အရှုံးအမြတ်တွက်ကိန်းချလိုက် ပါလေသော် ...

ဘဏ်သို့ပေးအပ်သော အတိုးငွေ၊ ဘဏ်ဂိုဒေါင်ခ၊ မီးပေါင်ထားခ၊ စုစုပေါင်း ၁၀၅၃၂ကျပ်၊ ၂၉ ပြား (တစ်သောင်းငါးရာသုံးဆယ့်နှစ်ကျပ်၊ နှစ်ဆယ့်ကိုးပြား)။


လျှော့ဈေးဖြင့်ရောင်းရသော အရက်ငွေများမှာ ၁၅၀၀၀ (တစ်သောင်းငါးထောင်ကျပ်)။

၁၉၅၅-ခုနှစ်က ဘောက်ချာများပေါ်တွင် အရောင်းအဝယ်ခွန်ထည့်မရေးမိ၍ ကိုယ့်အိတ်ထဲမှ စိုက်ထုတ်ပြီးပေးလိုက်ရသောငွေ ၃၁၀၀၇၊ ၉၄ပြား (သုံးသောင်းတစ်ထောင့်ခုနစ်ကျပ်၊ ကိုးဆယ့်လေးပြား)။

အားလုံးစုစုပေါင်း ၅၆၅၄၀-ကျပ်၊ ၂၃ပြား (ငါးသောင်းခြောက်ထောင့်ငါးရာလေးဆယ်ကျပ်နှင့် နှစ်ဆယ့်သုံးပြား)အရှုံးပေါ်ခဲ့ပေသည်။

ကျွန်ုပ်အဖို့ အမြတ်လိုချင်မှုကြောင့် စီးပွားရေးလောကထဲဝင်ခဲ့၏။ သို့သော် မအောင်မြင်ခဲ့ပေ။

ရှင်တော်ဗုဒ္ဓက ""ကံ၊ ဉာဏ်၊ ဝီရိယ"" အကြောင်းသုံးပါးညီညွတ်လေမှ အလုပ်တစ်ခု ဖြစ်ထွန်း အောင်မြင်နိုင်သည်ဟု အမိန့်ရှိသည်။ ကျွန်ုပ်အဖို့တွင်ကား ဉာဏ်ရှေ့ပြေးပြီး၊ ဝီရိယနောက်ကလိုက်ခဲ့သော်လည်း ကံမရှိလေသောကြောင့်သာ နစ်နာဆုံးရှုံးခဲ့ရသည်ဟု ကိုယ့်စိတ်ကို နှစ်သိမ့်ခဲ့ရပါတော့သည်တကား။




အရောင်းအဝယ်ဌာနနှင့် ဘဏ်တိုက်မှ ငွေချေသော ဆက်မှတ်များ။

++++++++++++++++++

# ဗိုလ်ချုပ်ကြီးနေဝင်းကိုဟောကိန်းထုတ်ခဲ့စဉ်

၁၉၅၁-ခုနှစ် မတ်လ ၉-ရက် နံနက်ပိုင်းတွင် ကျွန်ုပ်သည် ဒေါ်အေးခင်နေအိမ်သို့သွားပြီး၊ မင်္ဂလာဒုံ စစ်ဆေးရုံကိစ္စများကို တိုင်ပင်ဆွေးနွေးသည်။ ပြီးနောက် စကားဆက်၍ ထွေရာလေးပါးပြောကြား နေရာမှ ""ဒီနေ့ နေ့လယ် ၁-နာရီမှာ မင်္ဂလာဒုံလေဆိပ်ကို ဗိုလ်ချုပ်ကြီးနေဝင်းက သူ့သားမောင်ငွေစိုးကို အိန္ဒိယကို ပညာတော်သင်လွှတ်ဖို့ သွားကြလိမ့်မယ်""ဟူ၍ပြောလေသည်။

အမှန်တော့လည်း ဦးထွန်းဦး၏ဇနီးဒေါ်အေးခင်နှင့် ဗိုလ်ချုပ်ကြီးနေဝင်းသည် မောင်နှမကဲ့သို့ ချစ်ခင်ရင်းနှီးသူများဖြစ်ကြသည်။ ပြီးနောက်တဖန် ဒေါ်အေးခင်နှင့်ကျွန်ုပ်တို့သည်လည်း တပ်ပေါင်းစု အမျိုးသမီးချီးမြှင့်ရေးအဖွဲ့တွင် အတူတူလုပ်ဖေါ်ကိုင်ဘက်များဖြစ်ကြသည်။

ကျွန်ုပ်သည်လည်း မတွေ့ရသည်မှာကြာပြီဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တွေ့မြင်လိုပေသည်။ ထူးထူးထွေထွေအကြောင်းကား မရှိပါပေ။ ထို့ကြောင့် ကျွန်ုပ်သည် မင်္ဂလာဒုံလေဆိပ်တွင် ဗိုလ်ချုပ်ကြီး နေဝင်း၊ ကိုယ်ရံတော်ဗိုလ်ကြီးအေးကျော်၊ ဗိုလ်ချုပ်ကြီး၏သား မောင်ငွေစိုး၊ ပြီးနောက် ဦးထွန်းဦး၊ ဒေါ်အေးခင်တို့နှင့်တွေ့ကြလေသည်။ ဗိုလ်ချုပ်ကြီးနေဝင်းကား ကျွန်ုပ်ကို တွေ့လျှင်တွေ့ခြင်းနှုတ်ဆက်သည်။ အမှန်တော့လည်း ဗိုလ်ချုပ်ကြီးနေဝင်းသည် မာနမကြီးတတ်ပေ။ သူနှင့်သိကျွမ်းခင်မင်သူတိုင်းကို တွေ့လေတိုင်း သူကပင်ဦးစွာနှုတ်ဆက်တတ်လေသည်။

သည့်နောက်တွင်ကား ကျွန်ုပ်တို့လူစုသည် ရင်းရင်းနှီးနှီးစကားပြောကြသည်။ လေယာဉ်ပျံစောင့်နေ သောအချိန်မှာစောသေး၍ မင်္ဂလာဒုံလေဆိပ်၌ပင် ထမင်းစားသောက်ကြလေသည်။ ကျွန်ုပ်တို့တတွေ ထမင်းစားပြီးချိန်တွင် တရုပ်ပြည်ကောင်စစ်ဝန် T.W, Ma လူသိုက်လည်းလာကြသည်။ သူတို့တတွေနှင့်လည်း ဗိုလ်ချုပ်သည် ရင်းရင်းနှီးနှီးစကားပြောသည်။ ဤအထဲ အိန္ဒိယအမျိုးသားနှစ်ဦးကလည်း လာရောက်၍ ဗိုလ်ချုပ်ကြီးနှင့်စကားပြောနေသေးသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ စကားပြောဆိုဆက်ဆံသောဟန်၊ လှုပ်ရှားမှုအသွင်သဏ္ဍာန်ကို ကျွန်ုပ်သည် တရုပ် အင်္ဂရုပ်ကြည့်သောပညာကိုတတ်ကျွမ်းထားသူပီပီ အကဲခတ်နေမိသည်။ ကျွန်ုပ်နည်းတူ တရုပ်ကောင်စစ်ဝန် T.W, Ma သည်လည်း တရုပ် အင်္ဂရုပ်ကြည့်ပညာကို ကောင်းစွာတတ်ကျွမ်းထားသူ တစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း သူသည် ကျွန်ုပ်နည်းတူအကဲခတ်ကြည့်နေလေသည်။

တခဏအတွင်း တရုပ်ကောင်စစ်ဝန် T.W,Ma သည်ကျွန်ုပ်အား တရုပ်စကားဖြင့်ပြောသည်။ သူပြောသည်မှာ ...

""အရပ်ကတောင့်တောင့်၊ လူကလည်းဖြောင့်ဖြောင့်ခိုင်ခိုင်၊ ပြီးတော့ခြေလှမ်းကြဲကြဲလှမ်းပြီး၊ သွက်လက် ဖျပ်လတ်သူဟာ စစ်သေနာပတိချုပ်ဖြစ်မယ်ဆိုတဲ့ ဥပမိရုပ်အတိုင်း ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ လိုက်ပါပေတယ်"" ဟူ၍ပြော၏။

သူ့စကားကိုကျွန်ုပ်မကျေနပ်သေး။ ထို့ကြောင့် ""ဒီလောက်မကသေးပါဘူး။ နိုင်ငံတကာက လေးစားရမည့် ခေါင်းဆောင်ကြီးတစ်ဦးလည်းဖြစ်နိုင်တယ်""လို့မြင်နေတယ်။

T.W,Ma က အံ့သြသောဟန်အမူအရာဖြင့်

""ဘယ်တော့များဖြစ်မှာလဲ""

ဤအတွက် ပြဿနာပေါ်လေပြီ အရေးကြီးသောစကားတစ်ခုကို ပြောပါလေလျှင် အကြောင်းအကျိုး ဆက်ရှိရပေမည်။ ထိုစဉ်ကဗိုလ်နေဝင်းစီးလာသောကားမှာ ချက်ဗလက်အပြာရောင်ကား နံပါတ်မှာ RC. 891 ကို အမှတ်မထင်သွားမြင်မိသည်။ ဤကားနံပါတ်ကို အတိတ်ယူပြီး..

""နောက် ၈-နှစ်၊ ၉-နှစ်ကြာရင်ဖြစ်မယ်""ဟူ၍ ကျွန်ုပ်ပါးစပ်က လွှတ်ခနဲထွက်သွားလေသည်။

ကျွန်ုပ်တို့နှစ်ဦးပြောသည့် တရုပ်စကားကို ဒေါ်အေးခင်က "ဘာတွေပြောနေကြတာလဲ"ဟူ၍မေးသည်။ ထို့ကြောင့် ကျွန်ုပ်ကလည်း ဗမာစကားနှင့် မပီတပီပြန်၍ ဒေါ်အေးခင်ကို ပြောပြရပါသေးသည်။ ကျွန်ုပ်ပြောသောစကားကို ဗိုလ်ချုပ်ကြီးနေဝင်းကြားလေသော် ဘာမျှပြန်၍မပြော ပြုံးပြီးတော့သာနေလေသည်။

ကျွန်ုပ်သည် ကားအပြာရောင်နှင့် ကားနံပါတ် RC. 891 ကိုမူတည်၍ ဥပမိရုပ်ဖြင့်ပေါင်းစပ်ကာ ကြိုတင်၍ ဗေဒင်ဟောကြားလိုက်ခြင်းဖြစ်သည်။ ရှေ့ဘာတွေဖြစ်ပျက်နိုင်သည်ကိုလည်း ကြိုတင်၍ ခန့်မှန်းနိုင်လေသည်။ အင်္ဂရုပ်လေ့လာမှုပညာကို လေ့လာထားသော ပညာရှင်များသည်လည်း အကဲခတ်မိပေလိမ့်မည်။ ကျွန်ုပ်၏ ဟောကိန်း မှန်မမှန်ကိုကား ၁၉၅၈၊ ၁၉၅၉-ခုနှစ် ဗမာပြည်၏ အခြေအနေဖြစ်ရပ်များ သက်သေခံခဲ့သည် မဟုတ်တုံလော။

++++++++++++++++++

# ရွှေရတုသဘင်

၁၉၅၁-ခုနှစ်၊ ဇန်နဝါရီလ ၃-ရက် ဗုဒ္ဓဟူးနေ့။

ဤနေ့ ဤရက်မတိုင်မီ ဒီဇင်ဘာလတွင် ကျွန်ုပ်သည် ဆွေမျိုးတစ်စုနှင့် တိုင်ပင်ဆွေးနွေးလေသည်။ အကြောင်းအရာကား ကျွန်ုပ်၏မိဘနှစ်ပါး ထိမ်းမြားမင်္ဂလာနှစ်ငါးဆယ်နှစ်မြောက် အထိမ်းအမှတ် ရွှေရတု သဘင်ကျင်းပလို၍ဖြစ်သည်။ ကျွန်ုပ်သည် ယခုအချိန်အထိ ရွှေရတုသဘင်ဖိတ်ကြားလွှာမျိုး တစ်စောင် တစ်လေမျှမရရှိဖူးပေ။ ဤပွဲလမ်းသဘင်မျိုးလည်း တစ်ခါမျှ မတက်ရောက်ဖူးသေးပေ။ ထိုသို့ပြုလုပ်ခြင်းသည် တနည်းအားဖြင့် ထူးထူးခြားခြားဖြစ်သည်ဟုထင်၏။ ကျွန်ုပ်၏ဆန္ဒ အာသီသကို ဆွေမျိုးများနှင့် တိုင်ပင် ဆွေးနွေးကြည့်သောအခါ ကန့်ကွက်သူတစ်ယောက်မျှမရှိပေ။




ဦးစံရှင့် ဦးအောင်ငြိမ်တို့၏ မိဘနှစ်ပါး

ထို့ကြောင့်ကျွန်ုပ်သည် ဖိတ်ကြားလွှာရိုက်ပြီး ရွှေရတုသဘင်အခမ်းအနားပြုလုပ်ရန် စိုင်းပြင်းရ လေသည်။ ဖိတ်ကြားလွှာကို တစ်ပတ်က ကြိုတင်ရိုက်နှိပ်သည်။ ဖိတ်ကြားလွှာမှာ ဖေါ်ပြပါအတိုင်းဖြစ်သည်။



(ဝဲမှယာ) ရန်ကုန် [illegible] ဦးစပ်စု [illegible]



(ဝဲမှယာ) ဦးစပ်စု၊ ဒေါ်စိန်ဦး၊ စပ်စု၊ မြို့မ ကျောင်းဆရာကြီး၊ ဦးဘထွန်း၊

## ရွှေရတုသဘင်

ရန်ကုန်မြို့ ဒါလ်ဟိုဇီလမ်း၊ နံပါတ် ၇၄၆-နေ ဦးစပ်စုနှင့်ဦးအောင်ရီတို့က ၎င်းတို့၏မိဘနှစ်ပါး၏ ထိမ်းမြားမင်္ဂလာ ၅၀-နှစ်ပတ်လည် အထိမ်းအမှတ်ကျင်းပလိုပါ၍ ၁၉၅၁-ခုနှစ်၊ ဇန်နဝါရီလ ၃-ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့လည် ၁၂-နာရီအချိန်တွင် ရန်ကုန်မြို့ ဒါလ်ဟိုဇီလမ်း၊ နံပါတ် ၇၄၆ လန်ထောင်ဟော်တယ်၌ နေ့လည်စာ စားပွဲပြုလုပ်မည်ဖြစ်ပါ၍၊ ကြွရောက်ချီးမြှင့်ပါမည့်အကြောင်း လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ယင်းဖိတ်ကြားလွှာကို မြန်မာ၊ တရုပ်၊ အင်္ဂလိပ်သုံးဘာသာဖြင့် ရိုက်နှိပ်သည်။ ဖိတ်ကြားလွှာတွင် နေ့လယ် ဆယ့်တစ်နာရီဟုဖော်ပြထားသည်။ ဤအချိန်သည်ကား နှစ်ပေါင်း ၅၀-မြောက်သော သမယပင် ဖြစ်၏။ ကျွန်ုပ်သည် ရပ်ဝေးရပ်နီးရှိ ကိုယ့်ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအသင်းများထံသို့ ကိုယ်တိုင်ပင် သွားရောက်၍ဖိတ်ကြားလေသည်။

မိတ်ဆွေတစ်ဦးဖြစ်သူ ဖဆပလဦးကျော်ငြိမ်း၊ ဒေါ်နွဲ့နွဲ့ရီအိမ်သို့ ကျွန်ုပ်ကိုယ်တိုင်သွားရောက်၍ ဖိတ်ကြားလွှာပေးသည်။ ဒေါ်နွဲ့နွဲ့ရီက ကျွန်ုပ်ပေးလိုက်သော ရွှေရတုသဘင်ဖိတ်ကြားလွှာကိုယူ၍ဖတ်လိုက်ပြီး သူ့မောင်တော် ဦးကျော်ငြိမ်းအား ...

""ကိုကို ဒီပွဲတော့သွားရမယ်""ဟူ၍ ပြောသည်။ ထိုအခါဦးကျော်ငြိမ်းက သူ့ဒေါ်နွဲ့နွဲ့ရီထံမှ ဖိတ်ကြားလွှာကိုယူကာ ကြည့်လိုက်ပြီး ..

""ဦးစပ်စုဖိတ်ကြားတာတွေများလှပြီ၊ ဒီပွဲကိုတော့လာခဲ့ပါ့မယ်""

ထိုအခါ ကျွန်ုပ်က

""ကျွန်တော့်မိဘနှစ်ပါးကလည်းပြောတယ်၊ ဒီပွဲကိုလာတဲ့သူတွေလဲ ခုလိုရွှေရတုသဘင်လုပ်နိုင်ကြပါစေ လို့ ဆုတောင်းပါတယ်တဲ့""

ကျွန်ုပ်စကားကြောင့် ဦးကျော်ငြိမ်းတို့ဇနီးမောင်နှံသည် အပြုံးပန်းလိုင်လိုင် ပွင့်နေကြပါပေသည်။ ပြီးနောက်တွင်ကား ကျွန်ုပ်သည် ဆာဦးသွင်၊ ဆာမြဘူး၊ ဆာဘဦး၊ ဦးဘိုးဗျော့ (မြင်းပွဲအသင်းဥက္ကဋ္ဌကြီး)၊ တရားသူကြီးဦးသိန်းမောင်၊ တရားသူကြီးဦးစံမောင်၊ မြို့မကျောင်းဆရာကြီးဦးဘလွင်၊ I.C.S ဦးကျင်၊ တရားဌာနဝန်ကြီး ဦးခင်မောင်လတ်၊ ရန်ကုန်အရေးပိုင် ဦးအောင်ကိန်း၊ တရားသူကြီးဦးကျော်၊ ယူ-ဘီ-အေ ဦးတော၊ တရုပ်အမျိုးသားခေါင်းဆောင်ကြီး ဦးအီခွက်၊ တရုပ်ပြည်သံရုံးကောင်စစ်ဝန်များနှင့် အတိုင်ပင်ခံများ၊ အိန္ဒိယအမျိုးသားထဲမှ လူကြီးလူကောင်းများကို သွားရောက်၍ဖိတ်ကြားခဲ့ပေသည်။

ကျွန်ုပ်ဖိတ်ကြားသူတိုင်းလိုလို ရွှေရတုသဘင်ပွဲသို့ တက်ရောက်သည်ကိုတွေ့ကြရသည်။ အများအားဖြင့် ဇနီးမောင်နှံစုံတွဲလာကြသည်ကများ၏။ ကြွရောက်လာကြသော လူကြီးလူကောင်းများ ကျွန်ုပ်မိဘနှစ်ပါးကို လက်ဆွဲနှုတ်ဆက်ကြသည်။ ပြီးလျှင် ""စိန်ရတုသဘင်ပွဲ ပြုလုပ်နိုင်ပါစေ""ဟူ၍ ဆုမွန်ကောင်းတောင်းကြသည်။ ပေးသောဆုနှင့်လည်း ပြည့်ကြပါစေဟူလည်း ကျွန်ုပ်က ဆန္ဒပြုပါပေ၏။

ကျွန်ုပ်နှင့် ကျွန်ုပ်၏ညီ ဦးအောင်ရီအဖို့၌ကား ကိုယ့်မိဘနှစ်ပါး အနှစ် ၅၀-မြောက် ထိမ်းမြားမင်္ဂလာပွဲ ပြုလုပ်လိုက်ရ၍ စိတ်ထဲတွင်များစွာနှစ်ထောင်းအားရဖြစ်နေမိသည်။

ရွှေရတုသဘင်ပွဲသို့ကြွရောက်လာကြသူများကို "ကောက်တေး"ပါတီဖြင့် ဧည့်ခံကျွေးမွေးလိုက်လေသည်။

ကြုံရခဲ့လေသော ကျွန်ုပ်၏မိဘနှစ်ပါး၏ရွှေရတုပွဲသည်ကား
အောင်မြင်စွာပြီးဆုံးသွားလေသည် တကား။



(ဝဲမှယာ) ဦးစင်နုံနှင့်
ဖ-ဆ-ပ-လ-
ဦးစင်မောင်လတ်

(ဝဲမှယာ)–ဦးစင်ရ
မိဘနှစ်ပါး၊ ဦးစင်ရ၊
စေါ်ဖြူး(B.E.D.C.)
အစုရှိဦးဘရှိန်း ဇနီး။



++++++++++++++++++

# ဗမာ့တပ်မတော်ရန်ပုံငွေပါဂင်ကြပုံ

၁၉၅၁-ခုနှစ်၊ မေလတွင်ဖြစ်သည်။

နေ့ရက်ကိုကား အသေအချာမမှတ်မိတော့ပေ။ သမတအိမ်တော်တွင် ဗမာ့တပ်မတော်ရန်ပုံငွေ ကောက်ခံပွဲတစ်ခုပြုလုပ်သည်။ ရန်ကုန်အရေးပိုင်က ကြီးမှူးကောက်ခံသည်။ ဤရန်ပုံငွေကောက်ခံပွဲသို့ တရုပ်၊ မြန်မာ၊ အိန္ဒိယအမျိုးသားများ တက်ရောက်ကြလေသည်။



(ဝဲမှယာ) ယခုလက်ရှိ တရုပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌချိုစုအင်၊ တန်ကျမ်ဖွ၊ ကျန်ရှုတ်စွန်၊ ဦးစင်ခု၊ စောအိကျိန်း

(ပုံစာတွင် ကျန်စွန်ရှုတ် ဟုပြင်ဖတ်ပါ။)

တရုပ်အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ ကျန်စွန်ရှုတ်၊ သူသည် တရုပ်ကုန်သည်ကြီးများ အသင်း၌ ဒုတိယဥက္ကဋ္ဌဖြစ်သည်။ ဂျပန်ခေတ်တွင်လည်း ကျွန်ုပ်တို့၏ပြန်ပြန်ဟတ်ဘွေအသင်းကြီး၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ဖူးသူလည်းဖြစ်သည်။ ကျန်စွန်ရှုတ်နှင့်ကျွန်ုပ်သည် နှစ်ရှည်လများ ပေါင်းသင်းဆက်ဆံလာကြ၍ သူ၏စိတ်သဘောထားမွန်မြတ်ပုံကို သိရှိနေလေသည်။ သူသည် ငွေကြေးအလွန်လွှယ်သူတစ်ဦးဖြစ်သည်။ အထူးသဖြင့် ငွေမရှိသောဆင်းရဲသားများက အကူအညီတောင်းလျှင် မဆိုင်းတခဏအတွင်း၌ အကူအညီပေးတတ်သည်။ ပြီးနောက်ထပ်တဖန် တရုပ်အမျိုးသားချင်း အကြောင်းကြီးငယ်များရှိလေလျှင်လည်း ပြေလည်အောင်ဖြေရှင်းပေးနိုင်သူတစ်ဦးဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် တရုပ်အမျိုးသားများ၏ ယုံကြည်လေးစားမှုကိုလည်း ခံရသူဖြစ်သည်။ ဘရုတ်သုက္ခ ဂျပန်ခေတ်ဆိုးကြီးဂယ် ဗမာ့တပ်မတော်ကိုလူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် အကူအညီပေးနိုင်ခဲ့ခြင်းများသည် ကျန်စွန်ရှုတ်၏ကျေးဇူးမကင်းခဲ့ပေ။

သူရှိနေခြင်းအတွက်ကြောင့် ကျွန်ုပ်တို့တတွေ ဗမာ့တပ်မတော်ရန်ပုံငွေ ပါဂင်ကူညီရေးတွင် မျက်နှာပန်းလှခဲ့ရသည်။ တရုပ်အမျိုးသားဘက်မှ သူနှင့် သူ့သားကျန်စိန်ပုက်၊ ကျွန်ုပ်တို့တတွေလည်း ဗမာ့တပ်မတော်ရန်ပုံငွေ ပါဂင်ကူညီရန် တက်ရောက်ကြသည်။ ပထမမူလမှာ ကျန်စွန်ရှုတ်နှင့် ကျွန်ုပ်တို့သည် ဂျပန်ခေတ်က လေလံဆွဲသကဲ့သို့ ဗမာ့တပ်မတော်ရန်ပုံငွေကို ထည့်ဂင်ကြရန် စီစဉ်ထားပြီးဖြစ်၏။

သမတအိမ်တော်သို့ ရောက်လေသောအခါ စိန်ဘရားသားဦးထွန်းစိန်နှင့်တွေ့လေသည်။ သူကလည်း ကျွန်ုပ်တို့၏ ဗမာ့တပ်မတော်အပေါ်ထားရှိသော စိတ်စေတနာကိုသိရှိထား၍ ""ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဗမာ့တပ်မတော်အပေါ် နိုင်ငံခြားသားက ငွေပိုပြီးပါဂင်ကူညီတယ်ဆိုတာ လက်မခံနိုင်ဘူး""ဟူ၍ ပြောလေတော့သည်။

ဤသို့ ဗမာ့တပ်မတော်အပေါ် သူ့ထက်ငါသာအောင် ရန်ပုံငွေထည့်ဂင်ခြင်းကြောင့် တရုပ်ဗမာ ချစ်ကြည်ရေးကိုထိခိုက်လာတော့မည့်အရေးအခင်းကိုမြင်လေသည်။ ကျန်စွန်ရှုတ်နှင့်တဖန်ကျွန်ုပ်က တိုင်ပင်ရပြန် လေသည်။ ပြီးနောက်မှ တစ်ဦးတစ်ယောက်ချင်းပါဂင်သည့်အနေဖြင့် ရန်ပုံငွေထည့်ဂင်ကြရသည်။

ကျန်စွန်ရှုတ်၏သားကျန်စိန်ပုက်က မဟာဗန္ဓုလလမ်းရှိ စီပုက်ကုမ္ပဏီအနေဖြင့် ငွေ ၅ဂဂဂ (ငါးထောင်ကျပ်) ပါဂင်ကူညီခဲ့သည်။ ထိုသို့တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ဗမာ့တပ်မတော်ရန်ပုံငွေကို ထည့်ဂင်ကြရပြီး (ဗမာကုန်သည်ကြီးများအသင်း)ကို အနိုင်ပေးလိုက်ရလေသည်။



(ဝဲမှယာ) ဦးဆံခိုင်၊ ဦးစောဘကြီး၊ ဦးစစ်ရ၊

ဂျပန်ခေတ်က ဗမာ့တပ်မတော်ရန်ပုံငွေကို ပါဂင်ကူညီဖူးသည်။ လွတ်လပ်ရေးရရှိပြီးနောက် သုံးနှစ်အကြာတွင် ဤတစ်ကြိမ်သည် ပထမဆုံးအကြိမ် ဗမာ့တပ်မတော်ရန်ပုံငွေထည့်ဂင်ကြခြင်းပင်ဖြစ်သည်။ ဗမာပြည်ရှိတရုပ်အမျိုးသားများသည် ဗမာ့တပ်မတော်အပေါ် မည်ရွေ့မည်မျှ စိတ်စေတနာရှိကြောင်းကို ဤနေရာ၌ ပေါ်လွင်ထင်ရှားပေ၏။

ကျွန်ုပ်နှင့်အတူ ဗမာ့တပ်မတော်ရန်ပုံငွေ ထည့်ဝင်ကူညီခဲ့သော မိတ်ဆွေကြီး တရုပ်ကုန်သည်ကြီးများ အသင်း ဒုတိယဥက္ကဋ္ဌ ကျန်စွန်ရှုတ်နှင့် ဗမာကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ စိန်ဘရားသားဦးထွန်းစိန်တို့ ယခုအခါတွင် လူ့လောက၌မရှိကြတော့ပြီ။ သူတို့၏အမည်နှင့် သူတို့နှင့်ပတ်သက်ခဲ့သော အကြောင်းအရာသာ လူအများမှတ်မိနေလေသည်။

++++++++++++++++++

# ညီညွတ်ရေးထမင်းစားပွဲကြီး

ကျွန်ုပ်သည် အပေါင်းအသင်းကျယ်ပြန့်သူပီပီ ကိုယ့်မိတ်ဆွေများစုစည်း၍ ""အမျိုးသားစည်းလုံး ညီညွတ်ရေးထမင်းစားပွဲကြီး"" တစ်ခုပြုလုပ်လိုသည်မှာ ကြာပြီဖြစ်၏။

၁၉၅၂-ခုနှစ် ဇူလိုင်လ ၈-ရက်နေ့ ညခုနစ်နာရီတွင်ကား ကျွန်ုပ်၏ဆန္ဒအာသီသသည် ဖြစ်မြောက် သွားတော့သည်။ ဤနေ့ ဤအချိန်တွင်ကား ကျွန်ုပ်၏နေအိမ် မဟာဗန္ဓုလလမ်း အမှတ် ၇၄၆-တွင် ထမင်းစားပွဲကြီးတစ်ခုပြုလုပ်၍ ကိုယ့်မိတ်ဆွေများအား ကျွေးမွေးနိုင်ခဲ့ပေသည်။



ရှေ့နှစ်ယောက် ဦးကေဘာကြီး၊ ရခိုင်အမျိုးသားခေါင်းဆောင် ဦးကျော်မင်း၊ (ဝဲမှယာ) မြို့တော်ဝန်ဦးထွန်းတင်၊ ဦးဝင်း၊ စင်စန္ဒာ၊ မကျင်မြိုင်၊ ဦးစံစု၊ စံရွှေသိုက်၊ ဒေါ်တင်ကြည်၊ (ကျွေးပေးနေသူ ဒေါ်မြမြဝင်း)၊ စီးကရက်သောက်နေသူ ပျော်ဘွယ်ဦးမြ၊

ကျွန်ုပ်၏ထမင်းစားပွဲကြီးသို့ တက်ရောက်သူများမှာ ....

ဗမာအမျိုးသားများ။ ။ ဆာဦးသွင်၊ တရားသူကြီးဦးသိန်းမောင်၊ တရားသူကြီးဦးစံမောင်၊ သံအမတ်ကြီးဦးဂင်းနှင့် ဇနီးဒေါ်မြမြဂင်း၊ မြို့တော်ဂန်ဦးထွန်းတင်၊ ပျော်ဘွယ်ဦးမြ၊ ဗမာကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌဦးမြရင်နှင့် ဇနီးဒေါ်ခင်ထွေး၊ ဦးမောင်မောင်နှင့် ဇနီးဒေါ်သန့်၊ ဦးသံဒိုင်နှင့် ဇနီးမမတင်၊ ဦးရွှေတင်နှင့် ဇနီးဒေါ်ကြည်ကြည်ဒိုင်၊ ဦးဘသွင်နှင့် ဇနီးဒေါ်ညွန့်စိန်၊ မြန်မာ့အလင်းဦးမောင်ကြီးနှင့် ဇနီးဒေါ်ခင်လေး၊ မြန်မာ့အလင်းဦးခင်မောင်၊ ဦးမြင့်ထူး၊ (ကွယ်လွန်သူ) စိန်ဘရားသားဦးထွန်းစိန်၊ မြို့မကျောင်းဆရာကြီး ဦးဘလွင်၊ ဦးညွန့်တင်နှင့် ဒေါ်တင်ကြည်။

ရှမ်းအမျိုးသားများ။ ။ ကွယ်လွန်သူ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့် မဟာဒေဝီ စဝ်အင်ခမ်း၊ ဒုတိယဇနီး ဒေါ်ညွန့်မေ၊ သမီးတော်စဝ်စန္ဒာ၊ ကွယ်လွန်သူ သိန္နီစော်ဘွား စဝ်အောင်ဖ၊ စကားစော်ဘွားကြီး စဝ်ခွန်ကြည်၊ တောင်ပိုင်းစော်ဘွား ခွန်ပန်းစိန်၊ ကိုးကန်းစော်ဘွား ရန်ကျင်းဆိုင်၊ ရန်ကျင်းစိန် (ညီအစ်ကိုနှစ်ယောက်)၊ မိုးနဲစော်ဘွားစဝ်ပိ၊ သမခန်းစော်ဘွားစဝ်ထွန်းအေး၊ ဦးခင်မောင်ဖြူ၊ ပင်လုံဒေါ်နုရင်၊ ပင်လုံဒေါ်ကြည်ကြည်။

ကချင်အမျိုးသားများ။ ။ ဆမားဒူးဂါးဆင်ဂါးနော်၊ ဒူးဂါးဇော်ရစ်။

ချင်းအမျိုးသားများ။ ။ ဦးဝမ်းကော်ဟော(ယခုလက်ရှိ ပြင်သစ် သံအမတ်ကြီး)

ကရင် အမျိုးသားများ။ ။ ဦးဂင်းမောင်(သမ္မတဟောင်း)၊ ဦးစိန်မောင်၊ စောဘသန်း။



ဝဲမှယာ။ ဗမာ့ ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးမြရင်၊ မကျင်မြိုင်၊ ဦးဆင်-ခေါင်ငွေး ကုမ္ပဏီပိုင်ရှင် ဦးမောင်မောင်၊

ကယားအမျိုးသားများ။ ။ စဝ်ဝဏ္ဏ၊ ဦးစိန်။

ရခိုင်အမျိုးသားများ။ ။ ဦးကျော်မင်း(I.C.S)နှင့် ဇနီးဒေါ်စိန်ဇာ၊ ဦးစောထွန်း၊ စသုံးလုံး တရားသူကြီး ဦးထွန်းညို၊ ဦးမြဦး၊ ဦးသာထွန်းအောင်၊ ဒေါ်ဂျီ။

တရုပ်အမျိုးသားများ။ ။ သူဌေးဦးကေဘာကြီး၊ ဦးအီခွက်၊ ဦးထွန်းတင်၊ ဗွီစီးကရက်ကုမ္ပဏီ သူဌေး ကျန်ကိပုံး၊ ကျန်ကိအင်း (ညီအစ်ကိုနှစ်ယောက်)၊ တရုပ်ကောင်စစ်ဝန်ချုပ်အတိုင်ပင်ခံ လိဖိန်၊ တရုပ်ပြည် ဘဏ်မန်နေဂျာ Y.F.Wu ၊ လင်စေ့ကီ။ ဦးခွေးကြီး။

ဤလူကြီးလူကောင်းများ ကြွရောက်အားပေးကြသည်။ ကျွန်ုပ်မိတ်ဆွေ လူမျိုးအသီးသီး ခေါင်းဆောင် များကလည်း အမျိုးသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေးစကားများ မြွက်ကြားပြောဆိုကြလေသည်။ ပြီးနောက်မှ ထမင်းစားကြလေသည်။

နောက်ဆုံး ဟင်းတစ်ခွက်တည်းအကျန်တွင် ကြွရောက်လာကြသော ဧည့်သည်တော်များသည် ထိုင်ရာမှ မတ်တပ်ထ၍ ""အမျိုးသားစည်းလုံးညီညွတ်ရေး အစွန့်ရှည်ပါစေ၊ ပြည်ထောင်စုကြီးတည်မြဲပါစေ"" ဟူပြီး ဆုမွန်ကောင်းတောင်းကြကာ ခွက်ထဲရှိအရက်များကို တစ်ကျိုက်တည်းနှင့် အကုန်သောက်လိုက်ကြ လေသည်။



ဝဲမှယာ။ ဒေါ်ညွန့်မေ၊ ဒေါ်တင်ကြည် (အရက်ခွက် ကိုင်ထားသူမှာ ဟောင်ကောင်သူဌေး ကျန်ကိဝှား)၊ ဒေါ်မြမြဝင်း၊

ယင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေး ထမင်းစားပွဲကြီးပြုလုပ်လိုက်ရ၍ ကျွန်ုပ်အဖို့များစွာ နှစ်ထောင်းအားရဖြစ်မိလေသည်။ အနှစ်နှစ်အလလက ကြံရွယ်၍လာခဲ့သော လုပ်ငန်းတစ်ရပ် ထမြောက် အောင်မြင်သွားသဖြင့် ကျွန်ုပ်အဖို့ ဆုတောင်းပြည့်သည်ဟု ဆိုရချေမည်။



ဝဲမှယာ။ မြို့တော်ဝန် ဦးထွန်းတင်၊ သံအမတ်ဟောင်း ဦးဝင်း၊ ဒေါ်စန္ဒာ

+++++++++++++++++++

# ညောင်ရမ်းဆရာတော်ဘုရား

ကုက္ကိုင်းဟာမစ်တစ်သာသနာ့ရိပ်သာတွင် တည်းခိုသီတင်းသုံးနေသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရေဝတာ ဘိဝံသ ညောင်ရမ်းဆရာတော်ဘုရားကြီးထံသို့ ကျွန်ုပ်တို့ဇနီးမောင်နှံသည် မကြာခဏသွားရောက်၍ ဖူးမျှော်ကန်တော့လေသည်။ ၁၉၅၁-ခုနှစ်၊ ဇူလိုင်လ ၇-ရက်နေ့တွင် ကျွန်ုပ်တို့ဇနီးမောင်နှံသည် ညောင်ရမ်းဆရာတော်ဘုရားကြီးထံသို့ ရောက်သွားပြီးလျှင်

""အရှင်ဘုရား.. တပည့်တော်နေအိမ်သို့ သက်သတ်လွတ်ဆွမ်းစားကြွတော်မူပါ၊ ဂါဆိုသင်္ကန်း လည်းကပ်လှူပါ့မယ်ဘုရား"" ဟူ၍ လျှောက်ထားသည်။

ဆရာတော်ဘုရား ကြီးကလည်း ၉-ရက်နေ့ နံနက် ငါးနာရီခွဲအချိန်တွင် ကြွမည့်အကြောင်းကို မိန့်ကြားလေ၏။ ကျွန်ုပ်သည် တရုပ်အင်္ဂလိပ်ဗ္ဗာပညာကို ခေါက်မိထားသူပီပီ တွေ့လေ သောသူ၊ မြင်မြင်သမျှအရာ များကို သတိပြုလေ့ရှိသည်။ ဤတစ်ကြိမ် ညောင်ရမ်းဆရာတော်ဘုရားကြီးအား ကျွန်ုပ်တွေ့မြင်ရသည်မှာ များစွာစိတ်မကောင်းဖြစ်မိ၏။

အကြောင်းမူကား ညောင်ရမ်းဆရာတော်ဘုရားကြီးသည် သက်သတ်လွတ်ဆွမ်းခဲဖွယ်ဘောဇဉ်ကို များများစားစားမကုန်ပေ။ ပြီးနောက် ဆရာတော်ဘုရားကြီးသည် ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ကြီးတွင် သံဃမဟာနာယကအဖြစ်ဖြင့် တာဝန်ယူထားသည်ကလည်း လွန်စွာမှ အလုပ်များလျက်ရှိသည်။ ကျွန်ုပ်နှင့် တွေ့လေသောအချိန်ပိုင်းတွင် ဆရာတော်ဘုရားကြီးသည် များစွာမှုစိတ်တိုလျက်ဖြစ်နေသည်ကို တွေ့မြင်ရ၏။

ထို့ထက်ပိုမိုသည်ကား ဘယ်ဘက်မျက်ခွံအောက်တွင် အရေပြားပေါ်၌ အမဲကွက်တစ်ကွက် ထင်ထင်ရှားရှားပေါ်လွင်နေသည်ကိုတွေ့ရ၏။ ဤအမဲကွက်ကား တရုပ်အင်္ဂလိပ်ဗ္ဗာအရကြည့်လျှင်မကောင်း၊ များအကြာမီကာလအတောအတွင်း၌ သေဆုံးတော့မည့်နိမိတ်အမှတ်အသားပင်တည်း။



ညောင်ရမ်း ဆရာတော် ဘုရားကြီး ဆွမ်းဘုဉ်း ပေးနေစဉ်
ဦးစဝ်ဇုက နောက်မှ ကြည့်နေပိုက်





(အပေါ်ပုံ)
ညောင်ရမ်း ဆရာတော် ဘုရား (ဝဲမှယာ) မသန်းရှင်၊ စင်ဒူ လေး၊ မကျင်ကြိုင်၊ မောင်မောင်ငြို့ လေး၊ ဦးစင်ဒူ၊ မကျင်း ဆိုင်၊ မကျင်လှိုင်၊

(အောက်ပုံ)
ကြွရောက် လာ သူများ သည် ညောင် ရမ်း ဆရာ တော် ဘုရား ကြီး ၏ သီလ ယူနေ ကြစဉ်

ယင်းသို့ ဆရာတော်ဘုရားအား အိမ်သို့ ဆွမ်းသက်န်းကပ်လှူရန် လျှောက်ထားပြီးနောက် ၈-ရက်နေ့ နံနက်ဆယ်နာရီတွင် မျှော်လင့်မထားသောဆရာတော်ဘုရားသည် အိမ်သို့ကြွလာသည်။

ကျွန်ုပ်သည်လည်း သတိမထားမိ၊ အိမ်အောက်ထပ်တွင်ရှိသောလူများနှင့်လမ်းသွားလမ်းလာများသည် ရုတ်ရုတ်သဲသဲဖြစ်လာတော့သည့် အသံဗလံများကြားရသည်။ ကျွန်ုပ်သည် ပြူတင်းပေါက်မှနေ၍ လမ်းပေါ်သို့ ကြည့်လိုက်သည်။ သာသနာ့အလံလွှင့်ထူထားသော

(ပိုက်ကက်)ကားပေါ်မှ ညောင်ရမ်းဆရာတော်ဘုရားကြီး သည် ဆင်းလာတော်မူ၏။ ဆရာတော်စီးလာသောကားသည် လမ်းမတော်လမ်းထောင့်တွင်ရပ်ထားသည်။ ဆရာတော်ဘုရားကိုတွေ့မြင်လေသော ဗုဒ္ဓဘာသာဂင်သူတော်စင်များသည် ပလက်ဖေါင်းပေါ်၌ပင်လျှင် ဆရာတော်အား လက်ဆယ်ဖြာမိုး၍ ရှိခိုးကန်တော့နေသည်ကို တွေ့မြင်ရပေသည်။

ကျွန်ုပ်သည် လွန်စွာမှ အံ့သြသွားလေသည်။

အမှန်ကား ဆရာတော်ဘုရားကြီးအား ပင့်ဖိတ်ထားသည်မှာ သည်နေ့မဟုတ်၊ မနက်ဖြန်ဖြစ်သည်။ ယနေ့ မမျှော်လင့်ပဲနှင့် ဆရာတော်ကြီး အိမ်သို့ကြွရောက်လာလေသည်။ ဆရာတော်ဘုရားကြီးသည် နေ့စွဲ နေ့ရက်များ အမှတ်မှားလေသလောဟု ကျွန်ုပ်စိတ်ဂယ် ထင်မိသည်။ မည်သို့ပင်ဖြစ်စေ ဆရာတော်ဘုရားကြီးနှင့် တွေ့လေလျှင် အကျိုးအကြောင်းသိရပေမည်။



ဦးစိန်ရုံနှင့် မကျင်မြိုင်တို့ ငရစက်ချနေသည်၊

ကျွန်ုပ်တို့ဇနီးမောင်နှံသည် အိမ်အောက်ထပ်သို့ဆင်းကာ ဆရာတော်ဘုရားကြီးအား သွားရောက်၍ တွဲကာ အိမ်ပေါ်သို့ပင့်ဆောင်လာသည်။

ကျွန်ုပ်သည် ဆရာတော်ဘုရားကြီး၏ချိုင်းအောက်တွင် လက်လျှို၍ တွဲပင့်ခေါ်ဆောင်လာသောအခါတွင် အရိုးပေါ်အရေတင်နေပြီး အားအင်ချိနဲ့နေသည်ကို တွေ့မြင်ရသည်။ ကျွန်ုပ်၏အိမ်အပေါ်ထပ်သို့ရောက်လေသောအခါ ဆရာတော်ဘုရားကြီးသည် အဘယ်စကားမှ မမိန့်ကြားနိုင်သေး။ ဖရာကထောင်းနေပြီဖြစ်၍ မောပန်း၍နေသည်ကိုတွေ့ရ၏။ ဆရာတော်ဘုရား အမော ပြေလေသောအခါမှ ကျွန်ုပ်သည် ဘိလပ်ရည်ဆပ်ကပ်လှူဒါန်းသည်။ ထို့နောက်ဆရာတော်ဘုရားက ""ဒကာတော့်အိမ်လာကြည့်တာပါ""ဟူ၍သာ ပြောကြားပြီး ပြန်ကြွသွားလေသည်။ ကျွန်ုပ်တို့ဇနီးမောင်နှံ နှစ်ယောက်သည် ကားပေါ်အရောက် ဆရာတော်အား လိုက်ပို့ကြလေသည်။

နောက်တစ်နေ့နံနက် ငါးနာရီခွဲအချိန်တွင် ကျွန်ုပ်သည် ကားဖြင့်သွား၍ ဆရာတော်ဘုရားကို ပင့်သည်။ ဆရာတော်ဘုရားသည် သူ့ကားဖြင့်ကြွလာသည်။ ကျွန်ုပ်သည် အိမ်၌ ဆရာတော်ဘုရားအား ဂါဆိုသင်္ကန်းကပ်လှူပြီး သက်သတ်လွတ်ဆွမ်းကျွေးရန် အသင့်ဖြစ်နေပြီးဖြစ်၏။ ပြီးနောက်တွင်ကား သရက်တောကျောင်းတိုက်မှဆရာတော်များလည်း ပင့်ဖိတ်ထားသေးသည်။

ဆရာတော်ဘုရား အိမ်သို့ရောက်လေသော် ဆွမ်းကပ်သည်။ ဆရာတော်ဘုရားသည် ကျွန်ုပ်တို့ ကပ်လှူသောသက်သတ်လွတ်ဆွမ်းကို ဖြေးဖြေးချင်းဘုဉ်းပေးသည်။ ကျွန်ုပ်သည်ကား ဆရာတော်နောက်နားတွင် ကပ်ကြည့်နေသည်။ ကျွန်ုပ်သည် စိတ်စေတနာထက်သန်စွာဖြင့် စားသုံးရန် သက်သတ်လွတ်ဆွမ်းဟင်းလျာ များကိုချက်ပြုတ်ထားသော်လည်း ဆရာတော်ဘုရားသည် နည်းနည်းသာဘုဉ်းပေးသည်ကိုတွေ့မြင်ရ၍ ကျွန်ုပ်သည် စိတ်မကောင်းပေ။

ဤဖြစ်အင်ကိုကြည့်၍ ရှေ့တွင် ဆရာတော်ဘုရားသည် မည်သို့မည်ပုံဖြစ်ပျက်တော့မည်ကို ကျွန်ုပ်က ကြိုတင်၍သိမြင်နေလေသည်။ ယင်းအခိုက်အတန့်ဂယ် ကျွန်ုပ်ဖတ်ပြီး မှတ်သားထားဖူးသော တရုပ်ပြည်၏ သုံးပြည်ထောင်ရာဇဝင်ထဲမှ ကဏ္ဍတစ်ခုကို သွားသတိရမိသည်။

တရုပ်ပြည်၏သုံးပြည်ထောင်ရာဇဝင်တွင် အလွန် အမည်ထင်ရှားကျော်ကြားသော နန်းရင်းဂန်နှင့် စစ်သေနာပတိချုပ်ရာထူးနှစ်ခုကို လက်ဂယ်ရရှိထားသော ခုံ့ဘိန်ဆိုသူရှိလေ၏။ သူသည် မြန်မာရာဇဝင်ထဲ၌ ဥတည်ဘွားအဖြစ်ဖြင့်ပါဂင်သူဖြစ်သည်။ ဤခုံ့ဘိန်သည် စစ်တိုက်ရေးပညာလွန်စွာကြွယ်ဂပြီး၊ စစ်ပွဲတိုက် လေတိုင်း အောင်မြင်မှုရရှိလေသည်။ ခုံ့ဘိန်နှင့်စစ်ပြိုင်ဘက်ဖြစ်သူမှာ အခြားပြည်ထောင်စုမှ စစ်သေနာပတိချုပ် စုမာအီဖြစ်သည်။ သူသည် ဉာဏ်နီဉာဏ်နက်လွန်စွာများပြားသော ခုံ့ဘိန်နှင့် စစ်တိုက်လျှင် အမြဲတမ်း ရှုံးနိမ့်ခဲ့သူတစ်ယောက်ဖြစ်သည်။ ကြာလေသောအခါ စုမာအီသည် ခုံ့ဘိန်နှင့် စစ်ပြိုင်၍မတိုက်ရဲ၊ မတိုက်ပံ့သော အခြေအနေသို့ပင် ဆိုက်ရောက်နေလေတော့သည်။

ထို့ကြောင့် သူမြို့ကိုသာကာကွယ်ပြီး ခံစစ်ဖြင့်သာ ခံ့ဘိန်၏ထိုးစစ်တိုက်ခိုက်ခြင်းကို တွန်းလှန်ဖြိုဖျက်ရလေသည်။

စစ်အပွဲပွဲနွှဲလာခဲ့၍ အောက်မြင်မှုရလေသောခံ့ဘိန်သည် စူမာအီနေထိုင်သော မြို့ဂသို့သွားရောက်၍ မချေမငံရိုင်းပြစွာပြောဆိုပြီး၊ စူမာအီစစ်တိုက်ခိုက်ရန်စိတ်ကို နှိုးဆွလေ၏။ သို့သော် စူမာအီသည် တုတ်တုတ်မျှ မလှုပ်၊ ငြိမ်ချက်သားကောင်းနေသေးသည်။

ဤတွင် ခံ့ဘိန်သည် သူနှင့်စစ်ပြိုင်ဘက် စူမာအီကိုယ်ကာယနှင့်တော်လေသော မိန်းမအဝတ်တန်ဆာ တစ်ကိုယ်စာချုပ်၏။ ပြီးနောက် မိန်းမများချယ်သသော မျက်နှာချေများကိုသုတ်၊ တပည့်ကျော်ဖြစ်သူနှင့် စူမာအီထံသို့အရောက်ပို့လိုက်သည်။ ခံ့ဘိန်၏တပည့်ကျော်သည် စူမာအီရှေ့မှောက်သို့ရောက်လေသောအခါ ခံ့ဘိန်ပေးလိုက်သည့် အဝတ်အစားများကိုပေး၏။ ထို့နောက် ဆရာခံ့ဘိန်မှာကြားသည့်အတိုင်း ""စူမာအီ ယှဉ်ပြိုင်ဖို့မတိုက်ရဲလျှင်.. ခုပို့လိုက်တဲ့အဝတ်အစားများကို ဝတ်ဆင်ထားဖို့ပေးလိုက်ပါတယ်""ဟူ၍ ပြောလေသည်။

မဆိုင်းတခဏအတွင်း၌ပင် စူမာအီသည် ခံ့ဘိန်ပေးပို့လိုက်သော အဝတ်အစားများကို ဝတ်ဆင်လိုက်သည်။ မျက်နှာချေများကို မျက်နှာ၌ခြယ်သလိုက်သည်။ ဤမိန်းမအဝတ်အစားများဖြင့် ခံ့ဘိန်၏တပည့်ကျော်ကို ထွက်တွေ့ဧည့်ခံပြီး ဟင်းထမင်းကောင်းများကို ကျွေးမွေးသည်။ ပြီးနောက်မှ စကားလက်ဆုံကျပြီး စူမာအီက ...

""ခံ့ဘိန်ဟာ သိပ်အလုပ်များမှာပေါ့""

""နန်းရင်းဂန်နဲ့ စစ်သေနာပတိချုပ်တာဝန်နှစ်ရပ်စလုံးကိုယူထားတော့ အလုပ်သိပ်များနေပါတယ်""

""သူ့အစားအသောက်ကော အရင်လိုများများစားစား စားနိုင်သေးရဲ့လား""

""ခံ့ဘိန်ဟာ အရင်လို အစားအသောက်ကို များများစားစား မစားသောက်နိုင်တော့ဘူး .. နည်းနည်းပဲ စားသောက်နိုင်တော့တယ်""

""ယင်းသို့ စကားများကို ကြားမိလေသောစူမာအီသည် တပည့်ကျော်အပြန်တွင် ခံ့ဘိန်ထံသို့ စာတစ်စောင်ရေးပေးလိုက်သည်။ တပည့်ကျော်ပြန်လာပြီး သူ့ဆရာခံ့ဘိန်နှင့်တွေ့လေသော်၊ စူမာအီနှင့် တွေ့ကြုံခဲ့ရသော အခြေအနေအရပ်ရပ်ကို မထိန်မပုက်အစီရင်ခံလေသည်။ ပြီးမှ စူမာအီရေးပေးလိုက်သော စာလွှာကို သူ့ဆရာအားထုတ်ပေးလိုက်သည်။ စူမာအီထံမှစာလွှာကို ခံ့ဘိန်မြင်လေသော်၊ လွန်စွာမှ စိတ်ထိခိုက်သွားသည်။ ဤစူမာအီ၏စာလွှာသည် တရပ်စာ ၇-လုံးထဲသာဖြစ်သည်။ တရုပ်အသံထွက်အတိုင်း ရေးရပါလေသော် ...

""စစ်ရှောက်စူ ဂမ်ကီလိန်ကျူ""

သဘောအဓိပ္ပါယ်ကား အစားနည်းနည်းစားပြီး အလုပ်များများလုပ်သူသည် ကြာကြာအသက်မရှည်နိုင် ဟူ၍သာဖြစ်လေသည်။ ယင်းသို့သော စာ ၇-လုံးကိုမြင်မိလေသောခံ့ဘိန်သည် သူ့ကို စူမာအီက ရုပ်ပိုင်း

ပေဒင်ဟောလိုက်ပြီဖြစ်ကြောင်းကိုသိလိုက်၏။ သည့်နောက် တစ်လအကြာတွင် ခုံ့ဘိန်သည် ကွယ်လွန်အနိစ္စရောက်သွားသည်။ ခုံ့ဘိန်သည် သူကွယ်လွန်သောအချိန်၌ ၅၄-နှစ်သာရှိသေးသည်။

ဤရာဇဝင်ကို သိနှင့်ထားသောကျွန်ုပ်သည် ဆရာတော်ဘုရား အစားနည်းနည်းဘုဉ်းပေးသည်ကို တွေ့မြင်ရလေသော်၊ များစွာစိတ်မကောင်းဖြစ်မိသည်။ ဆွမ်းဘုဉ်းပေးပြီးလေသော် ကျွန်ုပ်တို့ဇနီးမောင်နှံသည် ကိုယ့်မိတ်ဆွေများနှင့်အတူ ဆရာတော်အား ဂါဆိုသက်န်းကပ်လှူပြီး သီလယူရေစက်ချသည်။ သို့ပြီးလေမှ ကျွန်ုပ်တို့ပြုပြုသမျှ အမျှအတန်းပေးဝေကြသည်။

ယင်းသည်တို့ကား ညောင်ရမ်းဆရာတော်ဘုရားနှင့်ကျွန်ုပ် ဆုံခဲ့ရပုံများပင်တည်း။

နောက်တစ်နှစ်ခန့်အကြာ (၁၉၅၅-ခုနှစ်၊ မတ်လ ၇-ရက်နေ့ နံနက်ဆယ်နာရီ၊ တစ်ဆယ့်သုံးမိနစ် အချိန်)တွင် ညောင်ရမ်းဆရာတော်ဘုရားကြီးသည် ဘဝနတ်ထံပျံလွန်တော်မူသည်ဟူသော သတင်းဆိုးကြီးကို ကြားလိုက်ရလေသည်။ ကျွန်ုပ်သည်လည်း ဆရာတော်ဘုရားကြီးနှင့်ပတ်သက်နေသော ဒကာဒကာမဖြစ်နေ၍ မနေနိုင်ရှာ၊ ဆရာတော်ဘုရားကြီး၏ ရုပ်ပနကိစ္စအဝဂကို သွားရောက်ကူညီရလေသည်။

ထိုစဉ်ကကျွန်ုပ်သည် ဗွီစီးကရက်ကုမ္ပဏီမကျွာပ်ထဲတွင်ရှိသည်။ ဆရာတော်ကြီး၏ရုပ်ပနကို လာရောက်သောလူအများကို ဗွီစီးကရက်မကျွာပ်မှထမင်းကျွေးသည်။ စီးကရက်ဖြင့်ဧည့်ခံသည်။ ကျွန်ုပ်အဖို့တွင်ကား ကိုးကွယ်ရာဆရာတစ်ဆူ ဆုံးပါးသွားလေသည်တကား။

++++++++++++++++++

# ကျွန်ုပ်စော်ဘွားစပ်စု

ကျွန်ုပ်သည် ရှမ်းပြည်သို့မရောက်သည်မှာကြာပြီဖြစ်၍။ ထို့ကြောင့် ကိုယ်ရောက်ခဲ့ဖူးသောဒေသ ဟောင်းသို့ တစ်ခါတစ်ခေါက်အလည်ရောက်လိုခြင်းဖြစ်သည်။ ရှမ်းပြည်တွင် ကျွန်ုပ်နှင့်ရင်းနီးသော ရှမ်းပြည်နယ်ပြည်ထဲရေးဝန်ကြီး မိုးနဲစော်ဘွားစဂ်ပိရှိသည်။ သူ့ထံသို့ ၁၉၅၇-ခုနှစ်၊ ဩဂုတ်လ ၁၄-ရက်နေ့ နေ့လယ်တစ်နာရီအချိန်၌ ""ဩဂုတ်လ ၁၅-ရက်နေ့တွင် စော်ဘွားစပ်စု တောင်ကြီးလာမည်၊ ဟဲဟိုးလေဆိပ်မှာကြိုပါ""ဟူပြီး သံကြိုးရိုက်လိုက်လေသည်။



စော်ဘွား စဝ်စု

၁၅-ရက်နေ့တွင် ကျွန်ုပ်သည် ဟဲဟိုးလေဆိပ်သို့ ရောက်သွားသောအခါ စော်ဘွားစဂ်ပိနှင့် အခြားစော်ဘွားများ လာ၍ကြိုနေသည်ကို တွေ့ရသည်။ လေယာဉ်ပျံပေါ်တွင် စော်ဘွားဆို၍ တစ်ဦးတစ်လေမျှ မပါ။ ကျွန်ုပ်တစ်ဦးတည်းသာ ပါလာသည်။

စော်ဘွားစဂ်ပိက ကျွန်ုပ်အား သူ့အိမ်သို့ခေါ်သွားသည်။ သူ့အိမ်တော်သည် တောင်ကြီးမြို့ (ဝကြီး) လမ်းထဲ၌ဖြစ်သည်။ အိမ်ပေါ်သို့ရောက်၍ စော်ဘွားစဂ်ပိက ကျွန်ုပ်အားပြောပြသည်မှာ

""မနေ့ညကသံကြိုးစာဟာ ညခုနစ်နာရီ ဆယ့်ငါးမိနစ်မှာရောက်လာပါတယ်။ ဒီအချိန်မှာ ကျွန်တော်လည်း တောင်ကြီးဗမာ့တပ်မတော်က သမတကြီးဦးဝင်းမောင်ကို

ဂုဏ်ပြုပွဲပြုလုပ်နေလို့ ကျွန်တော်လဲ တက်ရောက်နေပါတယ်။ ဒီပွဲမှာ ဒုတိယဝန်ကြီးချုပ် ဦးကျော်ငြိမ်းနဲ့ဇနီးဒေါ်နွဲ့နွဲ့ရီလည်း ရှိနေတယ်။ ချင်း၊ ကယား၊ ကချင်၊ ကရင်တွေလဲရှိတယ်။ ဒီဂုဏ်ပြုပွဲမှာ ကျွန်တော်ရှိနေတုန်း၊ ခင်ဗျားရိုက်တဲ့သံကြိုးကို အိမ်ကကျွန်တော့်ကိုလာပေးတယ်။ ရိုက်လိုက်တဲ့သံကြိုးစာထဲမှာ လာကြိုပါဆိုတာလည်း ထင်ရှားနေပြီး စော်ဘွားစပ်စုဆိုတဲ့နာမည်ဟာ မထင်မရှားမသဲမကွဲဖြစ်နေတယ်။ ဒီတော့ ဘယ်စော်ဘွားဆိုတာ အစဉ်းစားရ ကြပ်နေတယ်။ ဒါကြောင့် ဂုဏ်ပြုပွဲမှာ ကြွရောက်လာတဲ့ လူကြီးလူကောင်းတွေကို ခင်ဗျားရိုက်လိုက်တဲ့ သံကြိုးစာပြပြီး ဘယ်သူများဖြစ်နေမလဲလို့ အမျိုးမျိုးတွေးကြပါတယ်။ တချို့ကလည်း ရှမ်းပြည်ကတော့ မဟုတ်ဘူး၊ တရုပ်ပြည်ကစော်ဘွားဖြစ်မှာပဲလို့ ထင်မြင်ချက်ပေးသူကလည်းပေးတယ်။ ဘယ်သူပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ လာကြိုမှာပဲလို့ ဆုံးဖြတ်ပြီးလာခဲ့တာပဲ။ လေယာဉ်ပျံပေါ်ကမဆင်းမချင်း ခင်ဗျားမှန်းမသိကြဘူး။ ဘယ်သူများဖြစ်နေ မလဲဟဲ့ဆိုပြီး စိတ်ထဲမှာ ဇဂေဇဂါနေလာလိုက်တာ လေယာဉ်ပျံပေါ်က ခင်ဗျားဆင်းလာတော့မှပဲသိရတော့တယ်။ ခုလိုလာရောက်လည်ပတ်တာကို ကျေးဇူးအထူးတင်ပါတယ်''''ဟူ၍ ပြောလေသည်။

တောင်ကြီးမြို့သို့ ဤအခါက ကျွန်ုပ်သွားခြင်းသည် အလည်သက်သက်သာ သွားခြင်းဖြစ်ပေသည်။ သို့သော် ထိုနေ့က တောင်ကြီးမြို့ပေါ်၌ ပြည်ထောင်စုသား လူမျိုးများနှင့် ပြည်မမှတိုင်းပြည်ခေါင်းဆောင် ကြီးများ တော်တော်စုံစုံလင်လင်ရောက်ရှိနေချိန်ဖြစ်သည်။ အဘယ်အကြောင်းများ စည်းဝေးတိုင်ပင်နေကြသည်ကို ကျွန်ုပ်လုံးဝမသိရှိခဲ့ပေ။

တောင်ကြီးမြို့တွင် ကျွန်ုပ်သည် သုံးရက်မျှသာနေထိုင်ပြီး ပြည်မရန်ကုန်မြို့သို့ပြန်လာသည်။

၁၉၅၇-ခုနှစ်၊ စက်တင်ဘာလ ၉-ရက်နေ့ထုတ် ဟံသာဝတီသတင်းစာကြီးရှိ ကျွန်ုပ်၏အကြောင်းကို ဓါတ်ပုံနှင့်တကွ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးက ရေးသားဖေါ်ပြထားလေသည်။ သူ၏ရေးသားချက်သည်ကား..



PRICE: [illegible] PYAS (THROUGHOUT THE UNION)

# SAWBWA SATSU'S DIPLOMACY 14 YEARS AGO RECALLED

## CHOICE FOOD, WINE & DANCING GIRLS SOOTHED MATSUOKA'S SAVAGE BREAST

From Our Staff Reporter

It was August 15, and the Sawbwas were in conference in Taunggyi. There were momentous affairs of state to engage their attention. The President was in town, so was Deputy Premier U Kyaw Nyein. In the midst of it all, a cryptic wire arrived addressed to Sao Pye and Sao Hkun K, respectively Deputy Head of State and Cabinet Minister, saying "Please meet me at airport, leaving on 15th instant." It was signed "Sawbwa Satsu."

There were doubts as to who the new arrival might be, but the Sawbwas took no chances. They gathered in full force to meet the plane. It brought not a Sawbwa they knew, but a plump Chinaman, a former hotelier who, during the Japanese regime, was used by Bogyoke Aung San to maintain friendly relations between Chinese and Burmese. In addition to this work, U Satsu was an elder much prominent in the promotion of the Army Amenities Fund.

His greatest claim to fame is that he convinced the Japanese of the Shan Sawbwas' bona-fides, and earned the gratitude of many leaders, both Shan and Burmese, by keeping General Matsuoka of the Kempeitai in good humour while the status of the Shan States was being discussed.

According to U Satsu, six Sawbwas, Yawnghwe, Mongpawn, Hsenwi, [illegible], Hsamonghkam and Mong[illegible], were in Rangoon on September [illegible], 1943, in answer to a summons from the Japanese. They were anxious about their fate and the fate of the Shan States and U Satsu decided he must do something [illegible]. He got Ministers Thakin Mya and U Ba Win to [illegible] Matsuoka to the [illegible] Club, [illegible] to regale him with choice food and liquor and dancing girls which he provided. The six Sawbwas were in full regalia and he, U Satsu, joined them dressed like a Sawbwa. He said the Sawbwa of Mongpawn tied the turban for him. After the feast, U Satsu rigged up another all-night affair at his hotel, where Sawbwas and [illegible] Kempeitais made merry to their heart's content.

"Thereafter, it was plain sailing for the Shan States, and I have been Sawbwa Satsu since then," he said.

Asked whether he had also invited Thakin Nu at that time, U Satsu said, "No, he wouldn't have entered into the spirit of the evening."

"But," U Satsu added, "He was good to the Karens and earned the sobriquet of Karen Nu, just as I have earned the name of Sawbwa Satsu. In a few days, U Nu will be celebrating the [illegible] anniversary of the signing of the [illegible] Agreement. I, too, want to be remembered for what I did fourteen years ago today."

### PM Explains Vote Against China

PENANG, September 28—The Prime Minister Tengku Abdul Rahman, today appealed to Malayans [illegible] with the Government [illegible] in formulating a [illegible] policy.

### Viscount Arrives

From Our [illegible] Correspondent

အင်္ဂလိပ်နေ့ရှင်းသတင်းစာ၌ ဖော်ပြသည်မှာ

စော်ဘွားစပ်စုခေါ်ဖြစ်ခဲ့တဲ့ဦးစပ်စု၊ ဦးစပ်စုဆိုလျှင် နိုင်ငံရေးသမားတိုင်းချစ်ခင်သည်။
ရှမ်းစော်ဘွားကြီးမဟုတ်ပါ။ မြန်မာပြည်ထောင်စုသား ပေါက်ဖော်စပ်စု
ပင်ဖြစ်သည်။ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးရေးသည်။

ဦးစပ်စုအကြောင်းရေးသားရခြင်းမှာ စော်ဘွားစပ်စု ဆို၍ နိုင်ငံတော်သမတကြီးဦးဂင်းမောင် တောင်ကြီးမြို့သို့ ရောက်ရှိနေစဉ် စော်ဘွား၊ စော်ခံမင်းပရိတ်သတ်များ စုံလင်ရာတွင် စော်ဘွားတစ်ဦးထံသို့ "စော်ဘွားစပ်စုလာမည်၊

လေဆိပ်မှာကြိုပါ”ဆိုသော ကြေးနန်းကြောင့် စော်ဘွား စပ်စုသည် အဘယ်မည်သော စော်ဘွားဖြစ်သနည်း။ ကြေးနန်းရိုက်ရာတွင် စော်ဘွားဆိုသောစာလုံးသည် အလွန်ပီသ၍ စပ်စုဆိုသောစာလုံးမှာ ပီသခြင်းမရှိ။ သို့ရာတွင် ပထမစော်ဘွားဆိုသောစကားလုံးကြောင့် ကြေးနန်းရရှိသောစော်ဘွားကြီးသည် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိလာမည်ဖြစ်သော စော်ဘွားဆိုသောသူအား သွားရောက်ကြိုဆိုစေတော့သည်။

အော် ... ဟော် ... ဟော် ...

သွားရောက်ကြိုဆိုကြသောသူတို့သည် လေဆိပ်သို့ရောက်သည်နှင့်တပြိုင်နက် ယူဘီအေလေယာဉ်ပျံကြီးသည်ကား မြေသို့ဆင်းသက်၍လာလေပြီ။ လာရောက်ကြိုဆိုသောစော်ဘွားကြီးသည် အဆောင်အယောင် တို့နှင့်ဆင်းလာလိမ့်မည်ဟုအထင်ရှိသောကြောင့် ကြိုဆိုနေကြသောသူတို့သည် အသက်ကိုမျှ မှန်မှန်မရှူ နိုင်ကြပဲ စောင့်ဆိုင်း၍နေကြရာ၊ ပြည်ထောင်စုသားအဖြစ်ကိုခံယူထားသော ပေါက်ဖော်ကြီးဦးစပ်စုသည် အိပ်ယာလိပ်ကိုချိုင်းကြားညှပ်၍ဆင်းလာတော့မှ လာရောက်ကြိုဆိုကြသောသူတို့က အော် .. ဟော် .. ဟော် .. စသည်ဖြင့် အံ့သြကြပြီး ဦးစပ်စုထံသို့ပြေးသွားကြသည်။ ၎င်းနောက် သူ့အား နိုင်ငံတော် သမတကြီးဧည့်ခံရာသို့ ပို့ဆောင်လိုက်သောအခါတွင် နိုင်ငံတော်သမတကြီးနှင့်တကွ စော်ဘွားအပေါင်းတို့က အလွန်ခင်မင်ရင်းနှီးသောဦးစပ်စုအား နှုတ်ဆက်ကြတော့သည်။

## စပ်စုဘယ်တုန်းကစော်ဘွားဖြစ်ခဲ့သလဲ

စော်ဘွားစပ်စုဆို၍ရိုက်လိုက်သောကြေးနန်းကြောင့် စော်ဘွားတို့၏ရပ်ကွက်တွင် စပ်စုသည် ဘယ်သောအခါက စော်ဘွားဖြစ်ခဲ့သနည်းဆိုသောပြဿနာသည် အလွန်ထူးချွန်၍နေပေရော၊ ထိုသတင်းသည် အပြင်သို့တဖြည်းဖြည်းထွက်၍လာသောကြောင့်၊ ကျွန်ုပ်တို့သတင်းထောက်တစ်ယောက်အား ဦးစပ်စုထံသို့ စေလွှတ်မေးမြန်းစုံစမ်းစေရာ ဦးစပ်စုက ""အဲ .. အဲ ခင်ဗျားတို့က အထူးအဆန်းထင်မှာပဲလေ၊ ဟို ဂျပန်တွေ ကြီးကြီးမားစတာတွေလုပ်စဉ်က ၁၉၄၃-ခုနှစ်လောက်က စပ်စုကို မိုင်းပွန်စော်ဘွားကြီး စောစံထွန်းက စော်ဘွားကြီးတွေ့ရဲ့အကျိုးကို ကာကွယ်ပေးတယ်ဆိုပြီး စော်ဘွားစပ်စုရယ်လို့အမည်ပေးခဲ့တယ်လေ””။

သတင်းထောက်။ ။ ""ဦးစပ်စုကို စော်ဘွားလို့အမည်ပေးတဲ့အခါမှာ ဘယ်သူတွေ အသိသက်သေ တွေဖြစ်သလဲ””

စပ်စု။ ။ ""ဟာ အများကြီးရှိလာပေါ့။ ပြောရရင် စပ်စုအများကြီး စိတ်မကောင်းဖြစ်မယ်ဗျာ။ စော်ဘွားတွေ အနက် မိုင်းပွန်စော်ဘွားကြီး အခုမစိတော့ဘူး။ ဦးစော စပ်လယ်လေ။ သထုံစော်ဘွားစေပြီ။ ရှိတာတွေက ညောင်ရွှေစော်ဘွားကြီးစင်ရွှေသိုက်၊

စဂ်အုံဖ(သိန္နီး)၊ စဂ်ထွန်းဇ(သမခန်း)၊ စဂ်ပြီ (မိုးနဲ)တို့ဖြစ်ကြတယ်။ သူတို့ရဲ့ရာဇဝင်တွေကိုပြောရရင် စနားစရာ အားကီး ကောင်းလယ်""

သတင်းထောက်။ ။""ဘာကြောင့် ဒီလောက်တောင်သနားစရာကောင်းနေတာလဲ၊ ပြောစမ်းပါဦး""

စပ်စု။ ။ ""စနားစရာကောင်းတာက ရှမ်းပြည်မှာ ဂျပန်ဘုရင်ခံဆိုပြီး အီရှီမာရှူးဆိုတဲ့ ဘုရင်ခံစိလယ်လေ။

အထက်ကပြောခဲ့တဲ့စော်ဘွားတွေဟာ အင်္ဂလိပ်လူတွေလို့ ကင်ပေတိုင်ကပြောကြတယ်။ ကင်ပေတိုင်က စူလို့ကို စစ်ဆေးချင်လယ်တဲ့။ စော်ဘွားတွေကို ရန်ကုန်ခေါ်လာတဲ့အခါမှာ စပ်စုလေ သွားတွေ့တယ်။ စူတို့မျက်နှာလေးတွေဟာ ဇီးရွက်လောက်ရှိလယ်လေ။ အလွန့်ကို စနားလယ်။ စပ်စု ဘယ့်နယ်လုပ်သလဲဆိုရင် ကင်ပေတိုင် အကီးဆုံး အိုလီယန်ကလပ်မှာ လိပ်မျှားနေတဲ့ မတ်စူးအိုးကား ထံကိုစွားပြီး၊ မုတ်ဘူးလေ ခင်ဗျားကို ထမင်းကျွေးချင်လယ်။ အိုလီယန်မှာပဲ ထမင်းကျွေးမယ် စော်ဘွားတွေလည်း ဖိတ်မယ်ဆိုပြီးပြောလော့၊ မတ်ဆူအိုးကားက ကောင်းပြီ ကျွေးဆိုလို့ ၁၉၄၃-ခုနှစ်၊ စက်တင်ဘာလ ၃၀-ရက်နေ့မှာ၊ ထမင်းကျွေးတယ်။ ဒီနေရာမှာ စပ်စုက စော်ဘွားတွေနဲ့ ကင်ပေတိုင်အကီးဆုံး မက်ဆူအိုးကားနှင့် မိတ်ဆက်ပေးလိုက်တော့ မိတ်ဆွေဖြစ်သွားကြလယ်လေ။

""နေအုံး၊ ပြောဦးမယ်"" စပ်စုကလည်း စားပွဲထိုးလဲ့ ကလေးမ ကလေး လုလု ကလေးတွေ မွေးထားလယ်။ ၂-ယောက် စီချင်းအဆိုအားကီး ကောင်းလယ်။ မတ်စူးအိုးကားနဲ့ တောင်ကြီးဘုရင်ခံ အီရှီမာရှူးတို့အားကြီး စဘောကျလယ်။ နေ့လည်တစ်နာရီ အိုလီယန်မှာ နေ့လယ်စာကျွေးတယ်။ ညနေစပ်စု ဟော်တယ်မှာ ကျွေးမယ်။ အခွင်းပေးပါ""ဆိုပြီး မတ်ဆူအိုးကားကိုခွင့်တောင်းတယ်။ စူကခွင့်ပြုမှကျွေးပြန်တယ်။ ကင်ပေတိုင် အရာရှိကြီးတွေ လာရောက်တဲ့အခါမှာ စပ်စုက ကောင်းကောင်းကျွေး၊ အရက်မူးအောင်တိုက်လိုက်တာလေ စော်ဘွားတွေနဲ့ စူငယ်ချင်းမိတ်ဆွေဖြစ်သွားကြတယ်။

သတင်းထောက်။ ။ အိုရီယန်ဟော်တယ်မှာကျွေးတော့ ဘယ်သူတွေပါသလဲ။

စပ်စု။ ။ ""မတ်စူအိုးကားတို့ပါသလား""ဆိုပြီး သတင်းထောက်လုပ်သူက မတ်ဆူအိုးကား၏အမည်ကို ထိပ်မှာထားလိုက်ရာ ဦးစပ်စုက ""ဟေ့ ခဏနေပါဦး""ဟုပြော၍ မတ်ဆူအိုးကားကို အရင်ဆုံးထိပ်မှာမထားနဲ့လေ၊ ဗိုလ်ချုပ်အောင်ဆန်းတို့၊ သခင်မြတို့၊ ပျော်ဘွယ်ဦးမြတို့ကို အထက်ထားပါ၊ ခင်ဗျားတို့က ဗမာလူကီးကို အရင်ထားမှပေါ့""လို့ပင် ဟောက်လိုက်သေးသည်။

ဦးစပ်စုကဆက်၍ ဂမ်းနည်းစရာကောင်းတာက စေကွဲမကွဲ၊ ရှင်ကွဲကွဲကြရတဲ့လူတွေ၊ စေကွဲကွဲရတဲ့ လူတွေဟာ ၁၄-နှစ်အတွင်း အများကြီးရှိတယ်။ စထုံဦးလှဖေနှင့် ပီကေချောင်းတို့ကိုရှင်ကွဲကွဲလာရတယ်။ စေကွဲကွဲလာရတာတွေကတော့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးဘဂင်း၊ စော်ဘွားကြီးနှစ်ယောက်၊ စပ်စု

ကောင်မလေးတွေက ၈-ယောက် အများကြီးစေကြပြီလေ။ လယ်တီဆရာတော်ဘုရားရဲ့ဆုံးမစာမှာ ချစ်ခင် ပေါင်းသင်းဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံးလဲ့""

သတင်းထောက်။ ။ ""ဟယ် .. ဦးစပ်စု တယ်လည်းလုပ်လိုက်ပါကလား""

စပ်စု။ ။ ""စပ်စုအများကီးစိလယ်၊ စကားပြန်ပြီးမပြောနိုင်လာ၊ အားလုံးစေနေကြလယ်။ အဲဒီတော့စီးခံပြီးနေကြဖို့ပဲ။ စော်ဘွားကလော့၊ စော်ဘွားတွေဘေးကင်းအောင်လုပ်ပေးလို့ မိုင်းပွန်စော်ဘွားကြီးက စပ်စုကို စော်ဘွားအမည်ပေးလိုက်တယ်။ ဒီမှာကိစမ်းပါဟုဓါတ်ပုံဆို၍ပြရာ စော်ဘွား အဂတ်အစားများနှင့်ရိုက်ထားသောပုံများကိုတွေ့ရသဖြင့် စပ်စုစော်ဘွားဖြစ်လာပုံကို ရေးသားရပေသည်။

ဦးစပ်စုကဆက်၍ ""ဟော အခုစပ်စုကရင်ဖြစ်ပြီ၊ စပ်စုမိန်းမက ကရင်စွေးပါလယ်။ စပ်စု ကရင်ဖြစ်ပြန် ပြီဆိုတာ ဗမာကိုမေ့တာမဟုတ်ဘူးလေ။ စပ်စုသဘောက ကရင်မြန်မာချစ်ကြည်ရေးဖြစ်လယ်။ မအူပင်ခရိုင် လေးအိမ်စုရွာက ကရင်အမျိုးသားအဖွဲ့ချုပ် ကွန်ဖရင့်ဖြစ်အောင် စပ်စုကြိုးစားခဲ့လယ်။ စပ်စုဟာ ဓါတ်ပုံအရိုက် ခံတဲ့အခါမှာ ပြည်ထောင်စုအလံတော်အောက်မှာသာရပ်တယ်၊ မိန်းမမကျင်မြိုင်ကတော့ ကရင်အလံအောက်မှာ ရပ်တယ်။ ဟောဒီမှာ ကွန်ဖရင့်ပြီးမြောက်အောင် သမတကြီးလောင်းဖြစ်တဲ့ ဦးဂင်းမောင်နှင့်ရိုက်ကူးထားတဲ့ ဓါတ်ပုံလေစသည်ဖြင့် ကရင်၊ မြန်မာချစ်ကြည်ရေးကိုသာလိုလားတဲ့စပ်စုလေ၊ ဦးန နာဂ၊ ဗိုလ်ချုပ်အောင်ဆန်း ကချင်၊ နတ်ဆာ မြန်မာ၊ ချောင်အင်လေး မြန်မာ၊ နေရှူး မြန်မာအဂတ်အစားများနှင့် ဓါတ်ပုံရိုက်ခဲ့ကြတယ် မဟုတ်လားဗျာဟု ပြောပြလိုက်ကြောင်း။

ကျွန်ုပ်စော်ဘွားစပ်စုဖြစ်ခဲ့သည်မှာ ၁၄-နှစ်ရှိခဲ့ချေပြီ။ ခုတစ်ကြိမ်တွင် အကြောင်းဆိုက်၍ အင်္ဂလိပ် မြန်မာသတင်းစာအသီးသီး၌ ကျွန်ုပ်အား စော်ဘွားစပ်စုဖြစ်လာပုံကို ရာဇဂင်နှင့်ချီ၍ရေးသားဖေါ်ပြခြင်း ခံခဲ့ရလေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏စိတ်တွင်ကား နှောင်းခဲ့သောဖြစ်စဉ်များကို သတိတရရနှင့် ဖြစ်နေတော့သည်တကား။

++++++++++++++++++

# မိတ်ကောင်းဆွေကောင်း



ဝဲမှယာ — ဓမောင်မောင်ကြီး၊ ဗိုလ်မှူးကြီးဝင်း၊ ဦးစံရ၊ ဂိုကီပါ မောင်တော်ငင်း၊ မကျင်ဆိုင်၊
မညိုင်မြိုင်၊ မကျင်လှိုင် (ကလေးနှစ်ယောက်) တင်တင့်ဝင်း၊ စံရလေး။

ကျွန်ုပ်ဘဝတွင် တွေ့ကြုံခဲ့သောသူများကို အမြဲတစေ လေ့လာအကဲခတ်တတ်သော ဂါသနာတစ်ခု ရှိလေသည်။ ကိုယ်နှင့်ခင်မင်သိကျွမ်းခဲ့သောသူများ၏ အကြောင်းအင်ကိစ္စမှန်သမျှကိုလည်း အမြဲမပြတ် စုံစမ်းလေ့လာလျက်ရှိသည်။ ကျွန်တော့်မိတ်ဆွေများ၏ သတင်းစကားကိုလည်းအမြဲတမ်းနားစွင့်လျက်ရှိ လေသည်။

ယခု မြန်မာနိုင်ငံတော်လုန်ရေးအစိုးရလက်ထက်တွင် ပြည်သူ့ထောက်ပံ့ရေးအတွင်းဂန် ဗိုလ်မှူးကြီးဂင်း၊ သူနှင့်ကျွန်ုပ် သိကျွမ်းခင်မင်ခဲ့သည်မှာ ၁၉၄၃-ခုနှစ်ကဖြစ်သည်။ ထိုစဉ်ကကျွန်ုပ်သည် ဦးဂိစာရလမ်းရှိ စစ်ဂန်ကြီးရုံးသို့ ဗမာ့တပ်မတော်ရန်ပုံငွေထောက်ပံ့ရေးကိစ္စနှင့် နေ့စဉ်နေ့တိုင်းသွားနေရလေသည်။ ကျွန်ုပ်နှင့် တွေ့စဉ်က သူသည်ဗိုလ်မှူးလေးဖြစ်၏။ ထိုစဉ်ကစ၍တစ်ဦးနှင့်တစ်ဦး သိကျွမ်းလာခဲ့ရသည်။ ကျွန်ုပ်လည်း စစ်ဂန်ကြီးရုံးသို့ နေ့စဉ်နေ့တိုင်းသွားနေရ၍ သူနှင့် လည်း နေ့တိုင်းပင်တွေ့မြင်နေရလေသည်။

သူနှင့်ကျွန်ုပ် တစ်ကြိမ်တွင် ဆုံဆည်းကြပြန်သည်။

၁၉၅၅-ခုနှစ်၊ မတ်လ ၂၇-ရက်နေ့(တော်လှန်ရေးနေ့)မှ ၃၁-ရက်နေ့အထိ၊ ငါးရက်ငါးညတိုင် လမ်းမတော်မြင်းပြိုင်ကွင်းဟောင်း၌ တပ်မတော်ပြပွဲပြုလုပ်သည်။ ရွှေပွဲလာပရိတ်သတ်သည် ဂင်ကြေးမပေးရ၍ သိန်းနှင့်ချီနေပြီး ကြက်ပျံမကစည်ကားလှသည်ကို တွေ့မြင်ရသည်။ ဤပြပွဲတွင် ကျွန်ုပ်သည်ကား ဗွီစီးကရက်

မဏ္ဍပ်ကို လှလှပပတင့်တင့်တယ်တယ် ရှုစဖွယ်ဖြစ်အောင် ကျွန်ုပ်ကတာဝန်ယူထားရလေသည်။ ဗွီစီးကရက် မဏ္ဍပ်ထဲ၌ ကျွန်ုပ်ရှိနေသည်။ သူနှင့်ကျွန်ုပ်ကား ငါးရက်ငါးညတိုင်တိုင်အတူရှိနေကြပြီး ကိုယ့်မိတ်ဆွေဟောင်းကြီးနှင့်တဖန်ထပ်၍ဆုံဆည်းနေကြသည်။

ပြပွဲသို့ ဗမာ့တပ်မတော်မှ သားကောင်းရတနာများ ခြောက်ထောင်မျှစုဝေးနေကြသည်။ ကျွန်ုပ်သည် ခင်မင်ရင်းနှီးသော ဗွီစီးကရက်သူဌေးကိုပြော၍ တပ်မတော်သားခြောက်ထောင်အတွက် တစ်ယောက်လျှင် စီးကရက်တစ်ဗူးကျစီ လှူလိုသည်။ တပ်မတော်သားတစ်ယောက်လျှင် စီးကရက်တစ်ဗူးလှူပေးပါရန်ကိုလည်း ဒုဗိုလ်မှူးကြီးဂင်း၊ ကာနယ်ချိုင်းနှင့် အခြားဗိုလ်မှူးများလက်သို့အပ်လိုက်သည်။ သူတို့ကလည်း ဤသို့ သောက်သုံးရန်စီးကရက်ဗူးများ လှူဒါန်းသည့်အတွက်ကြောင့် ကျေးဇူးတင်စကားပြောကြားနေ၏။

ညဘက်ကိုးနာရီခန့်တွင် ဗိုလ်ချုပ်ကြီးနေဝင်းလာ၏။ တပ်မတော်ပြခန်းသို့လာရောက်ပြီး ကြည့်ရှု စစ်ဆေးသွားသည်။ မီးရှူးမီးပန်းများသည် ငါးညတိုင်တိုင် ကောင်းကင်တစ်ခွင်ထိန်ထိန်လင်းအောင် ပစ်ဖေါက်သည်မှာလည်း အလွန်ကြည့်၍ကောင်းပါပေသည်။

ပြီးနောက်တစ်နေ့သောအခါတွင် ကျွန်ုပ်နှင့်တူတော်မောင် နိုင်ငံကျော်ဂိုကီပါဇော်ဝင်းသည်အိမ်သို့ လာလေသည်။ သူလာရခြင်းအကြောင်းကိုပြောပြသည်။ သူသည် မလေးယားလွတ်လပ်ရေးပွဲမှာ ဗမာပြည်မှ ချစ်ကြည်ရေးဘော်လုံးအဖွဲ့နှင့်လိုက်သွားရမည့်အကြောင်း ခေါင်းဆောင်လုပ်သူမှာ ဗိုလ်မှူးကြီးဂင်းဖြစ်နေကြောင်း၊ ဗိုလ်မှူးကြီးဂင်းက ကျွန်ုပ်နှင့်အလွန်ရင်းနှီးကြောင်းကို မောင်ဇော်ဝင်းကပြောပြလေ၏။

ကျွန်ုပ်သည် ဤဗမာ့ချစ်ကြည်ရေးဘော်လုံးအဖွဲ့ခေါင်းဆောင်သူ ဗိုလ်မှူးကြီးဂင်းအဖွဲ့သားများကို ဂုဏ်ပြုထမင်းစားပွဲတစ်ခုပြုလုပ်ရန်ကြံရွယ်သေးသည်။ သို့သော် အချိန်ကားမရ၍မပြုလုပ်လိုက်ပေ။

၁၉၅၇-ခုနှစ်၊ ဩဂုတ်လ ၂၇-ရက်နေ့ နံနက်ငါးနာရီလေးဆယ့်ငါးမိနစ်အချိန်တွင် ချစ်ကြည်ရေး ဘော်လုံးအဖွဲ့ကို မင်္ဂလာဒုံလေဆိပ်သို့ ကျွန်ုပ်တို့လိုက်ပို့ကြသည်။ ကျွန်ုပ်နှင့် ကျွန်ုပ်ညီဦးအောင်ရီက ပူးတွဲ၍ စင်ကာပူမြို့ရှိ တရုပ်သူဌေးတစ်ဦးထံသို့စာတစ်စောင်ရေးပေးပြီး ချစ်ကြည်ရေးဘော်လုံးအဖွဲ့နှင့် လိုက်ပါသွားသော မောင်ဇော်ဝင်းကိုပေးလိုက်သည်။

ပြန်၍လာလေသောအခါ မောင်ဇော်ဝင်းသည် ကျွန်ုပ်တို့ရေးပေးလိုက်သောစာလွှာကို စင်္ကာပူမြို့မှ တရုတ်သူဌေးကြီးကိုပြ၍အလွန်ကျော်ကြားသော ကပွဲများကိုပြသကြောင်း။ စားသောက်ပွဲကြီးများနှင့် ဧည့်ခံကျွေးမွေးသည့် အကြောင်း။ ဗိုလ်မှူးကြီးဂင်းက

တာဝန်အရှိဆုံးလူတစ်ယောက်ဖြစ်နေ၍ သူကိုတိုင် မလိုက်ပါ နိုင်သော်လည်း ဆုံးမ၍လွှတ်လိုက်သည့် အကြောင်းများကိုတစ်ဆင့်ဖောက်သည်ချပြီး ကျွန်ုပ်အားပြောပြလေသည်။ ဤအချိန်မှစ၍ ဗိုလ်မှူးကြီးဝင်း၏ စိတ်သဘောထားအမှန်ကို သိရှိရ၍ ကျွန်ုပ်သည် ကြည်ညိုလေးစားသွားပါတော့သည်။

သူသည် ......

၁၉၄၃-ခုနှစ် ဂျပန်ခေတ်ဝယ် ဗိုလ်မှူးလေး။

၁၉၅၇-ခုနှစ်တွင် ဒုဗိုလ်မှူးကြီး။

၁၉၆၂-ခုနှစ်ဝယ် ဗိုလ်မှူးကြီးဖြစ်လာခဲ့ရသော ကျွန်ုပ်မိတ်ဆွေကြီးသည် အလွန်သဘောကောင်းသည်။ တွေ့လေတိုင်း ကောင်းမွန်ဖော်ရွေစွာစကားပြောတတ်သည်။ သူသည် မာနမကြီးတတ်၊ ဘဝင်မမြင့်တတ်၊ အနှစ်နှစ်အလလသူနှင့်ပေါင်းဖော်လာခဲ့သောကြောင့် သူ့အကြောင်းကို ကျွန်ုပ်ကောင်းကောင်းကြီးသိခွင့် ရလေသည်။

ယခုအချိန်အခါတွင်ကား ဗိုလ်မှူးကြီးဝင်းသည် ခြံအမှတ် ၈၇၊ ဦးဝိစာရလမ်း၌နေထိုင်လေသည်။

+++++++++++++++++

# ဦးနုနှင့် ဦးကျော်မင်း

၁၉၅၇-ခုနှစ်၊ အောက်တိုဘာလ ၁၀-ရက်နေ့တွင် လွှတ်တော်၌ပြဿနာပေါ်သည်။

အဘယ်အကြောင်းကိုအခြေခံ၍ ပြဿနာပေါ်သည်ကိုကား သေသေချာချာမမှတ်မိတော့၊ အဓိက ဦးနုနှင့်ရခိုင်အမျိုးသားခေါင်းဆောင် ဦးကျော်မင်းတို့ မသင့်မသင့်ဖြစ်ကာ စကားများကြသည်ကားမှန်၏။ ထို့ကြောင့်ရခိုင်ခေါင်းဆောင်ဦးကျော်မင်းသည် လွှတ်တော်အတွင်းမှစိတ်ဆိုးကာထွက်သွားလေသည်။ ဤတွင် ဦးနုသည် ကိုယ့်မိတ်ဆွေတစ်ဦးယင်းကဲ့သို့စိတ်ဆိုးပြီးထွက်သွားသောကြောင့် စိတ်မချမ်းမသာဖြစ်နေသည်ဟု ကျွန်ုပ်ကြားရသည်။



ဝဲမှယာ၊ ဦးကျော်မင်းနှင့် သခင်တင်တို့ ပြုံးပြုံးရွှင်ရွှင်ဖြင့်

ယင်းသို့သောအကြောင်းမျိုးကို ကျွန်ုပ်ကြားမိလေ၍ စိတ်မချမ်းမသာဖြစ်ရသည်။ လွန်လေခဲ့သော နှစ်များက ကျွန်ုပ်၏လန်ထောင်ဟော်တယ် မဖျက်သိမ်းမီ ဦးနုယောက္ခမဦးအောင်ငြိမ်း လူတိုင်းချစ်ခင်လေးစား ခြင်းကိုခံရသော ဦးဘအုံး၊ ရခိုင်ခေါင်းဆောင်ဦးကျော်မင်း၊ ဤသုံးယောက်သည် ဟော်တယ်သို့ မကြာမကြာ လာရောက်စားသောက်ကြသည်။ ကျွန်ုပ်နှင့်ဆိုပါမူ အားလုံးလေးယောက်ဖြစ်သည်။

ကျွန်ုပ်နှင့်လည်း တစ်ဦးကိုတစ်ဦး ဆဲမနာဆိုမနာဖြစ်လောက်အောင် ခင်မင်ရင်းနှီးနေကြ၍ တစ်ယောက်ကိုတစ်ယောက် စကြနောက်ကြသည်။ ယင်းမိတ်ဆွေများသည်ကား နှစ်ပေါင်းသုံးဆယ်ကပေါင်းဖော်လာသော မိတ်ဆွေများဟု ဆိုပါလျှင်မမှားပါပေ။

ထိုစဉ်က ဦးနုနှင့် ရခိုင်ခေါင်းဆောင်ဦးကျော်မင်းတို့ တစ်ဦးနှင့်တစ်ဦး သဘောကွဲလွဲသည့်ကိစ္စကြောင့် အရေးပါ အရာရောက်သော ဒု-ဂန်ကြီးချုပ်သခင်တင်နှင့် ရခိုင်ခေါင်း ဆောင်ဦးကျော်မင်းကိုဆုံတွေ့ပေးရန် ကျွန်ုပ်စီစဉ်လေသည်။ ဤအချိန်၌လည်း ကျွန်ုပ်နှင့်သိကျွမ်းခင်မင်သော အမေရိကန် ပြည်မှ အလုပ်အကိုင်ကြီးလုပ်သူ တရုပ်အမျိုးသား သူဌေး တစ်ဦးလည်း ရန်ကုန်မြို့သို့ရောက်ရှိနေပြီးအလုပ်လုပ် နေသည်။ ဖိလစ်ပိုင်မှ တရုပ်အမျိုးသားသူဌေးလည်း ရန်ကုန်မြို့သို့ ရောက်ရှိနေချိန်ဖြစ်သည်။ စင်္ကာပူနှင့် ဟောင်ကောင်မြို့မှ တရုပ်သူဌေးသည်လည်း ရန်ကုန်မြို့၌ ရောက်ရှိနေချိန်ဖြစ်သည်။

အမှန်အတိုင်းသာဝန်ခံရလေသော်၊ သည်အချိန်က ယခုကျွန်ုပ်နေထိုင်ရာ မဟာဗန္ဓုလလမ်း မှတ် ၇၄၆-ပေါ်ဆုံးထပ်တွင် ကလပ်ဖွင့်ထားလေသည်။ ကျွန်ုပ်၏မိတ်ဆွေ တရုပ်အမျိုးသားသူဌေးများသည် ကလပ်၌လာရောက်ပြီး စုရုံးနေထိုင်ကာ ပျော်ပျော်ပါးပါး ပင်စားသောက်နေထိုင်ကြလေသည်။

ကျွန်ုပ်သည် ဦးနုနှင့် ရခိုင်အမျိုးသားခေါင်းဆောင် ဦးကျော်မင်းတို့ ညီညွတ်မှုရရှိလေအောင် မည်သို့မည်ပုံပြုလုပ်ရမည်နည်းဟုအကြံထုတ်ကာ ဒု-ဂန်ကြီးချုပ်သခင်တင်နှင့် ဦးကျော်မင်းတို့ကို ဆုံဆည်းပေးရန် ထမင်းစားပွဲပါတီတစ်ခုပြုလုပ်ရလျှင်ကောင်းမည်ဟုစိတ်ကူးမိသည်။ ပြီးနောက်တွင်ကား ရွှေလိပ်ပြာအငြိမ့်ဖြင့် ကပြအသုံးတော်ခံမည်။ ရွှေလိပ်ပြာမအေးကြည်အငြိမ့်ကလည်း ငွေဖြင့်ငှားခြင်းမဟုတ်၊ ဆုပေးပွဲဖြစ်သည်။

ကျွန်ုပ်သည် သခင်တင်ကိုထမင်းစားပွဲသို့တက်ရောက်ပါရန်သွား၍ ဖိတ်ကြားသည်။ သခင်တင်ကလည်းလာခဲ့ပါမည်အကြောင်းကိုပြောလေသည်။

သခင်တင်ကိုဖိတ်၍ပြီးလေသော်၊ ကိစ္စတစ်ခုကပြီးမြောက်သွား၏။ ထို့ကြောင့်လမ်းမတော်အထက်လမ်းတွင်နေထိုင်သော ရခိုင်ခေါင်းဆောင်ဦးကျော်မင်းနှင့်ကားမတွေ့၊ သူ့ဇနီး ဒေါ်စိန်ဇာဖြင့်သာတွေ့၍ ကျွန်ုပ်က ...

""အိမ်မှာ ထမင်းလည်းကျွေးမယ်၊ အငြိမ့်လည်းခံမယ်၊ ဦးကျော်မင်းကိုကြွရောက်ဖို့ဖိတ်ကြားထားတဲ့ အကြောင်းကိုပြောလိုက်ပါ၊ မင်းကတော်တော့မပါဘူးနော် ဟဲ .. ဟဲ ..""

ကျွန်ုပ်၏မင်းကတော်မပါဘူးဟူသောစကားကို သိပ်သဘောမကျလှ၊ ထို့ကြောင့် ဒေါ်စိန်ဇာက .

""ဒီလိုဆိုရင် ဦးစပ်စုက စောစောပြန်လွှတ်နော်""

""စောစောဆိုရင် မနက် ၅-နာရီမှပြန်လွှတ်ပါ့မယ်၊ ဒီထက်စောရအုံးမလား ..""

ဤအခါကျလေမှ ကျွန်ုပ်နောက်နေမှန်းသိသွား၏။ ဒေါ်စိန်ဇာက ဘာမျှပြန်၍မပြောတော့ ပြုံးပြီးတော့သာနေလေသည်။

ဆယ့်ငါးရက်နေ့ညတွင်ကား ကျွန်ုပ်အိမ်အပေါ်ဆုံးထပ်တွင် ဧည့်ပရိတ်သတ်စုံလင်စွာရောက်ရှိ နေကြသည်။ ဒုဂန်ကြီးချုပ်သခင်တင်နှင့် ရခိုင်ခေါင်းဆောင်ဦးကျော်မင်းလည်း အသင့်ရောက်ရှိနေကြသည်။ ပြီးနောက် အမေရိကန်၊ ဖိလိပိုင်၊ စကော့ပူ၊ ဟောင်ကောင်း၊ ရန်ကုန်ရှိတရုပ်သူဌေးများနှင့်တကွ၊ ဟောင်ကောင် ကောင်စစ်ဂန်ချုပ်ဦးကျင်ပို့တို့သည်တိုင်းရင်းမြန်မာဂတ်စုံများဂတ်ဆင်ကာရောက်နေလေသည် ။ ကျွန်ုပ်၏ မိတ်ဆွေများစုံလင်သောအခါ တပျော်တပါးကြီးစုဂေး၍စားသောက်ကြလေသည်။

★

ဝဲမှယာ။ လူရွှင်တော် ဦးသောင်းစိန်၊ ဖိလစ်ပိုင် သူဌေး မစ္စတာလျူ၊ဦးစပ်စု၊ မကျင် မြိုင်၊ ဟောင် ကောင်း ကောင်စစ်ဝန်ချုပ် ဦးကျင်ပို ဇဂုံသောင်း၊ ရန်ကုန်သူဌေး တန်ကျုံဝှမ်း၊ အမေရိကန်သူဌေးမစ္စတာကျန်း၊ တင်တင် ဝင်း(ထိုင်နေသူမှာ တိုကျင်း လူ)


★



ကပြအသုံးတော်ခံအမည့် ရွှေလိပ်ပြာမအေးကြည်တို့အဖွဲ့က အချိန်စော၍ ကျွန်ုပ်အိမ်သို့ရောက်ရှိ နေကြသည်။ သူတို့အဖွဲ့သည် အိမ်အလယ်ထပ်တွင်ရှိနေကြသည်။ ကျွန်ုပ်သည် အငြိမ့်မင်းသမီးများထံသို့သွား၍ ယခုကြွရောက်လာသောဧည့်သည်တော်များ၏ဓါတ်ပုံကိုပြသပြီး လူအမည်ကိုပါပြောထားရသည်။ အငြိမ့်ကပြ စဉ်အတွင်း သူဌေးများ၏အမည်ကိုထုတ်ဖေါ်ခေါ်ကာ ဆုချရန်အတွက်စကားဆွယ်ရန်ဖြစ်လေသည်။

ထမင်းစားသောက်ပြီးသောအခါ ကျွန်ုပ်၏အိမ်အပေါ်ဆုံးထပ်တွင် အငြိမ့်ကြည့်ကြသည်။ ပထမဦးစွာ ရွှေလိပ်ပြာ၏လက်ထောက်မင်းသမီးဒဂုံသောင်း ထွက်ပြီးကပြအသုံးတော်ခံသည်။ ကြွရောက်သူများက ရာတန်များဖြင့် ဆုတော်ငွေချလေသည်။ ပြီးနောက်တွင်ကား ရွှေလိပ်ပြာထွက်လာချိန်မူ သခင်တင်နှင့် ဦးကျော်မင်းတို့သည် ပြုံးပြုံးရွှင်ရွှင်နှင့် အငြိမ့်ပွဲကိုကြည့်ရင်း သူ့ထက်ငါယှဉ်ပြိုင်၍ ဆုတော်များချီးမြှင့်ကြသည်။ နိုင်ငံခြားမှလာသော တရုပ်အမျိုးသားသူဌေးကြီးများကလည်း

ဆုတော်ငွေချသည်။ ရွှေလိပ်ပြာ၏ရင်ဘတ် ပေါ်ဂယ် ရာတန်များဖြင့်သာ ပြည့်နှက်သွားပါတော့သည်။ ဆုတော်ငွေချသူများကို ရွှေလိပ်ပြာကဆုမွန်ကောင်း တောင်းလေသည်။



ဤတစ်ပွဲတည်းဖြင့် ရွှေလိပ်ပြာတို့အငြိမ့်အဖွဲ့သည် ဆုတော်ငွေ ၂၀၀၀-ကျော် ၃၀၀၀-နီးနီး ရရှိသွားလေသည်။ မင်းသမီးရွှေလိပ်ပြာက ကျွန်ုပ်၏နားနားသို့တိုးကပ်၍

""အခုခေတ်ဆန်း လက်ကောက် နာရီတစ်လုံးလိုချင်တယ် .. အဲဒါ ဟောင်ကောင်သူဌေးကိုပြောပေးပါ""ဟူ၍ ပူဆာလေသည်။

အနီကဲ့သို့ ရွှေလိပ်ပြာကပြောကြားသဖြင့် ကျွန်ုပ်သည် ဟောင်ကောင်သူဌေးကို ရွှေလိပ်ပြာ အစီရင်ခံသကဲ့သို့ပြောလိုက်သည်။ ဟောင်ကောင်သူဌေးသည်လည်း တော်တော်လေးမပေးချင်ရှာပေ။ ချက်ခြင်းပင် အိမ်သို့ထပြန်သွားပြီး၊ ရွှေလိပ်ပြာအတွက် လက်ကောက်နာရီတစ်လုံးကိုယူပြီး ပြန်လာခဲ့သည်။ ထိုစဉ်က ဤလက်ကောက်နာရီတစ်လုံး၏တန်ဖိုးသည်မသေးငယ်လှ၊ ငါးရာခန့်တန်လေသည်။ ဟောင်ကောင် သူဌေးကိုယ်တိုင် ရွှေလိပ်ပြာကို နာရီပတ်ပေးလိုက်လေသည်။

အခန်းအနားရုတ်သိမ်းသွားသောအခါ၊ ကြွရောက်လာကြသောဧည့်သည်တော်များ ပြန်ကုန်ကြပြီ ဖြစ်၏။ ဟောင်ကောင်သူဌေးကား မပြန်သေး၊ ကျွန်ုပ်နှင့်အတူ စကားတပြောပြောနှင့် အရက်သောက်လျက် ရှိ၏။

ထိုစဉ်ဂယ် အိမ်အပေါ်ဆုံးထပ်ဂယ် ဆူညံဆူညံအသံများကြားရ၏။ ရွှေလိပ်ပြာတို့အငြိမ့်အဖွဲ့သည် တစ်ယောက်တစ်ခွန်းစကားများနေကြသည်။ အကြောင်းကား ရွှေလိပ်ပြာသည် သူဆုအဖြစ်ရရှိထားသော လက်ကောက်နာရီကိုတစ်ဖွဲ့သားလုံးအညီအမျှခွဲဝေယူမည် ရွှေလိပ်ပြာကလည်း "သူတစ်ဦးတည်းကိုသာရွေးပြီး ဆုပေး၍သူသာရသင့်သည်"ဟုဆို၏။ ယင်းသို့တစ်ဦးနှင့်တစ်ဦး အချီအချစကားများမှုကြောင့်ရွှေလိပ်ပြာသည်၊ ဆုအဖြစ်ရရှိထားသော လက်ကောက်နာရီကိုမယူတော့၊ ဟောင်ကောင်သူဌေးထံတွင် ပြန်ချွတ်ပြီးပေးအပ်ခဲ့သည်။သူ့အားပေးလိုပါလျှင်သူ့အိမ်တွင်လာပေးပါရန်မှာကြားခဲ့လေသည်။

နောက်တစ်နေ့တွင်ကား ကျွန်ုပ်နှင့် ဟောင်ကောင်သူဌေးသည် မြေနီကုန်းရှိ ရွှေလိပ်ပြာနေအိမ်သို့ သွားရှာကြသည်။ မတွေ့ကြပေ။ အနီးပတ်ဂန်းကျင်တွင် တဲအိမ်ငယ်များသာ ပြွတ်သိပ်နေပြီး အရှာရအလွန်ခက်ပေသည်။

ထို့နောက်ပိုင်းတွင်မူ ဟောင်ကောင် သူဌေးလည်းသူ့နေရပ်သို့ ပြန်သွားလေပြီ။ ရွှေလိပ်ပြာလည်း လက်ကောက်နာရီကို ဆုအဖြစ်မရလိုက်ပေ။ ဤသည်တို့ကား ကိုယ့်တိုင်းနိုင်ငံသဘင်ပညာသည်အချင်းချင်း စည်းလုံးညီညွတ်မှုလျော့နည်းမှုကြောင့် အခွင့်ကောင်းတစ်ခုလွတ်သွားခြင်းပင်ဖြစ်သည်ဟု ကျွန်ုပ်ယူဆ၏။

၁၆-ရက်နေ့တွင် ဟံသာဂတီသတင်းစာမှ နိုင်ငံရေးဂျပိုးနှင့်ကျွန်ုပ်တွေ့သည်။ မနေ့က ဒုတိယဂန်ကြီးချုပ် သခင်တင်နှင့် ဦးကျော်မင်းတို့ကိုတွေ့ဆုံပြီး စေ့စပ်ပေးသည့်အကြောင်းကို ပြောပြလိုက်မိသည်။

၁၉၅၇-ခုနှစ် အောက်တိုဘာလ ၁၇-ရက်နေ့ထုတ် ဟံသာဂတီသတင်းစာကြီးတွင် ဤအတိုင်းပါလာလေ၏။

# ဦးနုကိုဦးကျော်မင်းစိတ်မဆိုးသင့်တဲ့
# ကွယ်လွန်သူတို့မျက်နှာထောက်ဖို့ကောင်းပုံ
# ပြည်ထောင်စုသား တရုပ်ဦးစပ်စုဂင်၍စပ်စုလိုက်ပုံများ

## (နိုင်ငံရေးဂျပိုး-ရေးသည်)

နိုင်ငံရေး ဦးဂျပိုး ခင်ဗျား။ ။

"ခင်ဗျားတို့ ရခိုင်ပြည်အကြောင်းရေးလိုက်တဲ့ဆောင်းပါးဟာ အလွန်ကောင်းတယ်။ ဖဆပလ အနေနှင့် စစ်တွေသားတွေကို တစ်ဘက်စီးနင်းလုပ်ပုံ၊ ကျောက်ဖြူကိုအသားပေးပုံ၊ ဦးကျော်မင်းတို့လူစုက ရခိုင်ပြည် တောင်းရာမှ အချိန်မကျသေးပုံ၊ ယခုလိုအချိန်မျိုးမှာ ရခိုင်ပြည်နယ်ပေးလိုက်ရင် လူမျိုးရေးစိတ်တွေပေါ် ပေါက်ပြီး မေတ္တာပျက်စရာအကြောင်းရှိပုံ စသည်တို့ဟာမှန်လှသဗျာ။ ဂန်ကြီးချုပ်ဦးနုက ပါလီမန်မှာ ကျွန်တော့်မိတ်ဆွေကြီးဦးကျော်မင်းဟာ စိတ်ဆိုးသွားလို့ စိတ်မကောင်းဖြစ်ရပုံများဟာ အမှန်ပဲစိတ်မကောင်းဖြစ်ရပါလိမ့်မယ်။ ဦးကျော်မင်းနှင့်ဦးနုတို့ ဘယ်ကလောက်ရင်းရင်းနှီးနှီးဖြစ်ပြီး၊ ယခုလိုရခိုင်ပြည်အရေးပေါ် လာမှစိတ်ဆိုးရခြင်းကို စပ်စုစိတ်မကောင်းလွန်းလို့ ကွယ်လွန်သွားကြတဲ့လူတွေရဲ့မျက်နှာကို ထောက်ကြဖို့ကောင်းတဲ့အကြောင်း ခင်ဗျားကိုပြောချင်လွန်းလို့ လာပါမည့်အကြောင်းကို ဖိတ်ကြားပါတယ်။" ခင်ဗျား.......ဆိုတဲ့စာတစ်စောင် ရောက်ရှိလာတော့ ဦးစပ်စု ဘယ်လောက်စပ်စုနိုင်ဦးမလဲဆိုပြီး ဦးစပ်စုရှိရာအရပ်သို့ရောက်လာခြင်းဖြစ်သဗျ။

ဦးစပ်စုသည် နိုင်ငံရေးဂျပိုးကိုတွေ့လိုက်သည်နှင့်တပြိုင်နက်၊ ""အားကီးကောင်းလယ်၊ လာပါလာပါ၊ ဟောလာဘယ်သူလဲ၊ ဦးအောက်ငြိမ်း၊ အဆက် ၇၄-နှစ်ရှိပြီ။ လွန်ခဲ့တဲ့ စုံးစက်လေးနှစ် (၃၄-နှစ်)လောက်က ပန်းတနော် သမာဓိမြို့ဂန်ဖြစ်လယ်။ ၁၃၁၈-ခု တပို့တွဲလဆုတ် ၁-ရက်နေ့မှာစေတယ်၊ မီဟုတ်ဘူးလေ၊ ကွယ်လွန်အနိစ္စရောက်တယ်"" ဟောဒီပုံက လွန်ခဲ့တဲ့ စုံးစက်လေးနှစ်လောက်က ပန်းတနော်မြို့အုပ်မင်း ဦးဘအုန်းဖြစ်တယ်။ အစက် ၆၆-နှစ်၊ ၁၃၁၄-ခုနှစ်မှာ ကွယ်လွန်အနိစ္စရောက်လယ်၊ ဟော်ဒီပုံက ဦးကယော်မင်း (ဦးကျော်မင်း)ပေါ့၊ ဟော်လာက ကေဘာကြီး၊ ဟောလာကစပ်စု၊ စုလို့ ၅-ယောက်ဟာ အလွန်ချစ်ကြလယ်၊ စပ်စုမှာ ဟော်တယ်အပိုင်ရှိတော့ စုလို့ ၅-ယောက်ကို မကြာခဏ ထီမင်းစားဖိတ်ကျွေးလေ့ရှိတယ်။ စသည်ဖြင့် တရုပ်အသံအများဆုံးပါပြီး မပီကလာပီကလာနှင့် ပြောရာသဗျ ...။

ဂျပိုးအဖို့မှာ သူပြောသောစကားများကို တရုပ်သံပါရှိအောင် ရေးရမယ်ဆိုလျှင်၊ အချိန်ကုန် လူပမ်းမည်ဖြစ်သောကြောင့် မရေးလိုတော့၊ သူပြောသောစကားများကို ဂျပိုးနားလည်သလောက် ပြန်၍ရေးသားပ၊ ""အဲဒါဘာဖြစ်သလဲဗျာ သူတို့ ၅-ယောက်ခင်ကြတာနဲ့ ဘာဖြစ်လို့သေသူတွေမျက်နှာကိုထောက်ရမှာလဲလို့""

မေးလိုက်သည့်အခါမှာ ဦးစပ်စုက ""မဟုတ်ဘူးလေ၊ ဦးအောင်ငြိမ်းဟာ ဦးနုရဲ့ယောက္ခမ ဖြစ်ရလေတော့၊ ဦးနုဟာ ဝန်ကြီးချုပ်အနေနဲ့ တိုင်းပြည်အတွက်လုပ်တဲ့အခါ မှားတာလည်းရှိတယ်၊ မှန်တာလည်းရှိတယ်။ မှားတာရှိမယ်ဆိုရင် ဒီလူငါးယောက်တွေ့ဆုံပြီး စားရင်းသောက်ရင်းနှင့် ဦးနုလုပ်ခဲ့တဲ့အလုပ်ဟာ မှန်တာမှားတာ တွေကိုပြောတာနှင့် ယောက္ခမဖြစ်သူဦးအောင်ငြိမ်းက သူ့သမီးဒေါ်မြရီကို ပြန်ပြောနိုင်တယ်မဟုတ်လားဗျာ။ ဒေါ်မြရီမှတဆင့် ဦးနုကိုပြောတော့ အချိန်မကုန်ပဲ ဦးနုသိတယ်မဟုတ်လားဗျ ..""

ကေဘာကြီး၊ ဦးအောင်ငြိမ်း၊ ဦးဘအုန်း၊ ဦးကျော်မင်းက မအူပင်ဘက်မှာနယ်ပိုင်လုပ်တော့ အလွန်ခင်မင်ကြတယ်။ တစ်ယောက်ကိုတစ်ယောက် ဟော့ကိုယ့်လူလို့ပြောကြတယ်။ ထမင်းစားပိုင်းကျပလား ဆိုရင် ဦးအောင်ငြိမ်းကို မောင်နတစ်ယောက် နေကောင်းရဲ့လား၊ သူလုပ်တာတွေ မှန်တယ်မှားတယ်ဆိုတာတွေကို ရှင်းရှင်းပဲ၊ ဦးဘအုန်းနဲ့ ဦးကျော်မင်းတို့က ဖေဖန်ပြောဆိုကြတယ်။ ""ဟော့ကိုယ့်လူ မောင်နတစ်ယောက် ဘယ့်နဲ့ နေကောင်းရဲ့လားလို့မေးခြင်းဟာ ခင်လို့မဟုတ်ဘူးလားဗျာ""

ဦးစပ်စုအနေနဲ့ဆိုရင် ဦးနုနဲ့ဒေါ်မြရီတို့ ညားကြတာဟာ ဦးဘအုန်းကြောင့်ညားကြတာပဲလို့သိတယ်။ ထိုအခါ ဂျပိုးဦးသန့်လည်း ဒီကိစ္စထဲမှာပါတယ်လို့ပြောနေကြပါကလားလို့ မေးလိုက်တဲ့အခါမှာ ဦးစပ်စုက ""ပန်းတနော်ဦးသန့်က ဦးနုဘက်ကပါ၊ ဦးဘအုန်းက ဒေါ်မြရီဘက်က လော်ပေးပါလိမ့်မည်။ သူတို့နှစ်ယောက် စတွေ့တာကတော့ ဂါဆိုပန်းကပ်ပွဲမှာ တစ်ယောက်နှင့်တစ်ယောက်စမြင်လိုက်တဲ့အခါမှာ ဦးနုစိတ်၌ ကမ္ဘာပေါ်မှာ ဒေါ်မြရီတစ်ယောက်ထဲပဲရှိတယ်လို့ထင်မယ်။ ဒေါ်မြရီကလည်း ကမ္ဘာပေါ်မှာ ဦးနုတစ်ယောက်ပဲရှိတယ်လို့ ထင်မယ်။ ဒါဟာ နိယာမတရားကိုးဗျ ဟဲ.. ဟဲ.. ဟဲ...

သို့ကလို ရင်းရင်းနှီးနှီး ချစ်ခင်လာကြတဲ့သူတွေဟာ "ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏" ဆိုတဲ့ဆုံးမစကားကို အခုဦးအောင်ငြိမ်းလည်း ကွယ်လွန်သွားခဲ့ပြီ။ ဦးဘအုန်းလည်း သေဆုံး သွားခဲ့ပြီ။ သူတို့ရဲ့မျက်နှာတွေကို ထောက်ချင့်လို့ ဦးနုနှင့်ဦးကျော်မင်း ရန်မဖြစ်စေချင်ဘူးဗျ၊ စပ်စုအနေနှင့် ကတော့ ဦးနုနှင့်ဒေါ်မြရီတို့ဟာ ဦးအောင်ငြိမ်းအတွက် တပို့တွဲလဆွမ်းကျွေးတဲ့အခါမှာ ဦးကျော်မင်းဟာ ဦးနုကိုပြန်လည်ချစ်ခင်လာလိမ့်မယ်လို့စပ်စုထင်တယ်။ ဟောဒီပုံကိုကြည့်ပါဦး။ သခင်တင်နှင့် ဦးကျော်မင်းတို့ ဖြစ်တယ်။ အငြိမ့်မင်းသမီးကို အပြိုင်အဆိုင်ဆုချတယ်။ ကြည့်ကြစမ်းဘယ့်ကလောက်တဲ့ကြသလဲ။

အချင်းချင်းရန်ဖြစ်ရင်မကောင်းဘူးလေ၊ ရန်မဖြစ်အောင် စပ်စုက သူတို့ရဲ့ နောင်းကချစ်ခင်ပုံတွေကို ဖွင်ပြောနေခြင်းဖြစ်တယ်။ ထွန်းဒေလီကဦးထွန်းဖေကိုလည်း ဦးနုနှင့် ပြန်တည့်စေချင်တယ်။ ဟောဒီပုံကိုကြည့်ရင် ဦးနုနှင့်ဦးထွန်းဖေတို့ တစ်ခါတုန်းကဘယ်ကလောက်တည့်ကြမလဲဗျာဟုပြောကာ ဓါတ်ပုံကိုထုတ်ပြလိုက်

သောအခါတွင် ဦးထွန်းဖေသည် အားရပါးရရယ်မော၍၊ ဦးနုနှင့်စကားပြောနေသည်ကို တွေ့ရသဗျ။

ထို့နောက် ဦးစပ်စုကဆက်၍ အသက်တွေလည်းကြီးလာကြပါပြီ။ ဦးအောင်ငြိမ်းဟာ အသက် ၇၄-နှစ်မှာသေတယ်။ ဦးဘအုန်းကလည်း ၆၀-တော့ကျော်ပါပြီ။ ဦးနုဟာ အသက် ၅၀-ကျော်လာပြီ၊ ပိုပြီး အသိတရားရလာမှာဖြစ်လို့ မသေခင်မှာချစ်ချစ်ခင်ခင်နှင့် ပေါင်းသင်းဖို့ပဲ။ ချစ်ခင်ကြဖို့ကောင်းကြောင်းနှင့် ပြောပြလိုက်ရကြောင်း။

နိုင်ငံရေးဂျပိုးက ဟံသာဝတီသတင်းစာ၌ရေးသားပြီးနောက် များမကြာမီအချိန်အတောအတွင်း ဦးနုနှင့် ဦးကျော်မင်းတို့သည် တစ်ယောက်နှင့်တစ်ယောက် သဘောချင်းကိုက်ညီပြီး တည့်သွားကြလေသည်ဟု ကျွန်ုပ် သတင်းစကားကြားရသည်။ သူတို့နှစ်ယောက် တည့်ရခြင်းအကြောင်း၌ သခင်တင်လည်း ပါဝင်လေသည်။

++++++++++++++++++

# ဦးဗဆွေ၏ နှုတ်ခမ်းနီ

ကျွန်ုပ်အမြင်၌ လူဟူသည်မှာ အခါအခွင့်သင့်လေတိုင်း အကောင်းအဆိုးအလုပ် ကုသိုလ်၊ အကုသိုလ်ကို လွန်ကျူးနေသောသတ္တဝါမျိုးဖြစ်လေသည်။

ကိုယ်ပြုခဲ့သောဖြစ်ရပ်အမှန်ကို အစစ်ခံဂုံ့သူအတော်ရှားပါပေ၏။ အများအားဖြင့်လူသည် ကိုယ်ကောင်း သောအလုပ် ကုသိုလ်တရားများကိုသာ ရက်ယူ၍ ပါးစပ်မှ တဖွဖွပြောနေတတ်သော်လည်း ပြုခဲ့သော မကောင်းမှု အကုသိုလ်များကိုမူ တနည်းမဟုတ်၊ တနည်းနည်းဖြင့် ထိန်ပုက်ထားတတ်ကြ၏။ ဤတို့သည် မကောင်း။

ကျွန်ုပ်သဘောဆန္ဒက လူသည် သူပြုခဲ့သော ကောင်းမှုမကောင်းမှု၊ ကုသိုလ်အကုသိုလ် မှန်မမှန် သစ္စာကို ရဲရဲပွံ့ပွံ့ပြောရဲရမည်၊ ရေးရဲရမည်။ သို့မှ သာလျှင် ဖြောင့်မှန်သောလူဖြစ်ပေလိမ့် မည်ဟု ယုံကြည်ထား၏။

ကျွန်ုပ်၏ဘဝ ခရီးလမ်း တလျှောက်ဂယ် ကောင်းသောအလုပ်၊ ဆိုးသောအလုပ်၊ သူ့ကဏ္ဍနှင့်သူ အများကြီး ရှိလေသည်။ ကျွန်ုပ်အဖို့ သူတစ်ဦးတစ်ယောက်အတွက် အနစ်နာအဆုံးရှုံးခံခဲ့ရ သည်လည်းရှိ၏။ ကျွန်ုပ်သည် သူတစ်ဦး တစ်ယောက်ကို ခုတုံးလုပ်၍ လိမ်ခဲ့၊ ညာခဲ့၊ ပွေခဲ့၊ ရှုပ်ခဲ့သည်များလည်းရှိ၏။ ဤသည်တို့ကား ဘဝကြေးမုံပြင်ဂယ် ဖျောက်၍မရနိုင်သော အရိပ်များပင်တည်း။

ကျွန်ုပ်ပွေရှုပ်ခဲ့သော ဘဝဇာတ်ခုံ ပေါ်မှ တစ်ခန်းသောဇာတ်ကွက်တစ်ကွက်ကို ထုတ်နှုတ်တင်ပြ ရပါလေသော် ....။



ဦးစံဝ်ဂု ဓတာင်ဓကာင်း၌ ကြီးပွားနေစဥ်
ဝဲမှယာ။ ဦးစံဝ်ဂုနှင့် ကျင်ယမ်း၊ ကျင်ဂ္ဂါ၊တို့ ညီအစ်မပုံ။

၁၉၅၇-ခုနှစ်၊ ဒီဇင်ဘာလ ၁-ရက်နေ့ ...

ဤနေ့ရက်တွင် ဘီ-အို-အေ-စီ လေယာဉ်ပျံဖြင့် ကျွန်ုပ်နှင့်ဇနီးမကျင်မြိုင်၊ ၈-လသမီးလေး စုစုကြည်တို့ ၃-ယောက်သည် မင်္ဂလာဒုံလေဆိပ်မှ ကွယ်လွန်သွားသောမိတ်ဆွေဟောင်းကြီး အိန္ဒိယအမျိုးသား ခေါင်းဆောင် ဆူဘတ်ချန်ဒရာဘို့(စ်)ကို အလေးပြုရန်ထွက်ခွာသွားကြလေသည်။

ဒီဇင်ဘာလ ၂-ရက်၊ မနက်ငါးနာရီခွဲ ကောင်းလုံလေဆိပ်၌ဆိုက်ရောက်လေသည်။ လေဆိပ်၌ ဗွီအန်ကုမ္ပဏီသူဌေးကျန်ကီဟုား(ဗမာပြည်ရှိ ဗွီစီးကရက်သူဌေးကျန်ကီအင်၏အစ်ကို)က ကျွန်ုပ်တို့အား လာ၍ကြိုဆိုလေသည်။ ကောင်းလုံဟူသည်မှာ ဟောင်ကောင်မြို့တစ်ဘက်၌တည်သောမြို့ဖြစ်လေသည်။ ဟောင်ကောင်းမြို့နှင့် ကောင်းလုံ၏ကြားတွင် ကောင်းကျူမြစ်ကြီးခြားနေ၏။ ကောင်းလုံဘက်မှ ဟောင်ကောင်းမြို့ဘက်ကမ်းသို့ ကတို့ဖြင့်ကူးရသည်။လူများသာမက ဂန်လေးသောကားကြီးကားငယ်များကိုပင် သယ်ယူဆောင်နိုင်သည်။

ဤနေ့ညခုနစ်နာရီတွင် မြန်မာပြည်ကောင်စစ်ဝန်ချုပ်ဦးကျင်ပိုတို့ဇနီးမောင်နှံက ဧည့်ခံကျွေးမွေး လေသည်။ နေရာသည်ကား ဟောင်ကောင်၌ အလွန်အမည်ထင်ရှားကျော်ကြားသည့် ကင်းစိန်ဟော်တယ်၊ (ရွှေမြို့ရိုးဟော်တယ်)၌ဖြစ်သည်။ ဤဟော်တယ်ကြီးသည် အလွန်ကြီးကျယ်ခမ်းနားလှသည်။ ထမင်းစားခန်း၊ ကပွဲအခန်း၊ အိပ်ခန်း၊ အပြည့်အစုံရှိသည်။ ထိုထမင်းစားပွဲကြီးတွင် မြန်မာပြည်မှ မြန်မာဧည့်သည်တော် တော်များများတက်ရောက်နေကြသည်မှာလည်း ခန်းလုံးပြည့်လုမတတ်အောင်ပင်တွေ့ရပြန်၏။ ရန်ကုန်ဆေးရုံကြီး အုပ်ချုပ်သူကာနယ်မင်းစိန်၊ ကျန်းမာရေးဝန်ကြီးဒေါက်တာစိန်ဘန်း၊ သူတို့ ၂-ဦးသည် ဂျပန်ပြည်ကျန်းမာရေး အစည်းအဝေးမှအပြန်တွင် ခေတ္တဟောင်ကောင်းသို့ဝင်နားစဉ်နှင့်ကြုံကြိုက်နေ၍ ဤသူနှစ်ဦးလည်း ကျွန်ုပ်တို့နှင့် အတူ ထမင်းစားပွဲ၌ တွေ့မြင်ရလေသည်။

ဤထမင်းစားပွဲတွင် ဗမာပြည်၌နေထိုင်သွားဖူးသော တရုပ်သူဌေးမိတ်ဆွေတစ်ယောက်နှင့်ဆုံဆည်း လေသည်။ သူကလည်း ကျွန်ုပ်နှင့် ဆိုးကောင်းတိုင်ပင်နေကြသူများဖြစ်သည့်အလျောက် ကျွန်ုပ်ဟောင်ကောင်း သို့လာသောအခါ ဇနီးခေါ်လာခဲ့သည်ကို များစွာအပြစ်တင်နေလေသည်။ မိန်းမအလွန်ပေါသောနေရာ၌ ကိုယ့်ဇနီးခေါ်လာခြင်းသည်
မသိနားမလည်သောတောသားတစ်ယောက်ကဲ့သို့ဖြစ်နေရရှာသည်။

သည်ဟော်တယ်အတွင်းရှိ တွဲ၍ကရန်အသင့်ထားရှိသော တရုပ်အမျိုးသမီးအကမယ် လှလှချောချော လေး ၂-ယောက်ကို ကျွန်ုပ်က မျက်စေ့ကျ၍နေလေသည်။ အမှန်တော့လည်း ကျွန်ုပ်မျက်စေ့ကျလောက်အောင် လှရက်ရှာသူကလေးများဖြစ်လေသည်။ သူတို့သည် ညီအစ်မ ၂-ဖော်ဖြစ်သည်။



ချစ်ညီအစ်မ နှစ်ဖေါ်နှင့်အတူ (ဟောင်ကောင်၊ ကျားသူဌေးခြံဝယ်)

ကျွန်ုပ်သည်ကား ဤညီအစ်မ ၂-ဖေါ်ကို အစွဲကြီးစွဲနေမိတော့သည်။ သူကလေးများနှင့်အတူ ကျွန်ုပ်သည် တွဲ၍ကခဲ့သေးသည်။ ပြီးနောက် မိတ်ဆွေတရုပ်သူဌေးကလည်း အပြောကောင်း၊ အဆွယ်ကောင်း၏။ ကျွန်ုပ်အဖို့ကား ရေငတ်သူ ရေတွင်းထဲကျ သကဲ့သို့ဖြစ်နေလေသည်။



မကျင်မြိုင်

ကျွန်ုပ်၏ဇနီးမကျင်မြိုင်ပါလာ၍လည်းတစ်ခက်၊ သူ့အာဏာစက်ကွင်းမှလွတ်ရန်လည်း အကြံထုတ်ရ ပြန်သေးသည်။ ဤနေရာမျိုး၌ ထူးထူးခြားခြားရွှေဉာဏ်တော်စူးရောက်သောကျွန်ုပ်က အကွက်ဆင်ရလေသည်။ ကျွန်ုပ်အကွက်ဆင်ပုံကား ဤသို့ဖြစ်လေသည်။

မြန်မာပြည်တွင်အနေကြာ၍ ဗမာစကားကို လည်လည်ပတ်ပတ်ပြောတတ်သောတရုပ်တစ်ယောက်ကို ဟော်တယ်၌ရှာသည်။ ရှာ၍တွေ့လေသည်။ သူ့ကိုကျွန်ုပ်က တိုးတိုးတိတ်တိတ်မှာကြားထားရသည်မှာ ..

""နောက်မိနစ်နှစ်ဆယ်ကြာရင်စန်ကောင်ဟော်တယ် ၄-ထပ်အခန်း နံပါတ် ၄၀၂-ကို တယ်လီဖုန်း ဆက်ပြီး ဦးစပ်စုရှိသလား ဒေါက်တာစိန်ဘန်း၊ ကာနယ်မင်းစိန်တို့က စကားပြောချင်လွန်းလို့ဖုန်းဆက်""ဟူ၍ မှာကြားပြီး၊ ၂-ဦးသားလက်မှ ပတ်ထားသောနာရီကို အချိန်တိုက်ကြလေသည်။

ပြီးနောက်တွင်ကား ကျွန်ုပ်တို့တည်းခိုရာဟော်တယ်သို့ပြန်လာကြသည်။ ကျွန်ုပ်၏စေတသိက်ထဲတွင် မရောက်သေးသောအချိန်ကို မြန်မြန်ရောက်စေချင်နေသည်။ ဟော်တယ်ရှိကိုယ့်အိပ်ခန်းအတွင်းသို့ ပြန်ရောက် သည်နှင့်တစ်ပြိုင်နက်၊ ကျွန်ုပ်သည် ကိုယ်ပေါ်မှ အင်္ကျီအဂတ်အစားများကိုချွတ်ကာ ရေချိုးခန်းထဲသို့ ဂင်သွားပြီး ရေချိုးနေလေသည်။ သဘောကား တယ်လီဖုန်းလာလျှင် မကျင်မြိုင် လွတ်လွတ်လပ်လပ် စကားပြောစေချင်သောကြောင့်ပင်တည်း။

ရေချိုးပြီး၍ ကျွန်ုပ်ရေချိုးခန်းထဲမှထွက်လာသည်။ ဇနီးဖြစ်သူမကျင်မြိုင်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။ကျွန်ုပ်သည်ဟန်မပျက်

မူမပျက်ရလေအောင်မနည်းသတိထားရလေသည်။ဇနီးမကျင်မြိုင်ကျွန်ုပ်အား တွေ့လျှင်တွေ့ခြင်း ...

""ဒေါက်တာစိန်ဘန်းနဲ့ကာနယ်မင်းစိန်တို့က စကားပြောစရာရှိလို့ခဏတွေ့ချင်တဲ့အကြောင်း တယ်လီဖုန်းလာတယ်""

ကိုယ်ဆင်ထားသောထောင်ချောက်ထဲဝင်လေပြီဖြစ်၏။

ကျွန်ုပ်က ဂမ်းသာလွန်းနေ၍ အားပါးတရဟာစ်၍ဟာစ်၍ ရယ်လိုက်ချင်သည်။ သို့သော် ဇနီးသည် မကျင်မြိုင်ရိပ်မိသွားမည်ကို စိုးရိမ်သောကြောင့် မျက်နှာထားတည်တည်ကြီးလုပ်နေရလေသည်။ ထို့နောက် ပိုင်းတွင်ကား ဇနီးသည်ထုတ်ပေးသော အင်္ကျီအဂတ်အစားများကို ဂတ်ဆင်ပြီး ဟော်တယ်အပြင်ဘက်သို့ ထွက်ခဲ့လေသည်။ ကျွန်ုပ်၏ခြေလှမ်းများမှာ မြန်ပြီးသွက်နေသည်။ ကျွန်ုပ်၏စိတ်သည်လည်း ဖောင်းထဲမှ လွတ်သောမြင်းပမာ မြူးထူးတက်ကြွနေလေသည်။

ကျွန်ုပ် ကင်းစိန်ဟော်တယ်သို့ရောက်သောအခါ အကြည်တော်တရုပ်သူဌေးနှင့်တွေ့ရသည်။ ကျွန်ုပ်၏ အချစ်တော် ညီအစ်မနှစ်ဖော်ကလည်းအသင့်ရှိနေကြသည်။ ကျွန်ုပ်သည် ပြောစရာရှိသော စကားအနည်းငယ်ကို ပြောကြားပြီး ဤညီအစ်မနှစ်ဖော်ကို တစ်ယောက်စီတွဲ၍ကလေသည်။ ကပွဲခန်းမကြီး၌ထွန်းညှိထားသော မီးရောင်သည်သိပ်မလင်းလှပေ။ မှိန်၍နေပေသည်။ သို့ကလိုပြုလုပ်ထားခြင်းကား ပြပွဲသို့ရောက်ရှိလာကြသော ရွှေပွဲလာဧည့်ပရိတ်သတ်၏စိတ်ကို တမျိုးတဖုံအာရုံဖြစ်စေနိုင်ပေသည်။

အကြီးဖြစ်သူကျင်ဟုားနှင့်ကျွန်ုပ်သည် တွဲ၍ကကြသည်။ အနီမရွှေချောက လှသာချောလှသည်မဟုတ်၊ အကကလည်း သွက်သည်၊ ညက်သည်။ အကပညာဘက်တွင်အတော်ကြီးမဟုတ်သောကျွန်ုပ်ကို သူကဖေးမပြီး ခေါ်ဆောင်သွားလေသည်။ ကျွန်ုပ်သည် သူ၏ဆွဲဆောင်ရာသို့ ပါသွားရရှာသည်။ လေအဟုန့်တွင် ကြွေ လေသောရွက်ငယ်လေးပမာနယ် ..

ကျွန်ုပ်ကလည်း သူ့ကိုကြည့်နေသည်။ သူကလည်း ကျွန်ုပ်ကိုကြည့်လေသည်။ နှစ်ဦးသား၏ ဂင်းလက်တောက်ပြောင်သောမျက်လုံးများကဆိုင်နေကြသည်။ သူကရိသဲ့သဲ့အသံလေးဖြင့်ပြောသည်။

""ဗမာပြည်ကအမျိုးသမီးတွေက အမျိုးသမီးတွေဟာ မုန့်ကိုသာဂေစားနိုင်ပေမယ့် လင်ယောက်ျားက တခြားမိန်းမချစ်မှာကို သိပ်စိုးရိမ်တယ်။ ကျမကိုယ်တိုင် ဒီဟော်တယ်ကို ဗမာအမျိုးသားတွေ ရောက်လာတုန်းက ဗမာအမျိုးသမီးကလိုက်လာပြီး လည်စီးကိုဆွဲခေါ်သွားတာတွေ အများကြီးပဲတွေ့ဖူးတယ်""

ကနေတုန်းအခိုက်အတန့်ဂယ် သူစကားပြောလိုက်သောကြောင့် အရသာပျက်သွားသလိုလို ဖြစ်သွားလေသည်။

သူပြောသကဲ့သို့ ဟုတ်တော့လည်းဟုတ်ပါပေသည်။ ကျွန်ုပ်တို့ဗမာပြည်ရှိအမျိုးသမီးများသည် ချစ်ရေးချစ်ရာဘက်၌ ယခုပေါ်တယ်မယ်ပြောသကဲ့သို့ဖြစ်နေသည်ကို တွေ့မြင်ရသည်။ များသောအားဖြင့် အမျိုးသမီးများသည် ဤကိစ္စမျိုးဘက်၌ များစွာသဘောထားသေးသိမ်ကြောင်းတွေ့ရလေသည်။ လူတိုင်းကိုတော့ မဆိုလိုပါ။ အချို့သောဗမာအမျိုးသမီးများ သဘောထားသေးမှုသည်၊ ဗမာပြည်ရှိသူများသာ သိရှိသည်မဟုတ်၊ ဟောင်ကောင်းမြို့သူများပင် သိရှိနေကြသည်။ (ထိုမျှသာမက ဂျပန်တိုကျိုသူများလည်း သိရှိနေကြောင်းကို ကျွန်ုပ်ကိုယ်တွေ့အရသိရှိခဲ့ရလေသည်။)

သူနှင့်ကျွန်ုပ်သည် ကပွဲခန်းမကြီး၌ တစ်နာရီကျော်ကျော်ခန့်အချိန်ဖြုန်းနေကြသည်။ ပြီးလျှင်မူ ဤပေါ်တယ်၏ခုနစ်ထပ်သို့ အမကြီးဖြစ်သူနှင့်ကျွန်ုပ်သည် ဓါတ်လှေခါးဖြင့် တက်လာခဲ့လေပြီ။



(ဟောင့်ကောင်း တောင်တဝက် တိရိစ္ဆာန်ခြံ ဝယ်)၌မှ ယာ၊ မစ္စတာလင်း၊ မကျင်မြိုင်၊ ဦးစဝ်ရု မစ္စတာတိုး။

အခန်းအတွင်းသို့နှစ်ဦးသားရောက်လေပြီ။ သူကကျွန်ုပ်အား မခို့တရို့အပြုံးနှင့်ကြည့်ကာ ..

""ရှင့်စိတ်တိုင်းကျပြုစုပေးဖို့ ကျမတို့ညီအစ်မကို သူဌေး ( )က မှာကြားထားပါတယ်။ ရှင်ဗမာပြည်ရောက်တဲ့အထိ ကျမတို့ အကြောင်းကို မေ့မရနိုင်အောင်ပြုစုရမယ်တဲ့။ ကဲ .. ဒီတော့ ရှင်နဲ့ ကျမတို့ ချစ်ကြရအောင်""

ဤသို့ဖိတ်ခေါ်သံကြားလိုက်လေမှ ကျွန်ုပ်၏ရင်သည် တုန်၍ သွားလေသည်။ အမှန်တော့လည်း ကျွန်ုပ် တစ်သက်နှင့်တစ်ကိုယ် သူနှင့် လာကြုံရဆုံရခြင်းသည် အိပ်မက်ကမ္ဘာထဲရောက်နေသည်နှင့် တူလှ၏။ သူနှင့်တွေ့လိုက်လေသော တဒင်္ဂလေးသည် တစ်လောက လုံးကိုပျောက်သွားပြီး လောကနိဗ္ဗာန်ရောက်နေခြင်းနှင့် မခြားလှပါပေ။

သူ့အလှည့်ကပြီးလေ၏။ အခန်းထဲမှသူသည် ဘောက်ဆပ် ဘောက်ဆပ်လျောက်ဟန်လေးဖြင့်ထွက်သွားလေသည်ကို ကျွန်ုပ်က ငေးမောကြည့်ရှုနေမိသည်။ ပြီးနောက် မကြာမြင့်သော အချိန်ပိုင်းလေးတွင် စောစောကထွက်ခွာသွားလေသောကျင့်ဟား၏ညီမလေး ကျင်ယမ်းဝင်လာပြန်သည်။ သူကလည်း ခေသူတစ်ယောက်မဟုတ်။ ရုပ်ကလည်းချောသည် အပြုအစုအယုအယကလည်းကောင်းသည်။ သူ့ကိုလည်း ကျွန်ုပ်တစ်ခါချစ်လိုက်ရပြန်သေးသည်။

အလုံးစုံကိစ္စဂိစ္စများပြီးလေသော် ညီအစ်မနစ်ဖေါ်နှင့်အတူ ဟောင်ကောင်းမြို့ကို ကားဖြင့်ရှောက် လှည့်ပတ်ကြလေသည်။ ဟောင်ကောင်းမြို့သည် အာရှတိုက်၌ စည်ကားသောမြို့ကြီးတစ်မြို့ထဲတွင် ပါဝင်လေသည်။ လူများသည် ညဥ့်အခါဖြစ်သော်လည်း မအိပ်ကြသေး၊ တစ်ညဥ့်လုံး လှုပ်ရှားသွားလာ နေကြသည်။ မီးရောင်များက ထိန်ထိန်လင်းအောင် ထွန်းညှိထားကြသည်။ ရှိရှိသမျှသော အလုပ်တိုက်နှင့် ဆိုင်ခန်းများသည်ဖွင့်လှစ်ထားပြီး လူအများရောင်းဝယ်နေကြသည်ကိုတွေ့မြင်ရလေသည်။ ရန်ကုန်မြို့ လမ်းမတော် တန်ဆောင်တိုင်မီးထွန်းပွဲကိုလျောက်ကြည့်ရသကဲ့သို့ပင်တည်း။

အချိန်အတော်ကလေးကြာသွားသည်။ ညဥ့်သုံးနာရီထိုးလေမှ ဇနီးမကျင်မြိုင်ရှိရာ ဟော်တယ်သို့ပြန်ရောက်လာနိုင်တော့သည်။ ကျွန်ုပ်သည် ဇနီးမကျင်မြိုင်အတွက် အလွန် နာမည်ကျော်ကြားသော ဆာတျာန်ကွဲကော သီးများကိုဝယ်ယူသွားလေသည်။

ကျွန်ုပ်ဟော်တယ်သို့ပြန်ရောက်လာ ချိန်တွင် ဇနီးမကျင်မြိုင်က မအိပ်သေးပဲ ထိုင်စောင့်နေသည်ကိုတွေ့မြင်ရလေသည်။ ကျွန်ုပ်ကလည်း မျက်နှာထားပြုံးပြုံးနှင့် ချစ်ဇနီးအား စားသောက်ဖွယ်ပစ္စည်းများ ပေးအပ်လိုက်လေသည်။ ကျွန်ုပ်ကိုယ်ပေါ်မှ

ဝတ်ထားသောအင်္ကျီများကို ချွတ်လိုက်သည်။

မကျင်မြိုင်က ကျွန်ုပ်ချွတ်လိုက်သောအင်္ကျီများကိုယူ၍နမ်းကြည့်လိုက်ပြီး ...

""ဒါ ဒေါက်တာစိန်ဘန်းနဲ့ ကာနယ်မင်းစိန်တို့ဆွတ်တဲ့ရေမွှေးမျိုးမဟုတ်ပါဘူး""ဟူ၍ဆိုချေပြီ။

ဟုတ်ပါပေသည်။ ဤသင်းပျံသောရေမွှေးသည် ဒေါက်တာစိန်ဘန်းနှင့် ကာနယ်မင်းစိန်တို့ ဆွတ်သော ရေမွှေးများမဟုတ်ပါ။ ကျွန်ုပ်၏ အချစ်တုံး၊ အချစ်ခဲ၊ အချစ်စု ညီအစ်မနှစ်ဖော် ဆွတ်သော အဖိုးတန် ရေမွှေးနံ့များဖြစ်ကြလေသည်။

ကျွန်ုပ်သည် မကျင်မြိုင်ကို ဘာမျှပြန်၍မပြောနိုင်။ သူခိုးလူမိသောမျက်နှာငယ်လေးဖြင့်နေရပေသည်။

ကိုယ့်ဇနီးပေမို့ပြောခြင်းမဟုတ်။ မကျင်မြိုင်သည် အလွန်ပါးသူတစ်ယောက်ဖြစ်လေသည်။ ကိုယ့်လင်ယောက်ျား တခြားမိန်းမများထံသွား၍ ပျော်ပါးသည်ကို အဂတ်အစားများ၌စွဲကျန်ရစ်သည့် ရေမွှေးပေါင်ဒါနံ့များကို သဲလွန်စဖမ်းရမည်ဟူသောပညာကို ဗမာပြည်ရှိမင်းကတော်ပိုင်းမှတဆင့် တတ်ကျွမ်းလာသည်ဆိုပါလျှင် မမှားပါပေ။ ဤသို့သောပါးနပ်မှုအသိပညာဖြင့်ပြည်စုံလေသောကြောင့် ကျွန်ုပ်နှင့် အကြောင်းပါလာခဲ့ရခြင်းဖြစ်လေသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် မှတ်မှတ်ရရ ညီအစ်မ နှစ်ဖော်နှင့်အတူ ဓါတ်ပုံတွဲရိုက်ထားလေသည်။ ဤနေ့ညတွင် ဟောင်ကောင်းမြို့၌ အလွန်ထင်ရှားသော တိုင်တုံးဟော်တယ်ကြီးတွင် ဗွီအန်စီးကရက်သူဌေး ကျန်ကီဟွားက ဂုဏ်ပြုထမင်းစားပွဲကြီး ပြုလုပ်၍ ဧည့်ခံကျွေးမွေးလေသည်။တက်ရောက်သူများမှာအတော်အ တော်များလေသည်။ အမေရိကန်သို့သွားသောစက်မှုလက်မှုအတွင်းဝန် ဦးအေးသောင်း၊ စက်မှုလက်မှုမင်းကြီးဦးဆင်၊ ကြက်ဆင်တံဆိတ် ထီးသူဌေးဦးသန်းမောင်၊ နိုင်လွန်စက်သူဌေးဦးကျော်စိန်၊ စက်မှုလက်မှု ညွှန်ကြားရေးဝန်ဦးထွန်းသိန်းနှင့်ဇနီး ဒေါ်မေမေပုတို့သည် ဟောင်ကောင်းမြို့သို့ ခေတ္တဝင်နားချိန်၌ တက်ရောက်ကြခြင်းဖြစ်လေသည်။ ပြီးနောက် ဗမာပြည်မှ ဟောင်ကောင်းမြို့တွင် ခေတ္တတည်းခိုနေသော မြန်မာအမျိုးသားများ သာ တက်ရောက်ကြသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ဤအထဲမှ အမျိုးသားတစ်ယောက်ကို သတိထားမိလေသည်။ ဤအမျိုးသားသည် ချောလည်းချော၊ ခန့်လည်းခန့်သူတစ်ယောက် ဖြစ်၍ အလွန်ယောက်ျားပီသသူတစ်ယောက်ဖြစ်သည်။ သူ့နဘေးဂယ် ဇနီးဖြစ်သူ "မီးခဲ"က ကပ်လျက် ရှိနေလေသည်။ ယင်းသို့ ခန့်ချောချောသောယောက်ျားပျိုကို တရုပ်ဟော်တယ်မယ်အချောအလှကလေးများက နီးနီးကပ်ကပ်ပြုစုဧည့်ခံသည်ကို ဇနီးမီးခဲက မနှစ်မျို့ပေ၊ မျက်စေ့စပါးမွှေးစူးဟန်တူ၏။

ဤမရွှေမီးခဲကား မကြာခင် ပူညံပူညံလုပ်တော့မည့်အရိပ်အယောင်များ မျက်နှာပေါ်ဂယ် ယှက်သန်း လျက်ရှိသည်။ သို့ကလိုသောအခြေအနေကို

ရိပ်စားမိသောကျွန်ုပ်၏ဇနီးမကျင်မြိုင်က၊ သူ၏ဇနီးမီးခဲကို အသာချော့မော့ပြီး အောက်ထပ်သို့ ခါတ်လှေကားဖြင့်ခေါ် သွားသည်ကို မြင်တွေ့ရ၏။

သည်တော့မှ ကျွန်ုပ်အဖို့ စိတ်ဧနိုင်တော့ပြီ။ သို့မဟုတ်ပါက လူပုံအလယ်တွင် ကိုယ့်လင်သားကို ပူညံပူညံလုပ်တတ်သော အချို့မြန်မာအမျိုးသမီးလေးများ၏ ချစ်စရာကောင်းသည့်အကျင့်လေးများကို တွေ့နေပေရဦးမည်။ ကိုယ့်တိုင်းကိုယ့်ပြည်၌အရေးမကြီးလှ၊ သူများနိုင်ငံသွားပြီး လင်မယားရန်ဖြစ်နေပါလျှင် လွန်စွာမှအရုပ်ဆိုးလှပေသည်။

အချိန်လေးအတော်ကြာသွား၏။

အနီမြန်မာအမျိုးသားဖိုးစောသည် သူ့ဇနီးမီးခဲမရှိခိုက်ပေမို့ တရုပ်မ ဖြူဖြူဖွေးဖွေးလေးများနှင့် ဖိမ်တွေ့နေလေသည်။ ဤအခိုက်အတန့်အချိန်ပိုင်းလေးအတွင်း၌ ကံခေသူအဖို့ ဂြိုလ်ဆိုးဂင်နောက်ယှက် လေသည်။ ဇနီးမီးခဲသည် ခါတ်လှေကားဖြင့်ပြန်တက်လာသည်။ ပြီးလျှင် စည်းစိမ်ရှင်ကိုယ်တော်ချောကို ပတ်ဂန်းကျင်ကိုမမှုသောဟန်ဖြင့် လည်စည်းကိုဆွဲ၍ လူပုံအလယ်တွင်ဆွဲခေါ် လေတော့သည်။



(မောင်ကောင်း ကျားခြံဝယ်)
ဦးစံပိုရ၊ မကျင်မြိုင်၊ ကလေးစုစုကြည်။

ထမင်းစားပွဲရှိ လူကြီးလူကောင်းများသည် ရုတ်ရုတ်သဲသဲဖြစ်သွား၏။ အချို့ကလည်း သည့်ထက် ရန်မီးမပွားရလေအောင် ဖြေဖြဉ်ကြသည်။ ဇနီး ""မီးခဲ""ဒေါသထနေသောကြောင့် ""ငါပါရက်သားနဲ့များ ပမာမခန့်လုပ်ရသလား""ဟူ၍ နှုတ်မှစွာလိုက်သေးချေသည်။

သို့ကလိုသောအခြေအနေဆိုးကြောင့် ပတ်ဂန်းကျင်ရှိလူကြီးလူကောင်းများသည် ဤအမျိုးသမီးအား နိုင်ငံခြား၌လာပြီး လင်မယားရန်ဖြစ်ရန်မသင့်ကြောင်း။ ကိုယ့်လင်ကိုယ့်မယား ရှင်းစရာရှိသည်များကို ကိုယ့်တိုင်းပြည်ရောက်လေမှ ရှင်းစေလိုကြောင်း မနည်းတောင်းပန်စကားပြောပြီး ပြန်လွှတ်လိုက်ရလေသည်။

ကျွန်ုပ်သည် ဟော်တယ်မယ်လေးများကိုကြည့်လိုက်သည်။ သူတို့သည်မျက်နှာမပျက်၊ သည်အပြုအမူ လေးများသည် အတွေ့အကြုံအရရိုးနေဟန်တူ၏။ သူတို့အဖို့ ဇတ်ဇတ်ကျဲမြန်မာအမျိုးသမီးလေးများ၏ သဘောထားသေးမှုကို လက်ခံအသိအမှတ်ပြုထားကြသည်။

တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့ပြောင်းလာခဲ့လေပြီ။ ၁၈-ရက်နေ့ညပြီ။

ထိုစဉ်က ဖ-ဆ-ပ-လ ဦးကျော်ငြိမ်းနှင့် ဦးဗဆွေသည် တရုပ်ပီကင်းမြို့သို့ တရုပ်မြန်မာချစ်ကြည် ရေးအတွက် ခရီးထွက်လာကြသည်။ အပြန်တွင်မူ ဦးကျော်ငြိမ်းသည် ဗမာပြည်သို့တန်းတန်းမတ်မတ် ပြန်သွားသော်လည်း ဦးဗဆွေကား မပြန်သေး။ ဟောင်ကောင်းမြို့သို့ ခေတ္တဝင်ရောက်လေသည်။

ဤတစ်ကြိမ်တွင်လည်း ဗွီအင်ကုမ္ပဏီသူဌေးကျန်ကီဟုားကပင် ဂုဏ်ပြုညှော့ခံစားပွဲဖြင့်တည်ခင်းသဖြင့် ကျွန်ုပ်တို့ ဇနီးမောင်နှံလည်း တက်ရောက်ကြသည်။ မတွေ့မြင်ရသည်မှာ ကြာပြီဖြစ်သော မိတ်ဆွေကြီးဦးဗဆွေနှင့်တွေ့ရ၍ ရင်းရင်းနှီးနှီးပင် စကားပြောနေမိသည်။

ပြီးနောက်တွင်ကား ဤနေရာမျိုးတွင် ပါရမီနှင့်လာသောကျွန်ုပ်သည် ဒေါက်တာစိန်ဘန်းနှင့် ကာနယ်မင်းစိန်ကိုခုတုံးလုပ်၍ ကိုယ့်ဇနီးမကျောင်မြို့ပတ်သက်သကဲ့သို့ အကွက်ဆင်ရပြန်လေသည်။ ပထမတစ်ကြိမ် ကိုယ့်ဇနီးကိုလိမ်ခဲ့၍လွတ်မြောက်လာခဲ့သောကြောင့်၊ ဒုတိယမ္ပိထိုအတိုင်းပင် ကြံရပြန်လေသည်။

ကျွန်ုပ်သည် ဟောင်ကောင်းမြို့၌ ဗမာစကားကိုခပ်လေးလေးပြောတတ်ပြီး ထားဂယ်အသံနှင့်တူသော တရုပ်အမျိုးသားတစ်ယောက်ရှာရသည်။ တွေ့လည်းတွေ့ပါပေသည်။ သူ့အသံကို ကျွန်ုပ်ကိုယ်တိုင်နားထောင် ကြည့်သည်။ ဖဆပလဦးဗဆွေအသံနှင့်တူနေသည်ကိုတွေ့ရသည်။ ဤအခါမှ ကျွန်ုပ်သည် စိတ်ချနိုင်တော့ပြီ။

ကျွန်ုပ်နေထိုင်ရာဟော်တယ်နှင့် အခန်းနံပါတ်ကို ဖုန်းဆက်ရန်မှာကြားလိုက်သည်။ ဦးဗဆွေ၏အသံနှင့်

တစ်ထေရာတည်းတူသည်ကားမှန်ပါပေ၏။ သို့သော် စကားအသုံးအနှုန်းကား တူချင်မှတူပေလိမ့်မည်။ ထို့ကြောင့်ကျွန်ုပ်က အမှားအယွင်းမရှိစေရန် အသေအချာမှာကြားထားရ၏။

""မင်းက တယ်လီဖုန်းဆက်ပြီး အာလုပ်သံနှင့် "ဘယ်သူလဲ"လို့မေးလိုက်၊ ဒီအခါမှာတစ်ဖက်က မိန်းမအသံကိုပြန်ကြားရလိမ့်မယ်။ သူပြောတာကိုကြားတော့မင်းက "အော်...မကျင်မြိုင်လား ကိုကြီးဗဆွေစကားပြောနေတယ်၊ ဦးစပ်စုကိုခဏလွှတ်လိုက်ပါ"ဒါဘဲပြောပြီး မင်းတယ်လီဖုန်းချလိုက်""

ယင်းသို့မှာကြားထားလိုက်ပြီးနောက် နာရီချင်းအချိန်တိုက်ထားလိုက်ရသည်။ ပြဲ့ဘွယ်ကိစ္စရပ်များ ပြုလုပ်ပြီးစီးလေသော် ကျွန်ုပ်သည် မကျင်မြိုင်ကို ဟော်တယ်သို့ပြန်ပို့လိုက်လေသည်။

ဟော်တယ်သို့ရောက်ပြီး ခဏမျှကြာသည်။ ကျွန်ုပ်သည် အခြားအခန်းသို့ကူးသွားသည်။ သဘောကား တယ်လီဖုန်းလာလေလျှင် မကျင်မြိုင်တစ်ယောက်တည်း လွတ်လွတ်လပ်လပ်စကားပြောဆိုနိုင်ရန် ရှောင်နေမိခြင်း ပင်တည်း။

အတော်လေးကြာမှကျွန်ုပ်သည် ကိုယ့်အခန်းသို့ပြန်လာသည်။ မကျင်မြိုင်ကကျွန်ုပ်အား တွေ့လျှင် တွေ့ခြင်း ""စောစောက ကိုကြီးဗဆွေက သူ့ဆီကိုခဏလာဖို့ တယ်လီဖုန်းလာတယ်""ဟူ၍လှမ်းပြောလိုက်သည်။

ကျွန်ုပ်က မျက်နှာရှုံ့မဲ့လိုက်ပြီး မူလကျီလုပ်ကာ-

""ဟာ .. ငါအရက်သောက်ထားလို့ခေါင်းကိုက်နေတယ်""

ပြောသာပြောလိုက်ရသည် အမှန်မှာ ထိုစဉ်က ကျွန်ုပ်ရင်ထဲတွင်ကား ပျော်လွှန်း၍ ချစ်တီးဘုရား လှည့်နေလေသည်။

""လွှတ်လိုက်ပ့ါမယ်လို့ပြောပြီးပြီ""

""မင်းပြောလိုက်လို့လား၊ ကိုကြီးဗဆွေခေါ်ရင် မသွား၊ မကောင်းဘူးလေ""ဟူ၍ပြောလိုက်ရသည်။ ပြီးမှ မကျင်မြိုင်ရှေ့တွင် စိတ်မပ့ါတပါဟန်မျိုးဖြင့် အင်္ကျီအဂတ်အစားများလဲကာ နေးကွေးသောခြေလှမ်း များဖြင့်ဟော်တယ်အပြင်ဘက်သို့ ထွက်လာခဲ့ရလေသည်။

ကျွန်ုပ်အဖို့ လှောင်ချိုင့်အတွင်းမှလွတ်မြောက်လာသော ငှက်ငယ်ကလေးပမာ မြူးတူးပျော်ပါး နေလေ၏။ ကျွန်ုပ်၏ရုပ်သည်ပိုပြီးနုလာ၏။ စိတ်သည်လည်း ငယ်ရွယ်သွားသည်ဟု ကိုယ့်ကိုယ်ကိုထင်နေ ရသည်။

ကျွန်ုပ်သည် အသဲကျော်ညီအစ်မနှစ်ဖေါ်နှင့်ချိန်းဆိုထားသောနေရာသို့ တန်းတန်းမတ်မတ်ပင် သွားသည်။ သူကလေးများနှင့်ကားတွေ့ရလေပြီ။ သူကလေးများ၏ဂင်းကြည်သောမျက်နှာကလေးများကို မြင်တွေ့လိုက်ရသည်နှင့်တပြိုင်နက် အလွန်ပင်စိတ်ချမ်းသာသွားပါတော့သည်။

ကျွန်ုပ်သည် သူကလေးနှင့်အတူ သင်္ဘောပေါ်တွင်ပြုလုပ်ထားသော ထမင်းစားခန်းဟော်တယ်သို့ သွားလေသည်။ ဤသင်္ဘောဟော်တယ် တရုပ်ဘာသာဖြင့် ဟောင်ကောင်းကြိုင်ဟုခေါ်သည်။ မြန်မာအဓိပ္ပါယ်ကား ဟောင်ကောင်းကလေးဟုရသည်။ သင်္ဘောအမည်ကား Tai Pak ဖြစ်လေသည်။ အလွန်ထင်ရှားသော စားသောက်ခန်းဟော်တယ်လေးဖြစ်သည်။ ဤဟော်တယ်စားသောက်ခန်းလေးကား အမေရိကန်ရုပ်ရှင်ကားများ ဟောင်ကောင်းအကြောင်းကိုရိုက်လျှင် ပါလာတတ်သည်။

အလွန်လည်းထူးခြားပါပေသည်။ ကိုယ်စားသောက်လိုသောသားငါးကို လတ်လတ်ဆတ်ဆတ် ရနိုင်သောနေရာဖြစ်သည်။ စားလိုသောငါးပုဇွန်ကိုမှာလိုက်ပါက ချက်ခြင်းပင်မြစ်ထဲမှဖမ်းဆယ်လိုက်သည်။ ကိုယ်ကအကြီးအငယ်ကို စိတ်တိုင်းကျရွေးရသည်။ ကိုယ်ရွေးပေးသောအကောင်ကို ဟင်းချက်ပြီး မကြာမြင့်မီ ကိုယ့်ရှေ့မှောက်အရောက်ပို့ပေးနိုင်လေသည်။ လူအများစားသောက်ခန်းကြီးထဲတွင် ဗိုလ်စကြာ၏ဇနီး ရုပ်ရှင် မင်းသမီးဂင်းမင်းသန်း၏ပုံကားကြီးကို ချိတ်ဆွဲထားသည်ကို မြင်တွေ့ခဲ့ရလေသည်။

ဤနေရာသို့ ကျွန်ုပ်သည် ဇနီးမကျင်မြိုင်နှင့်လည်း တစ်ခေါက်ရောက်ဖူးခဲ့သည်။ ယခုတစ်ကြိမ် တွင်လည်း ကံထူးသူ အချစ်တော်ညီအစ်မနစ်ဖေါ်နှင့်အတူ တစ်ခေါက်ရောက်ရပြန်လေသည်။

သူကလေးများက အလိုက်သိစွာဖြင့် ကျွန်ုပ်စားသောက်သောပန်းကန်ထဲသို့ ဟင်းဖတ်များထည့် ပေးသည်။ သူကလေးများမစားသေး၍ ကျွန်ုပ်ကလည်းမစားရက်သေး။ သူကလေးများစားလေတော့မှ ကျွန်ုပ်အဖို့ မြိုကျနိုင်တော့သည်။ ကိုယ့်နဘေးဂယ် ဤသို့သောချောချောလှလှအမျိုးသမီးကလေးများဝိုင်းရံနေပါမူ လောကကြီးသည် အလွန့်အလွန်သာယာနေပေသည်တကားဟု ထင်မိလေသည်။

စားသောက်ပြီးလေသောအခါ ကျွန်ုပ်သည် ဟော်တယ်ကြီးတစ်ခုသို့သွားကာ အနောက်တိုင်း တေးဂီတနှင့် ကကြပြန်လေသည်။ ကျွန်ုပ်သည် ဝွမ်းဆီထိဘိအလား ပီတိဖြစ်နေမိသည်။ ပြီးလျှင်မူ ဟော်တယ်အပေါ်ထပ်အိပ်ခန်းများသို့ အစ်မကြီးဖြစ်သူ ကျင်ဟုားနှင့်ကျွန်ုပ်သည် တက်သွားကြသည်။ ညီမငယ်ဖြစ်သူ ကျင်ယမ်းကား ကပွဲခန်းမဆောင်ကြီးထဲတွင် စိတ်တိုင်းကျကနေလျက်ပင်။

အစ်မကြီးဖြစ်သူကျင်ဟုား၊ သူကလေးကိုယနေ့တိုင်အသဲဆိုင်ဂယ် မှတ်မိ၍နေပေသေးသည်။ သူသည် အခြားယောက်ျားများအဖို့ မည်သို့နေချေမည်မသိ၊ ကျွန်ုပ်အဖို့တွင်ကား စိတ်တိုင်းကျပြုစုနိုင်သူကလေး ဖြစ်လေသည်။ ယခုအခါတွင် သူကလေးသည် အခြေအနေအရ ရပ်တည်ရာမရသေးသော ပြည့်တန်ဆာမကလေးဖြစ်နေရရှာသည်။ လူတကာနှင့်ပျော်ပါးပြီး အခကြေးငွေယူနေရသူကလေး ဖြစ်ပါပေသည်။ အများအမြင်တွင်ကား စက်ဆုတ်ရွံဖွယ်သော သတ္တဂါမလေးဖြစ်နေလေသည်။

မှန်ပါပေ၏။ သို့သော် သူကလေးကား ခေသူတစ်ယောက်မဟုတ်။ တစ်ချိန်က သူကလေး၏မိဘ များသည် ဟောင်ကောင်းမြို့တွင် ထိတ်ထိတ်ကျဲချမ်းသာသူများဖြစ်ကြသည်။ သူကလေးသည်လည်း ခြေမွှေးမီးမလောင်၊ လက်မွှေးမီးမလောင်နေခဲ့ရဖူးသည်။ သူကလေး၏သင်ယူထားသောပညာဖြင့် တစ်ကြိမ်က တရုပ်ဖြူ ကူမင်တန်တပ်မတော်ထဲတွင် ဆရာဂန်မအဖြစ် အမှုထမ်းခဲ့ဖူးသည်။ ရှန်ဟိုင်းမြို့ကို တရုပ်နီများ သိမ်းပိုက်လိုက်ချိန်တွင် ဟောင်ကောင်းမြို့ကိုထွက်ပြေးလာခဲ့ရပြီး ပရိယေသနဂမ်းစာအခက်အခဲကြောင့် ဤအလုပ်မျိုး သူကလေးကလုပ်၍ ဘဂတိုက်ပွဲဝင်နေသူကလေးဖြစ်လေသည်။ ကျွန်ုပ်လည်း ဤသို့သော အကြောင်းဆိုးဖြစ်သည့်ဘဂသို့ ရောက်လာရသူကလေးများကို အလွန်ပင်သနားမိပါပေသည်။

ကျွန်ုပ်နှင့်တွေ့လေသော် သူကလေးကမေး၏။

""ရှင့်အသက်ဘယ်လောက်ရှိပြီလဲ""

""ငါးဆယ့်ခြောက်နှစ် ..""

သူကလေးက အံ့သြသွားပုံဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ ..

""အခုဒီအမျိုးသမီးနဲ့အကြောင်းပါတာ ကလေးဘယ်နှစ်ယောက်ရပြီလဲ""

""ခုနစ်ယောက်""

""ရှင့်အမျိုးသမီးကြည့်ရတာ တုတ်တုတ်ခိုင်ခိုင်နဲ့ သိပ်ကိုကျန်းမာတာပဲ၊ ဒီလိုအမျိုးသမီးကိုမှ ရွေးယူတတ်တဲ့ရှင့်ကို ကျမဖြင့်သိပ်အံ့သြမိတာပဲ။ ဒါထက်ရှင့်မိဘတွေလဲသိပ်ကျန်းမာမှာပဲနော်""

""မင်းကဘယ်လိုလုပ်ပြီးသိသလဲ""

""သိပြီလားရှင်... ကျမလေ ရှင့်ကိုမြင်ကထဲက လူကဲခတ်နေတာ ရှင်ဟာအသက်ကြီးပေမယ့် ကိုယ်လုံး ကိုယ်ထည်က တောင့်တောင့်ခိုင်ခိုင်နဲ့ တဖြောင့်တည်းနေတယ်။ ပြီးတော့သွားလည်းတစ်ချောင်းမှမကျိုးသေးဘူး။ စားတော့လည်း ကျားလိုပဲသိပ်အစားကြီးတယ်။ ဒီလိုလူတစ်ယောက်ရဲ့မိဘဟာ မကျန်းမာပဲနေပါ့မလား။ ကျန်းမာရေးဘက်မှာတော့ ကျမကိုဘယ်သူမှထိန်ပုက်ထားလို့မရဘူး""

သူကလေးပြောသည်မှာ ဟုတ်ပါပေ၏။ ကျွန်ုပ်သည် လူများကို ရုပ်ပိုင်းလက္ခဏာကြည့်၍ ဗေဒင်ဟောကိန်းထုတ်ခဲ့ဖူးသည်။ ယခုတွင်ကား အနီကျင်ဟားသည် ကျွန်ုပ်ကိုကြည့်၍ဟောကိန်းထုတ်နေ ပြန်လေပြီ။ အာဂကျင်ဟားပေတကား။

သူကလေးနှင့်အလုပ်ပြီးလေသော် သူ့ညီမကျင်ယမ်းနှင့်တဖန်အလုပ်ဆက်ရပြန်လေသည်။ မနက်မိုးလင်းလုလုအချိန်ကျလေမှ အလုပ်စခန်းကို မပြီးချင်ပြီးချင်နှင့် နိဂုံးချုပ်ရပေတော့သည်။

မှတ်မှတ်ရရအကြီးဖြစ်သူကျင်ဟားက ကျွန်ုပ်အတွက် ""ချစ်သဲကျော်""အားဆေးတစ်ခွက် ပေးလိုက်သေးသည်။ သူကလေးများကို ကျွန်ုပ်သည် တာဝန်ရှိသည့်အတိုင်း အကြည်တော်တရုပ်သူဌေးထံ သွား၍ အပ်နှံလိုက်ရသည်။

ကျွန်ုပ်၏အကြည်တော်တရုပ်သူဌေးသည် ဤနေရာမျိုးဘက်၌ ပါးစပ်မှပြော၍ မနေရ။ တစ်ဦး၏ဂါသနာကိုတစ်ဦးက သိနေကြဖြစ်သည်။ ဤအတွက်ကြောင့်လည်း အကြည်တော်တရုပ် သူဌေးကို လွန်စွာကျေးဇူးဥပကာရတင်လေသည်။

အကြည်တော်တရုပ်သူဌေးသည် ကျွန်ုပ်တို့ဇနီးမောင်နှံစားသောက်ရန် သစ်သီးဂလံများနှင့်အတူ ဇနီးမကျင်မြိုင်အတွက် ခေတ်ပေါ်ပရိုကိတ်လုံချည်ကို စက္ကူဖြင့်သေသေချာချာထုတ်၍ ပေးလိုက်သေးသည်။ အကြည်တော်တရုပ်သူဌေးကိုနှုတ်ဆက်ကာ သူ့ထံပါးမှ ဂမ်းနည်းစွာဖြင့်ထွက်ခွာလာခဲ့ရပါတော့သည်။

ဇနီးမကျင်မြိုင်ရှိရာ ဟော်တယ်သို့ ကျွန်ုပ်ပြန်၍ရောက်လာသောအခါ နံနက်လေးနာရီထိုးလေပြီ။

ခြေလှမ်းကြဲကြဲဖြင့်လာခဲ့သောကျွန်ုပ်သည် ဟော်တယ်သို့ပြန်ရောက်သည့်အခါတွင် မောဟိုက်၍ နေလေသည်။ ကိုယ့်အခန်းသို့ပြန်၍ရောက်သောအခါ ကိုယ်ပေါ်မှကုတ်အင်္ကျီနှင့် ရှပ်အင်္ကျီကိုချွတ်ပြီး တန်းတွင်ချိတ်လိုက်သည်။ အလွန်အိပ်ချင်နေသောကျွန်ုပ်သည် ကုတင်ပေါ်သို့တက်၍အိပ်မည့်ဟန်ပြုစဉ် မကျင်မြိုင်ကအိပ်ခွင့်မပေးတော့ပေ။

ကျွန်ုပ်၏စွပ်ကျယ်အင်္ကျီတွင်နှုတ်ခမ်းနီနှစ်ခုပေနေသည်။ ဤနှုတ်ခမ်းနီသည် ညီအစ်မနှစ်ဖော် သဲသဲမဲမဲချစ်လိုက်သော ချစ်အမှတ်တံဆိပ်ပင်ဖြစ်သည်။ သူကလေးများသည် ဘယ်အချိန်ကစွပ်ကျယ်အင်္ကျီ အပေါ်သို့ မွေးမွေးပေးလိုက်သည်မသိ၊ ယခုမှပင်သိတော့သည်။

ဤတွင်မကျင်မြိုင်က ကျွန်ုပ်ကို ပြုံးမဲ့မဲ့ဟန်ကလေးဖြင့်ကြည့်ကာ ""ဒါဦးဗဆွေရဲ့နှုတ်ခမ်းနီလား ဟူ၍မေးလေသည်။ ကျွန်ုပ်မည်သို့မည်ပုံ ပြန်၍အဖြေပေးရမည်နည်း။ အဖြေစကားကား မရှိတော့လေပြီ။

ထို့နောက်ပိုင်းတွင်မူ အကြည်တော်တရုပ်သူဌေးပေးလိုက်သောစက္ကူထုပ်ကိုဖြေလိုက်သည်။ ဘရိုကိတ် လုံချည်နှင့်အတူ ညီအစ်မနှစ်ဖော်ဖြင့်တွဲရိုက်ထားသော ကျွန်ုပ်၏ဓါတ်ပုံလေးသည်ပါလာ၏။ ဤပုံကို မျက်ဂါးထင်ထင်တွေ့မြင်လိုက်ရသော မကျင်မြိုင်အဖို့မည်သို့ရှိချေမည်နည်း။ ထိုသို့ဖြစ်ပျက်ရခြင်းကလည်း ကျွန်ုပ်အဖို့ ""ကိုယ်ပြုသောအမှုကိုယ်ပင်ခံရခြင်း''သာဖြစ်၏။ တစ်ကြိမ်သောအခါသမယက ဤအကြည်တော် သူဌေးသည် ဗမာပြည်သို့လာရောက်လည်ပတ်စဉ်ကျွန်ုပ်နှင့်တွေ့သည်။ တစ်ဦးနှင့်တစ်ဦး လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်၏။ ဤအကြည်တော်သူဌေးသည် ရန်ကုန်မြို့ရှိအငြိမ့်မင်းသမီးတစ်ယောက်နှင့် တွဲ၍ ဓါတ်ပုံရိုက်ကူးထားလေသည်။ နောက်များမကြာမီ သူသည် ဟောင်ကောင်းမြို့သို့ပြန်၍သွားလေသည်။ ကျွန်ုပ်သည် အနီအငြိမ့်မင်းသမီးနှင့်တွဲ၍ရိုက်ကူးထားသော ဓါတ်ပုံကို သူ့ထံသို့ ပိုးလုံချည်နှင့်အတူ ပို့လိုက်သည်။ သူကလည်း ဇနီးမိန်းမကိုအလွန်ကြောက်ရသူဖြစ်သည်။

ကျွန်ုပ်ပို့လိုက်သောဓါတ်ပုံကို သူ့ဇနီးကမြင်တွေ့လေသော် ပူညံပူညံလုပ်လေတော့သည်တကား။

ယခုအခါတွင် သူခံစားရသကဲ့သို့ကျွန်ုပ်လည်း တန်ပြန်ခံစားနေရပေသည်။

ကျွန်ုပ်သည် ဟောင်ကောင်းမြို့၌ ကျွန်ုပ်အလွန်ခင်မင်သော မိတ်ဆွေကြီးဦးဗဆွေကိုခုတုံးလုပ်ပြီး ကိုယ့်ဇနီးထံမှအလွတ်ရုန်းကာပွေခဲ့သည်။ ရှုပ်ခဲ့သည်။ လည်ခဲ့သည်။

သို့ကလိုပြုလုပ်ခဲ့သောကျွန်ုပ်ကိုလည်း စွပ်ကျယ်အင်္ကျီတွင် ချစ်ညီအစ်မနှစ်ဖေါ်က နီတျာတျာရဲသော နှုတ်ခမ်းနီများဖြင့် မွှေးမွှေးပေးလိုက်လေသည်။ အမှန်တော့လည်း ကျွန်ုပ်လူလည်အပေါ်တစ်ပတ်ရိုက်နိုင် သောကြောင့် ""စူ့ထက်စူ-လူစွမ်းကောင်း""ဆိုသကဲ့သို့ဖြစ်နေတော့သည်တကား။

++++++++++++++++++

# ဖ-ဆ-ပ-လ အကွဲအပြဲ

၁၉၅၈-ခုနှစ်၊ ဇန်နဂါရီလ ၂၉-ရက်နေ့မှ ဖေဖော်ဂါရီလ ၃-ရက်နေ့အထိ၊ ကမ္ဘာဧတွင် တတိယ အကြိမ်မြောက် ပြည်လုံးကျွတ် ဖ-ဆ-ပ-လညီလာခံကြီးကို ၆-ရက်တိုင်တိုင်ပြုလုပ်သည်။ ဤအချိန်က ကျွန်ုပ်သည် ဗိုစီးကရက်မဏ္ဍပ်ဆောက်လုပ်ပြုပြင်ရေးအတွက် ကမ္ဘာဧတွင်သွားရောက်နေရလေသည်။

လူစည်ကားစွာတက်ရောက်သောပွဲတော်ကြီးများတိုင်းတွင် ဗိုစီးကရက်မဏ္ဍပ်သည် ဆောက်လုပ်ပြီးပါဂင်ဆင်န္ဒခဲ့သည်မှာ လူထုအသိပင်၊ သို့သော် တစ်ကြိမ်တစ်ခါမျှ ဤ၍ဤမျှအထိ ဆိုင်နေရာခ မပေးရဖူးပေ။ ယခုတစ်ကြိမ်တွင်ကား ဆိုင်နေရာခသည် အဆမတန်ပေးရလေသည်။ ဆိုင်တစ်နေရာအတွက် ငွေတစ်သောင်းအထိပေးရသည်။ ဆိုင်နေရာခသာမဟုတ်သေး၊ လျှပ်စစ်မီးခလည်း နင့်နေအောင်ကောက်ခံ လိုက်သေးသည်။

ဆိုင်နေရာနှင့်လျှပ်စစ်မီးခလာရောက်ကောက်ခံသူကလည်း ကျွန်ုပ်တို့အား ""ဒီတစ်ကြိမ်ပဲ""ဟူ၍ အဆစ်ထည့်ပြီးပြောဆိုသွားသေးသည်။ ထိုစကားသည် ပြောဆိုအပ်သောစကားမျိုးမဟုတ်ပေ။ မကောင်းသော နိမိတ်အတွက်ဖြစ်၍နေသည်ကိုကျွန်ုပ်သိလိုက်၏။

ကျွန်ုပ်တွေးမိသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၃၂၀-က တရုပ်ရာဇဝင်တွင်မန်ချူးဘုရင် "၁၀"ပါးသည် နှစ်ပေါင်း ၂၆၈-နှစ်အုပ်စိုးပြီး တန်ခိုးကြီးခဲ့ဖူးသည်။ နောက်ဆုံးနန်းတက်သောမန်ချူးဘုရင်မှ "သုံး"နှစ်သာ ရှိသေးသည့်ကလေးငယ်သာဖြစ်၏။ ဤသုံးနှစ်သားလေးကို သူ့ဖခင်ကချီပွေ့ပြီး ဘိတ်သိက်မြှောက်လေသည်။ ထိုအခါ ဘုရင်ငယ်လေးသည် အလွန်ငိုကြွေးလေသည်။ ဤတွင်သူ့ဖခင်က ကလေးငယ်ကို "မငိုနဲ့ ခဏလေးပြီးသွားမှာပဲ"ဟူ၍ချော့လေ၏။

သုံးနှစ်သားဘုရင်လေးသည် ခြောက်နှစ်သားအရွယ်၌ တရုပ်အမျိုးသားခေါင်းဆောင်ကြီး ဒေါက်တာ စွန်ယက်စင်သည် ၁၉၁၁-ခုနှစ်၊ အောက်တိုဘာလ ၁၀-ရက်နေ့တွင် တော်လှန်ပြီးဖြုတ်ချလိုက်လေသည်။ ယင်းဘုရင်ကလေးနန်းဘိတ်သိက်ခံစဉ်က သူ့ဖခင်ပြောခဲ့သော "မငိုပါနဲ့ ခဏလေးပြီးသွားမှာပဲ"ဟု ပညတ်စကား သူ၏နန်းစံသက်မှာလည်း သုံးနှစ်သုံးမိုးသာခံလေသည်။ ဤနောက်ဆုံးမန်ချူးဘုရင်၏အမည်မှာ ""ဖုတ်ရီ"" ဟူ၍ခေါ်သည်။ တိုင်းပြည်ကအသိအမှတ်ပြုထားသောဘုရင့်အမည်ကား ""စွမ်ထုံ့""ဖြစ်လေ၏။ သူသည် ပီကင်းမြို့၌ ယနေ့ထက်တိုင်အသက်ရှင်လျက်ရှိသည်။ သူ၏အသက်မှာ ငါးဆယ့်ရှစ်နှစ်ရှိလေပြီ။

ဤသို့တရုပ်ရာဇဝင်မှနိမိတ်မကောင်းသောစကားကို ကြားထား၊ သိထားသည်။ ခုတစ်ကြိမ်တွင်လည်း မမျှော်လင့်သော ""ဒီတစ်ကြိမ်နောက်ဆုံးပဲ""ဟူသည့်စကားကို ကြားလိုက်ရပြန်သည်။ ကျွန်ုပ်သည် မနစ်မျို့ပေ၊ ဤစကားလေးတစ်ခွန်းအတွက် များစွာပင် စိတ်မကောင်းဖြစ်မိသည်။

ဇန်နဝါရီလ ၂၈-ရက်နေ့တွင်ကား ကျွန်ုပ်သည် ကမ္ဘာအေးတွင်အိပ်လေ၏။ ဗိုစီးကရက်မကျွာပ်ထဲ၌ ပက်လက်ကုလားထိုင်တစ်လုံးနှင့်အိပ်နေမိသည်။ နံနက်လေးနာရီကျော် ငါးနာရီခန့်တွင်နိုးလာသည်။ ဤရက်က ၂၉-ရက် (ညီလာခံပြုလုပ်မည့် ပထမနေ့)တွင်နိုးလာ၏။ ကျွန်ုပ်၏မျက်လုံးနှစ်လုံးဖွင့်ပြီးနိုးလာချိန်၌ အဘယ်မကျွာပ်က အသံချဲ့စက်ဖြင့်ဖွင့်လေသည်မသိ၊ နားထဲသို့ဝင်လာသောအသံသည် အလွန်လွမ်းဆွတ် ဖွယ်ကောင်းသောတေးသီချင်းသံဖြစ်နေလေသည်။

ကျွန်ုပ်မျက်လုံးပြူးသွားမိသည်။

တရုပ်ပြည်တွင်နောက်ဆုံး ထီးနန်းအုပ်ချုပ်သော မန်ချူးဘုရင် "စွမ်ထုံ့" မပြုတ်ကျမီတစ်နှစ်တွင် ကျွန်ုပ်သည် တရုပ်ပြည်ကြီး၌ရှိနေလေသည်။ ဤအခါက ""ပေါင်းကျူ့တောင်""ဟူသော တေးဂီတတစ်မျိုး ပေါ်ထွန်းလာဖူးသည်။ ထိုဂီတသံသည် အလွန်ပင် လွမ်းဆွတ်ဆွေးမြေ့ဖွယ်ကောင်းပြီး၊ နားမချမ်းမသာ ဖြစ်ရလေ၏။ အတိတ်နိမိတ်ကောက်တတ်သောပညာရှင်များက ""မန်ချူးဘုရင်ပြုတ်ကျခါနီးပြီ""ဟူ၍ ပြောဆိုစမှတ်ပြုကြကုန်သည်။ သည်ပညာရှင်များ၏စကားသည် တိုင်းပြည်ဂယ်ခေတ်စားပြီးနောက် နှစ်နှစ် ကြာလေသော်၊ မန်ချူးဘုရင်သည် ပြုတ်သွားလေ၏။ ဤဖြစ်ရပ်များကိုသိနှင့်ထားသောကျွန်ုပ်သည် ညီလာခံပြုလုပ်နေသောဖဆပလအဖွဲ့ကြီးသည် ကေန်ကေကွဲပေတော့မည်ဟု ယူဆထားလိုက်လေသည်။



ဒုဝန်ကြီးချုပ် ဦးဗဆွေနှင့် ဦးစဝ်ခုံတို့ ရင်းနှီးစွာ စကား လက်ဆုံ ကျနေသည်ကို ဤသို့ တွေ့မြင်ရ၏။

၂၉-ရက်နေ့သည်ကား တတိယအကြိမ်မြောက် ဖဆပလအဖွဲ့ကြီး၏ ပထမဆုံးနေ့။ ဖဆပလ အလံတော်အောက်ရှိ လူထုလူတန်းစားအသင်းအဖွဲ့များသည် တစ်ခဲနက်တက်ရောက်သည်ကို မြင်တွေ့ရသည်။ ပြုလုပ်ထားသောမဏ္ဍပ်ကြီးကလည်း အလွန်ပင်ကြီးလေသည်။ စင်မြင့်ပေါ်ဂယ် နိုင်ငံရေးခေါင်းဆောင်ကြီးများက မိန့်ခွန်း မြွက်ကြားနေကြသည်။

အလွန်အပြောကောင်းသော ဥက္ကဋ္ဌကြီးဦးနု မိန့်ခွန်းမြွက်ကြားနေခိုက် နားသောတဆင်နေသည့် ပရိတ်သတ်သည် ငြိမ်ငြိမ်သက်သက်နားထောင်နေကြခြင်းကိုမတွေ့ရ၊ ရုတ်ရုတ်သဲသဲဖြစ်နေသည်။ ဤသဘောသည် ခေါင်းဆောင်လုပ်သူအဖို့မကောင်းပေ။ သိက္ခာကျခြင်းပင်ဖြစ်သည်။ တိုင်းပြည်ခေါင်းဆောင် တို့မည်သည် ကိုယ့်ပရိတ်သတ်ရှေ့၌ စကားပြောလျှင် မီးကိုရေနှင့်သတ်လိုက်ဘိအလားငြိမ်သက်သွားရ ပေမည်။

ကျွန်ုပ်၏ကိုယ်တွေ့ကားမဟုတ်။ သို့သော်ကြားဖူးသည်။

တရုပ်ပြည်ပီကင်းမြို့တွင် အောက်တိုဘာလ ၁-ရက်နေ့ (အောက်တိုဘာတော်လှန်ရေး)နေ့၌ တိုင်းပြည်ခေါင်းဆောင်များက လူထုကိုမိန့်ခွန်းမြွက်ကြားသည်။ လူထုသည် လေးငါးသိန်းရှိသည်။ ဤ၍ဤမျှ များပြားလှစွာသောလူထုကြီးသည် ခေါင်းဆောင်ကြီးမိန့်ခွန်းစကားပြောသောအခါ၊ တုတ်တုတ်မျှမလှုပ်ကြ၊ အားလုံးငြိမ်သက်စွာနားထောင်နေကြသည်ဟု ကြားဖူးပေ၏။

ယခု ကျွန်ုပ်မျက်ဂါးထင်ထင်တွေ့မြင်နေရသော ဖဆပလအဖွဲ့ညီလာခံကြီးကား ဤသို့မဟုတ်ပါပေ။ အပ်ကျသံမဆိုထားနှင့် စကားပြောသူ၏ရှေ့မှ ဖန်ခွက်ကျ၍ကွဲသည့်တိုင်အောင် အသံကြားရမည်မဟုတ် လောက်အောင် ဆူညံနေသည်ကို ဂမ်းနည်းဖွယ်ရာတွေ့မြင်ရလေသည်။

၁၉၅၈-ခုနှစ်၊ ဧပြီလ ၂၂-ရက်နေ့ နံနက်ပိုင်း၊ ဗမာ့ခေတ်သတင်းစာမျက်နှာဖုံး၌ မျက်မှန်တပ်ထားသော ကြက်ဖနှစ်ကောင်ခွတ်နေသည့်ကာတွန်းပုံ ပါ၍လာလေသည်။ တစ်ဖက် ဦးကျော်ငြိမ်းပုံနှင့်တူ၏။ အခြားတစ်ဖက်က သခင်ကျော်ဒွန်းပုံနှင့်တူလေသည်။ တိုက်ကြက်သဖွယ် တစ်ယောက်နှင့်တစ်ယောက် တွယ်ကြတော့မည်ဟူသောအဓိပ္ပါယ်ပင်တည်း။

သည့်နောက်ပိုင်းတွင်မူ သတင်းစာများ၏ရေးသားချက်များသည် ကြမ်း၍လာတော့သည်။ နိုင်ငံရေး အခြေအနေကလည်း သိပ်မကောင်းလှပေ။ တစ်နေ့တစ်ခြား ဆိုးသွမ်းလာလေသည်။ ကောလဟလသတင်း များကလည်း အမျိုးမျိုးအဖုံဖုံထွက်နေချိန်ဖြစ်၏။ တွေးတတ်သူအဖို့အခြေအနေသည် ရင်တုံစရာဖြစ်နေတော့ သည်။



ဒု-ဝန်ကြီးချုပ် သခင်တင်နှင့် ဦးကျော်ငြိမ်းတို့အား တကြိမ်က ဦးစပ်ရှုကိုယ်တိုင် ဧည့်ခံခဲ့စဉ်က ဤသို့ ပျော်ရွှင်စွာ တွေ့ရ၏။

သည်အထဲ မေလ ၁-ရက်(မေဒေးနေ့)တွင် ပြည်လမ်းရှိ ဗိုလ်ရှုသဘင်မဏ္ဍပ်တွင် န-တင်၊ ဆွေ-ငြိမ်းအုပ်စုခေါင်းဆောင်များအကုန်လုံးတက်ရောက်ကြသည်။ အလုပ်သမားများလည်းချီတက်ကြသည်။ သတင်းထောက်များကလည်း န-တင် ဆွေ-ငြိမ်းနှစ်ဦးနှစ်ဘက်ခေါင်းဆောင်များကို အမှတ်တရယှဉ်တွဲ၍ ဓါတ်ပုံရိုက်ကြလေသည်။ ခေါင်းဆောင်ကြီးများကလည်း "သည်တစ်ကြိမ်နောက်ဆုံးပဲ"ဟုဆိုလေ၏။ ဤပွဲ၌ အလုပ်သမားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးသွင်ကို ဖ-ဆ-ပ-လ ဦးဗဆွေက ""မင်းခြေလှမ်းပျက်နေပြီ၊ ငါတို့ဂရုမစိုက်ပါဘူး""ဟူ၍ ကြိမ်းသေး၏။

ယင်းအချိန်သည်ကား ဗမာပြည်နိုင်ငံရေး ဒီရေတက်ချိန်ဖြစ်သည်။ နိုင်ငံရေးရာအခြေအနေ အရပ်ရပ်သည် အလွန်လှုပ်ရှားနေချိန်လည်းဖြစ်၏။ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း ပျိုးထောင်သွားခဲ့သော ဖဆပလအဖွဲ့ကြီးတွင် န-တင်-ဆွေ-ငြိမ်းဟူ၍ အုပ်စုကြီးနှစ်စုခွဲကာ သူ့ဘက်ကိုယ့်ဘက် အပြိုင်ကျဲကာ အမတ်များကို မဲဆွယ်နေချိန်ဖြစ်လေသည်။ ဤသည်တို့ကား ကမ္ဘာ့ပါလီမန်ဒီမိုကရေစီ ထုံးတမ်းစဉ်လာခံယူချက်အတိုင်း အမတ်မဲခွဲ၍ တိုက်ယူရမည့်တိုက်ကွင်းတစ်ခုပင်တည်း။

သတင်းစာများကလည်း န-တင်ဘက်မှလိုက်ရေးကြသည်လည်းရှိသည်။ ဆွေ-ငြိမ်းဘက်မှရှေ့ပြေလိုက်ရေးသောသတင်းစာလည်းရှိသည်။

သိက္ခာရှိသောသတင်းစာအချို့သာလျှင် သူ့ဘက် ကိုယ့်ဘက်မှျ၍ ကြားနေသောသတင်းစာများလည်းရှိလေသည်။ ပါတီလက်ကိုင်တုတ် သတင်းစာကြီးများမှ တစ်ဘက်နှင့်တစ်ဘက် ထုကြ၊ နက်ကြ၊ ဆဲကြ၊ ကလော်ကြသောသတင်းများကလည်း မဖတ်ချင်မှအဆုံး ဖြစ်နေတော့သည်။ ဤအထဲ ဗေဒင်ဆရာများကလည်း ကြားထဲမှဂင်၍ အမြတ်ထုတ်လိုက်သေးသည်။

ကျွန်ုပ်၏အိမ်သည် လူစည်ကားသော လမ်းမတော်ထောင့်တွင်တည်ရှိသည်။ မနက်မိုးလင်းသည် နှင့်တစ်ပြိုင်နက် သတင်းစာအစုံစုံထွက်လေသည်။ နေ့စဉ်ထုတ်သတင်းစာများကို တစ်မျိုးတစ်စောင် အိမ်သို့ပို့ရန် သတင်းစာရောင်းသောသူငယ်လေးအားမှာကြားထားရသည်။ ကျွန်ုပ်အိပ်ယာထ၍ ပြူတင်းပေါက်မှ ကြည့်လိုက်လေသောအခါ လမ်းမတော်ထောင့်ရှိ သတင်းစာရောင်းသူထံသို့ လူအများတိုးဝှေ့ဂယ်ယူနေကြ သည်ကို နေ့စဉ်တွေ့ရချိန်ဖြစ်လေသည်။

ကျွန်ုပ်အိပ်ယာမှထ မျက်နှာသစ်ပြီး၍ လဘက်ရည်နှင့်မုန့်စားသောက်သောအခါ၊ စာမတတ်သည့်ကျွန်ုပ်ကို ဇနီးမကျင်မြိုင်က ဗမာသတင်းစာများဖတ်ကြားပြသည်။ ကျွန်ုပ်သည် နားဖြင့် နားထောင်ပြီးနေစဉ် ဖြစ်ပျက်နေသောအခြေအနေအလုံးစုံကို လေ့လာမှတ်သားရသည်။

မေလ ၂၆-ရက်နေ့တွင် ကျွန်ုပ်သည် သတင်းတစ်ခုကြားမိသည်။



ဦးစပ်စုခေါ် စော်ဘွားစပ်စုက မေတ္တာရပ်လိုက်ပြီ

ကြားရသောသတင်းသည် သတင်းကောင်းမဟုတ်၊ သတင်းဆိုးဖြစ်နေသည်။ မေလ ၂၈-ရက်နေ့တွင် ပီကင်းမြို့မှ ဗိုလ်မှူးအောင်ပြန်လာမည်။ ကွမ်းတုံမြို့မှတဆင့် ဗမာပြည်သို့ပြန်၍လာမည်။ န-တင်နှင့် ဆွေ-ငြိမ်း နှစ်ဘက်သောအုပ်စုဂင်များသည် ပေါင်ကောင်းမြို့နှင့် ကွမ်းတုံမြို့သို့သွားရောက်ပြီး ဗိုလ်မှူးအောင်ကို ကြိုဆိုနေကြသည်။ ဖြစ်ပေါ်လာသောသတင်းစကားစသည်ကား ဗိုလ်မှူးအောင် မင်္ဂလာဒုံ

လေဆိပ်သို့ရောက်လေလျှင် သွေးချောင်းစီးမည်ဟူသော သတင်းဆိုးကြီးပင်ဖြစ်၏။ ဤသတင်းကို ကြားလေသူ အပေါင်းသည် စိတ်မချမ်းမြေ့ကြပေ။

တစ်နေ့သောအခါတွင်ကျွန်ုပ်သည် ဟံသာဝတီသတင်းစာအယ်ဒီတာ ဦးဘဦးထံသို့သွားသည်။ ကျွန်ုပ်၏ဆန္ဒအာသီသနှင့် ထင်မြင်ယူဆချက်ကိုပြောပြသည်။ မေလ ၂၈-ရက်နေ့တွင် ဗိုလ်မှူးအောင် ပြန်လာမည်။ သူပြန်လာသောနေ့အမီ ကျွန်ုပ်၏ ဆန္ဒအာသီသစိတ်ထားအမှန်ကို သတင်းစာထဲထည့်ပေးပါရန် ပြောကြားရသည်။ ထိုအခါ ဦးဘဦးက ....

""ဒါဟာ ကောင်းတဲ့အလုပ်ပဲ၊ သံဃာထဲကလွဲလို့ လူပုဂ္ဂိုလ်ထဲက မေတ္တာရပ်ခံသူမပေါ်သေးပါဘူး၊ စိတ်သာချ ထည့်ပေးပ့ါမယ်""ဟူ၍ပြန်ပြောသည်။

မေလ ၂၈-ရက်နေ့ထုတ် ဟံသာဝတီသတင်းစာထွက်လာသောအခါ ကျွန်ုပ်၏မေတ္တာရပ်ခံချက် ပါလာသည်ကိုတွေ့မြင်ရလေ၏။

## ဦးစပ်စုခေါ် စော်ဘွားစပ်စုမေတ္တာရပ်လိုက်ပြီ၊ တပည့်လက်သားတို့ကို စိတ်လိုက်မာန်ပါ မမှားစေရန် ဆုံးမပေးပါတဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သော လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း လက်ရှိဗမာ့နိုင်ငံခေါင်းဆောင်ကြီးများဖြစ်သော ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးသခင်တင်၊ ဗိုလ်မင်းခေါင်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ကို အထူးရင်းနှီးစွာ သိကျွမ်းသည့်ပြင် တစ်ဦးနှင့်တစ်ဦး ကျေးဇူးမကင်း၊ နှစ်ရှည်လများပေါင်းသင်းဆက်ဆံလာခဲ့သော ဦးစပ်စုခေါ် စော်ဘွားစပ်စုသည် လက်ရှိနိုင်ငံရေးအခြေအနေနှင့် ပတ်သက်ပြီး၊ ၎င်း၏စိတ်သဘောထားနှင့်စိတ်မကောင်းဖြစ်နေပုံအကြောင်းကို ကျွန်ုပ်တို့ဟံသာဝတီ သတင်းစာတိုက်သို့ ကိုယ်တိုင်လာ၍ဖွင့်ဟပြောဆိုသွားပေသည်။

## ဆရာတပည့်

ဦးစပ်စုခေါ် စော်ဘွားစပ်စုသည် ဒုဝန်ကြီးချုပ်ဦးဗဆွေအား သိကျွမ်းခဲ့သည်မှာ ဂျပန်ခေတ်ကပင် ဖြစ်သည်။ ထိုစဉ်အခါက ဝန်ကြီးဦးဗဆွေသည် ကေဗိုတိုင်အရာရှိတစ်ဦးဖြစ်ခဲ့ပြီး ဦးစပ်စုက လက်ထောက် အရာရှိတစ်ဦးဖြစ်ခဲ့ပေသည်။ မည်သည့်ဆောင်ရွက်မှုဖြစ်စေ တစ်ဦးနှင့်တစ်ဦး တိုင်တိုင်ပင်ပင်ပြုလုပ် ဆောင်ရွက်ခဲ့ကြသည်။ တစ်ခါတစ်ရံအသက်ဘေးမှ ပွတ်ကာသီကာတစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်ခဲ့ကြ သူများဖြစ်ပေသည်။

## အသက်ဘေးမှ

ဒုဂန်ကြီးချုပ် ဦးကျော်ငြိမ်းနှင့်ဆိုလျှင်လည်း ရင်းနှီးစွာဆက်ဆံခဲ့ဖူးသည်။ တစ်ကြိမ်က ကလော်မြို့ ကလော်ဟော်တယ်တွင် ဦးစပ်စုတို့အဖွဲ့သားများ အချိန်မှီသာစည်မြို့သို့ပြန်နိုင်စေရန်အတွက် လဘက်ရည် ဧည့်ခံပွဲကို တစ်နာရီစော၍ ကျင်းပနိုင်ရန် ဂန်ကြီးဦးကျော်ငြိမ်းက ဆောင်ရွက်ပေးခဲ့ဖူး၏။ တစ်နာရီစော၍ ပြန်ရခြင်းအားဖြင့် ဦးစပ်စုတို့လမ်းမှ လုပ်ကြံရန် စောင့်ဆိုင်းနေသည့်ရန်သူများလက်ချက်မှ လွတ်ခဲ့ဖူး၏။ အမှန်ပင် ယနေ့စော်ဘွားစပ်စု လူ့ပြည်တွင် ရှိမည်မဟုတ်ကြောင်း။ ဦးကျော်ငြိမ်းသည် ဦးစပ်စုတို့ လူစုကို အသက်ကယ်လိုက်သူဖြစ်လေသည်။

ဂန်ကြီးချုပ်ဦးနကိုလည်း ရင်းနှီးစွာသိကျွမ်းခဲ့ပေသည်။ ၁၉၅၁-ခုနှစ်တွင် ရွေးကောက်ပွဲ၌ လမ်းမတော် အပိုင်မှ ဦးနနိုင်ပြီးသည့်နောက် ဦးစပ်စုကတရုပ်အမျိုးသားထုကိုယ်စားဂုဏ်ပြုဧည့်ခံပွဲပြုလုပ်သော်လည်း ငွေကြေးအကုန်အကျသိပ်မခံနိုင်သဖြင့် မဏ္ဍပ်ရိုးရိုးဖြင့်သာ ကျင်းပခဲ့၏။ သို့သော် ဂန်ကြီးချုပ်ဦးန ပကာသနထက် စိတ်စေတနာကို ပိုမို၍တန်ဘိုးထားသူတစ်ဦးဖြစ်သည့်အလျောက် ဧည့်ခံပွဲသို့တက်ရောက်ခြင်း ဖြစ်သည်။

## ဖြေဖျည်ခဲ့ခြင်း

ဂန်ကြီးသခင်တင်ဆိုလျှင်လည်း ဂျပန်ခေတ်အတွင်းကစ၍ သိကျွမ်းခဲ့၏။ ထိုအခါက ဦးစပ်စုသည် ဟော်တယ်ဖွင့်ထားသူဖြစ်ဖြစ်လေသည်။ ၎င်း၏ဟော်တယ်တွင် ဂျပန်အရာရှိကြီးငယ်များနှင့် ဗမာခေါင်းဆောင်ကြီးများလာလေ့ရှိ၏။ တစ်ကြိမ်က သခင်တင် သခင်စံဖေတို့နှင့် ဂျပန်ကင်ပေတိုင်တို့ တစ်ဦးနှင့်တစ်ဦး အထင်အမြင်မှား၍ ပစ်ခတ်ကြမည်ကို ဦးစပ်စုကိုယ်တိုင် ဖျတ်လတ်စွာဆောင်ရွက်မှုကြောင့် သေပွဲကြီးမှ ပျော်ရွှင်ပွဲကြီးသို့ ပြောင်းလဲပေးခဲ့ဖူး၏။ အကယ်၍ ဦးစပ်စု ကြားဖြေဖျည်မှုမအောင်မြင်ခဲ့လျှင် နီးကပ်လျက်ရှိသောတော်လှန်ရေးကြီးပင် ထိခိုက်ဖွယ်ရာရှိပေ၏။

ဗမာ့တော်လှန်ရေးရာဇဝင်တွင်လည်း ဦးစပ်စုက အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သဖြင့် ဗမာ့တော်လှန်ရေး တပ်မတော်က ဦးစပ်စုကို ဖိနပ်စပ်စုဟုပင် ကင်ပွန်းတပ်ပေးခဲ့၏။ တော်လှန်ရေးမစမီ ရက်အနည်းငယ်အတွင်း ဗမာ့မျိုးချစ်တော်လှန်ရေးတပ်မတော်ကြီးအတွက် အားလုံးအသင့်ပြင်ဆင်ပြီးသော်လည်း အထူးပင်အရေးကြီးသော တပ်မတော်သားများအတွက် ဖိနပ်မရှိသဖြင့် အခက်အခဲတွေ့ခဲ့ရ၏။

## ဆောင်ရွက်ပေးခဲ့ပုံ

အဆိုပါအခက်အခဲကို ပြေလည်အောင်ဆောင်ရွက်ပေးစေရန် ဦးစပ်စုအား ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ခေါ်ယူတိုင်ပင်ဆွေးနွေးပြီးနောက် အခက်အခဲအမျိုးမျိုးကြားထဲမှ ငွေကုန်လူပန်းခံပြီး အသက်စွန့်၍ တပ်မတော်သားများအတွက် ဘိနပ်များကို အချိန်မီရအောင် ရှာဖွေဆောင်ရွက်ပေးခဲ့ပေသည်။ ထို့ကြောင့်လည်း ဦးစပ်စုခေါ် စော်ဘွားစပ်စုခေါ် ဖိနပ်စပ်စုကို ဗမာမျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးအနေနှင့် ယနေ့တိုင် ပေါင်းသင်းဆက်ဆံလျက်ရှိကြလေသည်။

## ဆုံးမပေးကြပါ

လက်ရှိဗမာနိုင်ငံရေးအခြေအနေအရ ၎င်းနှင့်အထူးရင်းနှီးစွာသိကျွမ်းခဲ့ဖူးသော ခေါင်းဆောင်ကြီးများ အချင်းချင်း မသင့်မတင့်ဖြစ်၍ကွဲပြဲနေသည်ကိုမြင်ရ၍ အထူးစိတ်ထိခိုက်လျက်ရှိကြောင်း။ တစ်ဦးနှင့်တစ်ဦး ပြန်လည်စေ့စပ်မပေါင်းသင်းနိုင်ပါက မိမိတို့၏လက်အောက်ငယ်သားများကို စိတ်လိုက်မာန်ပါအမှားများကို မပြုလုပ်ရန် ဆုံးမပေးရန် ဗမာ့ခေါင်းဆောင်ကြီးများဖြစ်သော ဂုန်ကြီးချုပ်ဦးနု၊ ဒုဂုန်ကြီးချုပ်သခင်တင်နှင့် ဒုဂုန်ကြီးချုပ် ဦးဗဆွေ၊ ဒုဂုန်ကြီးချုပ် ဦးကျော်ငြိမ်းတို့အား ဦးစပ်စုခေါ် စော်ဘွားစပ်စုခေါ် ဖိနပ်စပ်စုက မေတ္တာရပ်ခံပါကြောင့်ဖြင့် ပြောပြသွားပေသည်။

ကျွန်ုပ်၏မေတ္တာရပ်ခံချက်ကို ဓါတ်ပုံများဂေဇက်ဆာဆာနှင့် ဟံသာဝတီသတင်းစာတွင် တွေ့မြင်ရလေသည်။

၂၈-ရက်နေ့တွင် နေ့လည် ၂-နာရီအချိန်တွင် P.A.A လေယာဉ်ပျံဖြင့် ဗိုလ်မှူးအောင်လာမည်။ ကျွန်ုပ်ကလည်း သွားရောက်၍ကြိုမည်။ အိမ်မှဇနီးမကျင်မြိုင်က သွား၍မကြိုရန် အမျိုးမျိုးအကြောင်းပြ၍ တားနေသည်။ သူက မင်္ဂလာဒုံ၌သွေးချောင်းစီးမည်ဟူသောသတင်းများကြောင့် စိတ်ပူပန်နေဟန်တူ၏။

ဤမျှလောက်မဆိုထားလေနှင့် ဂျပန်ခေတ်တစ်ခေတ်လုံး ဗုံးသေနတ်များကြား၌ပင် ကိုယ်လိုရာခရီးသို့ အရောက်သွားခဲ့ဖူးသောကျွန်ုပ်အဖို့ ထိုသွေးချောင်းစီးမည်ဟူသောသတင်းကြောင့် အမျိုးမျိုးအကြောင်းပြ၍ တားနေမှုကိုလက်မခံပဲ မင်္ဂလာဒုံလေဆိပ်သို့ထွက်လာခဲ့ပေသည်။

ကျွန်ုပ် မင်္ဂလာဒုံလေဆိပ်သို့ရောက်လေသောအခါ လေယာဉ်ပျံကွင်းကြီးတစ်ကွင်းလုံး ပြည့်လျှံ လောက်အောင် လူထုကြီးကိုတွေ့မြင်ရလေသည်။ အိုးစည်ဗုံမောင်းတီးခတ်သံများကလည်း တစ်ကွင်းလုံး ညံ၍ပင်နေလေသည်။ ကျွန်ုပ်သည် လေဆိပ်ပထမအထပ်သို့တက်၍သွားသောအခါ ကျွန်ုပ်နှင့်မျက်နှာချင်း ဆိုင်မိသူမှာ ရန်ကုန်ခရိုင် ဖဆပလအဖွဲ့အတွင်းရေးမှူး ဦးထွန်းအောင်တို့လူစုပင်ဖြစ်သည်။ သူတို့တစ်တွေက ကျွန်ုပ်အား ရင်းရင်းနှီးနှီးပင် ခေါ်ပြောဆက်ဆံကြသည်။ ပြီးနောက်တွင်ကား

""ဦးစပ်စုရဲ့ မေတ္တာရပ်ခံချက်ကို ဒီနေ့သတင်းစာမှာတွေ့တယ်။ အလွန်ကောင်းပါတယ်""ဟူ၍ ပြောလေသည်။ ကျွန်ုပ်ကိုလည်း စားသောက်ဖွယ်ရာ အမျိုးမျိုးဖြင့် ဧည့်ခံကျွေးမွေးလေသည်။

ဤသို့ ဆွေငြိမ်းဘက်၌စားသောက်ပြီးနောက် တစ်ခြားခုံဘက်တွင်ရှိသော နတင်ဘက် ဗိုလ်မင်းခေါင်တို့ကလည်း ကျွန်ုပ်ကို ကျွေးမွေးပြန်သည်။ ကျွန်ုပ်ကလည်း စားလိုက်ပြန်သည်။

အုပ်စုနှစ်ဘက်ရှိ ခေါင်းဆောင်များမှာ တစ်ဦးနှင့်တစ်ဦး ပြုံးပြုံးရွှင်ရွှင်ရယ်ကာမောကာနှင့် ဆက်ဆံနေကြသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရ၏။ နတင် ဆွေငြိမ်း အုပ်စုကြီးနှစ်ဘက်ရှိလူများသည် တစ်ဦးနှင့်တစ်ဦး တိုက်မည်၊ ခိုက်မည်၊ ဖြတ်မည်ဟူသော အရိပ်သဏ္ဍာန်များ မတွေ့မြင်ရပေ။ ထို့ကြောင့် တော်ပေသေးသည်ဟု ဆိုရပေမည်။ ကျွန်ုပ်သည် မင်္ဂလာဒုံ၌သွေးချောင်းစီးမည်ဟူသောသတင်းသည် ကောလဟာလသာ ဖြစ်နေပေသည်။ နှစ်ဦးနှစ်ဘက်သောခေါင်းဆောင်များမျက်နှာကို ကျွန်ုပ်မြင်တွေ့လိုက် ရသည်နှင့်တစ်ပြိုင်နက် ဤသတင်းစကားကို လုံးဝမယုံကြည်တော့ပေ။

ညနေ ငါးနာရီလေးဆယ့်ငါးမိနစ်တွင် P.A.A လေယာဉ်ပျံသည် မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ကပ်လေသည်။ လေယာဉ်ပျံအမှတ်သည် N. 5025 ဖြစ်သည်။ လေယာဉ်ပျံဆိုက်၍ လှေကားထိုး လိုက်သောအခါ ဗိုလ်မှူးအောင်နှင့် ဇနီးဒေါ်တင်အေးပြီးနောက် စင်ရွှေသိုက်နှင့်မဟာဒေဝီ စင်အင်ခမ်းတို့ ဆင်းလာကြသည်ကို တွေ့မြင်ရလေသည်။ သူတို့နှင့်အတူ အခြားသူများလည်း လေယာဉ်ပျံပေါ်ကဆင်းလာသည်ကို တွေ့မြင်သည်။ ဤသူများကိုကား ကျွန်ုပ်မသိကျွမ်းပေ။

ဗိုလ်မှူးအောင် လေယာဉ်ပျံပေါ်မှ ဆင်း၍လာသောအခါ အိုးစည်ဗုံမောင်းသံများ ဆူညံလာပါတော့သည်။ လာကြိုကြသူများကလည်း ရုတ်ရုတ်သဲသဲဖြစ်လာကြသည်။ လာ၍ကြိုဆိုကြသူ အထဲတွင် ဗိုလ်ခင်မောင်လေး၊ ဦးတင်ညွန့်တို့လည်းတွေ့မြင်လိုက်မိသည်။ အုပ်စုနှစ်ဘက်ရှိ ခေါင်းဆောင် များသည် ဗိုလ်မှူးအောင်ကို သွားရောက်၍လက်ဆွဲနူတ်ဆက်ကြသည်။

ခဏကြာလေသော် ဗိုလ်မှူးအောင်သည် သူ့ဇနီးသားသမီးများနှင့်အတူ သူ့ကားပေါ်သို့တက်သွား ကြသည်။ ကားထဲ၌ လူများပြည့်လျှံနေလေပြီ။ သို့တိုင်အောင် ဒရိုင်ဘာထိုင်သည့်ရှေ့တန်းတွင် ဗိုလ်မှူးအောင်၏ သက်တော်စောင့် မောင်ပုနှင့်အတူ အလုပ်သမားဝန်ကြီး ဦးတင်ညွန့်(ဆွေငြိမ်း)က တက်ထိုင်လိုက်သည်ကို မြင်တွေ့လိုက်ရ၏။

နောက်တန်းတွင်မူ ဗိုလ်မှူးအောင်၏ဇနီးဒေါ်တင်အေးတို့ကြားထဲတွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်(နတင်)က ကျပ်ကျပ်တည်းတည်းကြားမှ ဝင်ထိုင်လိုက်သည်ကို တွေ့မြင်လိုက်ရသည်။ ကားလေးသည် တင်ဆောင်ထားရသော လူအလေးချိန်များမှာ များလွန်းနေ၍ မကြိုးရုံတမည် ဖြစ်နေရရှာ လေသည်။

ဗိုလ်မှူးအောင်၏ကားသည် သူ့အိမ်သို့ရောက်နေပြီဖြစ်သော်လည်း နောက်မှ ကားတန်းရှည်ကြီးမှာ လိုက်၍လာနေတုန်းပင်။

ဗိုလ်မှူးအောင် ဗမာပြည်သို့ပြန်ရောက်ပြီဖြစ်၏။ သည့်နောက်ပိုင်း ဇွန်လ ၄-ရက်နေ့တွင်မှ ဆွေငြိမ်းအုပ်စုဝင် ဂန်ကြီးများသည် ရာထူးမှနုတ်ထွက်စာတင်လေသည်။ ၅-ရက်နေ့တွင်မှ အထူးပါလီမန်အစည်းအဝေးခေါ်သည်။

ဇွန်လ ၉-ရက်နေ့ရောက်သောအခါ နံနက်ဆယ်နာရီမှစ၍ ဦးကျော်ငြိမ်း ဦးဗဆွေ ခေါင်းဆောင်ပြီး (အစိုးရကို အယုံအကြည်မရှိအဆို) တင်သွင်းလေသည်။ တစ်ဘက်နှင့်တစ်ဘက် အချီအချ ပြောဆိုနေကြ သည်မှာ တစ်နေ့လုံးပင်ဖြစ်သည်။ ဗမာ့အသံရေဒီယိုကလည်း တစ်နေ့လုံး ပါလီမန်မှမိန့်ကြားသည်များကို နားသောတဆင်သောလူထုအတွက်လွှင့်ပေးလေသည်။ ညနေပိုင်း ခြောက်နာရီနှင့် ငါးမိနစ်တွင် အမတ်မဲများ ခွဲကြသည်။ နတင်ဘက်မှ ၁၂၇-မဲ၊ ဆွေငြိမ်းဘက်မှ ၁၁၉-မဲ၊ နတင်အစိုးရဘက်မှ ၈-မဲသာ၍ အနိုင်ရရှိသွားလေသည်။

ထိုစဉ်က ကျွန်ုပ်နေထိုင်ရာ အိမ်အပေါ်ဆုံးထပ်၌ ကလပ်ဖွင့်ထားလေသည်။ တစ်နေကုန် တစ်နေခန်း ရေဒီယိုကိုဖွင့်ထားလေ၏။ ဤနေ့ ဤရက်တွင်ကား ကလပ်၌ လူစုံစေ့စွာ ရောက်ရှိနေကြသည်။ ရေဒီယိုမှ လာနေသော ပါလီမန်မှပြောဟောချက်များ စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်ကို တွေ့မြင်ရလေသည်။ မဲရေတွက်၍ ပါလီမန်မှ အရှုံးအနိုင်ကြေညာပြီးကာမှ ကျွန်ုပ်တို့တတွေသည် ထမင်းစားသောက်ကြသည်။

ကလပ်ဟူသည်မှာ လူတန်းစားအမျိုးမျိုးစုံသောနေရာပင်ဖြစ်သည်။ ဤအထဲမှ လူတစ်ယောက်က အခန်း၏နံရံတွင်ချိတ်ဆွဲထားသော သခင်တင်နှင့် ရခိုင်အမျိုးသားခေါင်းဆောင်ဦးကျော်မင်းတို့ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသော ဓါတ်ပုံများကိုကြည့်ပြီး သူ့ထင်မြင်ယူဆချက်ကိုပြောပြသည်မှာ ....

""လွှန်ခဲ့တဲ့ရစ်လမှာ သခင်တင်နှင့်ဦးကျော်မင်းကိုသာ ဦးစပ်စုသာ စေ့စပ်မပေးဘူးဆိုရင်၊ ဦးကျော်မင်းရဲ့ ရခိုင်အမျိုးသား ၆-မဲဟာ ဆွေငြိမ်းဘက်သာ ပါသွားရင်တော့၊ နတင်က ၁၂၁-မဲဖြစ်ပြီး၊ ဆွေငြိမ်းက ၁၂၅-မဲဖြစ်လာလိမ့်မယ်။ ဒီလိုဆိုရင်တော့ နိုင်ငံရေးအခြေအနေဟာ တစ်မျိုးတစ်ဖုံပြောင်းသွားမယ်""ဟူ၍ ပြောပြ၏။

ကျွန်ုပ်သည် သူ၏ထင်မြင်ယူဆချက်ကို ဘာမျှမဝေဖန်လိုပေ။ စိုးတရွံ့ရွံ့နှင့်ဖြစ်နေသော တိုင်းပြည်အရေးသည် ငြိမ်ငြိမ်သက်သက် အေးအေးဆေးဆေး ဖြစ်သွားသည်ကိုပင်လျှင် ကျေးဇူးတင် ဂမ်းမြောက်မိပါတော့သည်။

++++++++++++++++++

# အမှတ်တရ

ကျွန်ုပ်သည် လူ့အလွှာသုံးရပ်၌ ဂင်ဆန့်နိုင်အောင် အပေါင်းအသင်းများသူတစ်ဦးဖြစ်လေသည်။

အထူးသဖြင့် သံရုံးများ၌ဆိုပါလျှင် တရုပ်ကောင်စစ်ဝန်မှအစ သံအမတ်ကြီးအထိ သိကျွမ်းခင်မင် ထားသူတစ်ဦးဖြစ်လေသည်။ တရုပ်သံရုံးများ၌ ပွဲကြီးပွဲကောင်းများ ပြုလုပ်ပါလျှင် ကျွန်ုပ်ထံသို့အမြဲတမ်း ဖိတ်ကြားလွှာပို့တတ်သည်။ ကျွန်ုပ်ထံ၌ပြုလုပ်သော ပွဲလမ်းသဘင်များရှိ၍ ဖိတ်ကြားပါလျှင်လည်း ကြွရောက်လာတတ်သည်။



၁၉၅၈ ခုနှစ် (ဝဲမှယာ) ထိန်ကြည်ဘိန်း၊ သံအမတ်ရောက်ထုံဘိန်း၊ ကျန်ထိန်ဘိန်း၊ ဦးစပ်စု။

**၁၉၅၈-ခုနှစ် (ဂဲမှယာ) ထိန်ကြည်ဘိန်း၊ သံအမတ် ရောက်ထုံဘိန်း၊ ကျန်ထိန်ဘိန်း၊ ဦးစပ်စု။**

ကျွန်ုပ်အဖို့ အလွန့်အလွန် ကိစ္စဂိစ္စများအရေးကြီးနေချိန်ကလွဲလျှင် သူတို့ဖိတ်ကြားသည်ကို သွားရောက် သည်ကများလေ၏။

ကျွန်ုပ်၌ဂါသနာတစ်ခုရှိသည်။

ကျွန်ုပ်နှင့် ခင်မင်သိကျွမ်းထားသူများကို အမှတ်တရဓါတ်ပုံရိုက်ကူးထားတတ်သည်။ ဤဓါတ်ပုံများ ကိုလည်း တရိုတသေ သိမ်းဆည်းထားတတ်လေသည်။ ယင်းကြောင့်လည်း ကျွန်ုပ်၏ဓါတ်ပုံပေါင်း ရာနှင့်ချီ၍

ရှိနေသည်။ အချို့သောပုံများကို ပုံကြီးချဲ့ကာ အိမ်ရှိနံရံ၌ ချိတ်ဆွဲထားတတ်သည်။ တချို့နေရာမရှိ၍ ဓါတ်ပုံစာအုပ်နှင့်စီထားသည်မှာလည်းမနည်းလှပေ။ တထပ်ကြီးရှိ၏။

ဤဓါတ်ပုံစာအုပ်ထဲမှ တစ်ချို့သောဓါတ်ပုံများကို ထုတ်နှုတ်ပြရပါလျှင် ....

၁၉၅၈-ခုနှစ် အောက်တိုဘာလ ၁-ရက်နေ့ (အောက်တိုဘာတော်လှန်ရေးနေ့ အောင်ပွဲအထိန်းအမှတ်......)

ဤနေ့တွင် တရုပ်သံအမတ်ရောက်ထုံကြည့်ခံသည်။ ထိုသံအမတ်သည် ၁၉၅၀-ခုနှစ်၊ ဩဂုတ်လ ၃-ရက်နေ့တွင် ဗမာပြည်သို့စ၍ရောက်လာသော သံအမတ်ဖြစ်သည်။ ဟယ်လပင်လမ်းမှ တရုပ်သံရုံး အဆောက်အဦအသစ်ကမပြီးသေး၍ သူ့အိမ် အင်းလျားလမ်း အမှတ် (၂၄) သူ့နေအိမ်၌ပြုလုပ်သည်။ သူဗမာပြည်ရောက်စဉ်ကစ၍ ကျွန်ုပ်နှင့်သိကျွမ်းခင်မင်ခဲ့ပေ၏။

၁၉၅၉-ခုနှစ် အောက်တိုဘာတော်လှန်ရေးနေ့တွင်ဖြစ်သည်။ ဤအချိန်က ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရတက်နေချိန်ဖြစ်သည်။ ဤနှစ်တွင် တရုပ်သံအမတ်အသစ် လိအစ်ဘင်နှင့် သံအမတ်ကတော် အောင်ရီတို့ရောက်လာကြသည်။ သူနှင့်ကျွန်ုပ်မသိကျွမ်းကြသေး။ ထို့ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက မိတ်ဆက်ပေးလေသည်။ သံရုံးအဝင်ဂ၌ပင် သံအမတ်ကြီးနှင့်သံအမတ်ကတော်တို့က ကြွရောက်လာကြသော သူများကို ခရီးဦးကြိုဆိုပြီး လက်ဆွဲနှုတ်ဆက်လေ၏။

(၁၉၆၂-ခုနှစ် အောက်တိုဘာတော်လှန်ရေးနေ့)

ဤနှစ်တွင် ကျွန်ုပ်သည် ဇနီးမကျင်မြိုင်၊ သမီးလေး တင်တင်ဝင်းနှင့်အတူ၊ တရုပ်သံရုံး၏ အောက်တိုဘာတော်လှန်ရေးအထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်ခဲ့သည်။



၁၉၅၄ ခုနှစ် သံအမတ်ကတော် အောင်ရီ၊ တရုတ်သံအမတ် လီအစ်ဘင်၊ မကျင်မြိုင်၊ ဦးစစ်ရု။

ထိုအချိန်၌ကား ဟယ်လပင်လမ်းရှိ ၁၉၆၂-ခုနှစ်တွင် ပြီးစီးသွားသော သံရုံးအဆောက်အဦသစ် ကြီး၌ ညှော့ခံကျွေးမွေးသည်ကို မြင်တွေ့ရပေသည်။ သံရုံးမှပြုလုပ်သော ညှော့ခံပွဲကြီးပွဲကောင်းများသို့ တက်ရောက်၍ ကိုယ့်ပေါင်းဟောင်းသင်းဟောင်းများနှင့် တဖန်တွေ့ကြရသည်။ စကားစမြည်ပြောကြားရသည်။ ရယ်စရာမောစရာလေးများကြားရသည်။ မသေမပျောက် ကျန်းကျန်းမာမာနှင့် တစ်ဦးကိုတစ်ဦးတွေ့ရ၍ စိတ်၏ စိမ်းမြေ့မှုသည်ပင်လျှင် အမြန်ဟုခေါ် ဆိုရမည်သာဖြစ်လေသည်။

ဖေါ်ပြပါအကြောင်းအရာများသည် ကျွန်ုပ်ဘဝတစ်ကွေ့တွင် ကြုံခဲ့ ဆုံခဲ့ရသော ဖြစ်ရပ်များပင် ဖြစ်ပေသည်။



(ဝဲမှယာသို့) ဒိုလ်မှူးကြီး ထွန်းစိန်၊ တရုပ်သံမှူးကြောင်ခေတ်တာင်၊ ဗိုလ်မှူးကြီးလွင်၊
ဦးစပ်စု၊ ဦးသိန်းဖေမြင့်။



၁၉၆၂ ခုနှစ် (ဝဲမှယာ) တင်တင်ဝင်း၊ ဦးစပ်စု၊ မကျောင်မြိုင်၊ သံအမတ်ကတော်
အောင်ရှိ၊ လိအစ်ဘင်၊

(အပေါ်ပုံမှယာ) မကျင်မြိုင်၊ ဦး၊ ဒိုး၊
မဟာစေတီစပ်ဟင်ခန်း၊၊ တရုတ် သံ
အမတ်အတိုင်ပင်ခံမစ္စတာဆိန့်ကြည်အိုး
တို့။



(အောက်ပုံမှယာ) မကျင်မြိုင်၊ ရန်ကုန်
မြို့ ရဲချုပ်ဦးတင်၊၊ ရန်ကုန်ရဲချုပ်
ဦးခင်မောင်စမ်း ဦးစောဝိုး



++++++++++++++++++++

# ပြည်တွင်းငြိမ်းချမ်းရေး

ဖွန်လ ၁၁-ရက်နေ့ညပိုင်း ဗမာ့အသံရေဒီယိုမှ တော်လှန်ရေးကောင်စီ၏ ပြည်တွင်းငြိမ်းချမ်းရေး ကမ်းလှမ်းချက် ကြေညာသံကို ကြားလိုက်ရသည်။ ကျွန်ုပ်စိတ်ဆန္ဒအတွင်းဂယ် လွန်စွာမှ နှစ်ထောင်းအားရ ဖြစ်သွားမိသည်။

စဉ်းစားမိ၏။ သည့်ရင်က နိုင်ငံရေးအစိုးရလက်ထက်တွင် တောတွင်းရှိအဖွဲ့အစည်းများကို ဖိတ်ခေါ်ဖူးသည်။ ထိုစဉ်က အစိုးရသည် လက်နက်ချပြီးအလင်းဂင်ရေးသာ အဓိကထား၏။ ယခုတော်လှန်ရေး ကောင်စီအစိုးရက ကမ်းလှမ်းသကဲ့သို့ တွေ့ဆုံဆွေးနွေးရေးမပါခဲ့ပေ။ ဤတစ်ချက်တည်းနှင့်ပင်လျှင် နိုင်ငံရေး အစိုးရနှင့်တော်လှန်ရေးအစိုးရသည် ကွာခြားနေလေသည်။

ကျွန်ုပ်နလုံးသားဂယ်ရှိသော သစ္စာဆန္ဒကို သတင်းထောက်များကိုဖိတ်ခေါ်ပြီး ရှင်းပြမည်ဟု ရည်ရွယ်သည်။ သတင်းစာထက် အသံလွှင့်ခြင်းကပိုပြီးကျယ်ပြန့်လိမ့်မည်ဟုယူဆသည်။

ထို့ကြောင့် .....

၁၅-ရက်နေ့ နေ့လည်ဆယ့်တစ်နာရီတွင် ပြည်လမ်းရှိအသံလွှင့်ရုံသစ်ကြီးသို့ ကျွန်ုပ်သွားသည်။ ဤအသံလွှင့်ဌာနသို့ တစ်ခါမျှမရောက်ဖူးပေ။ အသံလွှင့်ရုံသို့ရောက်သောအခါ ဗမာပိုင်းအစီအစဉ်ရေးမှူး ဦးသန်းမြင့်နှင့်တွေ့လေသည်။ သူက ကျွန်ုပ်ကိုတွေ့လျှင်တွေ့ချင်း ရင်းရင်းနှီးနှီးဆက်ဆံသည်။ ကာဖီခေါ်တိုက်၊ စီးကရက်တည်လေသည်။

ကျွန်ုပ်က ၁၉၅၉-ခုနှစ်၊ အိမ်စောင့်အစိုးရလက်ထက်ကထုတ်ဝေခဲ့သော ဦးစပ်စု၏ထူးတဲ့စပ်စု (ပထမတွဲ)တစ်အုပ်နှင့် ၁၉၆၃-ခုနှစ်ထုတ်ဝေသော ၇၅-နှစ်အကြား၊ ၄၉-နှစ်အမြင် (ဗမာပြည်)စာအုပ် တစ်အုပ်ကို မေတ္တာလက်ဆောင်ပေးလိုက်သည်။

ဦးသန်းမြင့်က ကျွန်ုပ်အားပြော၏။

""တော်လှန်ရေးကောင်စီရဲ့ ကမ်းလှမ်းချက်ကိုဘယ်လိုထင်သလဲ""

ကျွန်ုပ် ...

""ဒါမျိုး တစ်ခါမျှ မကြုံသေးပါဘူး။ ဒီတစ်ခါ တော်လှန်ရေးကောင်စီက ကမ်းလှမ်းတာက တွေ့ဆုံဆွေးနွေးဖို့ ကျွန်တော့်အထင်ကတော့ ဒီတစ်ကြိမ် အောင်မြင်မှာပဲ""

တဖန် ဦးသန်းမြင့်က ဆက်၍ ...

""တောတွင်းမှာရှိတဲ့ သခင်သန်းထွန်း၊ သခင်ချစ်၊ ဗိုလ်ဇေယျတို့တစ်တွေဟာ ဂျပန်ခေတ်က ဗိုလ်အောင်ဆန်းနဲ့အတူ လက်တွဲဆောင်ရွက်ခဲ့တဲ့သူတွေပဲ၊ ဦးစပ်စုအကြောင်းကို ကောင်းကောင်းသိတယ်""

""ဦးသန်းမြင့်သိတဲ့အတိုင်းပဲ ဂျပန်ခေတ်တုန်းက ဒီလူစုတွေပဲ အတူလက်တွဲပြီး လွတ်လပ်ရေးကို တည်ဆောက်လာခဲ့ကြတာ ... ခုတစ်ကြိမ်လည်း ပြည်တွင်းငြိမ်းချမ်းရေးရအောင် ပိုင်းဂန်းကူညီပြီးတည်ဆောက်ဖို့ အဆင်သင့်ပါပဲ""

ကျွန်ုပ်တို့နှစ်ဦးသား အချီအချစကားကောင်းနေစဉ် ဦးချင်းစိန်ရောက်လာသည်။ ဦးချင်းစိန်သည် မြဝတီမဂ္ဂဇင်းအယ်ဒီတာဟောင်း (စာရေးဆရာမောင်ကြည်ရှင်)ဖြစ်သည်။ ယခု ဗမာ့အသံ စာအုပ်စင် ဌေဖန်ခန်း၌ အမှုထမ်းနေသူဖြစ်သည်။ သူက ကျွန်ုပ်ကိုတွေ့လျှင်တွေ့ချင်း လက်ဆွဲနှုတ်ဆက်ကာ ..

""အရင်က မြဝတီမဂ္ဂဇင်းမှာ အလုပ်လုပ်ဖူးတယ်။ ဦးရန်အောင်ရဲ့ တပည့်ဖြစ်ပါတယ်။ ဦးစပ်စု ထုတ်တဲ့စာအုပ်တွေ ဖတ်ဖူးပါတယ်""ဟူ၍ပြော၏။

ဦးသန်းမြင့်က ...

""ကောင်းပြီ .. ဦးချင်းစိန်နဲ့ စကားပြောနေပါ။ ဦးစပ်စုနဲ့ အမေးအဖြေပြောဖို့ သွားစီစဉ်ပါ့မယ်။ နောက်ဆယ်မိနစ်လောက်ကြာမှ အသံသွင်းပါမယ်""

သို့ကလိုပြောပြီး ဦးသန်းမြင့်သည် ကျွန်ုပ်တို့အနားမှ ထွက်ခွာသွားသည်။

ဆယ့်ငါးမိနစ်ခန့်သာကြာပေမည်။

ကျွန်ုပ်ကို အသံဖမ်းသောအခန်းထဲသို့ ခေါ်သွားသည်။ ဤအခန်းကို မှန်များဖြင့်ကာရံထားသည်။ နားကျပ်တပ်ထားသောလူတစ်ယောက်ကို မြင်တွေ့ရသည်။ သူက အလုံးစုံစီစဉ်ပြီးနေ၍ လက်ယပ်ပြကာ အချက်ပေးလိုက်စဉ် ...

ဦးသန်းမြင့်ကစပြီး ...

""အခုကြွရောက်လာတဲ့လူကတော့ ထူးခြားတဲ့ပုဂ္ဂိုလ်တစ်ဦး .. ဒီထူးခြားတဲ့ပုဂ္ဂိုလ်က တခြားလူမဟုတ် ဘူး။ ဦးစပ်စုပါ။ ဒီလူဟာ တော်လှန်ရေး လွတ်လပ်ရေးတလျှောက် ခေါင်းဆောင်ပိုင်းနဲ့အတူတူ လွတ်လပ်ရေးကို ပိုင်းဂန်းကူညီပြီး တည်ဆောက်လာခဲ့သူတစ်ဦးဖြစ်ပါတယ်။ ၁၉၆၃-ခု၊ ဇွန်လ ၁၁-ရက်နေ့ တော်လှန်ရေး ကောင်စီက တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကို တွေ့ဆုံဆွေးနွေးဖို့ ကမ်းလှမ်းတာကို ဦးစပ်စု ဘယ်လို သဘောရပါသလဲ""

ကျွန်ုပ်။ ။ ""အင်မတန်သဘောကျပါတယ်။ ဒါမျိုးတစ်ခါမှမကြုံဖူးပါဘူး။ ဒီအသံလွှင့်ဌာနလည်း တစ်ခါမှ မလာခဲ့ဖူးပါဘူး။ လွန်ခဲ့တဲ့နိုင်ငံရေးအစိုးရက လက်နက်ချအလင်းဝင်ပါ၊ အခုထူးခြားချက်ကတော့ တော်လှန်ရေးကောင်စီက တွေ့ဆုံဆွေးနွေးဖို့၊ ကျွန်တော်ယူဆတာက ဒီတစ်ခါ မုချအောင်မြင်မှာပဲ၊ ကျွန်တော်တို့ ဗမာပြည်မှာ ပြည်တွင်းငြိမ်းချမ်းရေးရမှ တိုင်းပြည်ကြီးပွားတိုးတက်နိုင်မယ်""

ဦးသန်းမြင့်။ ။ တောထဲမှာရှိတဲ့ခေါင်းဆောင်တွေကို ဦးစပ်စု အောင့်မေ့သလား""

ကျွန်ုပ်။ ။ ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်းဟာ ဂျပန်ခေတ်တစ်ခေတ်လုံး ကျွန်တော်နဲ့ အတူတူစားပြီး အတူတူသောက်တဲ့လူ၊ ကုက္ကိုင်းလမ်း

(အခုကမ္ဘာအေးလမ်းမှာ) သခင်မြနေတဲ့အိမ် ပုံးကျတယ်။ ဂိုးဒင်းဘယ်လီကိုပြောင်းသွားတယ်။ သခင်သန်းထွန်းလည်း ဂိုးဒင်းဘယ်လီ အိမ်နံပါတ် (၅၆) မှာနေတယ်။ သခင်မြအိမ်နဲ့ မျက်နှာချင်းဆိုင်ဖြစ်နေတယ်။ ကျွန်တော် သခင်မြအိမ်သွားတဲ့အခါမှာ သခင်သန်းထွန်း အိမ်ကိုလည်းဝင်တယ်။ သခင်မြကို ဂျပန်ခေတ်မှာ ရှားပါးတဲ့ပစ္စည်းလေးတွေကိုရှာပြီး လက်ဆောင်ပေးတဲ့ အခါမှာ သခင်သန်းထွန်းကိုလည်း ပေးခဲ့ပါတယ်။ နောက် ထမင်းကျွေးတဲ့အခါမှာ သခင်မြလာရင် သခင်သန်းထွန်းပါ ပါလာတယ်။ နောက်တစ်ခါ အိုရီယင့်ကလပ် မြို့တော်ခန်းမမှာ ထမင်းကျွေးပါတယ်။ သူတစ်ယောက်တည်းသာမက သူ၏ဇနီးဒေါ်ခင်ကြီးလည်း ပါလာပါတယ်။ သခင်သန်းထွန်းဟာ ဂျပန်ခေတ်မှာ ကုန်စည်ကြီးကြပ်ရေးဝန်ကြီး၊ ဟိုစဉ်က ကျွန်တော် လန်ထောင်ပေဟ်တယ်ဖွင့်ထားပါတယ်။ ကျွန်တော့် ပေဟတယ်မယ် မသောင်း၊ ဆရာမမခင်ရွှေ၊ ကုလားမ ချိုင်းဟုံ ဒီသုံးယောက်ဟာ အလွန်နာမည်ကျော်ကြား ပါတယ်။ ပေဟ်တယ်မယ်မသောင်းနဲ့ သခင်သန်းထွန်းဟာ အလွန်ချစ်ခင်ကြပါတယ်။

ဂျပန်တော်လှန်ရေးနီးကပ်ချိန်မှာ သခင်တင်၊ သခင်စံဂေနဲ့ ဂျပန်ကင်ပေတိုင် ကာနယ်ကူးမဲ တပည့်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် ပေဟ်တယ်မယ်အမျိုးသမီးတွေအတွက် စကားများကြပြီး ခြောက်လုံးပြူးနဲ့ ပစ်ခတ်ကြတယ်။ ကံကောင်းထောက်မလို့ ကျွန်တော်ဟာ အလယ်မှာဝင်ပြီး ဖြေရှင်းပေး နိုင်ခဲ့လို့၊ မဖြေရှင်းနိုင်ခဲ့ရင် ဂျပန်တော်လှန်ရေးဟာ ရေထဲမှာမျောသွားနိုင်တယ်။ နောက် ကွန်မြူနစ် ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ သခင်ချစ်ဟာလည်း ကျွန်တော်နဲ့ တော်တော်နီးစပ်ခဲ့တယ်။။ နောက်တစ်ခါ ဗိုလ်ဇေယျဟာလည်း ပြန်ဟတ်ဘွေအသင်းကြီးက ဗမာ့တပ်မတော်ထောက်ပံ့ရေးကော်မတီ ခန့်အပ်တဲ့အကြောင်း ခန့်စာကို ကျွန်တော်ကယူသွားပြီး ဦးဂိစာရ စစ်ဝန်ကြီးရုံး၊ ဟိုစဉ်က စစ်ဝန်ကြီးဗိုလ်အောင်ဆန်းကတစ်ခန်း၊ ဗိုလ်ဇေယျကတစ်ခန်း၊ ဗိုလ်ဇေယျရဲ့ပီအေက ဗိုလ်မှူးကြီးထွန်းစိန် (အိမ်စောင့်အစိုးရလက်ထက်က မြူနီစပါယ် မင်းကြီးဖြစ်ဖူးသူ) ဗိုလ်မှူးထွန်းစိန်က ကျွန်တော့်ကိုခေါ်သွားပြီး ဗိုလ်ဇေယျနဲ့တွေ့ပေးတယ်။ ကျွန်တော်လည်း ပြန်ဟတ်ဘွေအသင်းကြီးမှ ခန့်အပ်စာကိုပြလိုက်တော့ ဗိုလ်ဇေယျကကြည့်ပြီး သူ့စာအုပ်ထဲမှာ ရေးမှတ် ထားလိုက်ပါတယ်။ နောက်ပြီးမှ ဗိုလ်ဇေယျက ကလကာအပြာကိုလည်းဖွင့်လိုက်ပါရော ဗိုလ်အောင်ဆန်းရဲ့ ပီအေ ဗိုလ်မင်းခေါင်ကိုတွေ့ရပါတယ်။ ပြီးမှ ဗိုလ်အောင်ဆန်းနဲ့တွေ့ရပါတယ်။ ဗိုလ်အောင်ဆန်းက တွေ့လျှင်တွေ့ချင်း ကျွန်တော့်အားအလွန်ကျေးဇူးတင်ကြောင်းပြောပါတယ်။

နောက်မကြာခင် ဦးဂိစာရရုံးက ဗမာ့တပ်မတော်ရန်ပုံငွေကောက်ခံဖို့ မြို့လုံးကျွတ်အစည်းအဝေး ခေါ်တယ်။ ဒီအစည်းအဝေးတက်ကြတဲ့သူတွေထဲမှာ အမျိုးသမီးက တော်တော်များပါတယ်။ ကျွန်တော်လည်း စကားပြောခွင့်ရလို့ တရုပ်သုံးပြည်ထောင်ရာဇဝင်ထဲမှ မိဖုရားနဲ့ စစ်ဗိုလ်ကြီးအကြောင်းကို ပြောပြတယ်။

အဓိပ္ပါယ်ကတော့ အမျိုးသမီးများဟာ တိုင်းပြည်ကိုချစ်ရင် ကူညီကြပါဆိုတဲ့သဘောပဲ။ ဒီတစ်ကြိမ် ရန်ပုံငွေ အတော်ရပါတယ်။

မြင့်။ ။ ""ဦးစပ်စုကတောတွင်းထဲကခေါင်းဆောင်တွေကို အောင့်မေ့သလား""

ကျွန်ုပ်။ ။ ""အောင့်မေ့တယ်။ တောတွင်းထဲမှာရှိတဲ့ခေါင်းဆောင်တွေဟာ နောက်လိုက်လူတွေနဲ့ လက်တွဲပြီးပြန်လာကြပါ။ ကျွန်တော်လည်း အခု ၆၂-နှစ်ရှိပါပြီ။ ဒီတစ်ကြိမ်မတွေ့လိုက်ရရင် နောက်နောင်ကို တွေ့နိုင်တော့မှာ မဟုတ်တော့ပါဘူး။ လွန်ခဲ့တဲ့ ၁၉၅၉-ခုနှစ်က၊ ဦးသန်းမြင့်ကိုပေးတဲ့ ဦးစပ်စု၏ထူးတဲ့စပ်စု စာမျက်နှာ (၆၉)မှာ တောတွင်းကထိပ်သီးခေါင်းဆောင်သခင်သန်းထွန်းနဲ့ ဗိုလ်ဇေယျတို့ဟာ ကျွန်တော်နဲ့ ဘယ်လိုဆက်ဆံတယ်ဆိုတာကို ရေးထားပါတယ်""

ပြောသောစကားသံမှာ မူ မမှန်တော့၊ ဂမ်းနည်းသံပါနေသည်။ မျက်လုံးအစုံမှာလည်း မျက်ရည်များ ဝိုင်းနေသည်။ ကျွန်ုပ်သည် နောက်ထပ်စကားပြော၍မရတော့ပေ။ အချိန်ကလည်း စေ့သွားလေပြီ။

သည့်နောက်ပိုင်းတွင်မူ ကျွန်ုပ်သည် ကိုယ့်နေအိမ်သို့ပြန်လာ၏။ လမ်းတလျှောက်လုံးဂယ် ကျွန်ုပ် တွေးမိသည်မှာ

""ပျားရည်တစ်စက်ကြောင့် ဗာရာဏသီပြည်ကြီးပျက်ခဲ့ရသည်။ မင်း "၇" ပါးဆုံကြရာဂယ် စားသောက် ဆွေးနွေးကြရာတွင် မင်းတစ်ပါးခြေပေါ်သို့ ပျားရည်တစ်စက်ကျ၍ပုရွက်ဆိတ်တက်သဖြင့် ခြေယားကာ ခြေထောက်ဆောင့်မိရာဂယ် တပည့်က အချက်ပြသည်ထင်ပြီး ဝိုင်း၊ ထိုး၊ ခုတ်ကြရာ ဗာရာဏသီပြည်ကြီး ပျက်စီးခဲ့ရသည်။

ထို့ကြောင့် ""သံသယသည် ဘယ်အခါမှ ကြိုတင်မရှိသင့်ချေ၊ သံသယကင်းလျှင် ငြိမ်းချမ်းရေး အောင်မြင်မည်...""

ဤအကြောင်းကိုသာ ကျွန်ုပ်အတွေးသံသရာဂယ် ချားရဟတ်လည်ပြီး လာခဲ့လေတော့သည်။ ။

ဦးစပ်စု
၁၅-၆-၆၃

++++++++++++++++++

မဖတ်ရသေးသူများအတွက်.....

**ဦးစပ်စု၏ ထူးတဲ့စပ်စု (ပထမတွဲ)**

စာအုပ်အနည်းငယ် ရနိုင်သေးသည်။

လန်ထောင်စာပေ။

နာမည်ကျော်

# မျောက်ဖြူ တံဆိပ်

# လ္ဘက် ခြောက် များ။




## အချို ခြောက်။

တရုပ်ပြည်နည်းအရ အထူး မွှန်းမံ၍
ထူးကဲသော အနံ့ အရသာနှင့် ပြည့်စုံပါသည်။



## အကြမ်းခြောက်။


သောက်သုံး သူတိုင်း ခံတွင်း ရှင်း၍
စိတ်ကိုယ်လက် ရွှင်လန်းစေပြီး ၉၆-ပါးသော ရောဂါ
များလည်း ကင်း၊ရှင်းနိုင်ပါသည်။

**ဂွမ်ဘီ ကုမ္ပဏီ**

၁၀၅—မောင်ခိုင်လမ်း၊

ရန်ကုန်မြို့။

ဖုံး—၁၀၅၀၂


THE ORIGINAL
WHITE FLOWER
EMBROCATION
For All Purpose Medicated Oil
Especially good for
COLDS, ACHES, PAINS,
CUTS, ETC.
ပန်းဖြူဆီ
WHITE FLOWER
EMBROCATION
白花油
SOLE AGENT:
CHIP HWAT, No. 613. Maha Bandoola St., Rangoon

ကံဇာတ်ဆရာ စေခိုင်းသမျှ ရပ်ဆိုင်းခြင်းမရှိ အတိအကျ က,ခုန်နေရသော ချစ်ဘဝ
ဇာတ်ခုံဝယ် ကြုံတွေ့ခဲ့သည့်—

အမျိုးသမီး (၁၀) ဦး၊ အကြောင်းကို

## ဦးစပ်ရ

၏

# “ ချစ်ဆယ်သီ ”

တွင် ကလောင်ဖြင့် စာပန်းချီ ခြယ်မှုန်းထားသည်။

## မကြာခင်ထွက်လာတော့မည်

## လန်ထောင်စာပေ

အမှတ် ၇၄၆—မဟာဗန္ဓုလလမ်း၊
ရန်ကုန်မြို့

☆

# ဆေးဝယ်ရင်
# ဒီဆိုင်မှာ
# စိတ်ချရတယ်

ဆိုရှယ်လစ် ခေတ်ကြီးအမှီ ထွက်လာမည့်

ရန်အောင်

၏

**အစဝုပ်သမား**

(ခုင့်)

ဘဝသရုပ်ဖော် ဝတ္ထုများ
မကြာမီထွက်ပေါ်လာတော့မည်။


CAMY
Sputnik
ကမ္ဘာကျော်
ဆွိဇာလန်ပြည်လုပ်
ကဲမီး
ဂြိုဟ်တုနာရီ
77
ကျောက်၇၇လုံးပါ
အလိုအလျောက် သော့မပေးရ
နေ့စွဲပြ · ရေစိုခံ · အကြမ်းခံ
အချိန်မှန်အာမခံ · ပုံသစ် ပုံဆန်း
လှပသော နာရီများ
အပြိုင်ပြိုင် နာရီဆိုင်တိုင်း၌ရနိုင်ပါသည်
တဦးတည်း ကိုယ်စားလှယ်
တောင်ဟင်း အင် ကုမ္ပဏီ
အမှတ် ၇၀၇ · မဟာဗန္ဓုလလမ်း · ရန်ကုန်မြို့
SOLE AGENT
Tong Hin & Co.
No.707, MAHA BANDOOLA ST. RANGOON




## သင့်ရှိတဲ့အား တအားမှ ဆယ်ဆတိုးစေမည်

## (ကိုယ့်လူ တော်နစ်ဝိုင်)

ရှေးနှစ်ပေါင်းများစွာမှစ၍ တရုတ်နိုင်ငံတွင် အစွမ်းထက်မြက်သော ဘယ ဆေးမျိုးစုံ သစ်သီးမျိုးစုံတို့ဖြင့် ဖေါ်စပ်ထားသော အထက်တန်းစား ဆေး အရက် ဖြစ်သည့်အတွက် ယုံကြည်စိတ်ချစွာ မှီဝဲ သုံးဆောင်နိုင်ပါသည်။

---

## ဘယဆေးနဲ့ ပြိုင်ပြိုင် ''ပိုတိုဝိုင်'' ကတော့ ထိပ်ကတဲ့

နှလုံးထစ လူမမာများ၊ ခလေး မွေးပြီးစ မိခင်များ၊ ကာယဗလ လိုက်စား သူများအတွက် အထူးသင့်တော်သော (ပိုတိုဝိုင်တော်နစ်)အားတိုး ဆေးကြီး ဖြစ်ပါသည်။




**မြို့တိုင်း၊ ဆိုင်တိုင်းတွင် ရနိုင်ပါသည်။**

**တဦးတည်း ကိုယ်စားလှယ်**

## ဒွိဟွန်ချိုင်း ဆေးတိုက်ကြီး

**အမှတ် ၆၄၀၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့**

"" သုံးစွဲဘူးသူတိုင်း နှစ်သိမ့်စေသည် ""

ခေတ်နှင့်အမှီ ရှေ့သို့ ချီတက်လျက်ရှိသော

ပုံတန်းစားမရွေး သုံးစွဲနိုင်မည့်

""ရွှေပြည်တန်"" ၏ သီဟတံဆိပ်

ပွင့်ဖေါ်ချထည် မျက်နှာ သုတ်ပုဝါများ

နှင့်

ပျိုမေတို့၏အသဲစွဲ

ရွှေပြည်တန် ၏

ခေတ်ဆန် မာစရိုက်

လုံချည်များ


ကျောင်းသူ ကျောင်းသားများအတွက် ဝတ်စုံများကို

အထူး ဈေးနှုန်းဖြင့် ဖြန့်ချိရောင်းချ နေပါပြီ

ပင်ရင်း ဖြန့်ချိရာ ဌာန

၁။ ပင်လုံကုန်သည်ရောင်းဝယ်ရေးအဖွဲ့
အမှတ်-၂၃၈၊ ၂၄၄-ကျုံးကြီးလမ်း
ရန်ကုန်

၂။ တောထရေခင်ကုမ္ပဏီ
အမှတ်-၁၅၆၊ ကုန်ဈေးတန်း
ရန်ကုန်



# " မြဝတီ "

အကြောင်းအရာ | စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ထရှစ်ပုံပြင်မှ ဟန်စစ် | ၁ |
| ဦးစပ်စု ဂျပန်လက်မှ လွတ်မြောက်လာပုံ | ၁၂ |
| ရန်ကုန်မြို့ကြီး ပြာဖြစ်တော့မည့်အရေး | ၁၅ |
| သူကျွန်တဦး | ၂၀ |
| လမ္မတော် ဦးစပ်စု | ၂၃ |
| ယမ်းမီးတော်သမယ် ဗိုလ်ချုပ်အောင်ဆန်း | ၂၄ |
| ရှားမှရှားသော ဆရာဦးသျှင် | ၂၅ |
| ချောင်းသွယ်ဦးစပ်စု | ၂၈ |
| အမြဲနိုးကြားနေလျှင် | ၃၀ |
| ကျင်လည်ခဲ့ရသော စီးပွားရေး လောက | ၃၅ |
| ဗိုလ်ချုပ်ကြီးနေဝင်းကို ဟောကြိမ်းထုတ်ခဲ့ခြင်း | ၄၀ |
| ရွှေရတုသတင်း | ၄၃ |
| ဗမာ့တပ်မတော် ရန်ပုံငွေပေါင်ကြီး | ၄၇ |
| ညီညွတ်ရေး ထမင်းစားပွဲကြီး | ၄၉ |
| ပြောင်မြန်း ဆရာတော်တို့များ | ၅၃ |
| ကျွန်ုပ် မော်ကွန်းစပ်စု | ၅၈ |
| မိတ်ကောင်းဆွေကောင်း | ၆၂ |
| ဦးနုနှင့် ဦးကျော်ငြိမ်း | ၆၄ |
| ဦးစပ်စု၏ နှုတ်ခမ်းနီ | ၇၀ |
| ဖ-ဆ-ပ-လ အကွဲအပြဲ | ၈၀ |
| အမှတ်တရ | ၈၈ |
| မြိတ်ကျွန်းကြီးရှာဖွေရေး | ၉၂ |


အဖိုး တကျပ်-ပြား၊ ၅၀။

မျက်နှာဖုံး-ကာလသားမောင်ဝင်း

ဦးစပ်စု၏ ထူးတဲ့စပ်စု (ဒုတိယတွဲနောက်ကျောဖုံး)